www.burmeseclassic.com

ရွှေပြည်သစ်စာပေ

# ဂျူ

# ထားခဲ့ရက်လည်းမနေရဲပါ

(အချစ်လုံးချင်းဝတ္ထုသစ်)



www.burmeseclassic.com

www.burmeseclassic.com

ပုံနှိပ်ခြင်း
ပထမအကြိမ်၊ ဒီဇင်ဘာလ၊ ၂၀၁၄ ခုနှစ်။

ထုတ်ဝေသူ
ဦးမြိုးကျော်သူ (၅၀၁၆) (ရွှေပြည်သိမ်းစာပေ)
အမှတ် ၂၂၁ (၄)လွှာ၊ ဗိုလ်မြတ်ထွန်းလမ်း။
ဗိုလ်တထောင်မြို့နယ်၊ ရန်ကုန်မြို့။

မျက်နှာဖုံးနှင့်အတွင်းပုံနှိပ်သူ
ဦးအေးလွင် (၂၅၅၅၉) (ရွှေပဒေသာပုံနှိပ်တိုက်)
အမှတ် (၃၃)၊ ကျိုက်တော်လမ်း၊
မင်္ဂလာတောင်ညွန့်မြို့နယ်၊ ရန်ကုန်မြို့။

မျက်နှာဖုံးဒီဇိုင်း
ယုဝ

အုပ်ရေ ၅၀၀၊ တန်ဖိုး ၁၀၀ ကျပ်

၈၉၅.၈၃
လုံမ
ထားခဲ့ရက်လည်း မနေရဲပါ / လုံမ။ — ရန်ကုန်၊
ရွှေပြည်သိမ်းစာပေ၊ ၂၀၁၄
၂၄၀ စာ၊ ၁၂ × ၁၈ စင်တီမီတာ
(၁) ထားခဲ့ရက်လည်း မနေရဲပါ

BURMESE CLASSIC

# လုံမ

## ထားခဲ့ရက်လည်း မနေရဲပါ

www.burmeseclassic.com

www.burmeseclassic.com

# အခန်း (၁)

''ဝုန်း . . ဂျုန်း''

''ဟယ် . . သွားပြီ''

မြသင်ဇာ ကိုယ့်နဖူးကိုယ်ရိုက်ပြီး စတီးရာရင်ပေါ်မျက်နှာမှောက်ကာ မျက်လုံးမှိတ်ထားလိုက်မိသည်။ ဒီစင်တာကိုလာတိုင်း တစ်ခါမှ ဒီလိုမဖြစ်ဖူးပါ။ လုံခြုံရေးတွေနှင့် ကားပါကင်ကြည့်ပေးသည့်ဝန်ထမ်းတွေက သေချာကြည့်ပေးကြသည်။

ဒီနေ့တော့ ထိုဝန်ထမ်းတွေကို တစ်ယောက်မှမမြင်။ ကားနှစ်စင်းရဲ့ကြားမှာ လွတ်သည်အထင်နှင့် ဘက်ဆုတ်ပြီးဝင်လိုက်တာပါ။ ဘယ်ဘက်က မလွတ်ဘဲ အနောက်ကြီးနှင့်တိုက်မိလိုက်ခြင်းဖြစ်သည်။ တစ်ဖက်က ကားမီးလုံးကွဲသံက ကျွှာပျက်သလိုပါ။

''ဟိတ် . . မင်းဘယ်လို လုပ်လိုက်တာလဲ၊ ငါ့ကားမီးလုံးကွဲသွားပြီ၊ ကားပေါ်ကဆင်းလေ၊ ဘာလဲတာဝန်မဲ့ပြီး မောင်းပြေးမလို့လား''

''ဘာရှင့်''

တံခါးခေါက်ပြီး အော်နေတာမို့ ကားပေါ်ကဆင်းလိုက်ရသည်။

''ဟင်''

ဥပဓိရုပ်က အလန်းစား။ ခံ့ခံ့ညားညားဆိုတာထက် စတိုင်လ်မိုက်ကာ ဆွဲဆောင်မှုရှိသည်ဟု ထင်ရသည်။

www.burmeseclassic.com



အသက်က သူမထက်ငါးနှစ်ခြောက်နှစ်တော့ ကြီးမည်ထင်သည်။ မျက်မှန်ကို နဖူးပေါ်လှန်တင်လိုက်ပြီး ခါးထောက်ရပ်နေတာက အစ စတိုင်ကျသည်။ အသံကဒေါသဖြစ်သလို အော်လိုက်တာတောင် ချိုညက်နေသည်။

"ဟိတ်.. ဘာကြည့်နေတာလဲ၊ မင်းဒီကိစ္စဘယ်လိုရှင်းမှာလဲ၊ ငါရဲခေါ်လိုက်ရမလား"

"ရှင်ကလည်း ဒါလေးဖြစ်တာ ရဲခေါ်စရာလား၊ ကိုယ်ချင်းကိုယ်ချင်းညှိလိုက်ရင်ဖြစ်တဲ့ဟာကို"

"ဒါဆို မင်းလျော်မှာပေါ့"

"မလျော်ရင် ရှင်ကရဲဖမ်းခိုင်းမလို့လား"

"ဖမ်းခိုင်းရမှာပေါ့၊ ဒီကားရဲ့မီးလုံးတစ်လုံးတန်ဖိုးက နည်းတာမှ မဟုတ်တာ"

"အမယ်လေး.. ဘယ်လောက်ဖြစ်ဖြစ်လျော်နိုင်တယ်နော်၊ လာပြောမနေနဲ့"

"အေး.. အဲဒါဆို နေဝန်းနီကားအလှပြင်ဆိုင်ကိုသွားမယ်၊ ကျသင့်သလောက်မင်းရှင်း၊ တောက်.. ငါ့ကားဒီလိုဖြစ်သွားတာ နိမိတ်မကောင်းတော့ဘူး၊ ကားက အခုမှအသစ်ပဲရှိသေးတယ်"

ကြီးကျယ်လိုက်တာလို့ နှုတ်ခမ်းတလန် ပန်းတလန် ရန်တွေ့ပစ်လိုက်ချင်သည်။

ဒါပေမဲ့ ရုပ်ရည်ကချောမောခံ့ညားစမတ်ကျလွန်းတာမို့ ရန်တွေ့ဖို့တွေ မေ့လျော့နေကာ..

"ဟွန်း.. ကားတွေတိုင်း ဒီလိုမတော်တဆတော့ဖြစ်တတ်ကြပါတယ်၊ သင်္ဇာ့ကားဆို ခဏခဏဖြစ်တယ်"

"မင်းနှမော်နှမဲ့နိုင်လွန်းလို့နေမှာပေါ့၊ ဖြစ်တာတောင်နည်းသေးတယ်"



"ဟယ်.. ယောကျ်ားဖြစ်ပြီး စိတ်ပုပ်လိုက်တာဟယ်၊ သူများအားသမီးကို အဲလိုပဲပြောရလား"

"ငါ့ကား ဒီလိုဖြစ်သွားလို့ ညစ်နေတာပြောမှာပဲကွာ၊ ငါတကယ်ဆုလည်တင်းတယ်"

"ရှင်ကြီးကလည်း လျော်ပေးပါ့မယ်ဆိုမှ ဖြစ်နေလိုက်တာ၊ အဲ.. သင်္ဇာ ဘာမှလည်းမဝယ်ရသေးဘူး၊ သူငယ်ချင်းနဲ့ အပေါ်ထပ်မှာ ချိန်းထားသေးတယ်၊ ရှင်စောင့်နိုင်လား"

"ဘာကွ၊ ပြဿနာက အခုဖြစ်နေတာ၊ မင်းကိစ္စပြီးအောင်ဒီတာ စောင့်စရာလား၊ မင်းလစ်ပြေးသွားရင်တော့ ဘယ်လိုလုပ်မလဲ"

"မယုံရင် သင်္ဇာ့ ကားနားကစောင့်နေပေါ့၊ ရှင်ကဝယ်ပြီးလို့ထွက်တာပေါ်က ဆင်းလာတာ၊ သင်္ဇာက အခုမှဝယ်စရာရှိတာဝယ်ရမှာ၊ နည်းနည်းစာနာကြည့်ဦး"

"မင်းကိုစာနာနေဖို့ ငါ့မှာအချိန်မရှိဘူး၊ တော်ပြီကွာ မင်းဆင်ခြေတွေပေးနေတာ ငါစိတ်မရှည်ဘူး၊ အခုချက်ချင်း ဒီကိစ္စ မင်းဖြေရှင်းပေးမှာလား၊ မပေးရင် ငါအခုဖုန်းဆက်လိုက်မယ်"

သူဖုန်းနံပါတ်တွေ နှိပ်မည်ပြင်တော့ ကောင်မလေးပျာပျာသလဲဖြစ်သွားသည်။ ကိုယ့်ထက်ငယ်သော ကောင်မလေးရဲ့ လူလည်လုပ်မှာကို ဘယ်ခံနိုင်ပါ့မလဲ။

ကောင်မလေးက မျက်လုံးပြူးပြူးဝိုင်းဝိုင်းလေးဖြင့် လည်လည်ဆယ်ဝယ် ထက်မြက်မည့်ပုံလေးပင်။ ကိုယ်ပိုင်ကားကို ကိုယ်တိုင်မောင်းလာတာမို့ အဆင့်အတန်းကတော့ ခန့်မှန်းလို့ရနေသည်။

"ဒီမယ်.. ရှင်ကြီးရှေ့ကမောင်း"

"ဘာ.. ငါက ဘာလို့ရှေ့ကမောင်းရမှာလဲ၊ မင်းနောက်ကနေခိုးနေခဲ့ပြီး ထွက်မပြေးဘူးလို့ပြောနိုင်လဲ"

"ရှင်တော်တော်ကတ်သတ်တဲ့လူပဲ၊ ကားမီးလုံးတစ်လုံးဖိုး

www.burmeseclassic.com



မလျော်နိုင်လို့ ထွက်ပြေးသွားမယ့်ရုပ်လား သေချာကြည့်ဦး''

''ဒီလိုပဲ ရုပ်ပြုပြီးလုပ်စားနေတဲ့သူတွေ အများကြီး၊ ဒီလို အတန်းအစားတွေကပဲ ကလိန်ကကျစ်များပြီး မဟုတ်တာလုပ်တာ''

''ဘာရှင့်''

''ကဲ. . . ရှေ့ကကြွ၊ ငါလိပ်စာပြောမယ်၊ မင်းဖုန်းနံပါတ် ငါ့ကိုပေးထား၊ ဘယ်လိုဝင်ရ ထွက်ရမယ်၊ သွားရမယ်ဆိုတာ မင်းကိုဖုန်းဆက်ပြီး လမ်းညွှန်မယ်ဟုတ်ပြီလား''

''ဟွန်း''

အောင့်သက်သက်နှင့်ပင် ဖုန်းနံပါတ်ပေးလိုက်ရသည်။ ကားပေါ်တက်ပြီး ကားစက်နှိုးနေချိန်မှာ ဒီလူကြီးရဲ့ကားကို နောက်ထပ်မီးလုံးတစ်လုံးကွဲအောင် ဆောင့်တိုက်ပစ်လိုက်ချင်၏။

စတိုင်လ်ကျပြီး ကြည့်ကောင်းသော ဥပဓိရုပ်နှင့်မလိုက်ဖက်လွန်းအောင် ရန်တွေ့ကောင်းလို့ပါ။ ဘယ်နှယ့်ယောကျ်ားကြီးဖြစ်ပြီး စွာစွာကိုတက်နေတာပဲ။

ဒီကလည်း ခပ်စွာစွာပဲဆိုတာ ဒီလူကြီးမသိသေးလို့ပါ။

***



# အခန်း (၂)

''တန်ကြေးအတိုင်း မင်းဈေးဖြတ်လိုက်ကွာ၊ တစ်ပြားမှမလျော့နဲ့၊ ဈေးဆစ်မခံနဲ့''

ဝဏ္ဏထွေးကို သတိပေးလိုက်ပြီး ထိုင်ခုံမှာလက်ပိုက်၍ သက်သောင့်သက်သာထိုင်နေလိုက်သည်။ ဝဏ္ဏထွေးက အထာပေါက်ကာခပ်တည်တည်နှင့်ပင်. . .

''ဒီကားအမျိုးအစားက အပိုပစ္စည်းရော၊ အလှဆင်ဖို့ရော ရှားတယ်၊ ကျွန်တော်တို့ဆိုင်မှာ တခြားကားတွေရဲ့ အပိုပစ္စည်းကတော့ အစုံရှိတယ်''

''ဒါဆို ဒီကားကိုတပ်ဖို့မီးလုံးမရှိဘူးလို့ ပြောတာလား၊ ဒါနဲ့များ ဒီလူကြီးက ဒီကိုခေါ်လာသေးတယ်၊ ဟိုတ်လူကြီး တခြားဆိုင်သွားမယ်လာ''

ကောင်မလေး စိတ်မြန်လက်မြန်ပြောတော့ ဝဏ္ဏထွေး ပခုံးတွန့်ကာ ပြုံးမိလျက်. . .

''ကျွန်တော်တို့ဆိုင်မှာရှိပါတယ်၊ ကားက အကောင်းစားမို့ ပစ္စည်းရှားတယ်ဆိုတာ ပြောပြတာပါ၊ အဲဒီမီးလုံးရဲ့တန်ဖိုးက သိန်းသုံးဆယ်ပါ''

''ဘာ. . . သိန်းသုံးဆယ်၊ ရှင်တို့ သင်ဇာကို ဘတ်တီးမရိုက်နဲ့



www.burmeseclassic.com

www.burmeseclassic.com



နော်၊ သင်ဇာ့ကားရဲ့မီးလုံးတန်ဖိုးတောင် ဆယ့်နှစ်သိန်းပဲရှိတာ''

''ကားတန်ဖိုးအလိုက် ကားရဲ့အပြင်အဆင် မီးလုံးဖိုးကအစ ကွာဟသွားပါတယ်၊ တခြားဆိုင်တွေဆိုရင် သုံးဆယ့်ငါးသိန်းလောက် ခေါ်လိမ့်မယ်''

''မ. . . မဖြစ်နိုင်တာရှင်၊ သိန်းသုံးဆယ်ဖိုးကြီးတော့ မလျော်နိုင်ပါဘူး''

''မင်း အဲလိုတာဝန်မဲ့ပြောလို့ရမလားကွ၊ ဒီကိစ္စက မင်းကြောင့်ဖြစ်တာလေ၊ မင်းမလျော်လို့ ဘယ်သူလျော်မှာလဲ''

''မလျော်ဘူးလို့မပြောဘူး၊ ဒါပေမဲ့ တန်ကြေးက. . .''

''မင်းလည်း ကိုယ်ပိုင်ကားစီးနေတဲ့သူပဲ၊ တန်ကြေးနားမလည်ဘူးဆိုတာ မင်းကမှညစ်တာ၊ ရှုပ်ပါတယ်ကွာ ရဲစခန်းကိုပဲ ဖုန်းဆက်လိုက်တာကောင်းပါတယ်၊ ဝဏ္ဏ. . . သူလျော်ပေးလည်း ငါမကျေနပ်တော့ဘူး၊ စကားပြောရတာ တန်ကြေးရှိတယ်၊ ရဲသာခေါ်လိုက်၊ သူတို့ဖြေရှင်းလိမ့်မယ်၊ ငါအရမ်းစိတ်အိုက်လာလို့ ရေချိုးလိုက်ဦးမယ်၊ မင်းကြည့်ရှင်းလိုက်''

ဘုန်းနေလ စိတ်ဆိုးဆိုးနှင့် ထွက်သွားသည်။ မြသင်ဇာ ဘာစကားမှပြောချိန်မရလိုက်။ ဒီဆိုင်က ကားပစ္စည်းတွေရောင်းသလို ကားအလှဆင်လုပ်ငန်းလည်း လုပ်သည်။

လမ်းမဘေးဆိုပေမယ့် ကျယ်ကျယ်ဝန်းဝန်းနှင့် ခမ်းခမ်းနားနားရှိသည်။ ထိုလူက ဆိုင်ရဲ့နောက်ဘက်ထဲဝင်သွားတာမို့ ဆိုင်ရှင်နှင့်အတော်ရင်းနှီးဟန်တူသည်။

''ကဲ. . . မင်းဘယ်လိုလုပ်မှာလဲ၊ မီးလုံးကို ဒီဈေးနဲ့လျော်ပေးနိုင်လား၊ ရဲနဲ့ပဲရှင်းမလား''

''ရှင်တို့ကလည်း လူကြီးတွေဖြစ်ပြီး ရဲနဲ့ပဲကိုင်ပေါက်နေတာပဲ၊ ကျွန်မကိုနမချင်းကိုယ်ချင်းစာပြီးပြောပါ၊ ဒီငွေကြီးက မများလွန်းဘူးလား''



''ကိုယ့်ကြောင့်ဖြစ်တာဆိုရင်တော့ တာဝန်ယူရတာပဲ ညီမလေး၊ ညည်းသာ ငါ့ညီမဖြစ်နေမယ်ဆိုရင်တော့ ငါစိုက်လျော်လိုက်ပါတယ်''

အဲဒါလည်း ဟုတ်တာပဲလို့ မြသင်ဇာ ပြန်တွေးမိသည်။ ဒီကိစ္စက ဘယ်လိုမှ ငြင်းလို့မရ။ ကိုယ့်အပြစ်နဲ့ကိုယ်ပါ။

ကိုယ်က နမော်နမဲ့နိုင်ခဲ့တာ။ တကယ်ဆို ဒီကားရဲ့မီးလုံးတန်ဖိုးကို မသိလို့ ကတ်သတ်နေခဲ့တာမဟုတ်ပေ။

သိန်းသုံးဆယ်ဆိုတာကို ကိုကို့ဆီက ဘယ်လိုပြောတောင်းရမလဲလို့ စဉ်းစားမရဖြစ်ပြီး ငြင်းနေတာ။ ဟိုတလောကမှ ဆိုက်ကားတစ်စီးရပ်ထားတာကို တိုက်မိလို့လျော်လိုက်ရသေးသည်။ သူမရဲ့ မတော်တဆမှုများ ကိုကိုက ဒိုင်ခံဖြေရှင်းနေရတာပင်။ ဒါပေမဲ့ ကိုကိုတယ်တော့မှ မငြိုငြင်ခဲ့။

ဖေဖေနှင့် မေမေဆုံးပါးပြီးကတည်းက သူမကိုအရမ်းအလိုလိုက်ပြီးသည်းပြီးချစ်ခဲ့သည်။ သူမကလည်း ရည်းစားသနာကိစ္စများဖြင့် ကိုကို့ကို စိတ်ဆင်းရဲအောင်မလုပ်ခဲ့ပါ။

''ဒီမှာ. . . ညည်းဘာတွေ စဉ်းစားနေတာလဲ၊ နေလလုပ်ခိုင်းတဲ့အတိုင်းလုပ်လိုက်ရတော့မလား၊ ဒီကောင်က သိပ်စိတ်ရှည်တတ်တဲ့ကောင်မဟုတ်ဘူး''

''ဟိုလေ. . . သင်ဇာ့ကို နည်းနည်းလောက်ညှိပေးပါလား၊ အဲလောက်ငွေကြီးကို ကိုကြီးကပေးမှာမဟုတ်ဘူး၊ ဒီလိုဖြစ်ခဲ့ပါတယ်လို့ပြောရင်လည်း ကိုကြီးစိတ်ဆင်းရဲသွားမှာစိုးလို့ပါ''

''မီးလုံးက ညည်းကြောင့်ကွဲသွားတာ၊ တန်ကြေးကဒီလောက်ပဲ အဲဒါကို ဘယ်လိုညှိပေးရမလဲ၊ အဲတောင် တခြားဆိုင်ဆိုရင် သုံးဆယ့်ငါးသိန်းလောက် အသာလေးတောင်းမှာနော်၊ ဒါကကိုယ့်ဆိုင်ကပစ္စည်းမို့ အရင်းအတိုင်းပေးလိုက်တာ''

''ဒါဆို အဲဒီလူကြီးရဲ့ဆိုင်လား''

www.burmeseclassic.com



"ဟုတ်တယ်၊ ငါတို့သူငယ်ချင်းနှစ်ယောက်ဖွင့်ထားတာ၊ နောက်မှာကားအလှဒီဇိုင်းဆင်တဲ့လုပ်ငန်းရှိတယ်၊ အတွင်းပိုင်း အပြင်ပိုင်းအားလုံးပေါ့၊ ရှေ့မှာတော့ ကားပစ္စည်းတွေရောင်းတယ်၊ အမြတ်အစွန်းကျန်ရင် ဂျပန်ကကားတွေကို ဝယ်ရောင်းလုပ်တယ်"

"ဒီလုပ်ငန်းကြီးရှိတာပဲရှင်၊ ဒါလေးကိုလျှော့လိုက်ပါလား"

မြသင်ဇာ မျက်နှာငယ်လေးနှင့်ပြောသည်။ ဝဏ္ဏထွေးက ခေါင်းယမ်းပြီး

"သိန်းသုံးဆယ်ကြီးအရင်းရှုံးခံရမှာလား၊ ညည်းဘက်က ဒါကို ဘယ်လိုပုံစံပေးချင်တာဆိုတာပဲ ညှိပေးလို့ရမယ်၊ ဒီကောင်က စိတ်ကြီးလို့ပါ၊ သူများအပေါ်လည်း သူမဟုတ်တာမလုပ်ဘူး၊ သူများကိုလည်း တရားမမျှတာမျိုးမလုပ်ဘူး"

"ဟုတ်. . . သင်ဇာလည်း နားလည်ပါတယ်၊ ဒီလိုလုပ်ပါလားဟင်၊ သင်ဇာ့ မှတ်ပုံတင်ရော ကားလိုင်စင်ရော ယူထားလိုက်ပါ၊ သင်ဇာ ကိုကို့ကို ပြောကြည့်ပါ့မယ်"

"မင်းအဲလိုလုပ်လို့ရမလားကွ"

"အမယ်လေး"

ဘုန်းနေလ ပြန်ထွက်လာပြီး အော်လိုက်တာကြောင့် မြသင်ဇာ လန့်ဖျပ်သွားကာ အမယ်လေးတောင် တလိုက်ရသည်။ အရင်ဘဝက ခေါင်းလောင်းလှူခဲ့လေသလားမသိ။

တကယ်အသံသြဇာကောင်းသူပင်။

"အဲဒီကားလိုင်စင်တွေ၊ မှတ်ပုံတင်တွေက ပျောက်လို့ဆိုပြီး အသစ်ပြန်လျှောက်လို့ရတယ်၊ အဲဒါက ငါးသိန်းတောင်ကုန်မှာမဟုတ်ဘူး ငါ့ကိုမင်းလူလည်လုပ်တာခံမယ့်ကောင်မျိုးလို့ ထင်နေတာလား၊ မင်းခုနက ကိုကြီးလို့ပြောတဲ့သူ မင်းရဲ့ရည်းစားလား ဘာလား၊ အဲဒီလူကိုဖုန်းဆက်လိုက်၊ အခုငွေလာပေးပါလို့"





"အဲဒါ သင်ဇာ့အစ်ကိုရှင့်၊ သင်ဇာတို့မှာ မောင်နှမနှစ်ယောက်ခဲ့တာ၊ မိဘတွေကဆုံးသွားပြီ၊ မောင်မှန်း အစ်ကိုမှန်းမသိပြောတာ ရှင်ရဲ့ကြီးမှာပဲ"

"မသိလို့ပြောတာပဲကွ၊ ကဲပါ. . . ဘယ်သူဖြစ်ဖြစ် ဖုန်းသာဆက်၊ ငါတို့အလုပ်ရှိသေးတယ်၊ မင်းကြောင့် ငါတို့အချိန်တွေ အလဟဿဖြစ်သွားပြီ"

"ရှင်ပဲအပြောကောင်း၊ သင်ဇာလည်း သင်ဇာ့အချိန်တွေ အလကားကုန်သွားတာပါပဲ၊ ရှင်တို့ ကိုယ်ချင်းစာတတ်မလားလို့ ညှိနှိုင်းနေတာ"

"မင်းက အသနားခံနေတာမှမဟုတ်တာ၊ ဘာကိုကိုယ်ချင်းစာပေးရမှာလဲ၊ ဖုန်းသာဆက်စမ်းပါကွာ"

"ကိုကိုက ဖုန်းဆက်ပြောရင် သင်ဇာ့အတွက် စိုးရိမ်သွားမှာ[illegible]လို့ပါ"

"ဒါဆိုလည်း ကားထားခဲ့၊ အိမ်ပြန်ပြီးမှ မင်းအစ်ကိုခေါ်ပြီး ပြန်လာ ငွေပါယူခဲ့"

"ရှင်. . . ကားထားခဲ့ရမယ်၊ သင်ဇာက ဘာနဲ့ပြန်ရမှာလဲ"

"တက္ကစီငှားပြန်ပေါ့၊ ဒါမှမဟုတ်လည်း လိုင်းကားတိုးစီးပြီး [illegible]"

"ဒီရုပ်ရည် ဒီအဆင့်အတန်း လိုင်းကားတိုးစီးပြီး ပြန်ရမလား [illegible]"

အဆင့်အတန်းကြောင်းပြောလွန်းသော မိန်းကလေးကို ဘုန်းနေလ တော်တော်လေး အချဉ်ပေါက်သွားသည်။

ယောကျ်ားချင်းသာဆို မျက်နှာတစ်ခုလုံး စုတ်ပြတ်သတ်သွားအောင် ထိုးပစ်လိုက်ချင်သည်။ အခုတော့ နုနုဖတ်ဖတ်အချော[illegible]အလှ[illegible]ကလေးမို့ စိတ်ကိုလျှော့ချလိုက်ရရင်း . . .

www.burmeseclassic.com



"မင်းပြန်ချင်တာနဲ့သာပြန်၊ ငါ့ငွေရဖို့အရေးကြီးတယ်၊ ပေးကားသော့"

သူမလက်ထဲက ကားသော့ကိုဆွဲယူပြီး ဘုန်းနေလနောက်ဘက်ထဲပြန်ဝင်သွားပြန်သည်။ သူမ ဘာမှမတတ်နိုင်တော့ . .

စိတ်ထဲမှာ ဒီလူကို အချဉ်ပေါက်ရင်း . . .။

***



# အခန်း (၃)

"ဟာ . . ညီမလေး ကားရော"

တက္ကစီပေါ်ကဆင်းလာသောသူ့မကို ကိုကြီးက စိုးရိမ်တကြီးမေး၏။ သူမ နှုတ်ခမ်းစူစူလေးဖြင့် ဧည့်ခန်းထဲထိလျှောက်ဝင်လာခဲ့သည်။ ကိုကြီးကနောက်ကနေ တောက်လျှောက်ပါလာကာ

"ညီမလေး . . . ကိုကြီးမေးနေတယ်လေ၊ ကားရောလို့"

"အပေါင်ထားခဲ့ရတယ်"

"ဘာ . . အပေါင်ထားခဲ့ရတယ်၊ ဘာဖြစ်လို့လဲ၊ ဘာဖြစ်တာလဲ ညီမလေး"

"ညီမလေး စင်တာသွားရင်းနဲ့ ကားဘက်ဆုတ်လိုက်တာ ဘေးက ကားမီးလုံးကွဲအောင်တိုက်လိုက်မိတယ်"

"ဖြစ်ရပြန်ပြီ ညီမလေးရယ်၊ တစ်မျိုးပြီးတစ်မျိုး မရိုးရအောင်ပါပဲလား"

"ကိုကြီးကလည်း အဲ့လိုဆူမှာစိုးလို့ သင်ဇာကာမပြောချင်တာ"

"ဖြစ်ရမယ်၊ ကိုကြီးကိုမပြောတော့ ညီမလေး ဘယ်သူ့ကိုပြောမှာလဲ၊ ညီမလေးကိစ္စမှန်သမျှ ကိုကြီးပဲဖြေရှင်းနေရတာမဟုတ်ဘူးသား၊ ကဲပြော . . အခုကိစ္စက ဘယ်လိုလုပ်မှာလဲ"

"ကားမီးလုံးဖိုးက သိန်းသုံးဆယ်တောင်လျော်ရမှာ"



www.burmeseclassic.com

www.burmeseclassic.com



"ဘာ"

"မလျော်ပေးရင် ရဲစခန်းတိုင်မယ်တဲ့၊ အဲဒါ ကိုကြီးနဲ့သွားတိုင်ပင်မယ်ဆိုလို့ ကားထားခဲ့ရတာ၊ လူကိုမယုံကြည်လို့ ကားထားခဲ့ခိုင်းတာပေါ့ ကိုကြီးရယ်၊ ကိုယ်ပိုင်ကားစီးနိုင်ပေမယ့် ဒီလောက်ပိုက်ဆံလေးကို တိုင်ပင်ရဦးမယ် ဘာညာဖြစ်နေတော့ လူကိုအညတရထင်ပြီး"

"ကျွတ်..တော်တော့"

မြတ်ဦးမောင်အသံက ကျယ်လောင်သွားသည်။ ညီမလေးကို ဒီလိုအထင်သေးတာမျိုးတော့ မခံနိုင်ပါ။

ဖေဖေနှင့် မေမေဆုံးပြီးကတည်းက ညီမလေးမြသင်ဇာကို ကိုယ်ပဲ ထိန်းသိမ်းစောင့်ရှောက်လာခဲ့ရတာ။ လိုလေသေးမရှိ ဖြည့်ဆည်းပေးနိုင်ဖို့အတွက် မိဘတွေအမွေအဖြစ်ချန်ထားခဲ့သော စားသောက်ဆိုင်နှင့် ဟိုတယ်တွဲထားသည့်လုပ်ငန်းကိုလည်း ကြိုးကြိုးစားစားလုပ်ကိုင်ခဲ့သည်။

ကိုယ်အိမ်ထောင်ကျတာတောင်မှခွဲထွက်သွားတာမျိုး ညီမလေးကို ခွဲထားခဲ့တာမျိုးမလုပ်ပါ။ အိမ်မှာပဲ အတူတူနေခဲ့ပြီး ဇနီးဖြစ်သူ ရွှေဝတ်လွှာ မငြိုငြင်ရန် သတိပေးထားခဲ့သည်။

ဒါပေမဲ့ ညီမလေးက ကလေးဆန်ကာ ပြဿနာအမျိုးမျိုးပေါ်သည်။ ကားဝယ်ပေးပြီးကတည်းက လမ်းဘေးဈေးသည်ကို တိုက်မိလို့ လျော်လိုက်ရ၊ ဆိုက်ကားတိုက်လို့ လျော်ရ၊ ပလက်ဖောင်းတိုက်လို့ ပြန်ပြင်ပေးရနှင့် အခုကားမီးလုံးကွဲသွားလို့ လျော်ပေးရဦးတော့မည်။

"ကိုကြီး..ဟိုလေ သင်ဇာနောက်မဖြစ်စေရပါဘူး၊ အခုလည်း သင်ဇာ နမော်နမဲ့နိုင်တာမဟုတ်ပါဘူး၊ စင်တာထဲမှာ ကားတွေအရမ်းရှုပ်နေတော့ လွတ်တဲ့နေရာလေး ပါကင်ထိုးလိုက်တာပါ၊ အဲဒါမလွတ်ဘဲ ဖြစ်သွားတာ"

"ညီမလေးကို ဆူတာမဟုတ်ပါဘူး၊ ညီမလေးကို အန္တရာယ်





တစ်ခုခုဖြစ်မှာပဲစိုးတာ၊ သူများတစ်ခုခုဖြစ်လို့ လျော်လိုက်ရတာက ကိစ္စမရှိဘူး ညီမလေး တစ်စုံတစ်ခုဖြစ်ရင် ဘယ်လိုလုပ်မလဲ"

"အဲဒါတော့စိတ်ချ သင်ဇာက ကိုယ့်ကိုယ်ကိုယ် ဘယ်အဖြစ်ခံမလဲ၊ ဘယ်တော့မှ ကိုယ့်ကိုထိခိုက်အောင်မလုပ်ဘူး၊ သူများကိုပဲ တိုက်ချင်တိုက်ပစ်လိုက်မှာ"

"အဲဒါလည်းကောင်းတာမဟုတ်ဘူး ညီမလေး၊ အခုလိုလျော်ကြေးလောက်နဲ့ပြီးရင် ကိစ္စမရှိဘူးလေ၊ ထောင်တွေဘာတွေကျသွားရင် ဘယ်လိုလုပ်မလဲ၊ ဖြစ်မှုမြောက်သွားပြီဆိုရင် အရင်ကလိုငွေနဲ့ဖြေရှင်းလို့ ရတော့တာမဟုတ်ဘူး ညီမလေး၊ တော်ပြီ..နောက်နေ့ကစပြီး ဒရိုင်ဘာ ငှားပေးမယ်"

"ဟာ..ကိုကြီးကလည်း ဒရိုင်ဘာမောင်းတဲ့ကား မစီးချင်ပါဘူး မလွတ်မလပ်နဲ့၊ ယောကျ်ားကြီးကြီးငယ်ငယ် ကိုယ့်အတွက် မလုံခြုံဘူးလို့လည်း ခံစားရတယ်"

"အဲဒါဆို အမျိုးသမီးဒရိုင်ဘာငှားပေးမယ်"

"အာ..ဟင့်အင်း ရှုပ်တယ်၊ သင်ဇာဘာသာ သတိထားမောင်းလိုက်ပါမယ်ဆို"

"အဲလိုပြောပြီး ဘယ်နှခါလိုက်ဖြေရှင်းနေရလဲ၊ ကိုယ့်ကိုယ်ကိုယ် မသိဘူးလား ညီမလေး"

ပြောရင်းခေါင်းကိုအထုခံလိုက်ရတာမို့ ဇက်ကလေးပုဝင်သွားသည်။ ပြောလည်းပြောချင်စရာပါ။ ကားစဝယ်ပေးပြီးပြီဆိုကတည်းက ကိစ္စအသေးအမွှားလေးတွေ သုံးလေးခုထက်မနည်းပေ။

ဒီလို ဆူသံပူသံတွေ မကြားချင်လို့လည်း ကိုကြီးကိုပြောမပြချင်ခဲ့တာပါ။

"ကိုကြီး မဖြေရှင်းပေးချင်လည်းနေတော့ ကိုကြီးရာ၊ ညီမလေး တစ်လမုန့်ဖိုး ဆယ်သိန်းရတဲ့အထဲကပဲ ပေးလိုက်တော့မယ်၊ ရှော့ပင်



www.burmeseclassic.com

www.burmeseclassic.com



ထွက်ရင်တော့ သပ်သပ်ပေးရမှာနော်၊ အဲဒီထဲက ချွေတာသုံးရမှာ''

''တော်တော် အပြောကောင်း၊ ဘာထူးလို့လဲ၊ ကိုကြီးကမပေး ချင်လို့ ပြောနေတာမဟုတ်ဘူး ညီမလေး၊ တစ်ဖက်က ညီမလေး မယုံမကြည်နဲ့၊ ကားယူထားလိုက်တာလည်း မကျေနပ်ဘူး၊ ဒါပေမဲ့''

''ကဲ.. ဒီမောင်နှမကတော့လေ၊ ပြီးရင်ဘာမှလည်း ဟုတ် မဟုတ်ဘဲနဲ့ စကားတွေများနေကြတယ်၊ မောင်ရယ် ညီမလေးပြဿ ဖြစ်လာတဲ့ဥစ္စာကို ငွေထုတ်ပေးလိုက်စမ်းပါ၊ တစ်ခါ ဒီလိုဖြစ်ပြီး နောက်တစ်ခါ မဖြစ်အောင်ဆင်ခြင်မှာပေါ့''

ရွှေဝတ်လွှာရောက်လာပြီးပြောလိုက်တော့ မြသင်ဇာမျက် လေးဝင်းပသွားကာ၊ ရွှေဝတ်လွှာကိုပြေးဖက်သည်။ ဒီယောက်မကာ အဲ မျိုး သူမဘက်က ကာကွယ်ပေးတတ်သူပါ။ ရုပ်ချောသဘောကောင်း ယောင်းမကိုရထားတာမို့ သူမအတွက် ကံကောင်းသည်ဟုပြောရမည် ကိုကြီးမျက်နှာက သုန်မှုန်နေလျက်..

''ဝတ်လွှာ.. မင်းယောက်မအကြောင်းမသိတာလည်း မဟုတ် ဘဲနဲ့၊ အဲလိုတွေဝင်မပြောနဲ့၊ သူအဲလိုတွေဖြစ်နေတာ မောင်ဘယ်လောက် စိုးရိမ်ရလဲသိလား၊ ညီမလေးတစ်ယောက်တည်းရှိလို့ အလိုလိုက်ထား တာ အရမ်းကိုကန်းတက်နေတယ်''

''အဲလိုမပြောပါနဲ့မောင်ရယ်၊ ဒီအရွယ်တခြားမိန်းကလေးတွေ ရည်းစားတွေထားပြီး ရှုပ်ပွေနေကြတာ၊ သင်ဇာလေးက အဲလိုမှမဟုတ် တာ၊ ကားမောင်းတာကို စနစ်တကျမသင်ခဲ့လို့ အခြေခံကိုသိပ်နားမလည် လို့ပါ၊ စက်ဘီးစီးသင်တာတောင် မနာဘဲနဲ့မတတ်ဘူးမောင်၊ အခုလည်း ဒီလိုတွေဖြစ်ပြီးမှ သူတတ်သွားမှာပေါ့''

''အဲဒါကို မောင်မဖြစ်စေချင်တာ၊ ညီမလေးတစ်ယောက်တည်း ရှိတာ၊ အသေးအမွှားကနေ ကြီးကြီးမားမားထိခိုက်ဒဏ်ရာပြဿနာ ဖြစ်ရင် မောင်ရင်ကျိုးရမှာ ဝတ်လွှာ''





''ကိုကြီးကလည်း ဘာဖြစ်မှာလဲလို့၊ စိုးရိမ်စရာမရှိ စိုးရိမ်နေတယ်၊ နောက်တကယ်မဖြစ်စေရဘူး စိတ်ချ''

''အေး.. အဲလိုပြောရုံနဲ့တော့ စိတ်မချနိုင်ဘူး၊ ဒရိုင်ဘာမထား ချင်တောင် ကားရှုပ်တဲ့နေရာတွေ သွားမယ်ဆိုရင် ဝတ်လွှာကိုမောင်းခိုင်း၊ ဆော်ရုံတန်ရုံနေရာတွေမသွားဖို့လည်း စဉ်းစား''

''ဟုတ်ကဲ့ပါ''

''ပြော ဆိုင်လိပ်စာ၊ ကိုကြီးနဲ့ ဝတ်လွှာသွားပေးလိုက်မယ်၊ ပြီးရင် ကားပြန်ယူလာခဲ့မယ် ဟုတ်ပြီလား''

''ဟုတ်ကဲ့''

ငွေသွားလျော်မည်ဆို၍ ဝမ်းသာသွားသော်လည်း သူမ မလိုက်ရတော့တာမို့ စိတ်ထဲမကောင်းဖြစ်သွားသည်။ ဟိုလူကြီးကို ရန်တွေ့ချင်သေးတာပါ။ လူကိုမတူမတန်သလို မှိုချိုး မျှစ်ချိုးပြောတာ လုံးဝကို မကျေနပ်ပေ။

စတိုင်လ်ကျလွန်းသော လူပုံစံနှင့် မလိုက်ဖက်အောင်စွာ စွာလန် နဲ့တွေ့ကောင်းတာ အမြင်ကတ်စရာပင်။ ဒါပေမဲ့ ဒီလူကြီးက တကယ်ကို ချော လူခန့် လူရည်သန့်ကြီးပါ။ ဝင်းဝါပြေပြစ်သော အသားအရေ မြင့်မားသောအရပ်အမောင်းနှင့် အဝတ်အစားဝတ်တာလည်း အင်တာ နေရှင်နယ်ဆန်သည်။

စကားပြောတာလည်း အတည်အတံ့အရှိန်အဝါသြဇာရှိ၏။

ထိုလူနှင့် နောက်တစ်ခေါက်တော့ တွေ့ချင်ပါသေးသည်။

* * *



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၄)

"သူနဲ့တွေ့မယ်ဆိုရင်တော့ နောက်တစ်ခေါက်ပြန်လာမှ ဖြစ်ပါ မယ်ခင်ဗျ၊ နေလက ဒီနေ့အလုပ်ကိစ္စတစ်ခုနဲ့ အပြင်သွားပါတယ်၊ ဒီနေ့ ဝင်လာတဲ့ကားကို လက်လွှဲပေးစရာရှိလို့ပါ၊ ညနေလောက်မှပြန်ရောက် ချင်ရောက်မယ်"

လင်မယားနှစ်ယောက် အကြည့်ချင်းဆုံသွားချိန်မှာ ဝဏ္ဏက မီးလုံးကွဲသွားသောကားကို လက်ညှိုးထိုး၍ ...

"ဒီကားပါ၊ မီးလုံးတန်ဖိုး အစ်ကိုတို့လည်း သဘောပေါက်နေမှာပေါ့၊ ကားစီးဖူးတဲ့သူတိုင်း တန်ကြေးသိပါတယ်"

"အင်း.. ဒီလိုကားမျိုးက အပိုပစ္စည်းရှားမှန်း ကိုယ်လည်းသိပါတယ်၊ ဈေးမြင့်လို့ ဆိုင်တိုင်းလည်း မတင်နိုင်ဘူး၊ မင်းတို့ဆိုင်က တန်ကြေးမြင့်တာတွေ တင်ထားတယ်ဆိုတော့ မဆိုးပါဘူး၊ နောက်ကိုယ်တို့လိုလည်း လာလုပ်လို့ရတာပေါ့"

"ဟုတ်.. လာပါအစ်ကို၊ ကားအတွင်းပိုင်း အပြင်ပိုင်းအလုပ်ဆင်တာအားလုံးအဆင်ပြေ စိတ်တိုင်းကျအောင် ဝန်ဆောင်မှုပေးနိုင်ပါတယ်ခင်ဗျ၊ ကားတွေဘာတွေလဲ စီးချင်တယ်၊ ဝယ်ချင်ရောင်းချင်တယ်ဆိုလည်း အဆင်ပြေအောင်ညှိနှိုင်းဆောင်ရွက်ပေးပါတယ်"

"အင်း.. မိတ်ဆွေဖြစ်သွားတာပေါ့၊ ဟို.. ကာယကံရှင်



တွေ့ရတာဘဲ စိတ်မကောင်းဖြစ်တာ၊ ညီမလေးကိုယ်စား တောင်းပန်ချင်လို့ပါ၊ ငွေလျော်တာက လျော်တာပဲလေ၊ ဒီလိုမျိုး ကိုယ့်ကားဖြစ်သွားရင် စိတ်တော့ထိခိုက်သွားမှာပဲ"

"ဟုတ်ကဲ့.. အစ်ကိုတို့ကို ပေးလိုက်တာ ဆိုင်လိပ်စာဆိုပေမယ့် သူ့ဖုန်းနံပါတ်ပါပါတယ်၊ ဖုန်းဆက်ချင်ဆက်ကြည့်လိုက်ပါ၊ မဆက်ချင်ရင်လည်း သူပြန်လာတော့ သေချာပြောလိုက်ပါ့မယ်"

"အဲလိုပဲလုပ်လိုက်ပါ၊ နောက်ကိုယ်တို့ကားတွေ တစ်ခုခုလာလုပ်ရင်းနဲ့မှတွေ့ပြီး တောင်းပန်တာပေါ့၊ ငွေစစ်ကြည့်ပါဦး"

ငွေကိုဝဏ္ဏထွေးအုပ်အရေအတွက်ပဲစစ်ပြီး ခေါင်းညိတ်ပြလိုက်သည်။

"အဆင်ပြေပါတယ်ခင်ဗျာ"

"ဒါဆိုခွင့်ပြုဦးဗျာ၊ ညီမလေးကားကိုယူရမှာဆိုပြီး ကိုယ်တို့တက္ကစီနဲ့လာခဲ့ကြရတာ"

"အားနာပါတယ်၊ တစ်ယောက်နဲ့တစ်ယောက်မသိကြသေးဘူးဆိုတော့ ဒီလိုလုပ်လိုက်ရတာပါ"

"ကိုယ်နားတော့လည်ပါတယ်၊ ညီမလေးကတော့ ကိုယ်ဆူမှာကြောက်တော့ ဖုန်းမဆက်ရဲဖြစ်သွားလို့ပါ၊ ညီမလေးသာ ဖုန်းဆက်လိုက်ရင် ကားကိုဘယ်အသိမ်းခံမလဲကွာ၊ ချက်ချင်းငွေလာလျော်လိုက်ပါတယ်၊ ကိုယ့်ညီမလေးကို ဘယ်မျက်နှာအငယ်ခံမလဲ"

"ဟုတ်ကဲ့.. ကျွန်တော်တို့ဘက်ကလည်း စိတ်မကောင်းစွာနဲ့ဲ တောင်းပန်ပါတယ်"

ဘုန်းနေလကိုယ်စား ဝဏ္ဏထွေးတောင်းပန်လိုက်ရသည်။ မဟုတ်လျှင် ညီမစိတ်နှင့် မချေမငံမပြေမလည်ဖြစ်လာမှာစိုးလို့ပါ။

ဘုန်းနေလဆိုတဲ့ကောင်ကလည်း တစ်ခါတလေမဟုတ်တာကို မာနကြီးချင်ကြီးနေတာ။ သဘောကောင်းမိုင်ရင်လည်း သူ့အပြုံနှစ်ယောက်



www.burmeseclassic.com

www.burmeseclassic.com



မရှိ။ ဒါပေမဲ့ အလုပ်ကိုတော့ ဒီကောင်တကယ်ကြိုးကြိုးစားစားလုပ်သည်။ ဂျပန်မှာ သူများဝန်ထမ်းလုပ်သည့်အချိန်မှာ သူငယ်ချင်းနှစ်ယောက်လုံးကြိုးစားခဲ့ကြလို့ ဒီလိုအခြေအနေမျိုးဖြစ်လာခဲ့ခြင်းပင်။

''တူ. . . တူ''

အတွေးတွေလွင့်ပျံနေဆဲမှာ ဖုန်းမြည်သံကြောင့် ဖုန်းဖွင့်နားထောင်လိုက်ရသည်။

''ဟယ်လို. . မမပြော''

''မင်းတို့ ထမင်းမဆာကြသေးဘူးလား၊ အလုပ်သမားတွေထားပြီး နှစ်ယောက်လုံးလာကြတော့လေ''

''နေလက သဘော်ဆိပ်ကမ်းသွားတယ်မမရဲ့၊ ကျွန်တော်တစ်ယောက်တည်း ခဏနေမှလာစားပါ့မယ်''

''ဪ. . အေး. . ပြီးရောလေ၊ နေလလာရင် ထမင်းစားဖို့ပြောဦး၊ ဒီကောင်လေးက အလုပ်ရှိရင် ထမင်းတောင်မေ့တယ်''

''ဟုတ်ကဲ့ မမ''

မမက အဲလိုအစိုးရိမ်ပိုသူပင်။ မမက ဆိုင်ရဲ့နောက်ဘက်ကလုံးချင်းတိုက်မှာပဲနေပေမယ့် ဘယ်တော့မှဆိုင်ရှေ့ကို ထွက်မလာပေ။ တိုက်ထဲကနေ အခုလိုပဲ ထမင်းစားဖို့ လက်ဖက်ရည်သောက်ဖို့၊ အသုပ်အမြှုပ်လုပ်ထားတာလာစားဖို့နှင့် ဖုန်းဆက်ခေါ်တတ်တာပါ။

ဘုန်းနေလက မိဘတွေမရှိတော့ဘူးဆိုသော်လည်း ကိုယ့်ဖေ..နှင့်လာမနေ။ သူ့ဘာသာတိုက်ခန်းလေးဝယ်ပြီး တစ်ယောက်တည်းနေသည်။ ဆိုင်ပိတ်လို့ ဒီကောင်ပြန်ပြီဆိုမှ ကိုယ်လည်းသောက်ချင်စားချင်စိတ်ရှိလျှင် အလည်အပတ်လိုက်သွားတတ်သည်။

မမကတော့ သူငယ်ချင်းနှစ်ယောက်သောက်စားမူးရစ်နေမှာစိုး၍ ထမင်းကိုဖွတ်ကျွေးပြီးမှ ပြန်လွှတ်ချင်သည်။ နေလကိုပါ မောင်လေ..ရင်းချာလို သံယောဇဉ်ဖြစ်ရှာသူပါ။



မမရဲ့ကျေးဇူးကြောင့် နေလနှင့်ကိုယ် ဂျပန်ကိုသွားပြီး အလုပ်..ပ် ငွေရှာကာ အခုလုပ်ငန်းရှင်တွေဖြစ်ခဲ့ရတာပင်။

ဘုန်းနေလဆိုတဲ့ကောင်လည်း အတိတ်ဆိုတာကိုမေ့ထားနိုင်ခဲ့..... ။

* * *

www.burmeseclassic.com

## အခန်း (၅)

''မေ့လို့မရဘူးဟယ်၊ သူ့မျက်နှာကြီးကို သတိရနေတယ် တော်တော်စွာတဲ့လူ အရမ်းအမြင်ကတ်ဖို့ကောင်းတာပဲ၊ ချစ်စရာကြီး

ရှုံ့မဲ့ကာပြောနေသော်လည်း မြသင်ဇာ မျက်လုံးများက အရှ လဲ့ကာ တောက်ပနေသည်။ ပြောနေတာက သွားရေတမြားမြားစိတ် လက်ပါ။ အမြင်ကတ်လာ၍ ဝေဝေလွင် မျက်စောင်းပစ်ထိုးမိကာ..

''မိန်းမ..နင့်ရုပ်ကြည့်ရတာတော့ အမြင်ကတ်နေတာ အ ပေါက်နေတာ၊ အဲလိုရုပ်မျိုးမဟုတ်ဘူး၊ ပီတိတွေဖြစ်ပြီး အီးအီးတွေပါ မယ့်ရုပ်မျိုးပဲ၊ နင်အဲဒီလူကြီးကို ကြွေသွားတာလား''

''အိုး နိုး..အိပ်မက်ထဲမက်ရင်တောင် ထအန်ပစ်လိုက်မယ်

''မျက်နှာသစ်မယ်လုပ်စမ်းပါ၊ အန်ရအောင် နင်ကအရက် ကျနေလို့လား''

''ဖအေး..အိပ်မက်ထဲမက်ရင် မျက်နှာထသစ်ပစ်မယ်၊ တ သက်စာ တစ်ဘဝအဖြစ်နဲ့ရယ် အချစ်ရဲ့သစ္စာသမားပါကွယ်''

''ကုန်းဘောင်ခေတ်က ကိုသန်းလှိုင်တို့၊ ကိုတင်လှိုင်တို့နဲ့ နေပြီ၊ ဟစ်ဟော့လေးနဲ့ဆွဲစမ်းပါ ဒီလို..ဒီလို''

ဝေဝေလွင်က မြူးကြွလျက်ထရပ်ပြီး ဟစ်ဟော့တွေလို ကားယား လက်ကားယားလုပ်၍ အူနှိမ်မတက်ရယ်လိုက်ရသေးသည်



ထိုလူကြီးအကြောင်း၊ မကျေမနပ်နှင့် ပြန်ပြောရတာတောင် ဘာကြောင့် ပျော်ရွှင်ပေါ့ပါးနေမိသလဲမသိပေ။

ဝေဝေလွင်က ပခုံးကိုတို့ပြီး . . .

''ဟဲ့..အဲဒီလူက တကယ်ချောသလား''

''ကြည့်ကောင်းတာတော့ လက်ဖျားခါတယ်၊ အင်တာနေရှင် နယ်စတိုင်၊ ရင်အုပ်ကျယ်ကျယ်နဲ့ ရင်ခုန်ဖို့တော့အကောင်းသား၊ နှုတ်ခမ်း မွှေး ပါးမြိုင်းမွှေးရေးရေးနဲ့ မျက်မှန်တပ်ထားတာက အရမ်းစတိုင်ကျတယ်၊ မျက်မှန်ကိုချွတ်ပြီး နဖူးမှာလှန်တင်လိုက်တဲ့အချိန်မှာ ရင်ထဲမှာ လှုပ်ခနဲ တောင်ဖြစ်သွားသလိုပဲ၊ ရင်ခုန်တာ ရင်ခုန်တာ''

''ဟယ်..အဲလောက်တောင်ပဲလား''

''ဒါပေမဲ့ဟယ် စွာလိုက်တာတော့နော်မပြောနဲ့၊ မိန်းမချင်းဆို ပါးဆွဲရိုက်ချင်စရာ၊ အဟဲ..ယောက်ျားလေးဆိုတော့လည်း အပြစ်မြင် ရမှာတောင် အားနာတယ်၊ အသံဩဇာကောင်းလိုက်တာ၊ မာန်ပါတာ လေးက ယောက်ျားပီသတယ်နဲ့၊ စိတ်ကူးတောင်ယဉ်မိသလိုပဲ''

''မိန်းမ..အပိုးမကျိုးလုပ်မနေနဲ့၊ ဟိုမှာနင့်အချစ်တော်ကြီး လာနေပြီ''

''ဘယ်မှာလဲ''

ဝေဝေလွင်မေးငေါ့ပြရာ ချာခနဲလှည့်လိုက်ချိန်မှာ မာန်ပါပါ လျှောက်လှမ်းလာနေသော မိုးမိုးကျော်ကို တွေ့လိုက်ရသည်။ မိုးမိုးကျော် က လွယ်အိတ်ကို စလွယ်သိုင်းလျက် မြသင်ဇာအနားတိုးကပ်ကာ ထိုင် ၏။

''ဟား..ဒီသင်တန်းကြီးပြီးဆုံးသွားမှာ ကိုယ်အရမ်းကြောက် တယ်ကွာ''

''ဘာဖြစ်လို့လဲ မိုးရဲ့''

''သင်ဇာလေးနဲ့ခွဲရမှာစိုးလို့ပေါ့၊ တစ်ရက်ပြီးတစ်ရက် သင်တန်း

www.burmeseclassic.com



ပြီးဆုံးဖို့ နီးလာလေ၊ ကိုယ့်ရင်တွေက မခံစားနိုင်လေပဲ၊ ဖြစ်နိုင်ရင် နေ့ရက်အချိန်နာရီတွေကို တားဆီးပစ်လိုက်ချင်တယ်''

''အလို တယ်ဆိုတဲ့စာပါလား၊ နားဝင်ကိုချိုနေတာပဲ၊ ဆက်ပြောပါဦး မိုးရယ်''

''လှောင်သလိုတော့မလုပ်ပါနဲ့ သင်ဇာရယ်၊ ကိုယ်ကြေကွဲရလိမ့်မယ်၊ ရင်မှာခံစား သူမမြင်နိုင်တယ်''

''ဖြူဖြူကျော်သိန်းလို အတွင်းကြေပြီလား''

အတည်ပေါက်ပြောနေချိန်မှာ စနောက်လိုက်တော့ မိုးမိုးကျော် မျက်နှာရှုံ့မဲ့သွားသည်။ တကယ်တော့ မိုးမိုးကျော်က မိန်းကလေးပါ။ ယောက်ျားလေးစိတ်ပေါက်ပြီး မြသင်ဇာကိုအချစ်တော်ထားချင်နေတာ။ မြသင်ဇာလည်း မိုးမိုးကျော်ကို အလယ်တန်းကျောင်းသူဘဝကတည်းက ပေါင်းသင်းလာသူမို့ သံယောဇဉ်တော့ရှိပါသည်။

သွားအတူလာအတူ တပူးတွဲတွဲလည်းနေဖြစ်သည်။ ဒါပေမဲ့ ဟိုလိုဒီလိုကြီးတော့လည်း မချစ်ချင်။ မိုးမိုးကျော်က ချစ်သူတွေလို ကန့်ပေါင်ထိုင်တာ၊ ရုပ်ရှင်ကြည့်တာ၊ ပန်းခြံသွားတာတို့ လုပ်ချင်တာကို မလိုက်လျောနိုင်တာပါ။

ဒီအတိုင်း သူငယ်ချင်းတွေလို ပွင့်ပွင့်လင်းလင်း အေးအေး ဆေးဆေးဆိုတော်သေးသည်။ ဝေဝေလွင်က ဟာသလိုပင် သဘောထား ကာ..

''မိုး..နင်က သင်ဇာကို တကယ်ကြွေနေတာလား၊ သင်ဇာက မိန်းမ မယူဘူး၊ ယောက်ျားယူမှာတဲ့''

''ယောက်ျားယူရင် ဗိုက်ကြီးမှာပေါ့၊ ငါ့ကိုယူရင် တစ်သက်လုံး ဗိုက်မကြီးဘူး။ လန်းလန်း..လန်းလန်းနေလို့ရတယ်၊ မိန်းမချင်းယူလို့ အပျိုရည်ပျက်တယ်ဆိုတာကြားဖူးလား''

''အဲ..နင်ပြောတော့လည်းဟုတ်သားပဲ၊ ငါတောင်စိတ်ဝင်စား





သွားတယ်၊ နင်ငါ့ကိုကြိုက်ပါလားမိုး''

''ထွီ..နင့်လိုဖက်တီးမကို ဘာလုပ်ရမှာလဲ၊ ငါကပိန်ပိန်ပါးပါး သော်ဒယ်လို မိန်းကလေးပဲရင်ခုန်တာ''

''သောက်ကောင်မ ငါ့ကိုများ ဖက်တီးမတဲ့၊ ငါကလည်း နင့်လို ဘာခံစားမှုမှမပေးနိုင်တဲ့သူကို ရင်မခုန်ဘူးဟဲ့ အမြောက်မရဲ့ သိရဲ့လား''

''တော်စမ်းပါဟယ်၊ နင်တို့ကလည်း တွေ့လိုက်ရင် ခွေးနဲ့ ကြောင်လိုပဲ အမြဲကိုက်နေကြတာ၊ ကဲ..သင်တန်းချိန်နီးနေပြီ သွားမယ်''

မြသင်ဇာ စကားနည်းရန်စဲဖြစ်အောင်ထရပ်ပြီး ပြောလိုက်တာတောင် နှစ်ယောက်သားရန်စောင်နေကြသေးသည်။ ပြီးရင်လည်း ဘာမှ မဟုတ် ပြန်တည့်ကြတာပင်။

ဝေဝေလွင်က မိုးမိုးကျော်ကို ရွဲ့ချင်စိတ်နှင့်..

''ဟဲ့..သင်ဇာနင်ခုနက ပြောတဲ့လူလေ၊ အဲဒီလူနာမည်က ဘယ်သူ''

''ဪ..ဘုန်းနေလတဲ့၊ ဘာဖြစ်လို့လဲ''

''အရမ်းလည်းချော အရမ်းလည်းချမ်းသာတယ်ဆိုတော့ နင်နဲ့ လိုက်ဖက်တယ်လို့ ပြောမလို့ပါ''

''ဘာ..အဲဒါဘယ်သူလဲ သင်ဇာ''

''ဟိုနေ့က နင်နဲ့ချိန်းထားတဲ့စင်တာကိုလာရင်း အက်စီးဒင့်ဖြစ် သွားတဲ့လူပါ၊ ငါ့ကြောင့် သူ့ကားမီးလုံးကွဲသွားတာ လျော်လိုက်ရတယ် လေ''

''အဲဒါနဲ့ အဲဒီလူချောတာ ချမ်းသာတာ ဘယ်လိုလုပ်သတိထား မိသွားရတာလဲ၊ ကိုယ်မကြိုက်ပါဘူးကွာ''

''ဪ..မျက်လုံးပါလို့ သတိထားမိတာပဲ အဆိုးသလား၊ နင်မကြိုက်တာနဲ့ဘဲ မကြည့်ရတော့ဘူးလား၊ မိုးနော် အဲလိုပြောရင်



www.burmeseclassic.com

www.burmeseclassic.com



မခေါ် ဘဲနေလိုက်မှာ၊ ငါ့ကိုရိုးရိုးသားသားပဲခင်''

''အဲဒါခက်တာပဲသင်ဇာ၊ မိန်းကလေးချင်း ချစ်တယ်ခင်တယ် ပြောတော့ နင်တို့ကမရိုးသားဘူးထင်တယ်၊ ယောက်ျားလေးတွေ မရိုးသားတာကျတော့ ရင်ခုန်တယ်တဲ့၊ အေး. . ငါတို့ကို ကျပ်ကျပ်ပုန်ကန်၊ အဲဒီယောက်ျားစစ်စစ်တွေက နင်တို့ကို ဗိုက်တစ်လုံးနဲ့ထားခဲ့မှာ''

''ဟယ်. . မိုက်ရိုင်းလိုက်တာကြည့်စမ်း''

''ငါတို့လိုလူမျိုးတွေက အပြောပဲရိုင်းချင်ရိုင်းမယ်၊ ပရမ်းပတာတော့မဟုတ်ဘူး၊ အခုခေတ်ယောက်ျားတွေများ နင်တို့ကဘာများအောက်မေ့နေလဲ၊ နှာဘူးရယ်၊ ဂန်ဒူးရယ်၊ သိုက်တူးတဲ့သူရယ်၊ ပိုင်းလုံးရယ်၊ ထဘီနားခိုစားမယ့်သူရယ် ဒါပဲရှိတယ်''

''အဲတော့ သူပြောကာမှ ငါတို့ယောက်ျားမယူဘဲ ယောက်ျားလျာလုပ်ရတော့မယ့်ပုံဖြစ်နေပြီ၊ ဘာပဲဖြစ်ဖြစ် ကိုယ်ပိုင်တဲ့ဘဝတော့ ကိုယ့်ဘာသာ အားကျနေကြတာပဲ၊ နင်သာကိုယ့်ကိုယ်ကိုယ် ဂရုစိုက်နေ၊ ယောက်ျားတွေက သူတို့ကိုမကောင်းပြောလို့ နင့်ကိုသာဗိုက်တစ်လုံးနဲ့ ထားခဲ့လိမ့်မယ်သိလား''

ဝေဝေလွင်ပြောလိုက်သည့်စကားက ပက်ခနဲထိသွား၍ မိုးမိုးကျော် မျက်နှာအီးမှန်သလို ရှုံ့မဲ့သွားသည်။

''နင်လည်းအပြောပက်စက်တာပဲနော် ဝေဝေ၊ အေး. . နင်ကမှ ယောက်ျားမဟုတ် မိန်းမမဟုတ်၊ ဂေးနဲ့ရမှာ၊ အရသာခံချင်တဲ့မိန်းမကျိန်စာကိုမိရော''

အပြန်အလှန်တိုက်ခိုက်နေကြတာ ပြီးပင်မပြီးနိုင်။ ပြောမနာဆိုမနာမို့ ဘယ်လောက်စကားများများ တွဲလုံးသတ်သည်ဟုတော့မရှိပါ။ ကြားထဲက မြသင်ဇာ အူတက်မတတ်ရယ်နေမိတာ။ သူငယ်ချင်းသုံးယောက်က သင်တန်းမှာဆုံလိုက်တိုင်းတော့ ရယ်နေရတာပင်။

သူမက ဒီလိုပဲပျော်ပျော်နေချင်တာပါ။ ဒီလိုပဲနေတတ်ခဲ့တာပါ။





အဲပေမဲ့ အခုမှ ဘုန်းနေလဆိုသည့်လူရဲ့အကြောင်းပဲ တွေးချင်နေခဲ့သည်။ ခန့်လွန်း ချောလွန်းယောက်ျားပီသလွန်းသော ထိုလူကြီးရဲ့မျက်နှာကို မြင်ယောင်ပြီး ညှိရှရှသူ့အသံကိုပဲ ကြားယောင်နေလို့ပါ။ တစ်နေ့နေ့တော့ တွေ့ရဦးမှာပေါ့ ဘုန်းနေလရယ်. . ။

❋❋❋



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၆)

''သူတို့က မင်းကိုတွေ့ချင်နေကြတာကွ၊ ငါ့ကိုမယုံလို့တော့ ဟုတ်ပုံမရဘူး၊ သူညီမကိုအရမ်းချစ်တယ်ထင်တယ်၊ ထည်ကြီးဝါကြီး တွေဆိုတော့ ကားအပေါင်ထားခဲ့ရတာကို မကျေနပ်တာကွ''

''သူတို့မကျေနပ်တာ ငါဘာလုပ်ရမှာလဲ ညီမအချိုးမပြောတာ တော့မပြောဘူး၊ သူ့ညီမပုံစံ မင်းမတွေ့ဘူးလား''

''သိပ်အဆိုးကြီးလည်း မဟုတ်ပါဘူးကွာ၊ အစ်ကိုဆူမှာစိုးလို့ ညိုတဲ့သဘောပါ၊ မင်းကိုက ဆတ်ဆတ်ထိမခံတာ''

''ဟာ . . ငါ့ကားပျက်စီးသွားတာလေ၊ ဒီလိုကားစီးနိုင်ဖို့ ဒီလိုနေနိုင်ဖို့ ငါတို့ဘယ်လောက်တောင်ကြိုးစားခဲ့ရလဲ၊ သူများနိုင်ငံမှာ ကျွန်ခံလာခဲ့ရတာကွ၊ အငတ်ငတ်အပြတ်ပြတ်ဒုက္ခတွေခံလာပြီးမှ အခွင့်အရေးဆိုတာရလာခဲ့တာ၊ ငါတို့ဘဝအခုမှ သာယာမလိုရှိပါသေးတယ်ကွာ''

ဒါတော့လည်း နေလပြောတာဟုတ်သည်။ သူများနိုင်ငံမှာ တကယ်ကိုဒုက္ခတွေနဲ့ ရင်းခဲ့ကြရတာပါ။

မြန်မာပြည်ကို ဒီလိုအခြေအနေနှင့်ပြန်လာနိုင်ဖို့ အငတ်ခံ ချွေတာစုဆောင်း ခြစ်ခြုတ်ပြီးနေခဲ့ကြသည်။ အပျော်အပါးအသောက် အစား လောင်းကစားမလုပ်မိအောင် အရမ်းကိုသည်းခံအောင့်အည်းခဲ့ လို့ ငါးနှစ်ကျော်ကာလလေးအတွင်းမှာ ဒီအခြေအနေမျိုး ရပ်တည်ပြီး





ပြန်လာနိုင်ခဲ့ကြခြင်းပင်။ သူများတွေလို သူများနိုင်ငံသွားအလုပ်လုပ်ပြီး သုံးဖြုန်း သောက်စားပျော်ပါးနေပါက ဆယ်နှစ်၊ အနှစ်နှစ်ဆယ်တောင် ဒီလိုမျိုးနေနိုင်မည်မဟုတ်ပေ။

''ငါပြောတာများ မှားနေလား ဝဏ္ဏ''

''မမှားပါဘူးကွာ၊ မင်းဒီအခြေအနေမျိုး ဘာကြောင့်နေချင်တယ်၊ ဘာကြောင့် ဒီလိုကြိုးစားခဲ့တယ်ဆိုတာ ငါသိပါတယ်''

''ဒါလည်း မင်းအစ်မရဲ့ပံ့ပိုးမှုမရှိခဲ့ရင် ဒီလိုကြိုးစားဖို့တောင် အခွင့်အရေးရှိမှာမဟုတ်ပါဘူး၊ အဲဒီအချိန်က ငါလိုကောင်ကို ငွေတစ်သိန်းလောက်လေးတောင် ယုံယုံကြည်ကြည် ဘယ်သူကချေးငှားချင်လို့လဲ၊ ငါ့လိုအခြေအမြစ်မရှိ၊ အသိုက်အဝန်းမရှိ၊ ငွေကြေးချို့တဲ့တဲ့ကောင်ကို ယုံယုံကြည်ကြည်ချစ်လှပါချည်ရဲ့ဆိုတဲ့ချစ်သူကတောင် ထားပစ်ခဲ့သေးတာ''

''နေလ''

''မမခိုင်ကို ငါတကယ်ကျေးဇူးတင်ပါတယ်၊ မင်းရဲ့သူငယ်ချင်းဖြစ်လို့ မမခိုင်ကူညီခဲ့တာဆိုပေမယ့် အဲဒီအပြောင်းအလဲသာမရှိခဲ့ရင် ငါ အခုချိန်ထိ အဲဒီဘဝမျိုးပဲဖြစ်နေမှာ''

''မမခိုင်က ငွေထုတ်ချေးခဲ့ရုံပါကွာ၊ အခုအဲဒီငွေတွေတစ်ပြားကျန် အကုန်ဆပ်ပြီးပြီပဲ၊ အတိုးမယူတာက ငါနဲ့အတူတူသွားတယ်၊ သူငယ်ချင်းနှစ်ယောက် ချစ်ချစ်ခင်ခင်ကြိုးကြိုးစားစားရှိတယ်၊ ငါ့ကိုလည်း ဂရုစိုက်တယ်ဆိုလို့ မမခိုင်ကတောင် ကျေးဇူးတင်နေတာပါ''

''အဲဒါ မင်းကိုချစ်လို့ပေါ့ ဝဏ္ဏရာ၊ ကိုယ့်မောင်လေးအတွက်ဆိုပြီး မမခိုင်သိတတ်တာနားလည်ပါတယ်၊ ဘာပဲဖြစ်ဖြစ် မင်းရော ငါရော နိုင်ငံခြားထွက်ဖို့ သိန်းတစ်ရာစီကုန်တယ်၊ ငါတို့သာမလိမ္မာခဲ့ရင် မမခိုင် အဲဒီသိန်းနှစ်ရာဆုံးမှာပဲ''

''အဲဒါကြောင့် မမခိုင်က ငါတို့နှစ်ယောက်လုံးကို ချီးကျူးတာ



www.burmeseclassic.com

www.burmeseclassic.com



ပေါ့ကွ၊ မင်းကြောင့်ငါလည်း ဒီလိုအောင်မြင်အောင် ကြိုးစားချင်စိတ်ရှိခဲ့တာဆိုပြီး မင်းကိုပိုချီးကျူးတာပေါ့၊ ယောက်ျားမာနရှိတယ်၊ မခံချင်စိတ်နဲ့ကြိုးစားတယ်ပေါ့၊ တချို့ဆို ရည်းစားကထားခဲ့ရင် အသည်းကွဲပြီး အပေအတေအရက်သမားတွေ ဖြစ်သွားတတ်ကြတာတဲ့၊ ရည်ရွယ်ချက် ရည်မှန်းချက်ကောင်းတယ်တဲ့''

''အဟင်း . . မမဆိုင်ကတော့ ငါတို့ကိုအမြဲတမ်းချီးကျူးပြီး အားပေးတဲ့သူပဲ၊ သူများတွေတော့ အထင်ကြီးမကြီးမသိဘူး''

''သိတဲ့လူကတော့ အရင်ကနဲ့ကွာခြားနေလို့ အထင်ကြီးမှာပေါ့ကွ၊ မသိတဲ့လူကတော့ ဒီကောင်တွေ ဒီလောက်လေးနဲ့ ဘဝင်မြင့်နေရလားဆိုပြီး သောက်ရူးတွေလို့ အပုပ်ချချင်ချနေမှာ''

ဝဏ္ဏစကားကြောင့် ပခုံးလှုပ်အောင်ရယ်မိသေးသည်။ အခုမှ ဒီလိုမျိုးရယ်နိုင်တာပါ။ အရင်ကတော့ ဘဝအတွက်နစ်ပြီး ရုန်းကန်ခဲ့ရတာ။ ငယ်စဉ်ကတည်းက မိဘတွေမရှိသောဘဝမှာ ဆွေမျိုးတွေရဲ့ငြိုငြင်မှုတွေဖြင့် ကြီးပြင်းခဲ့ရသည်။ အရွယ်လေးရလာတော့ ကိုယ်လုပ်အားနှင့် ကိုယ်ကျောင်းတက်ခဲ့ရ၏။

နောက် သူတို့ကိုအထောက်အပံ့မပြုလို့ဆိုပြီး တက္ကသိုလ်တက်ရမည့်အချိန်မှာ အိမ်ပေါ်ကနှင်ချလိုက်၍ တစ်ယောက်တည်း အဆောင်ငှားနေခဲ့ရသည်။ အဆောင်ငှားနေပြီး အလုပ်လုပ်ရမည်ဆိုတော့ ဒေးမတက်နိုင်ဘဲ အဝေးသင်နှင့်ဘွဲ့တစ်ခုရဖို့ကြိုးစားခဲ့ရသည်။

ဆယ်တန်းနှစ်မှာကတည်းက ဝဏ္ဏကကိုယ့်အပေါ် နားလည်မှုတွေနှင့် အားပေးခင်မင်သံယောဇဉ်ရှိခဲ့ပေမယ့် ငယ်သံယောဇဉ်တွေဖြင့် ချစ်သူဖြစ်ခဲ့သော ချစ်သူကတော့ ထိုချို့တဲ့မှုတွေကြောင့် သူ့ကိုထားရစ်ခဲ့ရက်သည်။

ဒါပေမဲ့ သူအသည်းကွဲမနေပါ၊ အချစ်နာကျမနေပါ။ ထားရစ်ခံရသောဘဝကိုနာကျင်ပြီး ပြည့်စုံချမ်းသာမှုတွေကို ရူးသွပ်တောင့်တခဲ့





သည်။ ဒါကြောင့်လည်း ဒီအခြေအနေရောက်အောင် ကြိုးစားဖြစ်ခဲ့တာပါ။ အခုဆိုသူ့မှာ တိုက်ခန်းတစ်ခန်းကားတစ်စီးနှင့် ကားအလှဆင်ဆိုင်နှင့်၊ ကားဝယ်ရောင်းလုပ်ငန်းလေးတစ်ခုကို ပိုင်ဆိုင်ထားသည်။ အလုံးကြီးမြင့်မားပြည့်စုံမနေတောင် အတန်အသင့် အဆင့်အတန်းတစ်ခုကိုတော့ ပိုင်ဆိုင်ထားပြီးပြီမဟုတ်ပါလား။

''နေလ''

''ဟင်''

''မင်းဘာတွေဝေသွားတာလဲ၊ အတိတ်ကိုပြန်လွမ်းနေပြီလား''

''ငါဆိုတဲ့ကောင်က ငါသွားတဲ့နောက်ကို အတိတ်ကိုဘယ်တော့မှ ဆွဲခေါ်လာမှာမဟုတ်ဘူး၊ ငါမျှော်ကြည့်တာက အနာဂတ်ပဲ၊ အနှောင်အဖွဲ့ အတွယ်အတာမရှိတဲ့ဘဝမှာ ငါတခြားလွမ်းစရာ ဘာမှမရှိဘူးဝဏ္ဏ''

''ဒီအတိုင်းကြီးတော့ အချစ်ကိုစိတ်ကုန်လက်ကုန်ဖြစ်သွားတဲ့ ဦးကြီးနဲ့တော့ မနေပါနဲ့ကွာ၊ အသက်နှစ်ဆယ့်ငါး နှစ်ဆယ့်ခြောက်ဆိုတာ အိမ်ထောင်ပြုသင့်တဲ့အရွယ်ရောက်နေပြီ၊ တခြားဆွေမျိုးသားချင်း အတွယ်အတာမရှိလို့ မင်းအတွက် ဆေးပေးမီးယူလေးတော့ လိုတယ်ကွ''

ဝဏ္ဏစကားကြောင့် လက်ထဲကဘီယာခွက်ကို ဆောင့်ခနဲချပစ်တာ

''မိန်းမတွေက ဆေးပေးပြီးမီးယူမယ်ထင်နေလား၊ ဆေးတော့ ဆေးမှာမဟုတ်ဘူး မီးပဲပေးလိမ့်မယ်၊ ပူလောင်မှုတွေပဲပေးလိမ့်မယ်''

''အနာမကျက်သေးတာလား နေလ''

''သွားစမ်းပါကွာ၊ ဒဏ်ရာရှိခဲ့ဖူးမယ်ဆိုရင်တောင် အဲဒါအတိတ်မှာကျန်ခဲ့ပြီ၊ ငါ့အတွက်အချစ်မလိုသေးတာ၊ လိုအပ်တဲ့နေ့ကျရင် ငါက အရမ်းချစ်ရပြီး ငါ့ကိုအရမ်းချစ်တဲ့သူမျိုးကိုပဲရအောင်ယူမယ်၊ အဆင့် အတန်းကြောင့်၊ မပြည့်စုံမှုကြောင့်ဆိုတာမျိုးနဲ့ နောက်ဆံတင်းစရာတွေ ဆရာမလိုဘူးမဟုတ်လား''



www.burmeseclassic.com

www.burmeseclassic.com



''ချစ်ရေးချစ်တတ်ဦးမှာလားကွာ၊ ငါးနှစ်ကျော်လောက်အချ
ကို မေ့မေ့ပျောက်ပျောက်ထားပြီး အလုပ်တွေပဲကြိုးစားလုပ်နေခဲ့တ
ဆိုတော့''

''ဘဝက အထာကျသွားပြီ၊ အချစ်ကိုအခုတောင့်တရင် အ
ရှာဖွေလို့ရနေတာပဲ၊ ဒါပေမဲ့ ငါရင်မခုန်သေးဘူး၊ အချစ်ကို မလိုသေး
နေမှာပေါ့''

သူ့စကားကိုဝဏ္ဏက လှောင်သလိုရယ်သည်။ ဘီယာခွက်
ချီးယားစ်လုပ်တိုက်ကာ မော့သောက်ပြီးမှ . . .

''အချစ်ကရှာဖွေရတာမဟုတ်ဘူး၊ သူ့အလိုလိုဖြစ်ပေါ်လာ
တွေ့သမျှမိန်းကလေး ဘုတောနေတော့ အချစ်ကိုတွေ့တော့မှာတဲ့လား

''ကြီးကြီးကျယ်ကျယ်တွေ မပြောစမ်းပါနဲ့ကွာ၊ တစ်ခါမှအ
ဖူးတဲ့ မင်းလိုကောင်က အချစ်ဒဿနတွေ လာခင်းနေတယ်၊ အပျော်
တောင်မင်းထားဖူးလို့လား''

ဝဏ္ဏရက်ရယ်ရယ်သည်။ အမြည်းတစ်ဖတ်ကောက်စားပြီး
သလိုချဉ်သလိုနှင့် ထွေးထုတ်ကာ . .

''အရသာမတွေ့သေးတာကွ၊ အချစ်ဆိုတာ ဘယ်လိုနေ
မသိသေးဘူး၊ ချစ်တော့ချစ်ကြည့်ချင်နေပြီ၊ အဲ . . မိန်းမယူချင်
ပြောတာ''

''နှာကြောထနေတယ် ခွေးကောင်''

နှစ်ယောက်သား စားသောက်ပြောဆိုရင်းနှင့် ရယ်မိကြသ
တကယ်ကို အခုမှ လွတ်လပ်ပေါ့ပါးမှုကို ခံစားနေကြတာပါ။ ဝန်ထမ်း
ငါးယောက်နှင့် လည်ပတ်နေသောလုပ်ငန်းလေးက အရှိန်လေးရ
မြင့်လာသလို ဂျပန်မှာအဆက်အသွယ်ရလာသော ကားလုပ်ငန်းလေ
လည်း ကျွမ်းကျင်မှုကြောင့် အခြေအနေကောင်းနေပြီဆိုတော့ သက်သ
သက်သာခြေဆန့်အိပ်နိုင်သည့် အနေအထားဟု ပြောလို့ရသည်။ မြ





ခဲ့သူဆိုပေမယ့် အရမ်းလောဘတကြီး ချမ်းသာကြီးပွားချင်စိတ်တော့မရှိပါ။

သေလောက်အောင် ရုန်းကန်ခဲ့ပြီးပြီမို့ အေးအေးမှန်မှန်လေးဖြင့်
ရောင့်ရဲဖို့တော့ စဉ်းစားထားပါသည်။ ကိုယ့်အထောက်အပံ့ပြုရမည့်သူ
လည်း တစ်ယောက်မှမရှိတာ။

''နေလ''

''ဘာလဲ''

''မင်းတော်ပြီမဟုတ်လား၊ အိမ်လိုက်ခဲ့လေ၊ ထမင်းစားပြီးမှ
မင်းတိုက်ခန်းပြန်ပေါ့၊ မနက်ကလည်း မင်းထမင်းမစားလို့ မမခိုင်က
ပြောနေတာ''

''ညှော်သည်တွေ ညှော်ခံရင်းနဲ့ ငါစားလိုက်ပါတယ်ကွာ၊ မမခိုင်က
အမြဲတမ်း ငါ့အတွက်စဉ်းစားပေးနေတာ အားနာတယ်''

''ဒီလူနဲ့ဒီလူ အားနာစရာလားကွာ၊ အိမ်မှာထမင်းချက် သန့်ရှင်း
ရေးလုပ်တဲ့သူတွေရှိပါတယ်၊ မမခိုင်က စီမံရုံပါပဲ၊ ဘာမှအပန်းကြီးတာ
မှမဟုတ်တာ၊ မင်းကမိသားစုလိုဖြစ်နေပြီမို့ပဲ၊ မင်းထမင်းမစားရင်သာ
မမခိုင်က စိတ်မကောင်းဖြစ်နေတာ ပါ''

''အေးပါ . . ဘီယာသောက်ပြီးမှတော့ ပြန်မလိုက်ချင်တော့ဘူး
ဘီယာနံ့နဲ့ မမခိုင်ကိုအားနာလို့ကွ၊ မမခိုင်ကို မလေးစားရာရောက်တယ်''

''အေး . . ဒါဆိုလည်း ပြန်ရအောင်လေ၊ မင်းထမင်းဝယ်သွား
ဦးမှာလား''

''အမြည်းတွေစားထားတာ ဗိုက်တင်းနေတယ် မဝယ်တော့ဘူး
ကွာ၊ အိမ်ရောက်လို့ ဗိုက်ဆာမှ ရှိတဲ့ခေါက်ဆွဲပြုတ်စားလိုက်တော့မယ်''

''အေး . . ဒီလိုအချိန် အိမ်မှာသားဇနီးမယားလေးရှိရင် လိုအပ်
တာအကုန်လုံးအဆင်သင့်ပဲကွနော်''

''ဘာအဆင်သင့်လဲ နှာဘူး၊ ငါကတော့ တစ်ယောက်တည်းနေ
ရတာကြိုက်တယ်၊ စားချင်သလိုစား အိပ်ချင်သလိုအိပ်၊ ပြန်ချင်တဲ့



www.burmeseclassic.com

www.burmeseclassic.com



အချိန်ပြန်၊ ဘယ်လောက်နားအေးသလဲ''

''ငါတော့ နားပူခံချင်နေတယ်''

''သေလိုက်''

ဝဏ္ဏကိုရယ်မောကာ စနောက်ရင်းဖြင့် ကျိန်ဆဲလိုက်သည်။ ဝဏ္ဏက စိတ်မဆိုးပါ။ အပြင်ရောက်သည်အထိ ပခုံးဖက်ကာထွက်လာကြပြီးမှ ကားတစ်စီးစီဖြင့် လမ်းခွဲလိုက်ကြသည်။

ကားထဲက အဲကွန်းကိုဖွင့်ပြီး လေလေးချွန်လျက် အေးအေးဆေးဆေးပြန်လာခဲ့သည်။ အိမ်ရောက်လို့ တိုက်ခန်းတံခါးကို ဖွင့်လိုက်သည်နှင့် အေးစိမ့်မွှေးပျံ့နေသောရနံ့များကြောင့် လူကပိုပြီးလန်းဆန်းသွားသည်။ ဒီလိုခမ်းနားသပ်ရပ်စွာနေချင်လို့ ငွေကုန်ခံပြီး သေချာပြင်ဆင်ထားတာပါ။

ဒီလိုအခြေအနေမျိုးနေရဖို့ ပင်ပင်ပန်းပန်းရုန်းကန်ကြိုးစားရကျိုးနပ်သည်ဟု ပြောလို့ရသည်။ ဘဝဆိုတာ ရုန်းကန်ကြိုးစားလျှင် ဒီအတိုင်းမနေဘဲ ပြောင်းလဲသည်ဆိုတာ ယုံကြည်သည်။

မကြိုးစားလျှင်တော့ မပြောင်းလဲဘူးပေါ့။

မွေ့ယာထူထူကြီးပေါ် ပစ်လှဲပြီး ကိုယ့်ကိုယ်ကိုယ်ကျေနပ်နေမိသည်။ ငါ့ဘဝဒီလိုပြောင်းလဲသွားပြီကွလို့ ဘယ်သူ့ကိုမှ အော်ဟစ်ကြွေးကြော်ချင်စိတ်မရှိသော်လည်း ကိုယ့်ကိုယ်ကိုယ်ဂုဏ်ယူနေမိကာ..။

✻ ✻ ✻



# အခန်း (၇)

''ဘရိတ်ဖတ်စ်ဘာစားခဲ့ပြီလဲ နေလ၊ ဒီမှာ မမခိုင် နန်းကြီးသုပ် စီစဉ်ထားတယ်..လာစားဦး''

''ဟုတ်ကဲ့..မမခိုင်''

ဆိုင်ရှေ့အရောက်မှာ မမခိုင် ဖုန်းဆက်လာတာကြောင့် ဆိုင်ဖွင့်တာကို ကောင်လေးတွေနှင့် ဆိုင်ရဲ့နောက်ဘက်ထဲက မမခိုင်တို့အိမ်ထဲဝင်လာခဲ့သည်။ ဝဏ္ဏကစားပွဲဝိုင်းမှာရောက်နေနှင့်သည်။

''ဝီရိယကောင်းလှချည်လားကွ ဝဏ္ဏ၊ အိပ်ရာမနိုးလောက်သေးဘူးထင်နေတာ''

''မမခိုင်က နန်းကြီးသုပ်လုပ်ထားတယ်၊ အိပ်ရာထတော့ဆိုလို့ ထရတာကွ၊ လာဆွဲမယ် နေလ''

ဝဏ္ဏနှင့်ကပ်လျက်ခုံမှာဝင်ထိုင်လိုက်ပြီး မမခိုင်နယ်ဖတ်ပေးသော နန်းကြီးသုပ်ကို အားရပါးရဆွဲလိုက်သည်။ မမခိုင်က အစားအသောက်လုပ်ကျွေးသည့်နေရာမှာတော့ စိတ်ရှည်သည်။ ဟိုဟာ ဒီဟာသုပ်ကျွေးရမလား၊ မုန့်ဟင်းခါး၊ အုန်းနို့ခေါက်ဆွဲ၊ ရွှေတောင်ခေါက်ဆွဲ၊ ရှမ်းထမင်းချဉ်၊ ကိုရီးယားထမင်းသုပ်၊ ထမင်းလိပ်စုံနေအောင် တစ်မျိုးပြီးတစ်မျိုးလုပ်ကျွေးသည်။

မမခိုင်က သူများကို ဂရုစိုက်ပြုစုလုပ်ကိုင်ပေးရတာ ဝါသနာပါ



www.burmeseclassic.com

www.burmeseclassic.com



တာဖြစ်မည်။

"နေလ... စားလို့ကောင်းရဲ့လား"

"ဟုတ်ကဲ့... မမခိုင် လက်ရာကတော့ ပြောမနေနဲ့၊ မျက်စိမှိတ်ပြီးလုပ်ကျွေးရင်တောင် စားလို့မြိန်နေမှာပဲ"

"မြောက်ပင့်မနေလည်း ကျွေးနေမှာပါရှင်၊ ရှင်တို့လေးတွေ စားကောင်းတယ်ဆိုရင်ပဲ အပင်ပန်းခံလုပ်ကျွေးရကျိုးနပ်ပါတယ်၊ နေ့လယ်စာလည်း နေလကြိုက်တဲ့ ဝက်သားနဲ့ပုန်းရည်ကြီးနှပ်မှာ၊ အလုပ်ကိစ္စနဲ့ သွားစရာရှိတယ်ဆိုပြီး အပြင်ကနေ ဟိုဟာဒီဟာ စားမလာနဲ့နော်၊ ချက်ထားရတာ ဘယ်လောက်ပင်ပန်းတယ်မှတ်လဲ"

"တလူးတကမလုပ်ပါနဲ့ မမခိုင်ရဲ့၊ ဝက်သားချက်တဲ့နေ့ဆို ဝဏ္ဏက အဆီမစား အခေါက်မစား၊ မမခိုင်ကဆိုလုံးဝမစား၊ ကျွန်တော်ပဲ ကောင်းကောင်းကြိတ်ကာ အစားညီတာပဲချက်ပါ"

"မင်းတို့ကို စားစေချင်လို့ပေါ့ကွယ်၊ အလုပ်ပင်ပန်းတဲ့သူတွေက အစားကောင်းစားချင်ကြတယ်တဲ့၊ မင်းတို့က ဂျပန်မှာတော်တော်လေး အစားအသောက်ချို့တဲ့လာခဲ့ကြတာ မဟုတ်လား၊ မမခိုင်က အတိုးချပြီး ကျွေးချင်လို့ပါ၊ ငါ့မောင်တွေ စားချင်တာသာပြော"

"ကဲ... အခုလောလောဆယ်တော့ မမခိုင် ဝင်စားလိုက်ဦးနော်၊ ကျွန်တော်တို့စားတာကြည့်ရင်း ဗိုက်ပြည့်တယ်ဆိုပြီး မစားဖြစ်ဘဲနေဦးမယ်၊ လာ... မမခိုင် ထိုင်တော့"

ပြင်ပြီးသားမုန့်ပွဲလေးကိုချပေး၍ မမခိုင်ကိုလက်ဆွဲ၍ ထိုင်ခိုင်းလိုက်သည်။ ဒီလိုတရင်းတနှီးနေဖြစ်တာ တကယ့်မောင်နှမရင်းချာစိတ်ကြောင့်ပါ။ မမခိုင်က ဝဏ္ဏကတစ်ဆင့် သူ့အကြောင်းတွေအားလုံး သိပြီးသားပင်။ မမခိုင်တို့မောင်နှမမှာလည်း မိဘတွေမရှိကြတော့။ မမခိုင်က ကျန်ခဲ့သည့် မိဘအမွေပစ္စည်းလေးတွေကို ထုခွဲပြီး ဈေးထဲနေ့တိုးလတိုး ငွေရင်း ငွေနှီးပွား၍ စီးပွားရှာရင်း သူနှင့်ဝဏ္ဏကို နိုင်ငံခြားအလုပ်လုပ်ဖို့



ခိုင်းပင်။

သူသာရည်းစားအပစ်မခံရလျှင် နှစ်ယောက်လုံးကို ဘွဲ့ရပညာတတ်ကြီးတွေဖြစ်အောင် ကြိုးစားကြဟုပြောထားသော်လည်း နောက်တော့ သူစိတ်လေမှာစိုး၍ သင်တန်းတွေဖွတ်တက်ခိုင်းကာ ခပ်မြန်မြန်နိုင်ငံခြားရောက်သွားအောင် ပို့လိုက်သည်။

မေ့သင့်တာကိုမေ့ပြီး လိမ်လိမ်မာမာကြိုးကြိုးစားစားနေကြဖို့ အစ်မကြီးအမိအရာပီသစွာ လေးလေးနက်နက်မှာလိုက်၏။

"နေလ... စားလေကွာ၊ ဘာငိုင်သွားတာလဲ"

"ဩော်... ဒီလိုအခြေအနေမျိုးနဲ့နေရတာ အိပ်မက်မက်နေသလားထင်နေမိလို့ပါ၊ မမခိုင်သာ နိုင်ငံခြားသွားပြီး အလုပ်လုပ်ဖို့ မတိုက်တွန်းခဲ့ရင် ငါ့ဘဝအခုအချိန် ဘယ်လိုများဖြစ်နေမလဲမသိဘူး"

"အခု ကိုယ့်ကိုယ်ကိုယ်ကျေနပ်နေတာ မဟုတ်လား၊ သူများကျေနပ်အောင်လုပ်ဖို့ဆိုတာ လွယ်တယ်၊ ရယ်တာကြိုက်ရင် ရယ်တာမှုတာကြိုက်ရင် ပြုံးတာ၊ အချိုကြိုက် အချို၊ အချဉ်ကြိုက် အချဉ်ပေါ့ကွာ၊ မလွယ်တာက ကိုယ့်ကိုယ်ကိုယ် ကျေနပ်ဖို့ စိတ်တိုင်းကျဖို့ပဲ၊ အဲဒါကဘာလဲဆိုတော့ အရင်ချိန်ကမပြည့်စုံတာကို ပြည့်စုံချင်စိတ် ချမ်းသာချင်စိတ်၊ အဲဒီလောဘကိုမသတ်နိုင်တာဘဲ၊ ရောင့်ရဲတင်းတိမ်မှုတိုင်းက ကောင်းဘူးဆိုပေမယ့် လောဘကိုမထိန်းနိုင်ရင်တော့ မရှိခင်ကအချိန်ထက် ပိုပြီးပင်ပန်းရလိမ့်မယ်"

"အဲဒါတော့ဟုတ်တယ်၊ ဂျပန်မှာတုန်းက မိတ်ဆွေတစ်ယောက်ပြောတယ်၊ သူငယ်ငယ်ကအရှုံးဆင်းရဲတာတဲ့၊ မပြည့်စုံလွန်းတော့ ဆုံးဖြတ်ချက်တစ်ခုချတယ်၊ သူကြီးလာရင် သူများတွေထက်ချမ်းသာရမယ်ပေါ့၊ အဲလိုနဲ့ အလုပ်ပေါင်းစုံလုပ်တယ်၊ ငွေစုတယ်၊ မြိုးခြိုးချွေတာတယ်၊ သူများထက်တော်အောင်တတ်အောင် ကြိုးစားတယ်၊ အဲလိုနဲ့ သူ့အသက်သုံးဆယ်မှာ သူတို့မြို့လေးမှာ အချမ်းသာဆုံး[illegible]ယောက်

www.burmeseclassic.com



ဖြစ်ခဲ့တယ်တဲ့၊ အဲဒါလည်း သူမကျေနပ်သေးဘူး၊ မိန်းမယူရင် သား သမီးရမယ်၊ သားသမီးရရင် သူတို့တွေအတွက် ကုန်ကျမှာစိုးလို့ သူ ချမ်းသာတာတွေ လျော့သွားမှာစိုးလို့ မယူခဲ့ဘူး။ အပျော်အပါးအတွက် ငွေကုန်ကြေးကျများမှာစိုးလို့ အပျော်အပါးလည်း မလိုက်စားခဲ့ဘူး''

''ဟာ. . . အဲဒါဆို အရမ်းချမ်းသာနေပြီပေါ့''

မမနိုင် စိတ်ဝင်စားစွာမေးတော့ ဘုန်းနေလ ခေါင်းညိတ်ပြ လိုက်သည်။ ကိုင်ထားသော ဇွန်းခက်ရင်းကို ပန်းကန်ပေါ်ချ၍နားစွင့်နေ

''ဒါပေမဲ့ သူ့အသက်သုံးဆယ့်ငါးလောက်မှာ အစာအိမ်ကင်ဆာ ဖြစ်နေတယ်''

''ဟယ်''

''နှမြောစရာကောင်းတာက သူတစ်သက်ရှာဖွေလာတဲ့ စည်းစိမ် ဥစ္စာရွှေငွေတွေနဲ့ဆက်ပြီးကုတာတောင် အဲဒီရောဂါက ပျောက်မသွားဘူး ဆေးကုလိုက် သက်သာသလိုလိုရှိလိုက်၊ ပြန်ဖြစ်လိုက်၊ မိန်းမ သားသမီး ပြုစုမယ့်သူမရှိတော့ နပ်စ်တွေငှား၊ ပိုက်ဆံတွေကုန်၊ သေလည်း သေ မသွားဘဲနဲ့ ဝဋ်ဒုက္ခတွေခံနေရတယ်''

''အဲဒီမှာ ငါလည်းသင်ခန်းစာရသွားတာလေ၊ ငါတို့အဆောင် ငှားနေခဲ့တဲ့တိုက်ခန်းကလူ ပြောတာမဟုတ်လား''

''အေးလေ. . . သူ့ရောင်းစရာတွေကုန်သွားလို့ နှစ်ချုပ်နဲ့လာ ငှားနေတယ်လို့ပြောတဲ့လူလေ၊ အရိုးပေါ်အရေကပ် ပိန်ချုံးနေတာပဲ သူ့ကိုထမင်းချက်ကျွေးမယ့်သူမရှိ၊ ဆေးတိုက်မယ့်သူမရှိ၊ အဲဒီတိုက်ခန်း စာချုပ်ပြည့်ရင် နေစရာလည်းမရှိတော့ဘူးတဲ့၊ အဲဒါသူတို့မြို့မှာ အချမ်း သာဆုံးဖြစ်အောင် ကြိုးစားနိုင်ခဲ့တဲ့လူတဲ့နော်''

''အေးပါဆို၊ အဲဒါကြောင့် ငါမိန်းမယူချင်တယ်ပြောတာပေါ့ သေခါနီး ပြုစုယုယမယ့်သူမရှိရင် ဘယ်လောက်ဝမ်းနည်းစရာကောင်း လိုက်မလဲ''





ဝဏ္ဏာစကားကြောင့် မမနိုင် မျက်လုံးပြူးသွားသည်။ ဝဏ္ဏာခေါင်း ကို မမိတမိ ခေါက်ခနဲလှမ်းခေါက်၍. .

''နင်က ဘယ်ကမိန်းမကိုယူမှာလဲ၊ ရည်းစားတွေ ဘာတွေရနေ ပြီလား၊ ကုတ်ကမြင်းရဲ့''

''ဟာ. . . ဘယ်က ကမြင်းရမှာလဲ၊ ရည်းစားလည်းမရှိသေးပါ ဘူး၊ အဲဒီလူ့ဆီက အဲဒီစကားကြားလာကတည်းက တစ်သက်လုံး လူပျိုကြီး မလုပ်ဘူး။ မိန်းမယူဖြစ်အောင်ယူမယ်၊ ကလေးမွေးဖြစ်အောင် မွေးမယ်၊ အနည်းဆုံး သုံးယောက်လောက်ဆိုပြီး စိတ်ကူးထားတာ''

''အမယ်လေးဟဲ့ ရည်းစားမရှိသေးဘဲ စိတ်ကူးကကောင်းနေ တယ်၊ ယူမယ်ဆိုလည်း မြန်မြန်ယူ၊ ငါလည်း တူလေးတူမလေးတွေ ထိန်းရတာပေါ့''

''မမနိုင်က ယောကျ်ားမယူတော့ဘူးလား''

''ငါ့အသက်က သုံးဆယ်ကျော်နေပြီ၊ အပျိုကြီးပဲလုပ်ပါတော့ မယ်ဟယ်၊ ဒီအရွယ်မှတော့ ငါ့ကိုဘယ်သူမှ ကြိုက်မယ့်သူလည်းရှိတော့ မှာမဟုတ်ပါဘူး''

''ငါတို့မမနိုင်က အပျိုလေးတွေရှုံးအောင် လှတုန်းပါကွာ၊ ဟုတ် တယ်မဟုတ်လား နေလ''

''အင်း. . . ဟုတ်တယ်၊ မမနိုင်က ချောတုန်းလှတုန်းနုပျိုတုန်း ပါ''

သူဒီလိုပြောလိုက်တာ တမင်မြှောက်ပင့်နေခြင်းမဟုတ်၊ မမနိုင် က ကိုယ်တွေနှင့်မတိမ်းမယိမ်းလို့ထင်ရလောက်အောင် ပိန်ပိန်ပါးပါး နုနု ဖတ်ဖတ်လေးပင်။ ဝင်းဝါသောအသားအရည်နှင့် ဖျတ်လတ်မှုများကြောင့် လူငယ်တစ်ယောက်ဟုပင် ထင်ရသည်။

''ဆရာ. . . ရှေ့မှာ ညှော်သည်ရောက်နေပါတယ်''

ဝန်ထမ်းကောင်လေးရဲ့အသံကြောင့် အားလုံးစကားစပြတ်သွား



www.burmeseclassic.com

www.burmeseclassic.com



ကြသည်။ ဝဏ္ဏခေါင်းထောင်လျက် . . .

''ဘယ်သူလဲကွ၊ ငါတို့နဲ့အလုပ်ကိစ္စချိန်းထားတာမျိုးမရှိပါဘူး၊ ကားနဲ့ပတ်သက်တာဆိုရင် မင်းတို့ဘာသာအလုပ်လက်ခံဖို့ ပြောထားတယ်လေ၊ ဘာကဘယ်လိုဈေးနှုန်းဆိုတာ တာဝန်ကုန်လွှဲပေးထားတာပဲ''

''ဟုတ်ကဲ့ . . ကားနောက်ပိုင်း ဆေးပြန်မှုတ်ချင်တာလို့ပြောပါတယ်၊ အဲဒါကျွန်တော်တို့လုပ်မယ်ဆိုပြီး ဈေးနှုန်းလည်း အသက်သာဆုံးအထိပြောပါတယ်၊ သူကတစ်ပြားမှ မပေးနိုင်ဘူး၊ အလကားလုပ်ခိုင်းချင်တာတဲ့''

''ဘာ''

''ဘယ်သူလဲကွ အကျောကြီးနဲ့''

ဝဏ္ဏနှင့် နေလနှစ်ယောက်လုံးဒေါသဖြစ်ကာ ထရပ်လိုက်ကြသည်။ မမခိုင်က လှူကြီးပီပီချင့်ချိန်တွေးဆ၍ . .

''မင်းတို့အပေါင်းအသင်းတွေထဲက စချင်နောက်ချင်လို့ရှိမှာပေါ့ကွယ်၊ ဘယ်နှယ့် ဒေါသတကြီးဖြစ်သွားကြတာလဲ''

''အဲလိုစနောက်ရလောက်အောင် ကျွန်တော်တို့နှစ်ယောက်လုံးမှာ တရင်းတနှီး အပေါင်းအသင်းမျိုးမရှိပါဘူး''

''ကာစတမ်မာ မိတ်ဆွေထဲကလည်း ဖြစ်ချင်ဖြစ်မှာပဲ၊ ကဲပါ စားသောက်ပြီးနေပြီဆိုတော့ သွားကြည့်လိုက်ကြပါ၊ ကိုယ်ကလုပ်ငန်းလုပ်နေတာ၊ ဘယ်သူပဲဖြစ်ဖြစ် ပြေပြေပြစ်ပြစ်တော့ရှိပါစေနော်၊ ဆက်ဆံရေးကောင်းမှ လုပ်ငန်းဆိုတာတိုးတက်တာ''

မမခိုင်ရဲ့သွန်သင်ဆုံးမမှုကြောင့် နှစ်ယောက်သားစိတ်ကိုလျှော့၍ ဆိုင်ရှေ့ထွက်လာခဲ့ကြသည်။ ဆိုင်ရှေ့ရပ်ထားသောကားကို မြင်လိုက်ရသည်နှင့် နေလ တအံ့တသြဖြစ်သွားရသည်။

''ပြဿနာဖြစ်ထားတဲ့ကောင်မလေးပဲကွ၊ ဘာလာမွှေတာလဲ မသိဘူး''



''ဖွတ်မကောနဲ့ဦး၊ ဘာလဲငါအရင်မေးကြည့်မယ်''

ဝဏ္ဏက ထိုကောင်မလေးနားလျှောက်သွားလျက် . .

''ဘာကူညီရမလဲ ညီမ၊ လိုအပ်တာပြောပါ၊ မိတ်ဆွေရင်းတွေဆိုတော့ အကောင်းဆုံးဝန်ဆောင်မှုပေးပါမယ်''

''သင်ဇာ့အစ်ကိုကြီး လျှော်ကြေးအပြည့်အဝလာပေးထားတယ်မဟုတ်လား''

''ဪ . . ဟုတ်ကဲ့ အဲဒါလာမေးတာလား၊ ပေးသွားပါတယ်ဗျာ . . ပေးသွားပါတယ်''

''အဲဒါဆို အဲဒီနေ့က သင်ဇာ ကားနောက်ပိုင်းလည်း သူကားနဲ့တိုက်လို့ ဆေးပွန်းသွားတာပဲ၊ အဲဒါပြန်လုပ်ပေးသင့်တယ်''

''ဪ . . ဒါလား ဒါကဒီလိုရှိပါတယ်၊ ပတ်တီးကိုင်ဖို့ အော်ဒါယူချင်နယ်အတိုင်း ဆေးပြန်မှုတ်မယ်ဆိုရင် တစ်ပေပတ်လည်ကို''

''သင်ဇာ တစ်ပြားမှမပေးနိုင်ဘူးနော်၊ သိန်းသုံးဆယ်ကြီးတောင် ပေးထားရတာ၊ ဒီလောက်လေးတော့ ရှင်တို့လုပ်ပေးသင့်တယ်''

''ဟော့''

နားကြားပြင်းကတ်၍ သူမတို့အနားကို နေလ ဖြုန်းခနဲရောက်လာကာ

''အဲဒီပိုက်ဆံသိန်းသုံးဆယ်ကို မင်းဆီက ငါအလကားယူထားသလား၊ ငါအဲလောက်ယူထားတယ်ဆိုတာ လုပ်အားလက်ခမပါဘူး၊ ပစ္စည်းတန်ဖိုးကလည်း အရင်းအတိုင်းပဲ''

''အဲဒီလိုစကားကတော့ အရောင်းအဝယ်လုပ်တဲ့သူတိုင်း ပြောတတ်တယ်''

''ဘာ''

''အမယ်လေး ဒေါသကလည်းကြီးလိုက်တာ၊ ယောက်ျားကြီးဖြစ်ပြီး အရမ်းစွာတာပဲ၊ သင်ဇာက ရှင်ရန်တွေ့ကောင်းလို့ အလကား

သင်ဇာကားလေးကို သေချာလုပ်ပေးပါရှင်၊ ကျသင့်သလောက် ငွေရှင်းမှာပါ၊ အဲဒါဆိုရပြီလား''

စပ်ဖြဲဖြဲ ပြောင်ချော်ချော်မျက်နှာဖြစ်သွားတာမို့ ဘုန်းနေလမှာ ဒီကောင်မလေးကို စိတ်ဆိုးရခက်၊ ဒေါသဖြစ်ရခက်ဖြစ်သွားသည်။ သူမကတော့ အေးအေးသက်သာပင် ညှိသည့်တွေအတွက် စီစဉ်ထားသော ထိုင်ခုံမှာ ခြေချင်းချိတ်၍ ဝင်ထိုင်နေသည်။

ဝဏ္ဏက ဖော်ရွေစွာပင်ပြုံးလျက်. . .

''အစက အဲလိုပြောရောပေါ့ သင်ဇာရယ်၊ ညဦးအတည်ပေါက် ပြောတယ်ထင်လို့ ဒီကောင်ကဒေါသဖြစ်သွားတာ၊ သူကဘယ်သူကျော့ တာမှ ခံချင်တဲ့ကောင်မဟုတ်ဘူးလေ၊ သူလည်းသူများကို မတရားတာ တစ်ခါမှမလုပ်ဘူး''

''သူ့ပုံစံကြည့်လိုက်တာနဲ့သိပါတယ်၊ ရန်တွေ့ကောင်းပြီး ရွာ တယ်ဆိုတာ''

''မင်းဘာပြောတယ်''

ဘုန်းနေလ ဆတ်ဆတ်ထိမခံတတ်တာသိနေလို့ သူမစနောက် နေတာပါ၊ တကယ်ကို ဘယ်လိုနေနေ ဒီလူကစတိုင်ကျနေတယ်။

''ရှင်ကလေ တကယ်မပြောလိုက်ချင်ဘူး၊ ဟုတ်တာပြောတော့ အနာပေါ်တုတ်ကျသလိုဖြစ်နေတယ်၊ သင်ဇာ အလကားနောက်နေတာ ပါ''

''မင်းစနောက်ရအောင်ငါတို့က သူငယ်နှပ်စားလေးတွေမဟုတ် ဘူးကွ၊ မင်းအပေါင်းအသင်းသူငယ်ချင်းလည်းမဟုတ်ဘူး၊ အရမ်းအား လပ်နေတဲ့သူတွေလည်း မဟုတ်ဘူး''

''ဟုတ်ကဲ့၊ မှတ်ထားပါမယ် မသေမချင်း၊ သေသွားလည်း အရိုးဆွေးတဲ့အထိ''

သူမ ပြောင်ချော်ချော်လုပ်နေတာကို ဘုန်းနေလက မျက်နှာ





နီနှင့်ဒေါသဖြစ်နေပေမယ့် ဝဏ္ဏက ပြုံးစိစိဖြစ်နေသည်။

ဒီကောင်မလေး တကယ်အရွတ်အနောက်ပဲဟု တွေးမိကာ ဘုန်းနေလ စိတ်ကိုလည်း ဆွပေးချင်နေသည်။

''မင်းကလည်းကွာ၊ ကလေးက ဒီလောက်ပြောနေတာကို ဒေါသတွေ ဖြစ်မနေစမ်းပါနဲ့၊ မိတ်ဖြစ်ဆွေဖြစ် သူ့ကားကို အလကား သာလုပ်ပေးလိုက်''

''ငါတို့က စီးပွားရှာနေတာ၊ အလှူလုပ်နေတာမဟုတ်ဘူး၊ သူ့ ကားကို နောက်ဘက်ထဲထိုးပြီး ကောင်လေးတွေ လုပ်ခိုင်းလိုက်၊ ငါအပြင် သွားဦးမယ်၊ ကားတစ်စီးအရောင်းအဝယ်ဖြစ်ဖို့ ချိန်းထားတာရှိတယ်၊ လုပ်ပေးပြီးရင်လည်း ဈေးမလျှော့လိုက်နဲ့နော်၊ ဈေးလျှော့ရင် မင်းခံ''

မတ္တမတန်သလို လုပ်သွားပုံက အမြင်ကတ်စရာပင်။ သူထွက် သွားသည့်အချိန်မှာ ကောင်လေးတွေက သူမဆီက ကားသော့လာ တောင်းနေ၍ ပေးလိုက်ရသည်။

''သင်ဇာ တစ်ခါတည်း စောင့်ယူချင် ယူသွားလေ၊ တစ်နာရီနီး ပါးလောက်ပဲကြာမှာပါ၊ အမြန်လုပ်ပေးလိုက်ပါ့မယ်''

''ဟို. . နေပါစေ၊ သင်ဇာ စောင့်နေဖို့ အချိန်မရှိဘူး၊ အေးအေး ဆေးဆေးသာလုပ်ပါ၊ သင်ဇာ နောက်နေ့မှ လာယူပါ့မယ်''

''အဲလိုဆိုရင်တော့ ကျေးဇူးပဲ၊ သင်ဇာကို အားနာလို့သာ လုပ် ပေးရမှာ၊ ရှေ့မှာကားနှစ်စီးတောင်ရှိတယ်''

''ဒီကနာမည်ကဘယ်သူ''

''ဟင်''

''နာမည်မေးတာ၊ ဟိုလူကြီးနာမည်တော့ သိရပြီ''

''သြော်. . ဝဏ္ဏပါ''

''အင်း. . ကိုဝဏ္ဏ ရှင်ကသဘောကောင်းတယ်နော်၊ ဟိုလူကြီး က နည်းနည်းစိတ်ပုပ်တယ်၊ ဘယ်လိုဟာကြီးမှန်းမသိဘူး''



www.burmeseclassic.com
www.burmeseclassic.com

www.burmeseclassic.com



မြသင်ဇာက နားနားကပ်၍ အတင်းပြောတော့ ဝဏ္ဏရယ်ချင်သွားသည်။ ကိုယ်က မြသင်ဇာကို အားနာနေတာဖြစ်၍ ရေလိုက်သင့်သလို လိုက်သင့်ပင်...

"ဟုတ်တယ် ဒီကောင်နည်းနည်းတော့စွာတယ်၊ မဟုတ်မခံလေ၊ အဲ...ဟုတ်လည်းမခံဘူး၊ သူ့မှာမခံချင်တဲ့စိတ်ကိုရှိတာ၊ ခံရတာကို ဝါသနာကိုမပါတာ"

"သူလူကြီးဖြစ်ပြီး ဒီလောက်လေးတောင် သည်းမခံနိုင်ရင် လုပ်ငန်းကြီးကို ဘယ်လိုဦးဆောင်မှာလဲ၊ လုပ်ငန်းရှင်ဆိုတာ သည်းခံရတယ်၊ စိတ်ရှည်ရတယ်"

"အမှန်ပေါ့၊ ဒီကောင် ဒါတွေနားမလည်ပါဘူး၊ လုပ်ငန်းရှင်ဖြစ်ချင်လို့သာဖြစ်နေတာ"

"သူမိန်းမနဲ့ကွဲလို့ စိတ်ဆက်နေတာလားဟင်"

"အား...ဒီကောင်မှာ မိန်းမတောင်မရှိပါဘူး"

"ဟုတ်လား"

သူမသိချင်တာကို သိလိုက်ရ၍ ဘယ်လိုပျော်သွားမှန်းမသိပေ။

"ဒါဆို ရည်းစားကြောင့်အသည်းကွဲနေလို့ လူတွေကိုစိတ်တိုင်းမကျဘဲ ဆတ်ဆတ်ထိမခံဖြစ်နေတာလား"

"ဟင်"

ဒီကောင်မလေး အကြားအမြင်ရဗေဒင်များ ဟောတတ်သလားလို့ ဝဏ္ဏ အံ့သြသွားရသည်။ ဒီကောင်မလေး အစ်အောက်နေတာပဲဖြစ်မှာပါ။ ဒီလိုအရွယ်လေးတွေက စိတ်ကစားတတ်တာမို့ သွေးတိုးစမ်းချင်နေတာပဲဖြစ်မည်။

"အင်း...ဘယ်လိုပြောရမလဲ၊ ဒီကောင်က အဲလိုတော့မဟုတ်ပါဘူး၊ အရမ်းစိတ်ရင်းကောင်းပြီး စိတ်သဘောထားဖြူစင်ပါတယ်၊ တစ်ဖက်က ပြေပြေလည်လည်ဆက်ဆံမယ်ဆိုရင် သူမရိုင်းတတ်ဘူး၊ သင်ဇာ





နဲ့ပတ်သက်တာတော့၊ သူကသူ့ကားလေးကို အရမ်းမြတ်နိုးတန်ဖိုးထားတာလေ၊ အဲဒါကြောင့်ပါ"

"ဟင်...ခုနက ပြောတာတွေနဲ့လည်းမတူဘူး"

"ဘာ...ဘာလဲ"

"ခုနက အဲဒီလူအရမ်းစိတ်ပုပ်တယ်ဆို၊ မဟုတ်မခံ၊ ဟုတ်လည်းမခံဘူးဆို"

"အဟဲ...အဲဒါနောက်တာ၊ ကိုယ့်သူငယ်ချင်းအကြောင်း ကိုယ်သိတာပေါ့၊ သေချာဖေါင်းကြည့်ရင် နောက်တော့ သင်ဇာလည်း သိသွားပါလိမ့်မယ်၊ ဒီကောင် ဘယ်လောက်သဘောကောင်းတယ်ဆိုတာ"

"ဟွန်း...မသိချင်ပါဘူး"

မသိချင်ပါဘူးဆိုသည့် မျက်လုံးများကအရည်လဲ့ကာ တောက်ပနေသည်။ ရည်းစားမထားဖူးပေမယ့် ဒီအထာကိုတော့ ဝဏ္ဏကောင်းကောင်းသိ၏။ ဒီကောင်မလေး နေလကို ပတ်သက်ချင်လို့ နောက်တစ်ခါပြန်လာဦးမည်ဆိုတာ...။

* * *



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၈)

"ကားက ဘာဖြစ်လို့ ဘယ်မှာထားခဲ့ပြန်ပြီလဲ ညီမလေး"

ကားပါမလာဘဲ လှုပြန်လာတာကြောင့် ကိုကြီးက ဆီးကြိုကာ မေးလိုက်သည်၊ မြသင်ဇာ ရုပ်နှာငယ်လေးနှင့် ကိုကြီးရှေ့ထိ လျှောက်သွားလိုက်ပြီး . .

"သင်ဇာ ကတိပေးထားတာပဲ ဘာမှမဖြစ်ပါဘူး၊ ဟိုနေ့က မီးလုံးကိုတိုက်မိလို့ ပွန်းသွားတာလေးကို ဆေးမှုတ်ရအောင် အပ်ထားခဲ့တာပါ"

"ဖြစ်ရပြန်ပြီ၊ ဘယ်လောက်ပွန်းသွားလို့လဲ၊ ငါကိုယ်တိုင်ကား သွားယူတာ၊ သတိထားမိလောက်အောင် ဘာဒဏ်ရာဒဏ်ချက်မှ မတွေ့ပါဘူး"

"ထိမိခိုက်မိပါတယ်ဆိုမှ နည်းနည်းတော့အပွန်းအပဲ့ရှိတာပေါ့၊ အဲလိုပုံစံဖြစ်နေတာကြီးကို မမောင်းချင်ပါဘူး"

"ဩော် . . လူကသာဘာမှမဟုတ်တာ၊ ကြီးကကြီးကျယ်သေးတယ်"

ကိုကြီးက ပွစိပွစိပြော၍ ဧည့်ခန်းထဲဝင်ကာ ဆိုဖာခုံမှာထိုင်သည်။ သူမက ကိုကြီးလက်မောင်းကိုကိုင်ကာ အနားမှာပင် ဝင်ထိုင်လိုက်ပြီး . . .





"အဲဒါဆေးမှုတ်တာ နှစ်သိန်းတောင်ကျမှာကိုကြီးရဲ့၊ သင်ဇာ့ကိုပေးပါဦးနော်"

"ဘာ . . . နှစ်သိန်းတောင်၊ အဲဒါက ဘယ်လောက်တောင်ဖြစ်သွားလို့"

"ကဲပါ မောင်ရယ်၊ သင်ဇာလေးက အလဟဿဖြုန်းနေတာ ထည်းမဟုတ်ဘဲနဲ့ ဆူနေတော့တာပဲ၊ သင်ဇာ မမဆီကယူ၊ ညဉ်းကိုကြီး ဆီက တောင်းမနေနဲ့တော့"

"ဟေး . . ဒါမှ မမဝတ်လှ"

မြသင်ဇာက ရွှေဝတ်လှဘက်ကခုံကိုပြောင်းထိုင်၍ ရွှေဝတ်လှပါးကို ရွှတ်ခနဲနမ်းသည်၊ မြတ်ဦးမောင် မျက်မှောင်ကြုတ်ကြည့်နေပြီး . . .

"ဝတ်လှနော်၊ မင်းကြပ်ကြပ်အလိုလိုက်၊ ဒီကောင်မလေး ကလေးစိတ်ကိုပျောက်မှာမဟုတ်တော့ဘူး၊ ဘွဲ့ရဖို့နောက်ဆုံးနှစ်ဖြေပြီး ပြီ အခုသင်တန်းတွေလည်း တက်နေတယ်၊ ရင့်ကျက်သင့်နေပြီ"

"ဒီအိမ်မှာ သူအငယ်ဆုံး သူကလေးပဲလေ၊ ကျွန်မတို့မှာ သားသမီးမှမရှိတာ၊ သူ့ကိုပဲအလိုလိုက်ရတာပေါ့"

"အဲဒါ ကိုယ်ပြောချင်တာ၊ ကိုလည်း ကလေးအရမ်းလိုချင်နေပြီ၊ ဘယ်သူက ချွတ်ယွင်းချက် လိုအပ်ချက်ရှိနေတာလဲ၊ ပါရဂူကြီးတွေနဲ့ နှစ်ယောက်လုံး စမ်းသပ်စစ်ဆေးကြည့်ကြရင် မကောင်းဘူးလား"

"မလုပ်ပါနဲ့မောင်ရယ်၊ သားသမီးဆိုတာ ကိုယ်နဲ့ထိုက်ရင်ရလာမှာပါပဲ၊ ဟိုလို ဒီလိုလုပ်ကြည့်လည်း ရချင်မှရမှာ၊ မောင်အရမ်းကလေး လိုချင်ရင် မွေးစားလိုက်လည်းဖြစ်တာပဲ၊ ကျွန်မမျိုးရိုးသန့် အရုပ်အရှင်း ကင်းမယ့်ကလေးတစ်ယောက် စုံစမ်းကြည့်ရမလား"

"ဟာ . . မွေးစားဖို့ကနေစမ်းပါဦး၊ ကိုယ်တို့အသက်အရွယ်က နှစ်ဆယ့်ခြောက်ဆိုတာ ငယ်ပါသေးတယ်၊ ကလေးရမယ်ဆိုရင် ငါး



www.burmeseclassic.com

www.burmeseclassic.com



ယောက်လောက်တောင် ယူလို့ရသေးတယ်''

''ဒါပေမဲ့ အိမ်ထောင်ကျတာ ငါးနှစ်ကျော်ပြီလေ မောင်ရဲ့၊ အခုချိန်ထိမှမရသေးတာ၊ ကလေးမွေးစားတော့လည်း ဘာဖြစ်လဲ၊ တချို့ ကလေးတွေ ကိုယ့်ရင်ကလွယ်မွေးတဲ့ကလေးထက်တောင် ကောင်းကြ သေးတယ်''

''ဟုတ်တော့ ဟုတ်ပါတယ်၊ ဒါပေမဲ့ ကိုယ့်ရင်သွေးလေးရမရ တစ်နှစ်၊ နှစ်နှစ်လောက်တော့ စောင့်ကြည့်ချင်သေးတယ်၊ ကိုယ်ရော ဝတ်လွှာရော လိုအပ်တဲ့ဆေးဝါးတွေ မှီဝဲနေကြတာပဲ၊ ကံကောင်းရင် ဒီကြားထဲရချင်ရလာမှာပါ''

မြတ်ဦးမောင်စကားကြောင့် ရွှေဝတ်လွှာ မျက်နှာတစ်မျိုးဖြစ် သွားသည်။

ဒါပေမဲ့ ဣန္ဒြေရစွာပြုံးနေ၏။ မြသင်ဇာက အပြုံးမျက်နှာလေး ဖြင့်. . .

''ကိုကြီးတို့ကလေးမရလည်း မပူပါနဲ့၊ သင်ဇာယောကျ်ားယူပြီး ရင် ကလေးတွေအများကြီးမွေးပေးပါ့မယ်၊ တူလေး တူမလေးတွေကို ထိန်းကြပေါ့''

''သင်ဇာ. . . နင်အဲဒါ အစ်ကိုရှေ့မှာပြောစရာလား၊ မခန့်လေး စားနဲ့''

''ဪ မောင်ရယ်၊ သူလည်းအရွယ်ရောက်ရင် ယောကျ်ား ယူမှာပေါ့၊ တချို့ဒီအရွယ်နဲ့ ကလေးတွဲလောင်းတောင်ဖြစ်နေပြီ၊ ညီမလေး အရွယ်သာသာလေးမှာပဲ လက်ထပ်ခဲ့ကြတာမဟုတ်လား''

''အေး. . . နင်ယောကျ်ားယူရင် အိမ်ခွဲနေလို့မရဘူးနော်၊ နင် ရည်းစားရရင် အဲဒီရည်းစားကိုသေချာပြောထား၊ မောင်နှမနှစ်ယောက် တည်း၊ တခြားဆွေမျိုးသားချင်းမိဘမရှိတဲ့အတွက် အဲဒီဘက်ကိုတော့ လိုက်မနေနိုင်ဘူးပြောထား၊ ကိုယ့်ဆန္ဒမလိုက်လျောနိုင်ရင် အဲဒီကောင်





ကို နင်ဘယ်လောက်ချစ်ချစ် လုံးဝလက်မထပ်ရဘူး၊ မကြိုက်ရဘူး ဆိုသည်လား''

''ကိုကြီးကလည်း သင်ဇာ ရည်းစားတောင်မရသေးဘူး၊ အဲဒီလို ကို ဘယ်လိုပြောရမှာလဲ''

''ရမှပြောတာပေါ့၊ အေး. . . ဒါတောင် အဲဒီရည်းစားမတော်ခင် အဲဒီလူ ဘယ်လိုလူစားလဲ၊ မိသားစုအသိုက်အဝန်းကို ခင်တွယ်တဲ့သူဆို ရင်တော့ ညှိနှိုင်းရခက်နေမယ်၊ သေချာရွေးချယ်နော်၊ နောက်မှကိုကြီး အဆိုးမဆိုနဲ့''

ညီမလေးတစ်ယောက်တည်း အချစ်ပိုစွာ မြတ်ဦးမောင် ပြော နေခြင်းဖြစ်သည်။ မေမေက ငယ်ငယ်လေးကတည်းက ဆုံးသွားပြီး ဖေဖေက စီးပွားရေးတစ်ခုသာ အာရုံစိုက်ခဲ့တာမို့ ညီမလေးနှင့်ပတ်သက် သမျှ ကိုယ်သာတာဝန်ယူခဲ့ရသည်။

အချိန်ပြည့်ဂရုစိုက်ခဲ့ရသော ညီမလေးကို ဖေဖေဆုံးပြီးနောက် ပိုး ပို၍အသနားပိုကာ ဂရုစိုက်ခဲ့ရသည်။ အိမ်ထောင်ပြုလိုက်တာလည်း ကိုယ်ကချစ်လို့ဆိုတာထက် ညီမလေးအတွက် လိုအပ်သည်ထင်လို့ ပြု လိုက်ခြင်းပင်။

ဖေဖေဆုံးလို့ စီးပွားရေးလုပ်ငန်းတွေကို ဦးဆောင်လုပ်ကိုင်ရ သောမည့်အချိန်မှာ ညီမလေးကိုစောင့်ရှောက်ဖို့ အနီးကပ်အဖော်လိုအပ် သလို အိမ်ထောင်မှုထိန်းသိမ်းနိုင်မည့်လူလည်း လိုနေသည်။ ဒါကြောင့် ဆေးဖော်ဝန်ထမ်းရဲ့သမီး ရွှေဝတ်လွှာကို လက်ထပ်ခဲ့ခြင်းဖြစ်သည်။ ဖေဖေ ရှိစဉ်ကတည်းက ရိုးသားသောမိသားစုမို့ ဖေဖေက ဆန္ဒရှိနေခဲ့ခြင်းဖြစ် သည်။ တကယ်လည်း ရွှေဝတ်လွှာကို လက်ထပ်ခဲ့တာ မှန်ကန်ခဲ့သည်ဟု ပြောရမည်။ ရွှေဝတ်လွှာက တကယ်ဇနီးကောင်း အိမ်ထောင်ရှင်မကောင်း သလို ညီမလေးအပေါ်လည်း အစ်မရင်းတစ်ယောက်လို ဂရုစိုက် စောင့်ရှောက်မှုရှိသူပါ။



www.burmeseclassic.com

www.burmeseclassic.com



သားသမီးရတနာမရသေးတာတစ်ခုကလွဲလျှင် ကျန်တာအားလုံး အေးချမ်းပျော်ရွှင်စိတ်ချမ်းသာစရာကောင်းသည်ဟု ပြောလို့ရသည်။

သမီးယောင်းမ မတည့်တာလည်းမရှိ၊ ငြူစူဆောင့်အောင့်မှုဆိုတာလည်းမရှိ။ ညီမလေးက ရွှေဝတ်လွှာကို လေးစားချစ်ခင်သလို ရွှေဝတ်လွှာကလည်း မြတ်နိုးအလိုလိုက်ခဲ့သည်။

"ကိုကြီး"

"မောင်"

"ဟင်. . . ဘာ. . . ဘာလဲ"

သံပြိုင်အော်လိုက်၍ အတွေးလွန်နေရာမှ မြတ်ဦးမောင် တုန်တက်သွားရသည်။ နှစ်ယောက်လုံးက ပြုံးစိစိပါ။

"စကားပြောနေရင်းနဲ့ ဘာဖြစ်သွားတာလဲ ကိုကြီးရဲ့"

"ဩော်. . . ကိုယ်တို့မိသားစုအကြောင်းလေး စဉ်းစားမိသွားလို့ပါ၊ ဒီလိုပဲ ဥမကွဲသိုက်မပျက် တစ်သက်လုံးနေသွားရရင်ကောင်းမှာပဲ"

"စိတ်ချပါ ကိုကြီးရယ်၊ ညီမလေးအိမ်ထောင်ပြုလည်း ဒီအိမ်မှာပဲ နေမှာပါ၊ ကိုကြီးတို့အပေါ်ထပ်မှာ နေမြဲတိုင်းနေ၊ ညီမလေးက အောက်ထပ်အခန်းကျယ်မှာ ပြောင်းနေမယ်၊ အခုအိမ်ထောင်မကျခင်တော့ တစ်ယောက်တည်းမို့ကြောက်လို့ ကိုကြီးတို့ အခန်းနဲ့ကပ်ရက်မှာနေတာ"

"အေး. . . နင်ချစ်သူရပြီဆိုရင်တော့ အရင်ဆုံးမိတ်ဆက်ပေးရမယ်၊ ငါအကဲခတ်မယ်၊ လေ့လာမယ်"

"ကိုကြီးက ဂရုဂရောင်ပြောပြီး သဘောမတူရင် ဘယ်လိုလုပ်မလဲ"

"ဒီမယ်၊ နင့်ရည်းစားက ပိုက်ဆံမရှိ၊ ပညာမတတ် ဘာမှမပြည့်စုံလည်းရတယ်၊ အရေးကြီးတာက ဒီမိသားစုနဲ့သင့်မြတ်အောင်နေနိုင်ဖို့ပဲ"





"အမယ်လေး ဒုက္ခပဲ၊ ဒီမောင်နှမက မုန့်ဆီကြော်က ဘယ်မှာနေမှန်းမသိသေးဘူး၊ နှုတ်ခမ်းနာနဲ့တည့်ပါ့မလား တွေးနေသလိုဖြစ်နေပြီ"

"မောင့်ညီမက ပြောချင်တာတွေသာ လျှောက်ပြောနေတာ၊ ရည်းစားတောင်မရှိသေးဘူး မောင်ရေ"

"မမဝတ်လွှာကလည်း ဒီနေ့မရှိပေမယ့် နောက်နေ့ရှိချင်ရှိလာမှာပေါ့" ပြောပြီး ဘုန်းနေလဆိုသည့်လူကို မျက်လုံးထဲဘာကြောင့်မြင်ယောင်မိသွားလဲ မသိပေ။

ဒီလူဘာကြောင့် မာနကြီးဘဝင့်မြင့်နေသလဲ မသိပေ။ ကိုဝဏ္ဏပြောတာကတော့ အရမ်းသဘောကောင်းပြီး စိတ်ထားဖြူစင်သည်တဲ့။

သူမဘက်ကပဲ မချေမငံတွေပြောနေမိလို့များလား။ သူမက သူ့စိတ်ဆိုးရန်တွေ့တာကို ကြားချင်မြင်ချင်လို့ပါ။

စိတ်ဆိုးလည်း ကြည့်ကောင်းနေတော့ သူမလည်းစချင်နောက်ချင်တာပေါ့။ ရှင်က ဘာတွေများဆွဲဆောင်မှုကောင်းနေတာလဲ ဦးဘုန်းနေလ။

* * *



www.burmeseclassic.com

www.burmeseclassic.com

# အခန်း (၉)

''ဆရာဘုန်းနေလတို့က နောက်မှာ နေ့လယ်စာစားဖို့ အခု
ဝင်သွားပါတယ်''

''ကားဆေးမှုတ်နေတဲ့ဘက်မှာလား''

''မဟုတ်ပါဘူး၊ ဆိုင်ရဲ့နောက်မှာ ဆရာဝဏ္ဏတို့မောင်နှမနေတဲ့
တိုက်အိမ်ရှိပါတယ်၊ ဘေးကမြေကွက်လပ်က ကားတွေလုပ်တာပါ''

''ကိုဘုန်းနေလကလည်း ဒီမှာပဲစားတာလား''

''ဟုတ်ကဲ့ . . မနက်စာ နေ့လယ်စာတော့ ဒီမှာအများဆုံး
ဖြစ်တယ်၊ အပြင်အလုပ်ကိစ္စရှိမှ တစ်ခါတလေ အပြင်ကစားတာပေါ့''

''ဩော်''

ကိုဝဏ္ဏတို့မောင်နှမနှင့်တော်တော်ရင်းနှီးပုံပဲဟု တွေးလိုက်မိသည်။

''အစ်မ ကားရပြီမဟုတ်လား၊ သူတို့ထမင်းစားနေတုန်းဆိုရင်
အစ်မဝင်ယူလိုက်မယ်လေ''

''ကျွန်တော်တို့ အစ်မကားကို ဒီရှေ့ထုတ်ပေးပါမယ်၊ စိတ်တိုင်း
ကျမှာပါ၊ သေချာလုပ်ထားပါတယ်''

''ဟိုလေ . . အစ်မက ဈေးများတယ်လို့ ကိုယ်တိုင်လိုက်ကြည့်
ချင်လို့ပါ၊ စိတ်တိုင်းမကျရင် မောင်လေးတို့ခြံထဲ ကားပြန်သွင်းနေရမယ်''

''ဩော် . . ဟုတ်ကဲ့၊ အဲဒါဆိုလည်း လိုက်ကြည့်ချင်ကြည့်ပါ''



နောက်ဘက်က ကိုဝဏ္ဏတို့တိုက်အိမ်ထဲမှာ ဟိုလူရှိနေသည်ဆို၍ တမင်ခွင်ဆင်လိုက်ခြင်းပင်။ ကောင်လေးနောက်က သူမ ယောင်လည်လည်နှင့် လိုက်သွားလိုက်သည်။

တိုက်အိမ်နှင့်ဆိုင်က ရှေ့နောက်ကပ်နေသလို ကားတွေအလှဆင်သည့်နေရာကတော့ ဘေးချင်းကပ်ရက်ပင်။ အလုပ်နှင့်အိမ်တွဲရက်ရှိတာက တစ်မျိုးကောင်းသည်ပေါ့။

''ဟာ . . မြသင်ဇာ ကားလာယူတာလား''

''ဟုတ်ကဲ့ . . ကိုဝဏ္ဏ''

ကိုဝဏ္ဏအသံကြောင့် မြသင်ဇာ ဟာခနဲခေါင်းညိတ်ပြလိုက်သည်။ အားကိုးရာရလိုက်ပြီမဟုတ်ပါလား။ ကိုဝဏ္ဏက သူမအနားလျှောက်လာပြီ။

''ကျွန်တော်တို့ ထမင်းစားမလို့၊ နေ့လယ်စာမစားရသေးရင် ဝင်စားပါလား၊ ကျွန်တော့်အစ်မလက်ရာ အရမ်းကောင်းတယ်''

''လက်ရာကောင်းတယ်ဆိုတော့ စိတ်ဝင်စားသားပဲ၊ သင်ဇာက ဟင်းကောင်းမက်တယ်လေ၊ နေ့လယ်စာစားမလာခဲ့ရသေးတော့ ဗိုက်သည်း အဆာသား၊ ဒါပေမဲ့ ထမင်းစားသည့်သည်လုပ်လောက်အောင် မရင်းနှီးသေးတော့ အားနာတယ်''

''အားနာစရာလား၊ ဒီလောက် ခင်မင်သိကျွမ်းနေပြီပဲဥစ္စာကို ကျွန်တော့်အစ်မနဲ့လည်း မိတ်ဆက်ပေးရတာပေါ့လာပါ၊ နေလလည်း ရှိတယ်''

''အဟင်း . . အားနာပါးနာနဲ့ပဲ''

သူမမျက်နှာပြောင်ပြောင်နှင့်ပင် ကိုဝဏ္ဏနောက်က လိုက်လာခဲ့သည်။ လုံးချင်းတစ်ထပ်တိုက်လေး ကျယ်ကျယ်ဝန်းဝန်းနှင့် သပ်သပ်ရပ်ရပ်လေးပါ။ ဧည့်ခန်းဆောင်နှင့် အိပ်ခန်းနှစ်ခန်းအပြင် မီးဖိုခန်းနှင့် ထမင်းစားခန်း တွဲလျက်အခန်းလည်းပါသည်။

ဧည့်ခန်းမှာ ကိုဝဏ္ဏတို့မောင်နှမရဲ့ဓာတ်ပုံနှင့်အတူ ဘုန်းနေလ

www.burmeseclassic.com

www.burmeseclassic.com



ရဲ့ ဘွဲ့ရဓာတ်ပုံကြီးကိုပါ ချိတ်ဆွဲထားသည်။ မိသားစုတွေထက်တောင် ပိုပြီးရင်းနှီးကြသည့်သဘောလား။

"သင်ဇာလား . . မမရေညှိသည်အတွက်ပါ ထမင်းပွဲပြင်လိုက်ပါ"

"ဟင်း . . မြသင်ဇာ"

"ဪ . . လာလေ"

မြသင်ဇာ ပါလာ၍ ဘုန်းနေလ မျက်လုံးပြူးလောက်အောင် အံ့ဩသွားသလို မမခိုင်လည်း အံ့အားသင့်သွားသည်။ မောင်ကခေါ်လာသည့်ညှိသည့်ဆိုတော့ ပျာပျာသလဲပင် နေရာပေးရ၏။

"ထိုင် ညီမလေး၊ ညှိသည်လာမယ်မှန်းမသိတော့ ဟင်းတဖွယ်ဖွယ်ရာရာတော့မရှိဘူး၊ မောင်လေးက ကြိုပြောတာမဟုတ်ဘူးကွယ်"

"သူက ကားအပ်ထားတာ လာယူတာ မမခိုင်ရဲ့၊ သူ့ကားကြည့်နေတာတွေ့လို့ ထမင်းစားပါဦးဆိုပြီး ခေါ်လာတာ"

"ဪ"

"မင်းကကွာ၊ သူ့ကားယူပြီး ပြန်လိမ့်မပေါ့၊ ဘာတွေ ညှိဝတ်ကျေနေတာလဲ၊ ကာစတမ်မာကို ထမင်းခေါ်ကျွေးတာ ထုံးစံမှမရှိတာ လိုက်လာတဲ့သူကလည်း အိမ်မှာထမင်းမစားရလို့လား မသိဘူး၊ အားနာပါးနာခြင်းပါတော့လား၊ အရှက်မရှိ လိုက်လာသေးတယ်"

"ဟဲ့ . . ဪ နေလရယ်၊ ညှိသည်ကို အဲ့လိုပြောရလား လုပ်ငန်းရှင်တစ်ယောက်အတွက် ကာစတမ်မာတစ်ယောက်ရဖို့ လွယ်တယ်မှတ်နေလား၊ တစ်ယောက်ရရင် တစ်ရာရသလိုပဲ ကောင်းကောင်းမွန်မွန်ဆက်ဆံပါကွယ်၊ ညီမလေး ထိုင်ပါကွယ်၊ နေလက တစ်ခါတလေ အပြောဆိုးတယ်၊ အမြဲတမ်းလည်း မဟုတ်ပါဘူး"

"ရပါတယ် မမရဲ့၊ လူ့စိတ်ဆိုတာ အမြဲမမှန်ဘူး၊ ဒါကြောင့် လူဆိုတာ အရှူးပဲလို့ပြောကြတာ"





"ဘာ . . မင်း ဘာပြောတယ်"

ဘုန်းနေလ တော်တော်ဒေါသဖြစ်သွားသည်။ ဒီကောင်မလေး ဒီလို ပိုးခနဲပက်ခနဲ ပြောရဲဆိုရဲတာ မကြိုက်ပါ။

သူမထက်ငယ်ရွယ်သူတစ်ယောက်မှမပါဘဲ မခန့်လေးစား မထီမဲ့မြင်နိုင်လွန်းသည်ဟု ထင်မိသည်။ ရောနှောပတ်သက်မှုနှင့် ရောက်လာစရာရော အကြောင်းရှိသလား။

"နေလ . . မင်းကြိုက်တဲ့ ပုစွန်တုပ်ဆီပြန်လေ၊ ရော့ . . ကြက်သားနဲ့ ကိုက်လန်ကြော်ထားဘာလေးလည်း စားဦး"

မမခိုင်က ဘုန်းနေလထဲ ဂရုစိုက် ဟင်းတွေထည့်ပေးသည်။

ဘုန်းနေလ မျက်နှာကလည်း ပြုံးနေ၏။ ခုနကမျက်နှာနှင့် တခြားစီပင်။

"ကျွန်တော်က ပုန်းရည်နဲ့ဝက်သားသုံးထပ်သားချက်တာ ပိုကြိုက်တယ်"

"အဲဒါလည်း နှစ်ရက် တစ်ခါ၊ သုံးရက် တစ်ခါ ချက်ကျွေးနေတာပဲလေ၊ ရိုးသွားမှာစိုးလို့ ကောင်းနိုးရာရာလေးတွေ မမခိုင်ကိုယ်တိုင်ချက်ကျွေးနေတာပါ၊ ကောင်မလေးတွေခိုင်းရင် သူတို့လက်ရာ နေလမကြိုက်မှာစိုးလို့"

"ဟုတ်တယ်နော်၊ မမခိုင်လက်ရာကလွဲရင် ကျွန်တော်မစားတတ်ဘူး၊ မမခိုင် ချက်ကျွေးရင်ကျွေး၊ မကျွေးနိုင်ရင် ကျွန်တော့်ဘာသာဆိုင်မှာဝယ်စားမယ်"

"မလုပ်ပါနဲ့ရှင်၊ ရှင်ကြိုက်တာ ကျွန်မ ချက်ကျွေးပါ့မယ်၊ အပြင်မှာဆို ပုံမှန်မစားဖြစ်ရင် ရောဂါရမှာစိုးလို့ ဒီကသက်သောင့်သက်သာ မနေနိုင်ဘဲ ဒုက္ခခံပြီးချက်ကျွေးနေတာပါ"

"ဟင်း . . ဟင်း . . ကျွန်တော်သိပါတယ်"

မမခိုင်နှင့် ဘုန်းနေလတို့ရဲ့ဆက်ဆံမှုက နွေးထွေးရင်းနှီးလွန်း

www.burmeseclassic.com

www.burmeseclassic.com



လှသည်။ မှင်တက်စွာကြည့်နေမိရင်း သူမစိတ်တွေ ဘယ်လိုဖြစ်နေ မှန်းမသိပါ။ မနာလိုမိတာလား၊ သဝန်တိုတာလား။

"သင်ဇာ စားလေ၊ အားမနာပါနဲ့"

"ဪ... ဟုတ် ကိုဝဏ္ဏ"

ဝဏ္ဏက မြသင်ဇာမျက်လုံးများကို အကဲခတ်သည်။ မမခိုင်နှင့် နေလတို့က ရိုးရိုးသားသားရင်းနှီးမှုဆိုပေမယ့် မြသင်ဇာ ဘယ်လိုတွေး တွေးထင်နေသလဲ မသိပါ။

အားလုံးစားသောက်ပြီးချိန်မှာ မမခိုင်က ညှော်ခန်းထဲကိုခေါ် ရေခဲသေတ္တာထဲက သစ်သီးပန်းကန်ထုတ်၍ လာချပေးသည်။

"သုံးဆောင်ဦးလေ ညီမလေး၊ ထမင်းစားပြီး သစ်သီးတစ်မျိုး မျိုးစားတာက ကျန်းမာရေးနဲ့ ညီညွတ်တယ်၊ နေလက ပန်းသစ်တော် နဲ့ ဖရဲသီး အရမ်းကြိုက်တယ်လေ၊ အချိန်မရွေးစားလို့ရအောင် ရေခဲ သေတ္တာထဲမှာ အမြဲလှီးစိပ်ပြီး ထည့်ထားရတယ်"

"မမကတော့ ကိုယ့်မောင်ထက်တောင် နေလကိုဂရုစိုက်တယ် ဒီကောင်ကလည်း မမခိုင်ကို ညာစားနေတာလေ သင်ဇာရဲ့"

"ဟိတ်ကောင်... အဲဒီကောင်မလေးရှေ့ လျှောက်ပြောမနေနဲ့ လူကြီးတွေ ဘာတွေ နားလည်ရှိသေတတ်တာမဟုတ်ဘူး"

"ကြည့်နော်... ရှင့်ကိုက သင်ဇာ့ကိုအကောင်းမမြင်ထ သင်ဇာ့ကြောင့် ရှင့်ကားမီးလုံးကွဲသွားတာကို မကျေမနပ်ဖြစ်လို့ မဟုတ် လား၊ လျော်ကြေးအပြည့်အဝပေးထားတာပဲ၊ ကောင်းကောင်းမွန်မွန် ဆက်ဆံသင့်တယ်လို့ မထင်ဘူးလား"

သူမရဲ့ ကောက်ကောက်လန်မှုကို ဘုန်းနေလ မျက်မှောင်ကြုတ်ကြည့် ပစ်လိုက်သည်။ မမခိုင်က ပြဿနာမဖြစ်စေချင်သလို ပြုံးစစလေးဖြင့်

"နေလက သဘောကောင်းပါတယ်ကွယ်၊ ပေါင်းသင်းဆက်ဆံ ကြည့်ရင် အနစ်နာခံတတ်တယ်ဆိုတာ သိလာမှာပါ"



"မမခိုင် ပြောလို့သာ ကြားရတယ်၊ သင်ဇာတော့ မထင်ပေါင်"

"ဟိတ်... မင်း"

ဘုန်းနေလ ဒေါသတကြီးအော်ပြီဆိုလျှင် မြသင်ဇာ ရယ်နေတတ်သည်။ ဖြူစင်ပွင့်လင်းသူလေးမို့ မမခိုင်လည်း ခင်မင်သွားဟန်တူသည်။

"နောက်လည်း လာလည်နော် ညီမလေး၊ ညီမလေး ရောက်လာတာ အပျင်းတော့ပြေသွားကွယ်"

"သင်ဇာလည်းပျော်ပါတယ် မမခိုင်ရဲ့၊ သင်ဇာ ခဏခဏလာမယ်နော်"

"အေးပါ လာလည်ပါ၊ မမခိုင်တို့ ညီမလေးတစ်ယောက်တိုးတာပေါ့ကွယ်၊ မမခိုင်တို့က မိသားစုနည်းတယ်၊ အပေါင်းအသင်းမိတ်ဆွေ အရင်းအချာမရှိဘူး၊ တစ်နေ့တစ်နေ့ ဒီသုံးယောက်ပဲ၊ တစ်ခါတလေတော့ အေးချမ်းတယ်ထင်ရပေမယ့် ပျင်းတော့ပျင်းတာပေါ့"

"သေချာတယ်၊ သင်ဇာနဲ့ခင်လိုက်တဲ့အတွက် ပျင်းရတော့မှာမဟုတ်ဘူး"

မြသင်ဇာကို အမြင်ကတ်စွာ ဘုန်းနေလမျက်မှောင်ကြုတ်မိသွားသည်။ မမခိုင်နှင့်ဝဏ္ဏက တပြုံးပြုံးနှင့်ပါ။ ဒီကောင်မလေး ကလေးဆန်ကာ သွက်လက်ပွင့်လင်းတာမို့ ခင်မင်သွားကြခြင်းလား။ သူလည်း အကြောင်းမဲ့ သက်သက်စိတ်ဆိုးနေမိတာတော့ မဟုတ်ပေ။

မချေမငံ မခန့်လေးစားပုံစံကို မကြိုက်တာပါ။ ဒါပေမဲ့ သူမရဲ့ ဖြူဖွေးနုဖတ်သန့်စင်နေသောအလှကိုတော့ အသိအမှတ်ပြုမိသည်။

တချို့မိန်းကလေးတွေကို ကလက်တက်တုက်မဟုတ်ဘဲ သူမ အပြုအမူလေးတွေက ချစ်စရာကောင်းသည်ဟုတော့ မြင်မိသည်။

ဒါပေမဲ့ အခုတော့ထိုနေရာက အရင်ဆုံးထလာခဲ့ကာ...။

***

www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၁၀)

''အဲဒီကိုကြီးကျယ်က နင့်လိုအလုပဂေး စမောလေးကိုတော် စိတ်ဝင်စားတဲ့ပုံမပေါ်ဘူးဆိုတော့ အသည်းကွဲဝေဒနာနဲ့ မိန်းမတွေကို မုန်းတီးနေတာများလား''

''ငါလည်း အစကအဲလိုထင်တာ၊ ဒါပေမဲ့ မဟုတ်ဘူး။ ကိုဝဏ္ဏအစ်မ မမခိုင်ကိုကျတော့ ဆက်ဆံတာ ပြေပြစ်နွေးထွေးသလား မပြောနဲ့၊ မျက်နှာကလည်း ပြုံးနေတာပဲ၊ ငါမနာလိုသလိုတောင်ဖြစ်မိ တယ်''

''ဟဲ့.. အနေနီးစပ်ပြီး သူတို့ချစ်ကြိုက်များနေသလား''

ဝေဝေလွှင် သမားရိုးကျအတွေးဖြင့် ပြောလိုက်ပေမယ့် သူ့ သွေးခုန်နှုန်းလေးတွေ မြန်ဆန်သွားသလိုပင်။ နှမြောတသစိတ်၊ သဝန်တို စိတ်တစ်ခုခုဖြစ်သွားခဲ့တာဖြစ်မည်။

''အိုးချင်းထား အိုးချင်းထိ၊ ကြိုးချင်းထား ကြိုးချင်းငြိ ဖြစ်ချင် ဖြစ်နိုင်တယ်နော်''

''အေး.. ဟိုက အပြုစုကောင်းတယ်ဆိုတော့ ဖြစ်ချင်ဖြစ်နိုင် တာပေါ့၊ ယောကျ်ားတွေက အချက်အပြုတ်ကောင်း၊ အိမ်ထောင်မှုထိန်း သိမ်းကောင်းတဲ့ မိန်းမမျိုးဆိုရင် သူတို့ထက်ကြီးကြီးငယ်ငယ် အိမ်ထောင် ဖက်အဖြစ် ရွေးချယ်ချင်ကြတယ်၊ ပေါ့ပျက်ပျက် အလေးအနက်မရှိတဲ့





မိန်းကလေးတွေဆိုရင်တော့ ဘယ်လောက်ချောချောလှလှ ပိုက်ဆံ ချမ်းသာချမ်းသာ တန်ဖိုးမထားချင်ကြဘူး''

''ငါ့ကို ပေါ့ပျက်ပျက် ကလက်တက်တက် မိန်းကလေးထင်ပြီး အဲလိုအထင်ကြီးမရတဲ့ပုံစံမျိုး ဆက်ဆံနေတာလားမသိဘူးနော်''

''သေချာတာပေါ့၊ နင်ကသူ့လို လူကြီးလူကောင်းကို မခန့်လေး စားမထိမဲ့မြင် ဆက်ဆံနေတာကိုး၊ နင်နဲ့လည်း အသက်ကလေးငါးနှစ် လောက်ကွာမယ်လေ၊ လုပ်ငန်းရှင်တစ်ယောက်လည်းဖြစ်နေတော့ လေးစား စရာတော့ ခံချင်မှာပေါ့''

''သူစိတ်ဆိုးရန်တွေ့တာလေးက ကြည့်ကောင်းလို့ပါ''

''နင် ဘုန်းနေလကို စိတ်ဝင်စားနေတာများလား၊ အပျိုပေါက် အရွယ်လေးလည်းမဟုတ်ဘဲနဲ့ စိတ်ကူးယဉ်ချင်နေတာယ် မိန်းမ''

မြသင်ဇာ ရှက်ရယ်ရယ်ပြီး ခေါင်းယမ်းသည်။ စိတ်ကစားသည့် အပျိုဖြန်းလေးအရွယ်မဟုတ်တော့ပေမယ့် စိတ်ကူးယဉ်နေသလို ဖြစ်နေ တာ မဟုတ်လား။ ဝေဝေလွှင်က ပခုံးစောင်းချုပ်တိုက်၍

''မိန်းမ ဘာခေါင်းယမ်းတာလဲ မဟုတ်လို့လား''

''ဟုတ်တယ်လို့ ဝန်ခံစရာလားဟယ် ရှက်စရာကြီး''

''ရှက်တဲ့ရုပ်ကလည်းဟယ် မပြောလိုက်ချင်ဘူး။ အေးပါ.. စိတ်ဝင်စားလည်း နောက်တစ်ခါကြုံဖို့ အခွင့်အရေးမရှိတော့ပါဘူး၊ အကြောင်းမဲ့သက်သက်သွားလို့ကတော့ ဟိုကသတိထားမိပြီး ဒီထက် အထင်သေးသွားမှာပဲ''

''ဟုတ်တယ်နော်၊ အဲဒါဆို ဘယ်လိုလုပ်ရမလဲ''

နားထင်ကိုထောက်ကာ မျက်လွှာမှိတ်ပြီး မြသင်ဇာ စဉ်းစားနေ သည်။ မြသင်ဇာ မျက်လုံးဖွင့်လိုက်ချိန်မှာတော့ မျက်စိရှေ့မှာ မိုးမိုးမြင့် ချက်ရှိနေ၏။ သူမအတွေးတစ်ချက် လင်းခနဲဖြစ်သွားကာ..

''မိုး.. နင်ကားပါလား''



www.burmeseclassic.com

www.burmeseclassic.com



"ပါတယ်လေ . . ဆိုင်ရှေ့မှာ"

"နှင့်ကားတစ်ခုခုချွတ်ယွင်းတာ မရှိဘူးလား"

"ဘာချွတ်ယွင်းရမှာလဲ၊ ကောင်းမှကောင်း၊ ဘာဖြစ်လို့လဲ"

"ဟိုလေ . . နင်ဟိုနေ့ကပြောတော့ ကားထဲက တီဗီက အရုပ်မလာဘူးဆို"

"အေးလေ . . အရုပ်မလာလည်း ကိစ္စမရှိပါဘူး၊ ငါကသီချင်းနားထောင်တဲ့သူပဲ၊ သီချင်းကိုနားကြပ်နဲ့နားထောင်ရင် နားအူလို့ ဒီအတိုင်းဘောက်စ်ကလာတဲ့အသံ နားထောင်ပြီးငြိမ့်တာ၊ အရမ်းမိုက်တယ်"

"နင်ကလည်းဟယ် ဘယ်သူဆိုတယ် ဘယ်လိုလုပ်ရှားတယ်ဆိုတာ ကြည့်ရတော့ ပိုကောင်းတာပေါ့၊ ငါ့အသိဆိုင်ရှိတယ်၊ နင်အဲဒီမှာလုပ်လိုက်ပါလား၊ အရမ်းဈေးသက်သာတာ"

"မလုပ်တော့ပါဘူး၊ အိမ်ကတစ်ပတ်စာပေးထားတဲ့မုန့်ဖိုးကငါနှစ်ရက်တည်းနဲ့ သုံးပစ်လိုက်လို့ ကုန်သွားပြီ"

"ဟယ် . . နင်ကလည်း"

မြသင်ဇာ စိတ်လေသွားသည်။ မိုးမိုးကျော်ကားကို အကြောင်းပြလိုက်ပိုမှ စိတ်ကူးမိကာမှ မှတ်ငမ့်ငွေ့နေရသည်။

"ဟိုလေ ငါလုပ်ပေးရမလား မိုး၊ နင်ကြည့်ချင်တယ်ဆို ငါအကုန်အကျခံပါ့မယ်"

"ဟင် တကယ်လား၊ သင်ဇာရယ်၊ ငါ့ကိုဘာလက်ဆောင်ပေးရမလဲ ခက်ခက်ခဲခဲတွေးနေရလား၊ နင်ဘာမှမပေးလည်း နင့်ရဲ့စိတ်ကိုနားလည်ပြီးသားပါ၊ နင်ငါ့ရဲ့အချစ်တော်လုပ်ချင်လို့ ငါ့ကိုစပွန်ဆာပေးနေတာမဟုတ်လား"

"ဘာ . . သေနာမ မိုးမိုးကျော်"

စိတ်တိုကာ မိုးမိုးကျော်နောက်ကျောကို အုန်းခနဲထုပစ်လိုက်သည်။ မိုးမိုးကျော်က ယောကျ်ားစိတ်သာပေါက်တာ၊ တင်တွေရင်တွေ





နှင့် မျက်နှာလေးကလည်း နုနုဖတ်ဖတ်ချစ်စရာလေးပါ။

မိန်းကလေးအဝတ်အစားနှင့်ဆို အရမ်းကိုလိုက်ဖက်မည့်ရုပ်မျိုး၊ နာကျင်သွားတာကြောင့် ရှုံ့မဲ့နေသည့် မိုးမိုးကျော်က အကြောတင်းလျက် . .

"အရိုးကွဲအောင်ကိုရိုက်မှ အသည်းစွဲအောင်ချစ်တာတဲ့။ ငါနာပါဘူးဟာ၊ နင့်အချစ်ကို အသိအမှတ်ပြုတဲ့အနေနဲ့ နင့်စပွန်ဆာကိုလက်ခံပါတယ်"

"အင်း"

မလုပ်လည်းမဖြစ်တာမို့ သက်ပြင်းကြီးချပြီး မျက်စောင်းခဲလိုက်သည်။ ဝေဝေလွင်က မှတ်ကရော့ဟု မျက်ခုံးတွေပင့်လျက် တခစ်ခစ်ရယ်၏။

နင့်ကိုယောကျ်ားကိုပေးစားပစ်မယ် မိုးမိုးကျော်ဟု တေးမှတ်လျက် . . ။

✻ ✻ ✻



www.burmeseclassic.com

www.burmeseclassic.com

# အခန်း (၁၁)

"အဟင်း. . ကိုဝဏ္ဏတို့ ကာစတမ်မှာတစ်ယောက်ရအောင်လို့ သင်ဇာ ခေါ်လာတာ၊ သူ့ကားကိုအကောင်းဆုံးလုပ်ပေးလိုက်ပါ၊ ဪ သူ့နာမည်က မိုးမိုးကျော်တဲ့၊ သူ့မှာက အစ်ကိုတွေချည်းပဲရှိတော့ နေတာ ထိုင်တာက ယောကျ်ားလေးဆန်နေတာ၊ စိတ်ကတော့ နူးညံ့သိမ်မွေ့ ပါတယ်"

"ဟုတ်ကဲ့ တွေ့ရတာဝမ်းသာပါတယ်၊ ကျွန်တော် ဝဏ္ဏမွေး ခင်ဗျ"

ကိုဝဏ္ဏက လက်ကမ်းပေး၏။ မိုးမိုးကျော် အောင့်သက်သက် နှင့် လက်ဆွဲနှုတ်ဆက်ရတာကိုကြည့်ပြီး မြသင်ဇာ ရယ်ချင်နေသည်။ သူမတို့ကိုကြည့်နေသည့် နေလနှင့်တော့ မိတ်ဆက်ပေးသင့် မပေးသင့် စဉ်းစားနေမိသည်။

ဘုန်းနေလနှင့် ဒီလိုလက်ဆွဲနှုတ်ဆက်ခိုင်းဖို့တော့ မလုပ်ပေး ချင်ပေ။

"သင်ဇာ့သူငယ်ချင်းဆိုရင် နေလနဲ့ မိတ်ဆက်ပေးလိုက်ဦးလေ နေလကလည်း ခင်တတ်ပါတယ်"

"ရပါတယ်၊ ကိုဝဏ္ဏသာ မိုးကားကို သေချာလုပ်ပေးလိုက်ပါ ရောက်တုန်းလေး သင်ဇာ မမခိုင်ဆီသွားလိုက်ဦးမယ်၊ မမခိုင် အချက်





ပြုတ်ကောင်းတာ လေ့လာချင်လို့လေ၊ သင်ဇာက အဲဒါမျိုးဝါသနာပါ တယ်၊ အိမ်မှာလည်း ယောင်းမဆီက သင်နေတာ"

"ဟုတ်လား အဲဒါဆိုသွားလေ၊ မမခိုင် နေ့လယ်စာအတွက် ချက်နေတယ်"

"ဟုတ်ကဲ့"

မြသင်ဇာက မိုးမိုးကျော်ကို ဝဏ္ဏနှင့်ထားခဲ့ပြီး နောက်ဘက်ထဲ ဝင်သွားတော့ ဘုန်းနေလ မခံချိမခံသာဖြစ်သွားကာ သူမနောက်က လိုက်လာခဲ့သည်။

"ဟိတ်. . နေဦး"

"ဟင်. . ဦးနေလ ဘာလဲ"

"ငါ့ကိုကျ မင်းသူငယ်ချင်းနဲ့ မိတ်ဆက်မပေးဘူး၊ အဲဒါဘာ ဘာလဲ"

"ဪ. . ရှင်က ခင်ချင်လား မခင်ချင်လား၊ သိချင်လား မသိ ချင်လားမသိလို့ပေါ့၊ အမြဲတမ်းအတောကြီးနဲ့နေတာ၊ ဘာမှန်းမှမသိတာ"

"အမြဲတမ်းသွားဖြဲနေမှ သဘောကောင်းတယ်လို့ ထင်တာ လား"

"ဒါဆိုသဘောမဆိုးဘူးပေါ့"

"မမခိုင်နဲ့ ဝဏ္ဏပြောသလို ပေါင်းကြည့်ရင်တော့ သိမှာပဲ"

"ဘာ"

ပြုံးစိစိပြောလိုက်တာမို့ သူမ အံ့အားသင့်သွားရသည်။ ဒီလူကြီး ပြုံးတော့လည်း ကြည့်ကောင်းတာပါပဲလား။

"မင်းဘာကြည့်တာလဲ"

ရှက်သလိုဖြစ်သွား၍ ခပ်ဆတ်ဆတ်မေးလိုက်တော့ သူမ မျက် နှာလေးတွေ ပုတ်ခတ်ပုတ်ခတ်ဖြစ်သွားလျက်. .

"ဘာမှမဟုတ်ဘူး၊ မမခိုင်ဆီ ဟင်းချက်နည်းသွားသင်မလို့"



www.burmeseclassic.com

www.burmeseclassic.com



"မင်းကအဲဒါတွေ တကယ်ဝါသနာပါတာ ဟုတ်လို့လား၊ မင်း
ပုံစံနဲ့မထင်ရဘူး"

"ရှင်က အပေါ်ယံကြည့်ပြီး ဆုံးဖြတ်တတ်တဲ့လူမျိုးလား။ အကာ
ကိုကြည့်တဲ့သူက အနှစ်ကိုမမြင်ရဘူးတဲ့နော်"

"မင်းက ဝိပဿနာတွေဘာတွေနဲ့ တရားသဘောလည်း နား
လည်လိုက်တာပဲလား"

"ဝါတွင်းတို့ သင်္ကြန်တွင်းတို့ဆိုရင် ယောင်းမနဲ့အမြဲတမ်း တရား
စခန်းဝင်တယ်၊ ဥပုသ်စောင့်တယ်သိလား။ လူကိုပေါ့ပေါ့တန်တန်အထင်
သေးချင်နေတယ်၊ ရှင်ရောအဲလိုတွေ လုပ်ဖူးလို့လား"

"အင်း . . အမှန်အတိုင်းပြောရရင် ကိုယ်တစ်ခါမှ ဥပုသ်စော
တရားစခန်းဝင် မလုပ်ဖူးဘူး။ အဲဒါကျတော့ မင်းက ငါ့ထက်တော်သွားပြီ"

"အဲလိုဝန်ခံတတ်တော့လည်း မဆိုးပါဘူး၊ ဒီလောက်ဆို
ဆက်ဆံရခက်တဲ့သူထဲတော့ မပါသေးဘူး"

"အောင်မာ . . မင်းဆက်ဆံတဲ့အချိုးမဟုတ်လို့ ငါဒီလိုပြော
တာလေ၊ မင်းကရော မင်းထက်အသက်ကြီးတဲ့သူဆိုပြီး လေးလေး
စားရှိလို့လား"

"အဲဒီအတွက်ဆောရီးပါ၊ သင်ဇာလည်း မှားသွားတယ်၊ သင်
က အဲလိုလူကြီးသူမကို မခန့်လေးစား မထီမဲ့မြင်လုပ်တတ်တဲ့သူမဟု
ပါဘူး။ ရှင့်ကိုသာ ခင်လို့စတာ၊ မျက်နှာတည်တည်ကြီးနဲ့ အရမ်းစွာ
လေ"

မြသင်ဇာစကားကြောင့် သူရယ်လိုက်မိသည်။ ဟုတ်တော့လည်း
ဟုတ်မှာပါပဲ၊ အဲဒီအချိန်တွေက အကဲဆတ်လွန်းတာ ကိုယ့်ကိုယ်ကို
လည်း သိသည်။

"ကဲ . . မင်း မမခိုင်ဆီသွားမှာမဟုတ်လား၊ ကိုယ်လိုက်ပို့မယ်"

"ဟုတ်ကဲ့"





စကားပြောရတာ အဆင်ပြေသွားတော့လည်း ခရီးမှာကြည်
ကြည်နူးနူးလေးဖြစ်ရသည်။ ဘုန်းနေလက ရှေ့ကနေဦးဆောင်၍ မမခိုင်
ဆီခေါ်သွားသည်။

"မမခိုင်ရေ ဧည့်သည်ပါတယ်"

"ဪ . . ညီမလေးသင်ဇာပါလား၊ လာ လာ . . ညီမလေး"

မမခိုင်က ဖော်ရွေစွာပင်နှုတ်ဆက်သည်။

"မမခိုင်ဆီက ချက်တာပြုတ်တာ သင်မလို့တဲ့လေ၊ ဟုတ်ရဲ့
လားတော့မသိဘူး"

"ဪ . . တကူးတကလာရတာလား၊ မသင်လည်း မမခိုင်က
သင်ဇာလာရင် ထမင်းဟင်းကောင်း ချက်ကျွေးမှာပါကွယ်"

"တကူးတကမဟုတ်ပါဘူး မမခိုင်ရဲ့၊ သူငယ်ချင်းတစ်ယောက်
က ကားတီဗီမကောင်းလို့ အသစ်လာလဲတာ၊ ကားအတွင်းပိုင်းလည်း
နည်းနည်းပြင်ချင်လို့တဲ့လေ၊ အဲဒါလိုက်ပို့ရင်းနဲ့ ကိုဝဏ္ဏဆီထားခဲ့ပြီး
မမခိုင်ဆီလာတာ၊ ကြုံတုန်းလေး မမခိုင်လက်ရာကိုသင်ချင်လို့ပါ"

"ဟုတ်လား . . ကောင်းတာပေါ့ကွယ်၊ မိန်းကလေးဆိုတာ အိမ်
ထောင်မှုကိစ္စတော့တတ်ထားမှ မိန်းမပီသတာ"

"အိမ်မှာလည်း ယောင်းမက သင်ပေးပါတယ်၊ မမခိုင်လိုပဲ
အိမ်မှုကိစ္စလည်းနိုင်တယ်၊ အချက်အပြုတ်လည်းကောင်းတယ်"

"ဪ . . သင်ဇာက အရမ်းမိန်းမကောင်းပီသတဲ့ ယောင်းမ
ကောင်းရထားတာပဲ၊ ဒီဘက်ခေတ်မှာ အဲလိုအမျိုးသမီးကောင်း မိန်းမ
ပီသတဲ့သူတွေ ရှားသွားပြီလေ"

ကိုကြီးမိန်းမ မမရွှေဝတ်လွှာအတွက် ဂုဏ်ယူစွာပြုံးလိုက်မိ
သည်။ တကယ်လည်း မမရွှေဝတ်လွှာက တော်ပါသည်။ အိမ်ထောင်မှု
ထိန်းသိမ်းတာရော၊ ကိုကြီးအပေါ် ဇနီးကောင်းပီသတာရော၊ သူ့အပေါ်
ညီမလေးတစ်ယောက်လို စောင့်ရှောက်တာရော၊ ဘာတစ်ခုမှ အပြစ်



www.burmeseclassic.com

www.burmeseclassic.com



ထောက်ပြစရာမရှိပေ။ ကိုကြီးကလည်း မမရွှေဝတ်လွှာရဲ့ သိတတ်ကျိုးနွံမှုတွေကြောင့် ကိုယ့်ထက်နိမ့်ပါးတဲ့သူကို လက်ထပ်ထားရသည်ဆိုပြီး နှိမ့်ချတာမျိုးမရှိပေ။

နားလည်မှုတွေနှင့် ချစ်ခင်မြတ်နိုးစွာ ပေါင်းသင်းပြီး တန်ဖိုးထားခဲ့သည်။ သင်ဇာတို့မိသားစုလေးက အေးချမ်းပျော်ရွှင်မှုတွေနှင့်ပါ။

''သင်ဇာ ထမင်းစားသောက်ပြီးမှပြန်လေ၊ သင်ဇာစားချင်တာ မမခိုင်ချက်ကျွေးမယ်''

''မစားတော့ဘူး မမခိုင်ရဲ့၊ သူငယ်ချင်းကားကို ကိုဝဏ္ဏလုပ်ပြီး ပြီဆိုတာနဲ့ ပြန်ရမှာ''

''ကိုယ်ကြည့်ပြီး အချိန်ဆွဲနိုင်းလိုက်ပါမယ်၊ ထမင်းစားပြီးမှပဲ ပြန်ပါ၊ မင်းသူငယ်ချင်း ဗိုက်ဆာတယ်ဆိုလည်း သူ့ကိုပါကျွေးလိုက်ပေါ့''

''အဟင်း. . အဲလိုလုပ်လိုက်ရရင်ကောင်းမလား''

သူမအားနာသော်လည်း ဘုန်းနေလရဲ့အစီအစဉ်ကိုကြိုက်သွားကာ ထိုအတိုင်းလုပ်ဖို့ ဆုံးဖြတ်လိုက်သည်။ မိုးမိုးကျော်က ရှေ့မှာတစ်ယောက်တည်းဖြစ်နေ၍ သူမဆီကို ဖုန်းခဏခဏလှမ်းဆက်သည်။

သူမက ကိုဝဏ္ဏကို အကျိုးအကြောင်းပြော၍ ထိန်းထားဖို့ တာဝန်ပေးလိုက်၏။ သူမကတော့ မမခိုင်ကိုကူညီလုပ်ကိုင်ပေးရင်းနှင့် ချက်ပြုတ်လုပ်ကိုင်တာကို သင်ယူနေလိုက်သည်။

မမခိုင်လည်း အရမ်းမိန်းမပီသကာ စည်းကမ်းရှိသူပင်။ ဘုန်းနေလက မီးဖိုခန်းထဲမှာပင် သူမတို့လုပ်ကိုင်နေတာကိုကြည့်နေတော့ ရှက်ကိုးရှက်ကန်းလေးဖြစ်မိသား။

''သင်ဇာလေးက ယောင်းမဆီက သင်ယူနေတယ်ဆိုတာ သိသာတယ်၊ လုပ်တာကိုင်တာ စိတ်ဝင်တစားရှိသားပဲကွဲ့၊ သင်ဇာကိုယူတဲ့ယောက်ျားတော့ ကံကောင်းမှာပဲ''

မမခိုင်ပြောတော့ ဘာရယ်မဟုတ်၊ မျက်လုံးကဘုန်းနေလဆီ



ရောက်သွားသည်။ ဘုန်းနေလကလည်း ကြည့်နေတာနှင့် ဆုံသွားတော့ ရှင်တွေတောင် လုပ်ခနဲဖြစ်သွား၏။

ဒီစိတ်ခံစားမှုဟာ ဝေဝေလွင်ပြောသလို မရိုးသားမှုကြောင့်သာ။

''မမခိုင်တို့ မကျက်ကြသေးဘူးလား၊ ဒီညည်သည်က ဗိုက်အရမ်းဆာနေလို့ ပြန်တော့မယ်လုပ်နေတာနဲ့ ခေါ်လာတာ''

ကိုဝဏ္ဏက မိုးမိုးကျော်ကိုခေါ်၍ မီးဖိုခန်းထဲဝင်လာသည်။ မိုးမိုးကျော်မျက်နှာက ရှုပ်ကောက်ချိတ်နေ၏။ မမခိုင်က မိုးမိုးကျော်ပုံစံလေးကို ခပ်ပြုံးပြုံးဖြစ်သွားလျက်. .

''အခုပဲ ထမင်းပွဲပြင်ပြီးရင် ခေါ်လိုက်တော့မလို့ပါကွယ်၊ ဒါနဲ့ သူလေးက ယောက်ျားလေးဆန်တယ်နော်၊ သင်ဇာ့သူငယ်ချင်းလား''

''ဟုတ်တယ်မမခိုင်၊ နောက်ဆုံးနှစ်ဖြေပြီး သင်ဇာတို့သင်တန်းသွားလျှောက်တက်နေကြတာ၊ ပြီးရင်ကိုယ့်လုပ်ငန်းတွေမှာ ပြန်လုပ်ကြမှာလေ၊ အခုက လွတ်လွတ်လပ်လပ်နေချင်သေးတဲ့သဘောပေါ့''

''ငယ်ကြသေးတာပဲကွယ်၊ ပေါ့ပေါ့ပါးပါးပဲနေကြဦးပေါ့၊ ကဲ. . ထမင်းပွဲလေးပြင်ပြီး စားကြရအောင်''

''သင်ဇာလည်း လုပ်ပေးမယ်မမခိုင်၊ ဟဲ့. . မိုး နင်လည်း ထမင်းပွဲတွေကူချလေ၊ ဧည့်သည်လုပ်မနေနဲ့''

''ငါမလုပ်တတ်ပါဘူး''

''ဘာမလုပ်တတ်ရမှာလဲ၊ ဟင်းပွဲထည့်ပြီးသားပန်းကန် စားပွဲပေါ်လက်ကလေးနဲ့မပြီးချလိုက်တာပဲ''

''ငါကယောက်ျားလေး အဲဒီအလုပ်တွေမလုပ်ဘူး''

မိုးမိုးကျော်အပြောကြောင့် အားလုံးရယ်မိကြသည်။ ကိုဝဏ္ဏက သင်ဇာ့လက်ထဲက ဟင်းပန်းကန်ကိုယူ၍. .

''သူ့ကိုမလုပ်ခိုင်းပါနဲ့ဟာ၊ သူ့ကိုလုပ်ခိုင်းချင်တာတွေ ငါလုပ်

www.burmeseclassic.com



ပေးပါမယ်၊ ထိုင်လေမိုး၊ ဘာမှမလုပ်ပါနဲ့ရပါတယ်၊ ဖွန်းခက်ရင်းနဲ့ စား မလား၊ လက်နဲ့အားရပါးရဆွဲမလား''

ကိုဝဏ္ဏရဲ့ဂရုစိုက်မှုများကြောင့် မိုးမိုးကျော် ကျေနပ်သွားပြီး ပြုံးတော်မူလာသည်။ ကိုဝဏ္ဏမျက်နှာကလည်း ပြုံးနေကာ မိုးမိုးကျော် ပန်းကန်ထဲကို ဖွန်းခက်ရင်းတပ်ပေး၊ ဟင်းတွေထည့်ပေးဖြင့် ဂရုစိုက်ခွင့် ရတာကို ကျေနပ်ကြည်နူးနေတာက သိသာသည်။

''မိုး အားမနာနဲ့နော်၊ ကိုယ်တို့အိမ်ကို မိသားစုလိုသဘော ထား၊ ခဏခဏလည်းအလည်လာပေါ့၊ မမနိုင်ကလည်း အမြဲတမ်းတစ်ခုခု လုပ်ကျွေးချင်နေတာ''

''ဟုတ်ပါတယ်ကွယ်၊ မမနိုင်က ညှော်မျှော်နေတာလေ၊ ကိုယ့် လက်ရာကိုကြွားချင်လို့''

''ဟုတ်ကဲ့ခင်ဗျ''

မိုးမိုးကျော်ရဲ့ ယောက်ျားလေးဆန်မှုကြောင့် အားလုံးပြုံးမိကြ ပြန်သည်။ အပြန်လမ်းမှာတော့ မိုးမိုးကျော် နှုတ်ခမ်းစူနေလေသည်။

''နင်ဒီမိသားစုနဲ့ ဒီလိုနေချင်လို့ ငါ့ကိုစပွန်ဆာပေးတာမဟုတ် လား၊ နင့်အကြံအစည်မသိဘူးများ အောက်မေ့နေလား''

''ဟဲ့ . . ဒီမိသားစုလေးက ခင်စရာကောင်းတယ်လေ၊ နင့်ကို တောင် တွေ့တွေ့ချင်းသဘောကောင်းပြီး ထမင်းတွေဘာတွေကျွေးလိုက် သေးတာ မဟုတ်ဘူးလား၊ ကိုဝဏ္ဏဆိုလည်း နင့်ကိုအရမ်းဂရုစိုက်တာ နင်မတွေ့ဘူးလား''

မိုးမိုးကျော် ခဏငြိမ်သွားသည်။ ပြီးမှကားမောင်းနေရင်းနှင့် သင်ဇာ့ဘက်တစ်ချက်လှည့်ကြည့်ကာ . .

''ဘုန်းနေလဆိုတဲ့ပုဂ္ဂိုလ်ကရော ဘာလဲ၊ နင့်ကိုကြည့်တဲ့ အကြည့်တွေ သတိထားမိတယ်နော်၊ တစ်မျိုးပဲ၊ ဝေဝေလွင်နဲ့ပြော နေတဲ့ သူ့အကြောင်းမဟုတ်လား''



''ဘာမှမဟုတ်ပါဘူးဟယ်၊ ဒီလိုပါပဲ၊ ကိုဝဏ္ဏနဲ့သူငယ်ချင်းလေ၊ ...ဘိုးပွားအတူလုပ်နေကြတာ၊ မိဘတွေမရှိတော့ဘူးတဲ့၊ ကိုဝဏ္ဏတို့ ...မှာပဲ စားအိမ်သောက်အိမ် မိသားစုလိုဖြစ်နေတာ''

''နင်ကသူတို့အကြောင်း တော်တော်သိနေပါလား၊ ငါ့ထက်ပို ... စိတ်ဝင်စားနေပြီထင်တယ်''

''မိုးရယ် . . ငါ့ကိုအဲလိုစကားတွေမပြောပါနဲ့၊ နင်နဲ့ငါက သူငယ် ...သံယောဇဉ်တွေရှိကြတယ်၊ နင်လည်းယောက်ျားလေးပုံစံနေပေမယ့် ...ကလေးက မိန်းကလေးပဲလေ၊ အချိန်တန်ရင် ယောက်ျားယူရမှာ ... ယူရမှာပဲ''

''သွားစမ်းပါ၊ ငါဘယ်တော့မှ ယောက်ျားမယူဘူး မိန်းမယူမှာ''

''ဟဲ့ . . မိန်းမယူပြီး နင်ဘာလုပ်မှာလဲ''

''ဘာလုပ်လုပ်ပေါ့''

''ဒုက္ခပဲ''

မိုးမိုးကျော်နှင့် အတိုက်အခံလုပ်ပြောမနေချင်တော့၊ နားအေး ...အဖြစ်အောင် လူပျိုကြီးကိုဝဏ္ဏနှင့်အောင်သွယ်ပေးလိုက်တာကောင်း ... ဒါမှ မိုးမိုးကျော်ရဲ့ရန်က သူမလည်းလွတ်မြောက်မှာ။ ကိုဝဏ္ဏနှင့် ...ကျော် ချစ်သူတွေဖြစ်သွားလျှင် ဘယ်လောက်များရယ်စရာကောင်း ...မလဲ။ အတွေးနှင့်ပင်ပြုံးမိကာ . . . ။

❋ ❋ ❋

www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၁၂)

''မင်းဘယ်လိုသဘောရလဲ''

''ဘာ့ကိုလဲ''

ဘုန်းနေလ ဘာမေးလိုက်မှန်းမသိ၍ ပိုင်ခွက်ကိုနှုတ်ခမ်း... မှာ တေ့ကပ်ရင်းနှင့် ပြန်မေးလိုက်ရသည်။ ဘုန်းနေလက ပိုင်တစ်ခွ... ထပ်ငှဲ့ပြီးမှ

''မိုးမိုးကျော်ဆိုတဲ့ အခြောက်မလေးလှတယ်နော်''

''ဩော်.. အဲဒါမေးတာလား၊ မဆိုးပါဘူး၊ ယောကျ်ားလေ... စတိုင် ဂျစ်ကန်ကန်လေးဆိုပေမယ့် ချစ်စရာကောင်းပါတယ်''

''မိန်းကလေးအဝတ်အစားနဲ့မြင်ကြည့်စမ်းကွာ၊ ပိုပြီး... မျက်လုံးထဲမှာ ချစ်စရာကောင်းလာလိမ့်မယ်''

''မြင်ကြည့်ရမယ်''

''အေးလေ မြင်အောင်ကြည့်''

''ဘုန်းနေလပြောလိုက်၍ ဝဏ္ဏမျက်လုံးများမှေးစင်းသွား... မိုးမိုးကျော်ကို ချိတ်ထဘီတွေ၊ ရင်ဖုံးတွေဖြင့်မြင်ကြည့်လိုက်၏။ ဆံ... ကေတိုနှင့်ဒေါက်ဖိနပ်က ဘယ်လိုမှမလိုက်ဖက်။

နောက်တစ်ခါ ဆံပင်အရှည်ကြီးဖြင့် မြင်ကြည့်သည်။ လှ... ကျားကျားလျားလျားကြီးဆိုတော့ မဖြစ်သေး။ သိမ်သိမ်မွေ့မွေ့လေး...





အောင် မနည်းကိုမြင်အောင်ကြည့်ရသည်။

''ဟား.. ဒါမှ အိုကေသွားတာ''

''ဘာလဲကွ''

ဝဏ္ဏထအော်လိုက်၍ ဘုန်းနေလ အလန့်တကြားဖြစ်သွားရသည်။ ဝဏ္ဏမျက်နှာကြီးက ပြုံးဖြီးဖြီးပါ။

''မိန်းကလေးပုံစံ နွဲ့နွဲ့နှောင်းနှောင်းသိမ်သိမ်မွေ့မွေ့ဖြစ်အောင် မနည်းကိုပုံဖော်ကြည့်ရတယ်၊ သတို့သမီးပုံစံနဲ့ဆို ပိုပြီးလိုက်ဖက်မယ်ကွ''

''အေး.. မင်းသူ့ကိုလက်ထပ်ဖို့ကြိုးစားပါလား''

''မလုပ်ပါနဲ့ကွာ၊ သူကမိန်းမယူချင်တာတဲ့ကွ''

''ဒါဆိုမင်း မိန်းမလှုပ်လိုက်လေ''

''အာ.. မလုပ်ပါနဲ့၊ ငါ ဂေးဖြစ်သွားပါဦးမယ်''

''တကယ်မဟုတ်တောင် စိတ်ကူးယဉ်ကြည့်စမ်းကွာ၊ မင်းက မိန်းမ၊ မိုးကယောကျ်ားလေး၊ အဲဒီပုံစံနဲ့ အော်.. မျက်လုံးမှိတ်လိုက်ရင် ပိုပြီးစိတ်ကူးယဉ်လို့ကောင်းတယ်လုပ်''

ဗိုင်များများဝင်ထားတာကြောင့် ဝဏ္ဏရက်စိတ်မရှိတော့ဘဲ ကိုယ့်ကိုယ်ကိုယ်မိန်းကလေးပုံစံနှင့် မျက်လုံးထဲမြင်ကာ မိုးမိုးကျော်ကို ပြုစုယုယ ညှုကလီးယား အိစိကလီတွေ လုပ်ကြည့်နေမိသည်။ မိန်းကလေးလိုဗိုက်တွေဘာတွေကြီးပစ်လိုက်သေး၏။

စိတ်ကူးထဲမှာ မိုးမိုးကျော်ရဲ့မွှေးရှူးပြီး ဆူပူရိုက်နှက်တာလည်းခံရသည်။ ကလေးတွေကို နို့တိုက်ရင်းနှင့် ထမင်းဟင်းချက်ပြုတ်လျှော်ဖွတ်ရသေးသည်။ ညဘက်ကျတော့ ကလေးတွေကိုသိပ်ပြီး မိုးမိုးကျော်ခြေသလုံးလေးတွေကို ညင်ညင်သာသာ ရွရွလေးနှိပ်ပေးရ၏။

''ဟားဟား''

''ဟ.. ဘာလဲ''

ဝဏ္ဏဝါးလုံးကွဲရယ်လိုက်၍ ဘုန်းနေလတိုက်ခန်းထဲမှာ ဟိန်း



www.burmeseclassic.com

www.burmeseclassic.com



ထွက်သွားသည်။ ဒီနေ့ဆိုင်မထိုင်ချင်တော့၍ အိမ်မှာရှိသောဗိုင်တွေကို သောက်နေခဲ့ကြတာပါ။

အမြည်းကတော့ လမ်းကဝယ်လာသော အာလူးကြော် ငါးမုန့် ကြော်သာပါသည်။

"မင်းကိုဟိုကဘာလုပ်ပေးတယ် စိတ်ကူးယဉ်ပြီး ထရယ်တာလဲ"

"သူမလုပ်ပေးပါဘူး၊ ငါလုပ်ပေးတာ၊ မင်းပဲသူကမိန်းမယူချင်တာပြောလို့ မိန်းမလိုစိတ်ကူးယဉ်ကြည့်ဆို၊ ရယ်ရတယ်ကွ၊ ငါ့မှာဗိုက်ကြီးကလွယ်၊ ကလေးကတစ်ဖက်၊ နို့တိုက်ရင်းနဲ့အိမ်အလုပ်တွေလုပ်ရသေးတယ်၊ ညကျတော့ သူ့ခြေသလုံးလေးတွေနှိပ်ပေးတာ နူးညံ့နေတာပဲ"

"ဟား . . ဟား . . ဟား"

ဝဏ္ဏအပြောကြောင့် သူပါလိုက်ရယ်ချင်လိုက်မိသည်။ နှစ်ယောက်တည်းဆိုတော့ ပြောချင်တာတွေ ပြောနေဖြစ်ခဲ့တာပါ။ ဝဏ္ဏက ဗိုင်တစ်ခွက်ထပ်ငှဲ့ကာသောက်ပြီး . .

"ငါတို့လည်း မိန်းမယူမှပဲကွနော်၊ ဒီလိုအရက်သောက်တဲ့အချိန်မှာ မမခိုင်ကိုအမြည်းလုပ်ခိုင်းလို့ ဘယ်ကောင်းမလဲ၊ မိန်းမရှိတယ်ဆိုရင်တော့ မိန်းမရေ မောင့်ကိုအမြည်းလေးလုပ်ပေးကွာလို့ ပြောလို့ကောင်းတာပေါ့"

"အဲဒါဆိုရင် မိုးမိုးကျော်ကို သိမ်းသွင်းလေကွာ"

"မင်းကရော၊ မြသင်ဇာကိုဘယ်လိုသဘောရလဲ၊ ကောင်မလေးက မိန်းမပီသတယ်နော်၊ အသက်ငယ်တယ်ဆိုပေမယ့် ကလက်တက်တက်မဟုတ်ဘူး၊ မမခိုင်ကတော့ သင်ဇာကိုမဆိုးဘူးလို့ ချီးကျူးနေတာ"

"ငါနောက်ထပ်ချစ်ရမှာ ကြောက်နေတာ"





"အချစ်ဦးနဲ့ လူတိုင်းနီးပါးလွဲဖူးပါတယ်ကွာ၊ အချစ်ဦးနဲ့လွဲလို့ဆိုပြီး မိန်းမမယူဘဲ လူပျိုကြီးလုပ်တဲ့ကောင် ခပ်ရှားရှားပါ၊ မင်းအဲဒီကိစ္စမေ့ထားလိုက်ပြီဆိုရင် နောက်ထပ်မချစ်ရဲစရာဘာရှိလဲ"

"ဟုတ်တော့ဟုတ်ပါတယ်၊ သူနဲ့ကွဲပြီးတည်းက သူ့အကြောင်းမေ့ထားနိုင်အောင် ငါနေခဲ့တယ်၊ ငါ့ဘဝအတွက်ပဲ ငါကြိုးစားတယ်၊ ဒါတော ဥစ္စာခနမဲ့လို့ သူထားခဲ့တာကို ငါနာကြည်းမှုတွေနဲ့ ချမ်းသာချင်တာတော မဟုတ်ဘူးနော်၊ ကိုယ့်ဘဝအတွက် ကိုယ်လုပ်သင့်တယ်ထင်တာကိုလုပ်တာ၊ သူ့ကြောင့်အသည်းကွဲဝေဒနာနဲ့ တေပေလေလွင့်သွားတာမျိုးမဖြစ်ချင်တာလည်း ပါတာပေါ့ကွာ"

"မင်းအကြောင်းငါသိပါတယ်၊ အဲဒါကြောင့် မင်းကိုငါလေးစားတာ နေလ၊ မင်းမှာ ဘဝဒဏ်ရာ ဒဏ်ချက်တွေများတယ်၊ လောကဓံရဲ့အထောင်းနှိပ်စက်မှုတွေခံရတယ်၊ ဒါပေမဲ့ မင်းပန်းတိုင်မပျောက်ဘူး၊ ကိုယ့်ဘဝကိုယ် ရေစုန်မျောမပစ်ဘူး၊ လောကကြီးကို အရှုံးတိုက်ပြီး နေချင်သလိုမနေဘူး၊ အဲဒါယောကျ်ားကောင်းတစ်ယောက်ရဲ့ အရည်အချင်းပဲ ယောကျ်ားချင်း လေးစားခံသင့်တဲ့အစွမ်းအစပဲ"

"မင်းကကွာ၊ အရမ်းမြှောက်ပင့်နေတာပဲ၊ ဗိုင်တွေရှိသေးတယ်၊ ထပ်သောက်"

ပခုံးပုတ်ကာပြောလိုက်ပြီး နောက်ထပ်ဗိုင်တစ်လုံးထယူလိုက်သည်။ ဝဏ္ဏအတွက် တစ်ခွက်ထည့်ပေးပြီးမှ ခုံမှာပြန်ထိုင်လိုက်၏။

"ငါမင်းကိုမြှောက်ပင့်နေတာမဟုတ်ဘူး၊ တကယ်ပြောတာ၊ ငါတို့ကြိုးစားသင့်သလောက် ကြိုးစားပြီးပြီ၊ ပြည့်စုံသင့်သလောက်လည်း ပြည့်စုံနေပြီ၊ ငါပြောတာက မိန်းမတစ်ယောက်ကို တင့်တောင့်တင့်တယ်ထားနိုင်နေပြီလို့ပြောတာ၊ ပြီးတော့ သားသမီးတွေရလာတဲ့အခါလည်း ငါတို့မှာ ဒီထက်ကြိုးစားဖို့အချိန်တွေရှိသေးတယ်"

"ငါ မြသင်ဇာကိုစိတ်ဝင်စားပါတယ်၊ ဒါပေမဲ့ အသက်အရွယ်က"

www.burmeseclassic.com

www.burmeseclassic.com



"ယောက်ျားပဋ္ဌင်း မိန်းမပုခက်တွင်းတဲ့၊ ငါးနှစ်လောက်ကွာတာ ဘာဖြစ်မှာမို့လဲ၊ ကိုယ့်အတွက်ပိုတောင်ကောင်းသေးတယ်၊ စိတ်ဝင်စားရင် ဖွင့်သာပြောလိုက်၊ ပြီးရင် မြန်မြန်လက်ထပ်"

"သူက လက်ခံပါ့မလား"

"မိန်းကလေးတစ်ယောက်က စိတ်မဝင်စားရင် အထာတောင်မပေးဘူးငါ့ကောင်၊ မင်းကရည်းစားထားဖူးတဲ့ကောင်၊ ငါ့ထက်ပိုသိမှာပါ"

ဝဏ္ဏပြောတာ ဟုတ်တော့ ဟုတ်လောက်ပါသည်။ သူမရဲ့ မျက်လုံးအရိပ်အယောင်တွေက သူ့ကိုစိတ်ဝင်စားမှုရှိသည်ဆိုတာ သိသာသည်။ ပတ်သက်မှုမရှိချင်ဘဲ ဒီလိုလာနေပါ့မလား။

"ဒီတိုင်း မမနိုင်ကို တိုင်ပင်ကြည့်ချင်သေးတယ်ကွာ၊ မမနိုင်က လည်း ကိုယ့်အစ်မပဲလေ၊ အကြီးအကဲတိုင်ပင်ရမယ့်သူဆိုလို့ မမနိုင်ပဲ ရှိတာ"

"မမနိုင်က ပိုပြီးတော့တောင် တိုက်တွန်းလိမ့်မယ်၊ မင်းဘဝကို စည်းကမ်းရှိရှိအတည်တကျ ဖြစ်စေချင်နေတာကွ၊ မနေ့ကလည်း ပြောတယ်၊ နေလနဲ့ မြသင်ဇာချစ်သူတွေဖြစ်ပြီး လက်ထပ်ကြရင် ကောင်းမှာပဲတဲ့၊ တခြားရှုပ်ရှုပ်ပွေပွေ မိန်းကလေးတွေထက်စာရင် မြသင်ဇာလေးက မဆိုးဘူးတဲ့လေ၊ အသိုက်အဝန်းလေးကလည်း ကောင်းတယ်၊ အဆင်ပြေသွားရင် နေဘဝ တည်တည်ငြိမ်ငြိမ်လေးဖြစ်တာပေါ့တဲ့"

"မမနိုင် အဲလိုပြောတယ်ဆိုတော့ ငါအားရှိပါတယ်၊ ငါလည်း ငါ့ဘဝကို မိသားစုအသိုက်အမြုံလေးနဲ့ အဓိပ္ပာယ်ရှိရှိနေချင်ပါတယ်ကွာ"

"အဲဒါဆိုလည်း အခုချိန်ကစပြီး မြသင်ဇာကို ရည်းစားစကားပြောပြီးကျူတော့လေ၊ ဖုန်းနံပါတ်လည်းပေးထားတာပဲ"

"အင်း . . မင်းပြန်မှပဲ"

"အဲဒါဆိုလည်း မင်းအလုပ်ဖြစ်အောင် ငါအခုပဲပြန်လိုက်ပါ မယ်ကွာ"



"ဟာ . . မင်းကလည်း လောလိုက်တာ"

ဝဏ္ဏ တကယ်ထပြန်သွားသည်။ အိမ်သူသက်ထားဇနီးမယားလေးသာရှိလျှင် ဒီအရက်ပွဲကို သန့်ရှင်းစင်ကြယ်အောင်လုပ်ပေးပေလိမ့်မည်။ အခုတော့ မနက်မှပဲ ကိုယ်တိုင်ရှင်းလင်းရတော့မှာပါ။

အခုတော့ အိပ်ရာပေါ်မှာပစ်လှဲပြီး မြသင်ဇာဆီ ဖုန်းခေါ်လိုက်သည်။

"ဟယ်လို . . မြသင်ဇာလား"

"ဟင် . . ကို . . ကိုနေလလား"

"အင်း . . မြသင်ဇာ အခုဘာလုပ်နေလဲ"

"အခုပဲထမင်းစားပြီးလို့ အခန်းထဲဝင်လာတာ"

"ဟုတ်လား၊ ကိုယ်တော့ချက်ကျွေးမယ့်သူမရှိလို့ စားတောင်စားရသေးပါဘူးကွာ၊ ဆာရင်လည်း ခေါက်ဆွဲလေး ကြာဆံလေးပြုတ်သောက်ရုံပဲရှိတယ်"

"ဟင် . . တကယ်လား၊ မမနိုင်အိမ်က ထမင်းမစားခဲ့ဘူးလားဟင်"

"ညစာတော့မစားတော့ဘူးလေ၊ နေ့ရောညရောဆိုရင် အားနာစရာကောင်းတာပေါ့၊ ညဆိုရင်တော့ ကိုယ့်တိုက်ခန်းကိုယ်ပြန်ပြီး ရှိတာစားလိုက်တယ်၊ တစ်ခါတလေတော့လည်း အပြင်ကစားတာပေါ့"

"ကိုနေလရယ်၊ အဲလိုအဆာခံပြီး အစားမမှန်ရင် အစာအိမ်ရောဂါဖြစ်တတ်တယ်"

"အင်း . . အဲဒါကြောင့် ဂရုစိုက်ပြီး ပြုစုမယ့်သူလိုအပ်နေတာ မြသင်ဇာ ဂရုစိုက်ပေးမလားဟင်"

"ရှင်"

မြသင်ဇာ နားမလည်သလို ရှင်ခနဲဖြစ်သွားသည်။ ချစ်ချင်းကြီးဆိုတော့ ဘာပြောရမှန်းလည်းမသိပါ။ ဘုန်းနေလ ဝိုင်တွေသောက်ထား

www.burmeseclassic.com

www.burmeseclassic.com



၍ နှုတ်သွက်လျှာသွက် ရဲရဲတင်းတင်းဖြစ်နေတာလည်း သူမ မသိ။

ရင်ထဲမှာ လိုက်ဆူလျက် ကယောင်ကတမ်းလိုပင် ဖြစ်နေ
သည်။

"သင်ဇာ"

"ရှင်..ဟုတ်..ဟုတ်ကဲ့"

"ကိုယ့်ရဲ့အိမ်ထောင်ရှင်မလေး လုပ်ပေးပါလား သင်ဇာ"

"ဘောင်တွေကျော်နေပြီလေ၊ အရင်ပြောသင့်တဲ့စကား
ဘာလဲဆိုတာတောင် မသိတော့ဘူးလား"

"သြော်..အဟင်း..ကိုယ် သတိမေ့သွားတာမဟုတ်ပါဘူး
ပါးစပ်ကပြောထွက်ဘူးဖြစ်နေတာ၊ ကိုယ့်အရွယ်က သင်ဇာကိုချစ်တာ
ပြောရမှာ ဟို..တစ်မျိုးပဲ"

"သြော်..ဖြစ်မှဖြစ်ရလေ၊ ဒီထက်ကြီးတဲ့အလုံးကျတော့
မစဉ်းစားဘဲ ပြောထွက်တယ်နော်"

သင်ဇာရဲ့စိတ်ဆိုးအပြစ်တင်သံလေးကြောင့် သူရှက်ရယ်ရယ်
လိုက်မိသည်။ သင်ဇာဘက်ကလည်း ညှင်းသွဲ့သွဲ့ရယ်သံလေးကြား
သည်။

"ကိုယ့်ကိုစိတ်ဆိုးသွားလား သင်ဇာ"

"စိတ်ဆိုးစရာတော့မဟုတ်ပါဘူး၊ စဉ်းစားဖို့ပဲ အချိန်ပေးရမှာ"

"သင်ဇာ စဉ်းစားချင်သေးတယ်ပေါ့၊ ကိုယ့်ဘက်က လိုအပ်
တာရှိရင်လည်းပြောပါ ကိုယ်ပြင်ပါ့မယ်"

"ဒီလောက်ပြည့်စုံနေတဲ့သူကို သင်ဇာစဉ်းစားဦးမယ်ပြော
စိတ်ခုသွားတာလား၊ ကိုနေလက လိုအပ်မှုမရှိအောင် ပြည့်စုံပါတယ်"

"ဒါဆို တခြားမိန်းကလေးတွေလိုပဲ၊ သင်ဇာလည်း မူချင်သေး
တာပေါ့လေ"

"အဲလိုပေါ်တင်ကြီးပြောရလားလို့"





ဒီတစ်ခါမှ မြသင်ဇာ တကယ်မူနွဲ့မိတာဖြစ်၏။ ရင်တွေလည်း
တလှပ်လှပ်ခုန်လျက်ရှိသည်။ ဘုန်းနေလဆီက ဒီလိုချစ်စကားမျိုးကို
ဒီလိုအချိန်တိုအတွင်းမှာ ခပ်မြန်မြန်ကြားရလိမ့်မည်ဟု ထင်မထားပါ။

သူမအခုပဲ ခေါင်းညိတ်လိုက်ရတော့မလား၊ ဟင့်အင်း.. သူမ
အဲလောက်ထိ ဈေးမပေါသေးပါ။

"ဟို..ဒီလိုလုပ်ပါလား ကိုနေလ"

"အင်း..ပြော သင်ဇာ"

"ကိုဝဏ္ဏနဲ့မိုး ချစ်သူဖြစ်သွားတဲ့နေ့မှာ ကိုနေလကို သင်ဇာ
အဖြေပေးမယ်လေ"

"ဟင်..ဘာပြောတယ် သင်ဇာ"

လှဲနေရာမှ ပြုန်းခနဲထထိုင်၍ မေးလိုက်ရသည်။ တခြားမိန်း
ကလေးတွေလို တစ်လရှိမှ တစ်နှစ်ရှိမှ အဖြေပေးမှာမျိုးလည်း မဟုတ်။
ယောကျ်ားလေးစိတ်ပေါက်နေသည့်သူနှင့်ဝဏ္ဏကို အောင်သွယ်ပေးရမည့်
သဘောလား။

မြသင်ဇာက ခပ်ညှင်းညှင်းရယ်လျက်..

"သူတို့နှစ်ယောက် ချစ်သူဖြစ်သွားရင် သင်ဇာလည်း ကိုဝဏ္ဏ
ကိုအဖြေပေးမယ်၊ ကိုနေလက မိုးကို ကိုဝဏ္ဏစိတ်ဝင်စားလာအောင်
တာဝန်ယူ၊ သင်ဇာက ကိုဝဏ္ဏကို မိုးစိတ်ဝင်စားလာအောင် တာဝန်ယူ
မယ်၊ အဲလိုဆိုဖြစ်တယ်မဟုတ်လား"

"ဟား..ကိုယ့်ဘက်ကတော့ သေချာသလောက်ပဲ"

"ရှင်"

"သြော်..ဝဏ္ဏနဲ့ ခုနလေးတင်အဲဒီအကြောင်းပြောနေတာ၊
မိုးကိုစိတ်ဝင်စားဖို့အကြောင်းလေ၊ ရည်းစားမထားဖူးတဲ့ ဝဏ္ဏက
ယောကျ်ားလျာကိုတောင် မြင်မြင်ချင်း ဟတ်ထိသွားတဲ့ပုံစံနော်"

"ဟုတ်လား..အဲဒါဆို သင်ဇာ တာဝန်ကျေပြီ လိုတာပေါ့"



www.burmeseclassic.com

www.burmeseclassic.com



''*အဟင်း. . . ကိုယ့်ကိုယ်ကိုယ် သိရင်ပြီးတာပဲ၊ သူတို့ချစ်သူဖြစ်သွားတဲ့နေ့ကျရင်သာ ကိုယ့်ကိုအဖြေပေးဖို့မမေ့နဲ့''*

မမေ့တဲ့အပြင် အခုကတည်းက အဖြေပြန်ပေးချင်နေတာပါလို့ ပြောလိုက်လျှင် မိန်းမဈေးကျပေတော့သည်။

အခုတော့ ဘုန်းနေလကို အဖြေမြန်မြန်ပြန်ပေးချင်စိတ်များနှင့် ယောကျ်ားလျာမိုးကို ဘယ်လိုစည်းရုံးသိမ်းသွင်းရမလဲဆိုတာပဲ အာရုံထဲရောက်နေကာ. . .။

* * *



## အခန်း (၁၁)

''ဟိတ်. . . နင်တို့ငါကို ဘာလုပ်ကြတာလဲ၊ အဲလိုမလုပ်နဲ့နော်၊ ယ်ကြ လွှတ်ကြ ဝေလွင်၊ သင်ဇာနင်တို့ ငါ့လက်သီးစာမိချင်လို့လား၊ ထိုးမှာနော်၊ တကယ်ထိုးမှာ''

''အေး နင်လည်းထိုးချင်ထိုး၊ ငါတို့ကလည်း ရအောင်ချုတ်မှာပဲ''

''ဝမ်းတူးသရီး. . . အပေါ်ရော အောက်ရောပြိုင်ချွတ်မယ်နော်''

ဝေဝေလွင်က အင်္ကျီကိုဆွဲချွတ်၊ ပြသင်ဇာက ဘောင်းဘီကို ချွတ်ဖြင့် သင်ဇာ့အခန်းထဲမှာ ဝရုန်းသုန်းကား အုတ်အော်သောင်း ပြောင်းဆန်နေသည်။ မိုးမိုးကျော်လည်း ငယ်သံပါအောင်အော်ဟစ် အရုက်သည်းကာ ရွှတ်အတင်းရုန်းကန်သည်။ ဒါပေမဲ့ နှစ်ယောက် အားကိုတော့ ဘယ်လိုမှမခုခံနိုင်ပါ။

ယောကျ်ားလေးလိုနေပေမယ့် မိန်းကလေးက မိန်းကလေးပဲ ဟုတ်လား။ နှစ်ယောက်အားကို ဘယ်ယှဉ်နိုင်ပါ့မလဲ။

အောက်ခံဘော်လီ၊ အောက်ခံဘောင်းဘီလေးနှင့် မိုးမိုးကျော် ကိုယ်တုံးလုံးဖြစ်သွားသည်။ နီးရာ သင်ဇာ့စောင်တွေဆွဲ၍ အမြန်ခြုံထား လိုက်ရ၏။

''နင်တို့ဘာလုပ်ကြမလို့လဲ၊ ငါ့ကို မုဒိမ်းကျင့်ကြမလို့လား၊ ငါ ခိုတိုင်မှာနော်၊ နှစ်ဦးသဘောတူကြည်ကြည်ဖြူဖြူတောင်းရင် ငါဘာမဆို

www.burmeseclassic.com



ပေးနိုင်တယ်''

''အမယ်လေး အခုထိအကြောမသေဘူး၊ နင့်ကိုတာမှလုပ်မလို့ မဟုတ်ဘူးဟ။ မိန်းကလေးအဝတ်အစားဝတ်ပေးမလို့ သိပြီလား''

''ဘာ. . ငါမဝတ်ဘူးနော်၊ လုံးဝမဝတ်ဘူး အသက်ချင်းလဲ ပစ်လိုက်မယ်''

''နင်ကလည်း မိန်းကလေးလိုဝတ်လိုက်ရင် နင်အရမ်းလှသွားမှာဟဲ့၊ ခဏလေးပဲဝတ်ကြည့်၊ ဒီမှာနင်နဲ့လိုက်မယ့်အဝတ်အစားကို ငါနဲ့ ဝေလွင် ကုန်တိုက်သွားပြီး သေချာရွေးဝယ်လာရတာ သိလား၊ ပိုက်ဆံ ငါးသောင်းကျော်အကုန်ခံထားရတာ''

''နင်တို့ဘာသာကုန်ကုန် ငါနဲ့ဘာဆိုင်လဲ၊ ငါဝယ်ခိုင်းလို့လား''

''ဝေလွင်၊ သူ့အဝတ်အစားတွေ ရေချိုးခန်းထဲသွားစိမ်ထားလိုက်''

''ဟဲ့. . ဟဲ့ မလုပ်နဲ့''

မိုးမိုးကျော် စောင်ကြီးခြုံထားလျက်နှင့် ခုန်ထပြီးတားလိုက် သော်လည်း မမီတော့ပေ။ ဝေဝေလွင်က မိုးမိုးကျော်ဝတ်လာခဲ့သော အဝတ်အစားတွေကို ရေချိုးခန်းထဲသွား၍ ရေစိမ်ပစ်လိုက်သည်။

''နင်ဒီအတိုင်း အရှက်မရှိ ပြန်ရဲရင်ပြန်လေ၊ ငါတို့မတားဘူး''

''နင်တို့မညစ်ပတ်နဲ့နော်၊ ငါအရမ်းတင်းနေပြီ''

''ငါတို့က တကယ်နင့်ကိုမိန်းမလှလေးအဖြစ် မြင်ချင်လို့ပါ၊ နင် သာမိန်းကလေးအဝတ်အစားဝတ်လိုက်ရင် မော်ဒယ်တွေထိုင်ငိုသွားမှာ နင့်ကိုယ်လုံးကိုယ်ပေါက်က အရမ်းလှတာဟ. . တကယ်''

''ဟုတ်ပါတယ် မိုးရယ်၊ ဝတ်လိုက်ပါနော်''

''ကျွတ်. . နင်တို့ဟာ၊ ငါတစ်ခါမှ မဝတ်ဖူးတာ၊ ဒီဆံပင်တော ဒီမျက်နှာနဲ့ ဘယ်လိုလုပ်လိုက်မှာလဲ''

''လိုက်အောင်လုပ်ဖို့များ လွယ်လွယ်လေး၊ အလှပြင်ဆိုင်သွား ပြီး ဆံပင်ကိုဆက်လိုက်မယ်၊ မျက်ခုံးတွေ ဘာတွေပြင်လိုက်ရင် ချက်ချင်း





နတ်သမီးလေးတစ်ပါးဖြစ်သွားမယ်''

''ကျွတ်. . နင်တို့ဟာ''

မိုးမိုးကျော် စောင်ခြုံထဲက ထွက်လို့မရပြူလို့မရနှင့် ဘာလုပ် ရမှန်းမသိ အခက်တွေ့နေသည်။ ယေယေကတည်းက အစ်ကိုတွေလို ကျားကျားလျားလျားနေလာခဲ့တာပါ။

အိမ်မှာဆို အစ်ကိုတွေနှင့် ဘောလုံးကန်သည်။ ဂိမ်းဆော့ သည်။ လွတ်လွတ်လပ်လပ် ပေါ့ပေါ့ပါးပါးနေရတာကို ကြိုက်၏။ ဒါပေမဲ့ လည်း တစ်ခါတလေတော့ မိန်းကလေးအဝတ်အစားတွေဝတ်ကြည့်ပြီး မော်ဒယ်တွေလို နုနုရွရွလေး လမ်းလျှောက်ကြည့်ချင်ခဲ့သည်။

''မိုး. . နင်ဒီအတိုင်းပြန်မှာလား''

''နင်တို့သဘောပဲဟာ''

''ဟေး. . အဲလိုစောစောကတည်းက သဘောတူလိုက် ဒီလို အရှက်မကွဲတော့ဘူးပေါ့၊ ဒါပေမဲ့ အခုမှနင့်အလှက ပေါ်လွင်တာသိလား''

''သွားစမ်းပါ၊ အေး. . ကိုးလိုးကန့်လန့်ပုံပျက်ပန်းပျက် မလိုက် တော်ရင်တော့ ငါတန်းခန ဆွဲချွတ်မှာနော်''

''အေးပါ နင့်ကိုယ်နင်သဘောကျသွားစေရမယ် စိတ်ချ၊ ပြီး ရင် နင့်ကိုတစ်နေရာခေါ်သွားမယ်''

''ဘယ်. . ဘယ်ခေါ်သွားမှာလဲ''

''ဟိုရောက်ရင်သိမှာပေါ့၊ ကဲပါ စောင်ကြီးဖယ်လိုက်တော့၊ အဝတ်အစားဝတ်ကြည့်ရအောင်''

''ရှက်မနေနဲ့ မိန်းမအချင်းချင်းအတူတူပဲ''

ဝေဝေလွင်နှင့် မြသင်ဇာကျော့ မိုးမိုးကျော် ကိုယ်ပေါ်ကစောင်ကို ဆွဲခွာ၍ ဝယ်လာခဲ့သော အနက်ရောင်အပျော့သားကိုယ်ကျပ်ဝတ်စုံကို ဆွဲရှိန်းကာ ဝတ်ပေးလိုက်ကြသည်။

လည်ဟိုက်လက်ပြတ်လေးမှ ဝင်းဝါသော မိုးမိုးကျော်လည်ကုတ်



www.burmeseclassic.com

www.burmeseclassic.com



သားလေးတွေ လက်မောင်းသားလေးတွေဖြင့် လိုက်ဖက်လွန်းလှသည်။

မိုးမိုးကျော်မှာ သူ့ကိုသူငုံ့ကြည့်၍ မျက်နှာနီနီဖြင့် ရှက်နေရှာသည်။ မြသင်ဇာက မိုးမိုးကျော်ပါးလေးကို ဖျတ်ခနဲနမ်းလိုက်ပြီး

"လှလိုက်တာ ချစ်စရာကောင်းလိုက်တာ မိုးရယ်၊ နင်နဲ့အရမ်းလိုက်တာပဲသိလား၊ ငါတောင်မနာလိုဖြစ်လာပြီ"

"လျှောက်ပြောမနေနဲ့၊ ဒီမှာရှက်လို့သေတော့မယ်၊ ဘယ်လိုအကျီမှန်းလည်း မသိဘူး"

"အမယ်လေး . . ဒီအကျီက မိုးအသားအရည်နဲ့လိုက်မှလိုက်၊ သတို့သမီးဝတ်စုံနဲ့ဆို ပိုတောင်လိုက်ဦးမယ်"

"ဘာ . . ဘယ်လို"

"ဘာ . . ဘာမှမဟုတ်ဘူး၊ သတို့သမီးဝတ်စုံ ထိုင်မသိမ်းတို့ ဘာတို့နဲ့ဆိုလည်း လိုက်မှာပဲလို့ ဟုတ်တယ်နော် ဝေလွင်"

"ဟုတ်ပ၊ ကြည့်ကောင်းမှကောင်း၊ နဂိုရှိလို့ နကိုင်းထွက်တယ်ဆိုတာ အမှန်ပဲ၊ မိုးက ရုပ်ခံရှိပြီးသားဆိုတော့ တခြားမိန်းကလေးဝတ်စုံနဲ့ဆိုလည်း လှမှာပဲနော်၊ သင်ဇာ့ထက်တောင် ရည်းစားအရင်ရနိုင်တယ်"

"ဝေလွင်မ"

အရှက်သည်းနေသော မိုးမိုးကျော် ဘာမှမတတ်နိုင်ဘဲ၊ မျက်နှာနီနီ အံတကြိတ်ကြိတ် ဒေါသထွက်နေရုံသာရှိသည်။ မြသင်ဇာက သူတစ်ခါလောက်စီးပြီးထားသော ဒေါက်ဖိနပ်ကိုယူလာ၍

"မိုး . . ဒီဖိနပ်စီးကြည့်စမ်း၊ ဒီဝတ်စုံနဲ့ဆိုအရမ်းလိုက်မှာ"

"မစီးချင်ပါဘူး၊ ဒေါက်ဖိနပ်ကြီးကို ငါဘယ်လိုလုပ်စီးတတ်မှာလဲ"

"ဒါဆို ဒီဝတ်စုံနဲ့ နင်စီးလာတဲ့ ဘွတ်ဖိနပ်ကြီးနဲ့သွားမှာလား"

"နင်တို့ကဟာ ရှုပ်နေတာပဲ ပေး . . ပေး"

ဒေါက်ဖိနပ်ကို ဆောင့်ဆောင့်အောင့်အောင့် ယူစီးလိုက်၍ မိုးမိုးကျော် ဝမ်းလျားထိုး မှောက်ခုံလဲမတတ်ဖြစ်သွားသည်။



"ဗုဒ္ဓေါ . . သရဏံဂစ္ဆာမိ ဘုရားကယ်ပါ၊ သင်ဇာမတို့နှစ်ယောက် ဒီကိုသေကြောင်းကြံနေကြတယ်၊ နင်တို့နဲ့အပေါင်းအသင်းလုပ်မိတာ မှားပါတယ်။ ငါ့ဘာသာအချော်တစ်လေးတွေနဲ့ သွားလန်းနေတာမှ ကောင်းဦးမယ်"

"ဒီအဝတ်အစား ဝတ်ထားတာတောင် စိတ်မကျေနပ်သေးဘူး၊ သေဦးမယ်"

မိုးမိုးကျော်ကို သင်ဇာနှင့် ဝေဝေလွင် ဝိုင်းထုကြသည်။ ဘာပဲဖြစ်ဖြစ် ကိစ္စတစ်ခုအောင်မြင်သွားပြီမို့ မြသင်ဇာ ကျေနပ်နေသည်။ ဘုန်းနေလကို အဖြေပေးနိုင်ဖို့ နီးလာပြီ မဟုတ်လား။ အလှပြင်ဆိုင်သွားဖို့ သုံးယောက်သား အောက်ထပ်ဆင်းလာသည့်အခါမှာတော့ ကိုကြီးနှင့် အမွှေဝတ်လွှာတို့ မိုးမိုးကျော်ကိုကြည့်ကာ အံ့သြနေကြသည်။

"ဟာ . . ဘယ်လိုဖြစ်လာတာလဲ မိုး၊ ခုနအပေါ်ထပ်မှာ မိုးကြိုးပစ်သလို ဆူညံနေတာ ဒီလိုပုံစံဖြစ်နေလို့လား"

"ဟုတ်တယ် ကိုကြီးရေ၊ သူ့ကိုဒီပုံစံလုပ်ပေးတာကို အသည်းအသန်အော်ဟစ်နေတယ်"

"လှသားပဲမိုးရယ်"

"ဒီလို မိန်းကလေးအဝတ်အစားလေးနဲ့မှ မိုးက ချစ်စရာကောင်းတာ အခုဘယ်သွားကြမလို့လဲ"

"မိုးကို အလှပြင်ဆိုင်မှာ သွားရှိုင်းမလို့လေ၊ ဒီထက်ဆယ်ဆလှသွားအောင်လို့"

"ဒီတစ်ရက်ပဲနော်၊ ငါနောက်နေ့မဝတ်ဘူး"

"အေးပါ . . ကဲ ဒီတစ်ရက်ပဲ၊ ဒီတစ်ရက်ပဲ"

ဖွတ်အကြောက်အကန်ငြင်းဆန်နေမှာစိုး၍ အတိုက်အခံမလုပ်တော့ဘဲ မိုးမိုးကျော်ကို အလှပြင်ဆိုင်ခေါ်လာခဲ့ကြသည်။ ထိုအလှပြင်ဆိုင်မှာ အချိန်တော်တော်များများ အသုံးချပြီးသည့်အချိန်မှာတော့၊ မိုး

www.burmeseclassic.com

www.burmeseclassic.com



မိုးကျော်ရဲ့ စတိုင်လ်က ကိုဝဏ္ဏငေးမော အံ့အားသင့်မှိုင်းမိသွားလောက်အောင် လှပသွားလေသည်။

လက်တွေ့အမြင်မှာ ထိုသို့ဖြစ်မဖြစ်ဆိုတာတော့ . . ။

***

## အခန်း (၁၄)

''ဟင် . . ဒါ . . ဒါဘယ်သူလဲ''

ကန်တော်ကြီးထဲက စားသောက်ဆိုင်တစ်ခုမှာ ကိုဝဏ္ဏနှင့် ဘုန်းနေလကို ချိန်းလိုက်ပြီး မိုးမိုးကျော်နှင့် မိတ်ဆက်ပေးပြီးချိန်မှာတော့ ကိုဝဏ္ဏ ပါးစပ်အဟောင်းသား အံ့ဩတကြီးဖြစ်သွားလေသည်။

မိုးမိုးကျော်ကတော့ ရှက်လွန်းလို့ မျက်နှာကို ဟိုလှက် ဒီလှက်။

''ဒါ . . ဒါ မိုးမိုးကျော်၊ ဟုတ်ပါတယ်နော်၊ တကယ်ဟိုယောက်ျားလျာ မိုးမိုးကျော်ပါနော်''

''ဟုတ်ပါတယ်ဆို တကယ်ပြောတာ၊ ဟဲ့ မိုး . . နင်သူ့အိမ်ကာ ထမင်းစားလာပြီးတော့ နှုတ်ဆက်လိုက်ဦးလေ''

''အာ . . . မနှုတ်ဆက်ချင်ပါဘူး''

''ဟွန့် . . စားပြီး နားမလည်၊ ဝါးပြီးမျိုချ၊ ချေးဖြစ်တာပဲဆိုပြီး ဆေးဖုံးကန်းတာလား''

''မ . . မပြောပါနဲ့ ဆိုင်ဇာရယ်၊ သူရှက်လို့နေမှာပါ''

ကိုဝဏ္ဏက သင်ဇာပြောတာကို လုံးဝလက်မခံ။ ပျာပျာသလဲ ငင်တားပြီး မိုးမိုးကျော်ကို တစိမ့်စိမ့်ကြည့်ကာ

''အရမ်းလှတာပဲ မိုးရယ်၊ ဒီလို မိန်းကလေးအဝတ်အစားလေးနဲ့ အရမ်းလိုက်ဖက်တာပဲ''

www.burmeseclassic.com

www.burmeseclassic.com



''ခင်ဗျားကြီးနော် လျှောက်ပြောမနေနဲ့၊ ကျွပ်ဆွဲထိုးလိုက်မှာ''

''ဟဲ့ . . မိတ်ကပ်နဲ့ အဝတ်အစားနဲ့ အဲဒီလေသံ နဲ့သာဆိုရင် အီး တခြားစီဖြစ်နေတယ်၊ သိမ်သိမ်မွေ့မွေ့ပြော''

''သူပြောတတ်သလိုပြောပါစေ သင်ဇာရယ်၊ သူ့ကို မငေါက်ပါ နဲ့၊ သူ့စိတ်ထဲကျဉ်းကျပ်နေလို့ဖြစ်မှာပါ''

''ဝဏ္ဏ . . မင်းကတော့ လွန်ပြီကွာ၊ မိုးမိုးကျော်ကိုပြောတာ လုံးဝဆတ်ဆတ်ထိမခံပါလား။ အဲဒီလောက်တောင် သည်းသည်းလှုပ်နေ ပြီလားကွ၊ ကျုပ်ရှေ့ကိုမဆယ်နိုင်တော့ဘူးလား''

ဘုန်းနေလ တွန်းပို့တော့ မိုးမိုးကျော် ရှက်မျက်စောင်းလေး ဝဲလာ၏။ မြသင်ဇာက ဘုန်းနေလကို မျက်စပစ်ကာ . .

''ကိုနေလ . . သင်ဇာ ရေခဲမုန့်စားချင်လို့ ဝယ်ကျွေးပါလား ဝေဝေလွင်ကလည်း ဆံပင်လုပ်ဦးမယ်ဆိုပြီး ကျန်ခဲ့တယ်၊ သင်ဇာတစ် ယောက်တည်း ရေခဲမုန့်ဆိုင်သွားရမှာ ကြောင်တောင်တောင်နဲ့မို့ပါ''

''သွားလေ သင်ဇာ၊ ကိုယ်လိုက်ပို့မယ်၊ ဟိတ်ကောင် . . ခဏ နော်''

''အေး အေး''

''သင် . . သင်ဇာ ဘယ်သွားမလို့လဲ၊ ငါ့ကိုမထားခဲ့နဲ့''

''ရေခဲမုန့်ဝယ်ပြီး ပြန်လာမှာပါ၊ နင့်ဖို့ပါ ဝယ်ခဲ့မယ်''

မြသင်ဇာနှင့် ဘုန်းနေလတို့ ခပ်သုတ်သုတ် ထွက်လာခဲ့ကြ သည်။ မိုးမိုးကျော် ငိုမဲ့မဲ့လေးကျန်ခဲ့တာကို လူပျိုကြီးကိုဝဏ္ဏ အကဲသိရ အသည်းအသန်ချော့နေမည်ဆိုတာ သေချာသည်။

''ချက်ချင်းကြီး မိုးကိုပုံစံပြောင်းပေးလိုက်တာ မြန်လှချည်လား မြသင်ဇာဟင် မင်းတော်လှချည်လား''

''သင်ဇာတော်လို့ မဟုတ်ပါဘူးနော်၊ မိုးကိုယ်တိုင်က ပြောင်းလဲ ချင်ချင်ဖြစ်နေလို့ပါ''



''ဟုတ်လို့လား၊ သင်ဇာရယ် . . မိုးပုံစံကြည့်ရတာ အခုထိ ယောက်ျားပုံစံမပျောက်ဘဲ ရှက်နေတုန်းပါ၊ ဖွတ်အတင်းအကျပ်လုပ်လိုက် တာမှ ဟုတ်ရဲ့လား''

''အောင်မယ် . . သင်ဇာကပဲ ရှင့်ကိုအဖြေမြန်မြန်ပေးချင်လို့ ဒီလိုဖွတ်လုပ်လိုက်တယ် ထင်နေလား''

''ဟောဗျာ . . ကိုယ်လည်း အဲလိုပါလို့ မပြောရပါလား၊ သင်ဇာ ဘာ ကိုယ်လိုရာတွေးနေတာပဲ''

''ဟယ် . . ရှင်''

မြသင်ဇာ ရှက်ရွံ့ထူပူသွားရလေသည်။ ခေါင်းကြီးငုံ့ကာ လျှောက် သွားရင်း ရေခဲမုန့်ဆိုင်ကိုကျော်သွားတော့ ဘုန်းနေလက သူမလက်ကို ဆွဲထားသည်။

''ဘယ်လိုလဲ ရေခဲမုန့်ဆိုင်က ဒီမှာလေ''

''သိဘူး သွား . . မစားတော့ဘူး''

''ဟောဗျာ . . ဒါဆို ဝဏ္ဏနဲ့ မိုး ချစ်သူမြန်မြန်ဖြစ်အောင်၊ တမင် ဖွတ်ထားခဲ့တာပေါ့လေ၊ ဒါမှကိုယ့်ကို''

''ရှင်ကြီးနော်''

မြသင်ဇာ ပိုပြီးရှက်သွားခဲ့သည်။ ဘုန်းနေလကို လုံးဝမျက်နှာ ချင်းမဆိုင်ရဲတော့ဘဲ၊ မျက်နှာကြီးအောက်ငုံ့ထားတော့ ဘုန်းနေလက သူမမေးဖျားလေးကာနေ ပင့်ကိုင်၍ မျက်နှာလေးကိုဆွဲမော့သည်။

''ကိုယ်အလကားစနေတာပါ သင်ဇာရယ်၊ ကိုယ်လည်း ဝဏ္ဏကို အမြန်မြန်ရစေချင်လို့ မိုးနဲ့အဆင်ပြေစေချင်နေတာပါ၊ အခု သင်ဇာ လုပ်ပေးလိုက်လို့ အဆင်ပြေရင်၊ သင်ဇာ့ကို ကျေးဇူးတောင်တင်မိမှာပါ''

''ဘာလို့လဲ''

''သင်ဇာ့ဆီက အဖြေလိုချင်လို့ပေါ့၊ ဒါမှသင်ဇာနဲ့ ကိုယ်လည်း ချစ်သူတော်ရမှာလေ''




www.burmeseclassic.com

www.burmeseclassic.com



''လူလည်ကြီး''

''ချစ်လို့လည်တာပါ''

''ဖယ်ပါ''

မြသင်ဇာ သူမလက်ကလေးကို ရုန်းသော်လည်း ဘုန်းနေလက လွှတ်မပေးပေ။ ပိုတိုး၍ပင် ဆုပ်ညှစ်ထားကာ . .

''မိုးနဲ့ဝက္ကူ ချစ်သူဖြစ်မှာသေချာနေပြီပဲ၊ ကိုယ့်ကိုအဖြေပေး တော့လေ''

''ဟင့်အင်း . . ဘာမှတောင်မသေချာသေးဘဲနဲ့''

''ကိုယ့်ကို မညှဉ်းဆဲပါနဲ့တော့ကွာ၊ ကိုယ့်မှာဘာလိုအပ်ချက် တွေရှိနေလို့လဲ''

''မရှိပါဘူး၊ အဲဒါကြောင့် မဟုတ်ပါဘူး''

''ဒါဆိုဘာ့လဲ၊ ဘာကြောင့်လဲ''

''ဟိုလေ''

ကိုကြီးက အိမ်အတူလိုက်နေနိုင်မှာ သဘောတူမှာမို့လို့ပါ ပြောရင် အဆင့်တွေကျော်သွားသလို ဖြစ်သွားမလား။ ဒီလူက သူမ လက်ထပ်ဖို့အထိ ရည်ရွယ်မထားဘူးဆိုလျှင် ဘယ်လိုလုပ်မလဲ။

''ပြောလေ . . သင်ဇာ၊ ဘာလို့လဲ''

''ဟို . . ရှင် . . ရှင် သင်ဇာ့ကို တကယ်ချစ်တာပါနော်''

''သင်ဇာရယ် . . ဘယ်လိုပြောလိုက်တာလဲ၊ သင်ဇာကို တကယ် မချစ်ဘဲ ချစ်တယ်လို့ ကိုယ်ပြောပါ့မလား''

''သင်ဇာကို ဘယ်လိုရည်ရွယ်ချက်နဲ့ချစ်တာလဲဟင်''

''ဘာတို့ပြောတာလဲ သင်ဇာ''

''ဩော် . . လက်ထပ်ဖို့အထိ ရည်ရွယ်တာလား၊ ခဏ အပျော်တွဲချင်တာလားလို့ပါ''

မြသင်ဇာစကားကြောင့် ဘုန်းနေလ ခြေလှမ်းတွေစုံရပ်သွား





သင်ဇာပါ ရပ်တန့်သွားရသည်။ ဘုန်းနေလရဲ့ မျက်ဝန်းတွေက လေး တ်တည်ကြည်နေ၏။ မြသင်ဇာ မျက်နှာလေးကိုကြည့်နေသည့်အကြည့် များက စူးစူးနစ်နစ်ရှိလွန်းလှသည်။

''ကိုယ့်အသက်အရွယ်က အပျော်ချစ်ပြီး အပျော်တွဲနေရမယ့် အရွယ်မဟုတ်ပါဘူး၊ ကိုယ်မင်းကို လေးလေးနက်နက် တန်ဖိုးထားပြီး ချစ်တာပါ၊ လက်ထပ်ဖို့အထိ ရည်ရွယ်တာပါ။ မင်းဘက်က လက်ခံမယ် ဆိုရင် ကိုယ်အမြန်ဆုံး လက်ထပ်ချင်ပါတယ် သင်ဇာ''

''ဟို . . ဟိုလေ''

''ပြောပါသင်ဇာ၊ မင်းဘက်က ဆုံးဖြတ်ချက်ကို ကိုယ်သိချင် တယ်၊ မင်းကိုယ့်ကို လက်ခံမှာလား လက်မခံဘူးလား''

''သင် . . သင်ဇာ့ကိုကြီးကလေ၊ သင်ဇာလက်ထပ်ပြီးလည်း အိမ်ခွဲမနေစေချင်ဘူး။ မောင်နှမနှစ်ယောက်တည်းဆိုတော့ အဲဒီအိမ်ကြီး ထဲ အတူတူနေစေချင်တာ၊ ချစ်သူတွေဘဝရောက်မှ အဲဒီကိစ္စနဲ့ပဋိ ပက္ခတွေဖြစ်မှာစိုးလို့ သင်ဇာ ပြောရတာပါ''

''ဩော် . . သင်ဇာရယ် ကိုယ်ကဘာများလဲလို့၊ ကိုယ်ကတစ် ကောင်ကြွက်ပါ၊ ဟိုဘက်မှာမနေရဘူး၊ ဒီဘက်မှာနေရမယ်၊ ကိုယ့် ဘာသာအိမ်ခွဲနေကြ၊ ဘာညာ ဟိုလိုဒီလို အမိန့်ပေးမယ်ပြောမယ့်သူ မရှိပါဘူး။ ကိုယ်အခုတစ်ယောက်တည်းနေတဲ့ တိုက်ခန်းကို ဒီအတိုင်း ပိတ်ထားရင်ထား၊ အငှားထားရင်လည်းထားပြီး ကိုယ်က သင်ဇာတို့ အိမ်မှာလိုက်နေရင်ဖြစ်တယ် မဟုတ်ဘူးလား''

''ဟင် . . တ . . တကယ်အဲလိုလုပ်မှာလားဟင်''

မြသင်ဇာ ဟန်မဆောင်နိုင်လောက်အောင် ပျော်ရွှင်သွားသည်။ သူ့အတွက်တော့ ဒီတစ်ခုပဲလိုအပ်တာပါ။

ဒီလိုသာဆိုလျှင် ကိုကြီးဘာအကြောင်းနှင့်မှ ကန့်ကွက်မှာ မဟုတ်တော့ပေ။ အားလုံးအဆင်ပြေပြေ အေးအေးချမ်းချမ်း ဖြစ်သွား



www.burmeseclassic.com

www.burmeseclassic.com



ပေလိမ့်မည်။ ဘုန်းနေလက သူမပခုံးလေးကို ဆုပ်ကိုင်ပြီး လေးလေး
နက်နက်ခေါင်းညိတ်ပြကာ

"တကယ်ပါ သင်ဇာ၊ ကိုယ်ကတစ်ကောင်ကြွက်ဘဝနဲ့နေလာ
ခဲ့ရတော့ မိသားစုနဲ့နွေးထွေးတဲ့ ဘဝလေးကို အရမ်းမက်မောပါတယ်
သင်ဇာရဲ့အစ်ကိုကြီးကိုလည်း ကိုယ့်အစ်ကိုလိုပဲ သဘောထားမှာပါ
သင်ဇာယောင်မကိုလည်း ကိုယ်အစ်မလိုပဲပေါ့၊ ကိုယ့်မှာ မမခိုင်နဲ့ ထွ
ကိုပဲ ကိုယ့်မွေးချင်းမောင်နှမလို သံယောဇဉ်ဖြစ်ပြီးနေလာခဲ့ရတာလေ"

"မမခိုင်နဲ့ တကယ်ရိုးရိုးသားသား မောင်နှမလို သံယော
ရှိတာပါနော်"

"အင်းပေါ့ သင်ဇာရဲ့၊ ရိုးရိုးသားသားပါ၊ ဘာဖြစ်လို့လဲ"

"သင့်ဇာကလေ"

"အင်း"

"မမခိုင်နဲ့ ဟိုလိုဒီလိုများလားလို့ သဝန်တိုနေတာ၊ မမခိုင်
ရှင့်ကို အရမ်းဂရုစိုက်တယ်မဟုတ်လား၊ ရှင်ကလည်း မမခိုင်နဲ့ဆို
မျက်နှာက ပြုံးနေတာပဲ၊ တကယ်မောင်နှမရင်းတွေတောင် ဒီလော
နွေးထွေးတဲ့ ဆက်ဆံရေးမျိုးမရှိကြဘူးလေ"

"ဪ . . မမခိုင်ကိုက ကြင်နာတတ် ဂရုစိုက်တတ်တာပါ
သင်ဇာကိုလည်း မြင်မြင်ချင်း တွေ့တွေ့ချင်း တန်းခနဲ ထမင်းခေါ်ကျွေ
ဂရုစိုက်တာပဲလေ၊ မိုးကိုလည်း အဲလိုပဲမဟုတ်လား၊ ချက်ချင်းပဲခင်သွား
တာပါ"

"အင်း . . ဟုတ်တော့လည်း ဟုတ်သားပဲနော်၊ မမခိုင်က
ဘယ်သူ့ကိုဖြစ်ဖြစ် နွေးနွေးထွေးထွေးဆက်ဆံတတ်တယ်"

"ဒါနဲ့ အဲလိုထင်ပြီး -သင်ဇာသဝန်တိုတာ ဘယ်အချိန်တည်း
ကလဲ"

"အဲဒီအိမ်မှာ ပထမဆုံးထမင်းစားတဲ့အချိန်ပေါ့၊ ဒီလော



ောင်သတိထားမိအောင် အကဲပိုနေတာကို"

"ဟာ . . ဒါဆိုအဲဒီအချိန်တည်းက ကိုယ့်ကိုသင်ဇာချစ်နေတာ
ပေါ့"

"ဟင် . . မ . . မဟုတ်ပါဘူး"

အရှက်သည်းစွာ မြသင်ဇာမျက်နှာနီနီဖြင့် ခေါင်းယမ်းနေသည်။
ောင်မလေး အငိုက်မိသွားပြီမဟုတ်ပါလား။ မြတ်နိုးစွာပင် သူမ ကိုယ်
လေးကို ဘုန်းနေလထွေးဖက်လိုက်သည်။

ဒီကောင်မလေးရဲ့ အချစ်ကိုရနေပြီမို့ ဒီအချိန်မှာ တခြားစကား
တွေ ဘာတွေမပြောချင်သေး။ ဘဝမှာတစ်ခါမှ မရဘူးသေးသောအရာကို
ရလိုက်သလို သူဝမ်းသာအားရ ကျေနပ်ကြည်နူးသွားခဲ့သည်။

တောင့်တမှုတွေ ပြည့်စုံသွားပြီဟုလည်း ခံစားရ၏။
မင်းကို ကိုယ်တကယ်ချစ်သွားမိခဲ့တာပါ မြသင်ဇာ . .။

***

www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၁၅)

"ဘာ. . . ညီမလေးမှာ ချစ်သူရှိနေပြီဟုတ်လား၊ ဘယ်လို လူစားလဲ၊ ဘယ်ကလဲ၊ ဘာလုပ်တာလဲ"

"မောင်ရယ် ဖြည်းဖြည်းမေးပါ၊ ပြောချင်လို့ပဲ ဖွင့်ပြောနေတဲ့ ဥစ္စာပဲ သိရမှာပေါ့"

"မောင်က စိုးရိမ်လို့ပါ၊ ညီမလေး လူလည်ပိုင်းလုံးတွေ ပေါ်ပေါ် နေ ပေါ့ပေါ့တား အပေအတေတွေနဲ့တွေ့မှာစိုးလို့ပါ"

"အဲလိုမဟုတ်ပါဘူးကိုကြီး၊ သူက ကိုကြီးတို့အသက်အရွယ်ပါ ညီမလေးထက် ငါးနှစ်ကျော်လောက် အသက်ကြီးပါတယ်၊ လူကြီးလူ ကောင်းလုပ်ငန်းရှိတဲ့သူတစ်ယောက်ပါ"

"လူတစ်ယောက်ကို အပေါ်ယံကြည့်ပြီး အကောင်းမမြင်သင့်ဘူး ညီမလေး၊ လူရဲ့ကိုယ်ပေါ်မှာ အရေပြားနဲ့ဖုံးအုပ်ထားသလို၊ လူရဲ့အကျင့် စရိုက်တွေကိုလည်း ပကာသနတွေနဲ့ ဟန်ဆောင်ထားတတ်တယ် အတွင်းကျကျလေ့လာပြီးမှ ဆုံးဖြတ်သင့်တယ်"

"မောင်ကလည်းလေ၊ သင်ဇာလေးပြောတာနားထောင်ပါဦးဆို သူချည်းဖွတ်ပြောနေတော့တာပဲ၊ မောင့်သဘောထားကို အစကတည်းက ပြောပြထားတဲ့အတွက် အဆင်ပြေတဲ့သူပဲ သင်ဇာရွေးထားတာဖြစ်မှာပါ"

ရွှေဝတ်လွှာပြောလိုက်မှ မြတ်ဦးမောင် ငြိမ်သက်စွာနှင့် မြသင်ဇာ





ပြောမည့်စကားကို နားစွင့်လေသည်။ မြသင်ဇာက အားလုံးကိုကြီး စိတ်ကြိုက် ကိုကြီးသဘောအတိုင်းဖြစ်မည့်သူမို့ ရဲရဲဝံ့ဝံ့လေးဖြစ်လို့နေ သည်။

"သူက ကိုယ်ပိုင်တိုက်ခန်းနဲ့ဆိုပေမယ့် သင်ဇာတို့နဲ့လာနေ မယ်လို့ ပြောပါတယ်၊ ကိုကြီးနဲ့ မမဝတ်လွှာကိုလည်း အစ်ကိုရင်း၊ အစ်မ ရင်းတွေလို သဘောထားမှာပါ၊ သူ့မှာကျောထောက်နောက်ခံမိသားစု မရှိဘူးလေ၊ သူက နွေးထွေးတဲ့မိသားစုဘဝလေး လိုအပ်နေတာပါ"

"အဲဒါ သူ့အပြောပဲလား"

"ညီမလေးကိုယ်တိုင်လေ့လာပြီးသားပါ၊ တခြားသူမဟုတ်ပါ ဘူး ညီမလေးကြောင့် ကားမီးလုံးကွဲလို့တောင် လျော်လိုက်ရသေးတယ် လေ"

"ဩော်. . . သင်ဇာတို့က အဲလိုရေစက်ဆုံကြတာလား၊ ဒီလို အဆင့်အတန်းထဲကဆိုရင်တော့ မဆိုးပါဘူးကွယ်၊ သင်ဇာထက် အသက် ကြီးတော့ မှီလည်းမှီရမှာပေါ့၊ ဒီလိုလုပ်လေ၊ ကိုကြီးနဲ့မမ အကဲခတ်လို့ရ အောင် အိမ်ကိုထမင်းစားဖိတ်လိုက်ပေါ့"

"မောင်က အခုတလောအလုပ်များနေတယ် ဝတ်လွှာရဲ့၊ ညသည်ကို ဖိတ်ပြီးဧည့်မခံနိုင်ရင်မကောင်းဘူး၊ ညဘက်တွေ့ဖို့ကျ တော့လည်း အဆင်မပြေဘူးလေ"

"ဒါဆို ဝတ်လွှာ စကားပြောကြည့်လိုက်မယ်လေ၊ သင့်တော်၏ မသင့်တော်၏ ဝတ်လွှာလည်း အကဲခတ်တတ်ပါတယ်၊ သက်တူရွယ်တူ ဆိုရင် စကားပြောလို့လည်း အဆင်ပြေမှာပါမောင်ရဲ့"

"အင်း. . . အဲဒါလည်း ကောင်းပါတယ်၊ ညီမနဲ့ပတ်သက်တဲ့သူ ကို မောင်လည်းစကားစပြောရမှာ တစ်မျိုးပဲ"

"အဲဒါပေါ့ နှမလင်ဒေ မောင်ဖင်ကျိုန်းဆိုတာ"

သုံးယောက်သား ရယ်မိကြသည်။ သင်ဇာလည်း အင်မတန်ဖြစ်သူ



www.burmeseclassic.com

www.burmeseclassic.com



ကို ပြောပြရတာ ရှက်ကိုးရှက်ကန်းရယ်ပါ။

ယောက်မဖြစ်သူ မမဝတ်လွှာက ဖေးမစောင့်ရှောက်မှုရှိနေလို့တော်သေးသည်။ တကယ်ကို အစ်မရင်းထက် အားကိုးရသည့်ယောက်မကောင်းရထားတာပါ။

"မမဝတ်လွှာ . . ဟိုလေ သူ့ကိုလည်း နွေးနွေးထွေးထွေးဆက်ဆံပေးပါနော်၊ ဆွေမရှိ မျိုးမရှိ တစ်ကောင်ကြွက်လေးမို့ပါ၊ သူ့ဘဝသူ ဒီအခြေအနေမျိုးဖြစ်အောင် သူ့ဘာသာရပ်တည်ခဲ့ရတာ"

"အဲဒါကောင်းတာပေါ့ကွယ်၊ ဆွေမျိုးအသိုက်အဝန်းပါလာရင် ရှုပ်နေဦးမှာ၊ ဟိုဟာဖြစ်တယ် ဒီဟာဖြစ်တယ်နဲ့လေ၊ မမတို့ကလည်း မိသားစုနည်းတော့ အဆင်ပြေတာပေါ့"

"ကိုယ်တွေချည်း အဆင်ပြေတာပြောမနေနဲ့ဦး၊ ဝတ်လွှာ မိဘတွေဆီ ဆန်အိတ်တို့ ဆီပုံးတို့ ပို့လိုက်ဦးလေ၊ လစဉ်လွှဲနေကျငွေလည်း လွှဲလိုက်ပါဦး၊ သူတို့မှာ အသက်ကြီးပြီဆိုတော့ ဆေးဖိုးဝါးခက လိုအပ်နေမှာပဲ"

"မောင်လေးနဲ့ ညီမလေးလည်း အလုပ်လုပ်နေပါပြီ မောင်ရဲ့ ဝတ်လွှာတို့ ငွေမပို့လည်းရပါပြီ"

"အဲလိုလည်း ဘယ်ဟုတ်မလဲ၊ ဝတ်လွှာက သမီးအကြီးလေ မိဘတွေမသေမချင်း၊ နောက်ဆုံးသေသွားလည်း ဝတ်လွှာမှာတာဝန်ရှိတယ်၊ မောင်တို့မှာ တခြားလူကြီးမိဘလည်း ထောက်ပံ့ပြုစုစရာမှမရှိတာ၊ ကုသိုလ်ရပါတယ်ကွာ၊ ပေးလိုက်ပါ၊ မောင်တို့စီးပွားလည်း ယုတ်လျော့သွားတာမှမဟုတ်တာ"

"ဟုတ်ပါပြီ မောင်ရယ်၊ မောင့်ကိုကျေးဇူးတင်ပါတယ်"

တကယ်ကို ရင်ထဲကလှိုက်လှိုက်လှဲလှဲကျေးဇူးတင်မိခြင်းဖြစ်သည်။ ကိုယ့်မိသားစုရဲ့မပြည့်စုံမှုတွေကို ဖြည့်ဆည်းပေးမည့်သူမို့ မြတ်နိုးမောင်ကို လက်ထပ်ခဲ့တာပါ။ ထင်ထားသလို အားလည်းကိုးခဲ့ရသည်





ဘူ ပြောရမည်။ မိဘတွေကို အထောက်အပံ့ပြုသလို မောင်လေးနှင့် ညီမလေးရဲ့ ပညာရေးကိုလည်း ဆုံးခန်းတိုင်သည်အထိ တာဝန်ယူခဲ့သည်။

အခုလည်း သူပဲအလုပ်သွင်းပေးထားတာပါ။ သူပိုင်သော ကုမ္ပဏီမှာ နှစ်ယောက်လုံး လစာကောင်း၊ နေရာကောင်းသည့်ရာထူး တွေရထားကြသည်။ ဒါတောင် မိဘတွေကိုထောက်ပံ့ပေးနေသည့် စေတနာက ဘယ်လောက်တောင်ကြီးမားလိုက်ပါသလဲ။

"ကဲ . . ဝတ်လွှာ၊ မောင်ကုမ္ပဏီသွားတော့မယ်"

"ရှင် . . ဟုတ် . . ဟုတ်ကဲ့"

"ညစာကို မောင်ကြိုက်တဲ့ငါးဘတ်မွှေကြော်လေးလုပ်ထားနော်"

"ဟုတ်ကဲ့ပါမောင်ရဲ့၊ ဈေးသွားတာနဲ့ဝယ်ခဲ့မယ်၊ သင်ဇာလေးရော ဘာစားမလဲ"

"သင်ဇာက ရပါတယ်မမရဲ့၊ မမလက်ရာဆို အကုန်ကြိုက်တယ်၊ ဪ . . သင်ဇာ့ကို ချက်နည်းပြုတ်နည်းတွေ သင်ပေးဦးနော်၊ သင်ဇာလည်း တတ်ထားသင့်နေပြီ"

"အောင်မယ် . . အရင်က ဒီလောက်စိတ်မဝင်စားပါဘူး သင်ပေးတာတောင် မနည်းစည်းရုံးရတယ်"

"ဟင်း . . ဟင်း၊ အခု မမသင်ပေးထားတာထက်ကို သင်ဇာ တတ်နေပြီနော်၊ ကိုဝဏ္ဏအစ်မ မမခိုင်သင်ပေးတာ"

"အဲဒီ ကိုဝဏ္ဏအစ်မဆိုတာက . ."

"ကိုကြီးတို့ မီးလုံးပိုးသွားပွဲတုန်းက တွေ့ခဲ့တဲ့လူရဲ့အစ်မလေ၊ သူနဲ့ဆိုရင် မိသားစုလိုနေကြတာပေါ့"

"ဪ . . အင်းအင်း ကောင်းတာပေါ့"

ကိုကြီးက ဒါပဲပြောပြီး ထွက်သွားသည်။ ကိုကြီးရော၊ မမ



www.burmeseclassic.com

www.burmeseclassic.com



ဝတ်လွှာရော ဘုန်းနေလအကြောင်းပြောသည့်အခါမှာ ဘာမှအတိုက်အခံ မလုပ်ကြ၍ တော်ပါသေးသည်။ တွေ့ပြီးလျှင်လည်း အဆင်မပြေစရာ အကြောင်းတော့မရှိပါ။

ဘုန်းနေလက ရည်ရည်မွန်မွန် ခုံခုံညားညား တည်ငြိမ်ရင့်ကျက် သူမဟုတ်လား။ ကိုကြီးတို့ စိတ်တိုင်းကျမှာသေချာနေတာမို့ သူမကြည့်ပြီး တော့ ပျော်နေမိသည်။

ဘုန်းနေလဆိုတဲ့လူကြီးရေ. . သင်ဇာ ရှင့်ကို ကိုကိုလို့ခေါ်မယ် နော်။

ရင်ထဲမှာ ကြည်နူးကျေနပ်ခြင်းများနှင့် . . . . ။

* * *

# အခန်း (၁၆)

"ဒါဆို မင်းတို့ချင်းအဆင်ပြေသွားပြီပေါ့၊ အဖြေပေးတာမြန်လှ ချည်လား"

"ဒီလိုပဲ မင်းတို့ထက်နောက်ကျသွားမှာစိုးလို့ ဖွတ်လောလိုက်ရ တာပေါ့၊ ဒါနဲ့ မင်းနဲ့မိုးလည်း အိုကေသွားတယ် မဟုတ်လား"

"အေး. . ဆိုပါတော့၊ သင်ဇာက ပြန်မလာတော့၊ သူ့ဒေါက် ဒီနှုပ်နဲ့အဆင်မပြေဖြစ်နေတာကို တွဲပို့ရတယ်လေ၊ ငါလည်း အခွင့်အရေး ရတုန်း ချစ်တယ်လို့ပြောလိုက်တယ်"

"ဘာပြန်ပြောလဲ၊ လက်သီးနဲ့ထိုးရောလား"

"ပထမတော့ အံ့သြသွားပြီး လက်သီးနဲ့ထိုးမလို့ပဲကွ၊ ငါက ထိုးချင်လည်း ထိုးပါဆိုပြီး မျက်နှာတိုးပေးလိုက်တော့ သူမထိုးရက်ဘူး ဖြစ်သွားတာ၊ နောက်တစ်ခါ ခင်ဗျားအဲလိုစကားပြောရင် အသေပဲတဲ့"

"အဲဒါဆို သေချာပြီ၊ ခဏခဏသာပြောပေတော့"

"မင်းကလည်း ငါ့ကိုသေကြောင်းကြံနေပြန်ပြီ"

ပြောပြီးနှစ်ယောက်သားရယ်မိကြသည်။ သူတို့ရယ်သံကြောင့် မခိုင်က ညှော်ခန်းထဲဝင်လာပြီး . . .

"သူငယ်ချင်းနှစ်ယောက် ဘာတွေရယ်စရာတွေ့နေတာလဲ"

"ဝဏ္ဏလေ၊ ယောက်ျားလျာမိုးကို ချစ်တယ်လို့သွားပြောတာ၊

www.burmeseclassic.com



ဟိုက သူ့ကိုလက်သီးနဲ့ထိုးမလို့တဲ့''

''မင်းကလည်း မထိုးရက်ပါဘူးဆို၊ ပါးစပ်ကပဲ စကားအနိုင်ရအောင်ပြောသွားတာ''

ဝဏ္ဏတို့ကတော့ မိုးမိုးကျော်နှင့်ပတ်သက်လျှင် လုံးဝဆတ်ဆတ်ထိမခံပေ။ မမခိုင်က ပြုံးလျက်

''မိုးကချစ်စရာလေးပါ၊ သူမင်းကိုချစ်ရင်တော့ ပြောင်းလဲလာမှာပေါ့''

''ဟာ. . ပြောင်းလဲတယ် ပြောင်းလဲတယ်၊ မနေ့က မိန်းကလေးလိုဝတ်လာတာ လှလိုက်တာမှ မပြောပါနဲ့တော့ မမရယ်၊ တကယ့်ကိုနတ်သမီးလေးအတိုင်းပဲ''

''မင်းကတော့လွန်တယ်၊ ဒီလောက်လည်း မဟုတ်ပါဘူး၊ သင်ဇာကမှချောသေးတယ်''

''မင်းမျက်စိထဲမှာတော့ သင်ဇာက ချောချင်ချောမှာပေါ့၊ ဗိုမျက်စိထဲမှာတော့ မိုးက ဘယ်သူနဲ့မှ ယှဉ်လို့မရဘူး''

''ကဲ. . လူပျိုကြီးတွေ၊ အခုမှအချစ်နဲ့တွေ့ပြီး အရူးအမူးတွေဖြစ်နေကြတယ်၊ နည်းနည်းပါးပါးလည်း သတိထားကြဦး''

မမခိုင်ပြောမှ နှစ်ယောက်သား ရှက်ဖို့သတိရကာ ဣန္ဒြေဆယ်လိုက်ရသည်။ မမခိုင်က အလေးအနက်တွေးဆလျက်. .

''နေလက သင်ဇာ့ကိုလက်ထပ်ဖို့ ရည်ရွယ်ထားတာလား''

''ဟုတ်ကဲ့ မမခိုင်၊ ကျွန်တော့်အသက်အရွယ်နဲ့ အတည်တကျမိသားစုဘဝလေးတည်ဆောက်ပြီး နွေးနွေးထွေးထွေး ပျော်ပျော်ရွှင်ရွှင်လေးနေချင်တယ်''

''အင်း ကောင်းပါတယ်၊ သင်ဇာက အိမ်ထောင်ရှင်မကောင်းလေးဖြစ်မယ့်ပုံစံပါ၊ အဲဒါနဲ့ သူ့အသိုင်းအဝိုင်းဘက်ကရော အခြေအနေဘယ်လိုရှိလဲ မင်းကိုလက်ခံဖို့''

''ဟုတ်ကဲ့. . သင်ဇာပြောတဲ့ကိစ္စတွေက ကျွန်တော်မလိုက်





လျောနိုင်စရာအကြောင်းမှမရှိတာ၊ သူ့အစ်ကိုက မောင်နှမနှစ်ယောက်တည်းမို့၊ သင်ဇာရဲ့အိမ်ထောင်ဖက်ကို သူတို့အိမ်မှာပဲ လိုက်နေနိုင်ဖို့တင်းတင်းကျပ်ကျပ် သတိပေးထားတယ်ထင်တယ်''

''အင်း. . အဲဒီကိစ္စက မင်းလိုက်နေရင်ပြီးသွားပြီ၊ တခြားတောင်းဆိုတာမျိုးရောရှိလား''

''ကျွန်တော့်အကြောင်း သူ့အစ်ကိုနဲ့ ယောက်မကိုဖွင့်ပြောပြီးရင်တော့ တစ်ခုခုဘယ်လိုအကြောင်းလာဦးမလဲ မသိဘူး''

''အေး. . အဆင်မပြေစရာအကြောင်းတော့ မရှိလောက်ပါဘူး၊ မင်းဘက်ကလည်း ပြည့်စုံသင့်သလောက် ပြည့်စုံနေပြီပဲ၊ မမခိုင်ဝမ်းသာပါတယ်၊ စိတ်ပူတာတော့ ဝဏ္ဏအတွက်ပါ၊ တစ်ခါမှမချစ်ဖူးဘဲနဲ့ ယောကျ်ားလျာကို သွားကြိုက်ရသတဲ့၊ ဘာတွေဖြစ်ကြဦးမလဲ မသိဘူး''

ပြောပြီး မမခိုင်ရယ်သည်။ ဝဏ္ဏလည်း ရှက်ရယ်ရယ်လျက်မျက်နှာကြီးနီနေသည်။ သူက ဝဏ္ဏခါးကိုတစ်တောင်ဖြင့် တို့လိုက်ပြီး

''မင်းမစည်းရုံးနိုင်ရင် သင်ဇာကူညီပေးလိမ့်မယ်၊ ပူမနေနဲ့၊ အဲဒီနေ့ကလည်း သင်ဇာတို့ အဲဒီပုံစံနဲ့ရအောင်ခေါ်ထုတ်လာတာ''

''ထင်ပါတယ်၊ သင်ဇာတို့ အစွမ်းအစပဲဖြစ်လိမ့်မယ်လို့၊ ဒါပေမဲ့ကွာ သူဘယ်လိုအဝတ်အစားဝတ်ဝတ်ပါ၊ တစ်မျိုးစီ ချစ်စရာကောင်းနေတာပါပဲ''

''မမခိုင်ရေ. . မမခိုင်မောင် ရောဂါရင့်နေပြီ၊ အချစ်ရူးပါဆိုပြီး ရှာသာကြီးပို့ချင်ပို့လိုက်တော့''

မမခိုင်က မောင်ကိုအပြစ်မတင်ဘဲ ရယ်နေသည်။ ဒီကောင်ရဲ့သည်းသည်းလှုပ်ရစ်ကိုက်မှုတွေကြောင့် မိုးလည်း မကြာခင် စိတ်ယိုင်လာလိမ့်မည်ဟု ယုံကြည်သည်။

ကိုယ့်လိုပဲ၊ ဝဏ္ဏလည်းကံကောင်းပါစေဟု ဆုတောင်းနေမိကာ။

* * *



www.burmeseclassic.com

www.burmeseclassic.com

# အခန်း (၁၇)

ဒီနေ့တော့ ချစ်သူဖြစ်သောအထိမ်းအမှတ်နှင့် အားလုံးကို
ဟိုတယ်မှာညှော်ခံလိုက်သည်။ မမခိုင်တစ်ယောက်ပဲ အိမ်ကနေခေါ်ထုတ်
လို့မရတာပါ။ သူ့ဘက်က ဝဏ္ဏပါသည်။

မြသင်ဇာဘက်က ဝေဝေလွှင်ရော၊ မိုးမိုးကျော်ပါ ပါလာ

စိတ်ကြိုက်အစားအသောက်တွေမှာစားကြပြီး ဘုန်းနေလ
မြသင်ဇာတို့အတွဲကို အဆင်ပြေပါစေဟု ဆုတောင်းပေးကြသည်။

''အဆင်မပြေမှာတော့ မပူနဲ့ဟေ့၊ ကိုကြီးနဲ့ယောက်
ကိုနေလကို ထမင်းစားဖိတ်နိုင်းထားတယ်၊ အလွှာပ သလွှာပ
ပြောချင်လို့နေမှာပေါ့''

''ဟဲ့..ဆွေပြမျိုးပြခေါ်တွေ့တာနေမှာပေါ့၊ မင်္ဂလာဆောင်
တစ်ခါတည်း ရွေးချင်ရွေးနေမှာနော်၊ ကိုနေလမှာသဘောမတူ
အကြောင်းမှမရှိတာ''

''ဟုတ်တယ်၊ နင့်အစ်ကိုရော ယောက်မရော တွေ့လိုက်တာ
သဘောတူမှာပါ၊ ဒီလူက ရုပ်လည်းချော၊ ဥစ္စာလည်းပေါနေတာကို''

မိုးမိုးကျော်က မနာလိုမဖြစ်တော့ဘဲ ဝင်ပြောပေးသည်။
က စိတ်မျိုးဆိုလျှင် ယောကျ်ားမယူနဲ့ ငါ့ကိုယူဟုတားနေ ကန့်ကွက်
ဦးမှာပါ။





အခုတော့ ကိုဝဏ္ဏအပေါ် စိတ်ယိုင်နေတာကြောင့် အကောင်း
မြင်စိတ်လေးဝင်နေတာဖြစ်လိမ့်မည်။ ဘုန်းနေလက ဘဝမြင့်သွားသလို
ကော်လံစကိုမကာ ပခုံးကိုတွန့်ပြီး ...

''ဟုတ်တယ်နော်၊ အမျိုးကောင်းသားလေးကို ဘယ်ယဘော
တွေ့ဘဲရှိပါ့မလဲ၊ ပျိုတိုင်းကြိုက်တဲ့ နှင်းဆီခိုင်လေ''

''ကိုကိုနော်၊ ဘယ်သူ့ကိုမှမကြိုက်ရပါဘူး''

''ဟယ်..ချက်ချင်းကြီး ကိုကိုတွေ ဘာတွေဖြစ်သွားပါလား၊
မြသင်ဇာတို့ မြုံထားတာ သိသာတယ်ဟေ့''

''ဟုတ်လား သင်ဇာ၊ ကိုယ့်ကို ကိုကိုလို့ခေါ်လိုက်တာလား''

''မသိဘူးသွား''

ဘုန်းနေလ ရင်ဘတ်ကို လက်သီးဆုပ်လေးနှင့်ထုကာ မြသင်ဇာ
မျက်နှာလေး ရဲတွတ်နေသည်။ ဘုန်းနေလက အသည်းယားကာ လူတွေ
ရှေ့မှာပင် ဟန်ဆောင်ထိန်းချုပ်မနေနိုင်တော့ဘဲ မြသင်ဇာနဖူးလေးကို
နှုတ်ခမ်းနဲ့ နမ်းမွှေးပစ်လိုက်၏။

''ဟာ..ဘာမှန်းမသိဘူး''

မြသင်ဇာ လွန့်ခနဲရုန်းကာ ဆော်လိုက်တော့ အားလုံးဝိုင်းရယ်ကြ
သည်။ ပြည့်စုံမှုရှိသော ဘဝရောက်မှ ချစ်သူရတာတောင် ပျော်စရာ
ကောင်းမှန်း ခုမှသိတော့၏။

မပြည့်စုံ ချို့တဲ့သောအချိန်တွေကတော့ ရင်မောစရာ ငိုကြွေး
ရာတွေနှင့် အသည်းကွဲကျန်ခဲ့ရတာပါ။

ဒီအကြောင်းတွေကို မြသင်ဇာကို ဖုံးကွယ်ထားလို့ကောင်းပါ့
လား။ အိမ်ထောင်ကျခဲ့တာ်မဟုတ်ပေမယ့် အချစ်ဦးရှိခဲ့သည်ဆိုတာ
မြသင်ဇာကို အသိပေးသင့်သည် ထင်သည်။

သူမမှာ အချစ်ဦးရှိခဲ့သည်ဆိုလျှင်လည်း ခွင့်လွှတ်နားလည်ပေး
မှာပါ။



www.burmeseclassic.com

www.burmeseclassic.com



"ကဲ... မင်းတို့ အေးအေးဆေးဆေးစားကြသောက်ကြကွာ။ ငါတို့ချစ်သူနှစ်ယောက် အေးချမ်းတဲ့နေရာလေးမှာ ရှေ့ရေးအတွက် တိုင်ပင်ဆွေးနွေးလိုက်ဦးမယ်"

"ဟာ... အဲလိုထားသွားလို့မရဘူးနော်"

"မင်းက မနေခဲ့ချင်ဘူးလား"

မျက်စပစ်ပြီးပြောလိုက်တော့ ဝတ္တုကျော့နှပ်ကာ ပြုံးဖြီးဖြီး သွား၏။ ဝေဝေလွင်ကလည်း အလိုက်တသိပင်။

"ငါက အိမ်ကိုသိပ်မကြာဘူးလို့ ပြောထားခဲ့လို့ ပြန်ရမှာ မိုး နင်နေရဲတယ်မဟုတ်လား"

"ဘာလို့မနေရဲရမှာလဲ၊ ငါသရဲလည်း မကြောက်ဘူး၊ တစ္ဆေ လည်း မကြောက်ဘူး"

"အေး... အဲဒါဆိုနေခဲ့၊ သင်ဇာ နင်တို့လည်းသွားတော့"

သုံးယောက်သား တစ်ယောက်နှင့် တစ်ယောက်မျက်စပစ်ကာ ဖွတ်ထွက်ကြတော့ ဝတ္တုနှင့် မိုးမိုးကျော်တို့နှစ်ယောက်တည်းကျန်ခဲ့ကြ သည်။ မိုးမိုးကျော်က ယောကျ်ားလေးအဝတ်အစား ဝတ်ထားပေမယ့် အရင်လို တင်းမာခက်ထန်မှုတွေ သိပ်မရှိတော့ပါ။

"မိုး"

"ဘာလဲဗျ"

ဝတ္တုက နူးညံ့စွာခေါ်လိုက်ပေမယ့် မိုးမိုးကျော် သိမ်မွေ့စွာ မထူးတတ်ပေ။ အချစ်ကြီးချစ်နေသော ဝတ္တုကတော့ အပြုံးပင်မပျက်ပဲ

"ဟိုလေ... သင်ဇာတို့အတွဲကို အားမကျဘူးလား"

"အားမကျပါဘူး၊ ဘာလို့အားကျရမှာလဲ"

"မိုး ချစ်မကြည့်ချင်ဘူးလားဟင်"

"ချစ်ဖူးသားပဲ၊ ကျွန်တော့်မှာ စော်အလန်းစားလေးတွေ အများကြီး၊ ခင်ဗျားကိုတောင် ပြန်မျှလို့ရတယ်"





"ကိုယ်ကတော့ အဲဒီအလန်းစားတွေကို မကြိုက်ပါဘူးကွာ၊ မင်းကိုပဲ ရင်ခုန်တာ"

"သေလိုက်ပါလား၊ ခင်ဗျား အဲလိုစကားတွေပြောရင် ကျွန်တော် ခွဲထိုးမှာလို့ပြောပြီးပြီနော်"

"မင်းလက်လှေးနဲ့ထိုးမှာ ကိုယ်အထိုးခံနိုင်ပါတယ်၊ ကိုယ်က မင်းကိုချစ်နေတာကိုး"

"ဟာ... ခင်ဗျားနော်"

မိုးမိုးကျော် ရှက်ရမ်းရမ်းကာ ဝတ္တုမျက်နှာကို တကယ်ထိုးပစ် လိုက်သည်။ ဝတ္တုက တကယ်မထိုးလောက်ဘူးအထင်နှင့် မရှောင်ဘဲ နေလိုက်မိ၍ နှာခေါင်းရိုးကို ခွပ်ခနဲထိုးမိသွားသည်။

"ဟာ... ခင်... ခင်ဗျား နှာခေါင်းကသွေးတွေထွက်လာပြီ"

မိုးမိုးကျော် လန့်ဖျပ်ကာ ပျာယာခတ်သွား၏။ ဝတ္တုကအပြုံး မပျက်ပေ။

"မင်းထိုးလို့ သွေးထွက်တာ ထွက်ပါစေ၊ ကိုယ်ကမင်းသတ် ချင်ရင်တောင် သေရဲပါတယ်"

"ဟာ... ခင်ဗျား အရူးစကားတွေ လျှောက်ပြောမနေနဲ့၊ သွေး တွေက အများကြီးထွက်နေပြီ၊ ဆေးခန်းသွားမယ်လာ"

"ဒီလောက်လေးကိုကွာ၊ ဆေးခန်းသွားစရာမလိုပါဘူး"

"မဖြစ်ပါဘူးဗျာ၊ သွေးတွေက အရမ်းထွက်နေတာ"

မိုးမိုးကျော် မိန်းမသားစိတ်မို့ အသည်းနကာ ငိုမဲ့မဲ့ပင်ဖြစ်လာ သည်။ သွေးတွေကိုမြင်ရတာ ဆိတ်လန့်နေမိပြီး ကိုယ့်ကြောင့် ဒီလိုဖြစ် သွားတာမို့ ကိုဝတ္တုကို သနားလည်းသနားနေမိလေသည်။ ကိုယ့်အပေါ် ဒီလောက် ကြင်ကြင်နာနာဆက်ဆံဖူးသူတစ်ယောက်မျှ မရှိပေ။

မိန်းကလေးတွေအပေါ်မှာ ကိုယ်ကပဲ ဂရုစိုက်ပေး၊ ကြင်နာပေး နေရတာပါ။ ဒါတောင် မိန်းကလေးတွေက သိပ်မဟုတ်ချင်၊ ယောကျ်ား



www.burmeseclassic.com

www.burmeseclassic.com



စပ်စပ်တွေလောက်ပဲ အထင်ကြီးချင်ကြတာ။

"အား. . ခေါင်း. . ခေါင်းတွေမူးလိုက်တာ"

"ဟင်. . တ. . တကယ်လား၊ သွေး. . သွေးထွက်လွန်တဲ့ ထင်တယ်၊ ကျ. . ကျွန်တော် ဘာလုပ်ပေးရမလဲ"

ဝဏ္ဏဟန်ဆောင်လိုက်တာကိုမသိဘဲ မိုးမိုးကျော် ပျာပျာသဲ ခြေမကိုင်မိ လက်မကိုင်မိဖြစ်နေသည်။ မျက်ဝန်းအိမ်မှာလည်း မျက်ရည် တွေ ရစ်ဝိုင်းနေ၏။

ဝဏ္ဏက ဒါကိုအခွင့်ကောင်းယူကာ. .

"ကိုယ်ခေါင်းတွေ အရမ်းမူးလို့ ခဏလောက်မှီထားပါရစေ ပြီးမှ ဆေးခန်းသွားရင်လည်း သွားလိုက်မယ်"

"အင်း. . ကျ. . ကျွန်တော့်ပခုံးပေါ်မှီထားလေ၊ ပြီးရင်တော့ ဆေးခန်းသွားရမယ်နော်၊ မသွားရင် ခင်ဗျားကို ကျွန်တော်မချစ်တော့ဘူး"

"ဟင်. . သွားရင်တော့ ချစ်မယ်ပေါ့၊ ဒါဆို အခုသွားမယ်"

"ဟာ. . ခင်ဗျားကောင်းသွားပြီပေါ့၊ ခေါင်းမမူးတော့ဘူးပေါ့"

ဝဏ္ဏအငိုက်မိသွားသော်လည်း ဟန်ဆောင်လိုက်ကာ မိုးမိုး ကျော်ပခုံးပေါ်ကို ဖွတ်တိုးမှီချလိုက်သည်။

"အား. . မူးတော့မူးတာပေါ့၊ ကိုယ်ဝမ်းသာသွားလို့ပါ။ အတိုင်းလေး ခဏလေးနေပါရစေနော်၊ ခဏလေးပါ"

"အင်း. . ခင်ဗျားသက်သာသလိုနေပါ" .

စိုးရိမ်စိတ်များနှင့် ဝဏ္ဏဟန်ဆောင်နေတာကိုပင် မိုးမိုးကျော် သတိမထားမိ။ ယောကျ်ားတစ်ယောက်ရဲ့ အထိအတွေ့မှာ မိုးမိုးကျော် မရှုန်းသာ မလွန့်သာဘဲ ရင်ခုန်သလိုလိုဖြစ်သွားခဲ့သည်။

နှလုံးသားနေရာက တလှပ်လှပ်ဖြစ်နေမှတော့ ဒါရင်ခုန်တာ ပေါ့။ ခင်ဗျားကြီးတော်တော်ဆိုးတာပဲဗျာ။

* * *



# အခန်း (၁၈)

ကန်ကို ရှုင်းလင်းစွာမြင်နေရသော ထိုင်ခုံနေရာလေးမှာ ထိုင် နေရင်း မြသင်ဇာကို ဘယ်ကစပြီး ဘယ်လိုပြောရမှန်းမသိသေးပေ။

ဝဏ္ဏတို့နှင့်အတူတူ စားသောက်လာခဲ့ပြီးပြီမို့ ကော်ဖီတစ်ခွက် သာ မှာသောက်ဖြစ်သည်။

မြသင်ဇာက သူ့ပခုံးလေးကိုမှီနွဲ့လာပြီး

"ဒီလိုကန်ပေါင်ကို မြင်နေရတဲ့ဆိုင်လေးမှာ ချစ်သူနဲ့ထိုင်ရမယ် လို့ တစ်ခါမှမတွေးဖူးဘူး၊ ကြည်နူးဖို့ကောင်းလိုက်တာ ကိုကိုရယ်"

"သင်ဇာ ချစ်သူနဲ့လာမထိုင်ဖူးဘူးလား"

"ဘယ်ကချစ်သူရှိလို့လာထိုင်ရမှာလဲ"

"တစ်ယောက်မှ မထားဖူးဘူးပေါ့"

"ဟင့်အင်း. . တစ်ယောက်နဲ့မှ ရင်မခုန်ဖူးဘူး၊ ကိုကိုကသင်ဇာ ရဲ့အချစ်ဦး၊ အရင်ဦးဆုံးချစ်သူ"

"ကိုကို အရမ်းကံကောင်းတာပေါ့နော်"

"အဲဒါကတော့ ကိုကိုယူဆချင်သလို ယူဆလေ၊ သင်ဇာ ကတော့ အမှန်အတိုင်းပြောတာပဲ၊ အဲဒါကြောင့် ကိုကို့ကို အရူးအမူး ဖြစ်သွားခဲ့တာထင်တယ်၊ ဒါလည်း ဖူးစာပါလို့ဖြစ်မှာပါ၊ ကျောင်းတက် တဲ့အချိန်တုန်းကရော၊ အခုသင်တန်းတွေတက်နေတော့ရော၊ သင်ဇာ့



www.burmeseclassic.com

www.burmeseclassic.com



ကို စိတ်ဝင်စားလို့ ချဉ်းကပ်တဲ့သူတွေမှ အများကြီး၊ သင်ဇာကတော့ တစ်ယောက်မှ စိတ်မဝင်စားပေါင်၊ ဒီကိုကို့ကို မြင်မှပဲ သင်ဇာချစ်တတ် သွားတာ''

''သင်ဇာရယ်''

ပန်းလေးကို ထွေးဖက်မိရင်း အချစ်ဦးရှိခဲ့ဖူးတာပြောဖို့အတွက် အားနာနေမိသည်။ ဒါပေမဲ့ သင်ဇာ့အပေါ် ဘာကိုမှဖုံးကွယ်မထားချင်

''သင်ဇာ''

''ရှင် ကိုကို''

''ဒီအသက်အရွယ်နဲ့ ကိုကို့ကိုချစ်သူရှိခဲ့ဖူးလားလို့ မမေးတော့ ဘူးလား''

''ဟင်း . . ရှိခဲ့လို့လား၊ အင်းလေရှိတော့ ရှိခဲ့နိုင်တာပဲ၊ အိမ် ထောင်ရှိတဲ့သူမဟုတ်ဘူးဆိုရင်ပဲ သင်ဇာကျေနပ်ပါပြီ''

''အိမ်ထောင်တော့ မကျခဲ့ဖူးပါဘူး။ ဒါပေမဲ့ ချစ်သူတော့ရှိ ဖူးတယ်''

''အခု သူကရော''

''အိမ်ထောင်ကျသွားပြီ၊ ကိုယ်လိုမပြည့်စုံတဲ့ကောင်ကိုထားပြီး အိမ်ထောင်ကျသွားပြီ''

''ကိုကိုက မပြည့်စုံဘူး''

''အဲဒီအချိန်တွေက မိဘမရှိ ဖမရှိ ဆွေမျိုးသားချင်းတွေဆီကပ်ပြီး ပညာသင်ဖို့ ကိုယ့်ဘာသာရုန်းကန်နေရတဲ့အချိန်တွေပေါ့၊ ကိုကို့ကိုထား ပြီး ပြည့်စုံတဲ့ကောင်နဲ့ အိမ်ထောင်ပြုသွားခဲ့တယ်၊ အခုချိန်လောက်ဆို ကလေးနှစ်ယောက် သုံးယောက်လောက်တောင်ရနေလောက်ပါပြီ''

''သူနဲ့အခုရော ဆုံဖြစ်သေးလားဟင်''

''ကိုကိုက အဲဒီအချိန်ကတည်းက နိုင်ငံခြားမှာအလုပ်လုပ်ဖို့ ထွက်သွားခဲ့တာလေ''





''အသည်းကွဲပြီး ကိုကိုတော်တော်ခံစားခဲ့ရမှာပေါ့နော်''

ဘုန်းနေလမဖြေသေးဘဲ ကော်ဖီကိုတစ်ငုံငုံလိုက်သည်။ ပခုံး ထားကခွာသွားသော မြသင်ဇာမျက်နှာလေးကို မြတ်နိုးစွာကြည့်နေ ရင်းဖြင့် . . .

''သင်ဇာ့ရှေ့မှ ကိုကိုဟန်လုပ်ပြီးဖြေတာတော့မဟုတ်ဘူး သင်ဇာ ယုံချင်မှလည်းယုံပါ၊ ပြောရရင် အဲဒီအချိန်က အသည်းကွဲဖို့ထက် ကိုယ့်ဘဝကိုယ်ပဲ မကျေမနပ်ဖြစ်နေခဲ့တာ၊ ဘာဖြစ်လို့လဲဆိုတော့ ကိုယ့် မပြည့်စုံမှုကြောင့် ထားခံခဲ့ရတာလေ။ ဒါကြောင့်ပဲ ကိုယ့်ဘဝကို ဒီလို ဖြစ်အောင်ကြိုးစားခဲ့တာ''

''အဲဒီနာကြည်းမှုတွေကို အခုထိသတိရနေတုန်းလား''

''ဟင့်အင်း . . အဲဒီအချိန်ကတည်းက မေ့ထားခဲ့တာပါ၊ ကိုယ့် အတွက်ကိုယ်ပဲ ကြိုးစားခဲ့တာလေ၊ မမခိုင်ရဲ့ အားပေးမှုကြောင့် အသည်း ကွဲနေဖို့တောင် အချိန်မရခဲ့ဘူး၊ ဝဏ္ဏရော ကိုယ်ရော အလုပ်လုပ်ဖို့ အတွက် နိုင်ငံခြားကိုထွက်သွားခဲ့ကြတာ''

''သြော် . . မမခိုင်က ကျေးဇူးရှိခဲ့တာပေါ့နော်''

သူခေါင်းညိတ်ပြကာ သက်ပြင်းတွေကို မှုတ်ထုတ်ပစ်လိုက်သည်။

''ဒီလိုဝန်ခံရတာ ကိုကို့ရင်ထဲပေါ့သွားတယ်၊ သင်ဇာက ကိုကို အချစ်ဦးမဟုတ်လို့ စိတ်မကောင်းမဖြစ်ပါနဲ့၊ အချစ်ဦးမဟုတ်ပေမယ့် သင်ဇာက ကိုကို့ရဲ့ အချစ်ဆုံးပါ''

''သင်ဇာယုံပါတယ်၊ ဒီလိုဖွင့်ပြောတဲ့အတွက်လည်း ကိုကို့ကို သင်ဇာ လေးစားပါတယ်''

''အဲဒီလို နားလည်ပေးတဲ့အတွက် ကိုကိုကျေးဇူးတင်ပါတယ် သင်ဇာ''

''ဒီစကားတွေပြောချင်လို့ ဒီကိုခေါ်လာတာလား ကိုကို''

''ရှေ့ရေးအတွက် တိုင်ပင်ချင်တာလည်းပါပါတယ်၊ ပြီးတော့



www.burmeseclassic.com

www.burmeseclassic.com



ဒီနေရာလေးက ကိုကိုတို့ချစ်သူနှစ်ယောက်အတွက် အထိမ်းအမှတ် နေရာလေးပေါ့၊ သင်ဇာ့ကိုတွေ့ချင်ရင် ဒီနေရာလေးကို ကိုကိုလာခဲ့မယ် သင်ဇာက တွေ့ချင်ရင်လည်း ဖုန်းဆက်ပြီး ကိုကို့ကို ဒီနေရာမှာချိန်းလေ၊ ကိုကိုတို့ရဲ့ဆုံရပ်လေးပေါ့၊ ချစ်သူနဲ့ ချိန်းထားတာကို ကန်ရေပြင်ကြီးကိုကြည့်ပြီး ကော်ဖီသောက်ရင်း စောင့်ရတာ ဘယ်လောက်ဖီးလ်ရှိလိုက်မလဲ''

ကိုကို့ရဲ့စိတ်ကူးယဉ်မှုလေးကို သဘောကျကာ သူမ ပြုံးမိလိုက်သည်။ ကိုကို့ရင်ခွင်မှာပြန်ပြီး မှီနွဲ့လိုက်ကာ

''သင်ဇာ့ကို တစ်သက်လုံးချစ်ပါနော် ကိုကို''

''အင်း . . တစ်သက်လုံးချစ်မှာပေါ့ သင်ဇာရဲ့၊ ကိုကိုက အကြာကြီးတောင် ခွဲမထားချင်ဘူး၊ အမြန်ဆုံးလက်ထပ်ချင်တာ''

''ဒါဆို ထမင်းစားဖိတ်တာကိုလာရင်းနဲ့ သင်ဇာယောက်ျားနဲ့ တိုင်ပင်လိုက်ပေါ့''

''ဟင် . . သင်ဇာ့အစ်ကိုကရော ရှိမနေဘူးလား''

''ကိုကြီးက ကိုကို့ကိုတွေ့ဖို့ မျက်နှာပူနေသေးတယ် ထင်ပါတယ်၊ ညီမနဲ့ပတ်သက်မယ့်သူဆိုတော့လေ၊ ပြီးတော့ ကိုကြီးက ဒီရက်ထဲ အလုပ်လည်း တော်တော်များနေတာ၊ ကိုကို့ကိုတွေ့ဖို့ အချိန်မပေးချင်လို့ မဟုတ်ပါဘူး''

''ဩော် . . ကိုကိုနားလည်ပါတယ်၊ သင်ဇာ့ယောက်မနဲ့တော့ အရင်ပြောကြည့်ရတာ အဆင်ပြေပါတယ်၊ သင်ဇာ့အပေါ်ကောင်းပေးတယ်ဆိုတော့ ကိုယ်လည်း ရင်းရင်းနှီးနှီး ဆက်ဆံပေးရမှာပေါ့''

ကိုကို့ရဲ့သိတတ်မှုကြောင့် ကိုကို့ကိုပို၍ လေးစားမြတ်နိုးသွားသည်။ သင်ဇာ့ကို ဒီလိုမျိုးတစ်သက်လုံး ထိန်ဖိုးထားပြီး ချစ်သွားပေးပါစေလို့ ရင်ထဲမှာဆုတောင်းမိရင်း . . .။

***

## အခန်း (၁၉)

ဒီနေ့ သင်ဇာတို့အိမ်ကို ဆွေပြမျိုးပြ မိတ်ဖြစ်ဆွေဖြစ် အသိအမှတ်ပြုခံရဖို့ လာခဲ့ရသည့်အတွက် အရင်နေ့တွေထက် သပ်သပ်ရပ်ရပ်ဆေးဝတ်လာမိသည်။ ကိုယ်ပိုင်ကားလေးကို ကိုယ်တိုင်မောင်းလာပြီး ကိုယ်ပိုင်လုပ်ငန်းလည်းရှိတာမို့ ကိုယ့်ကိုလက်မခံမှာ သဘောမတူဘူးလို့ ငြင်းဆန်မလွှတ်မှာကတော့ သေချာသည်။

ကိုယ့်ကိုယ်ကိုယ် ယုံကြည်မှုတွေဖြင့် သူရောက်လာသည့်အခါမှာ သင်ဇာက အပြေးလေးလာပြီးကြိုလေသည်။ ကားတံခါးဖွင့်ကာ အားပေါက ဆင်းလိုက်တော့ သင်ဇာက သူ့လက်မောင်းကိုလာပြီး ဖက်တွယ်၍ . .

''ကိုကိုစောသားပဲနော်၊ သင်ဇာကနေ့လယ်စာ စားချိန်အမီပဲ ထင်မယ်ထင်တာ''

''ဩော် . . ကိုကိုက နောက်ကျနေလို့ ဘယ်ကောင်းမှာလဲ သင်ဇာရဲ့၊ စကားတွေ ဘာတွေပဲပြောရဦးမယ်ဆိုတော့ စောထွက်လာခဲ့တာပေါ့၊ ဘာလဲ သင်ဇာက မကြိုက်ဘူးလား''

''မဟုတ်ပါဘူး၊ သင်ဇာက ကိုကို့အကြိုက်လေးတွေပြောပြီး မနေ့အတူချက်ပြုတ်နေတာ၊ ရေလည်းမချိုးရသေးဘူး၊ အလှလည်း မပြင်ရသေးဘူး''

www.burmeseclassic.com

www.burmeseclassic.com



"ဩော်. . သင်ဇာက ဒီအတိုင်းလေးလည်း လှပြီး ချောပြီးသားပါ၊ ဝဏ္ဏက သူ့မျက်စိထဲမှာ မိုးကနတ်သမီးလေးတဲ့၊ ကိုကို့မျက်စိထဲမှာလည်း သင်ဇာကနတ်သမီးလေးပဲ"

"ဟွန်း. . ပိုပြီ"

"မပိုပါဘူးဗျာ၊ တကယ်ပြောတာပါ"

"ကဲပါ. . မြှောက်မပြောလည်း ထမင်းတော့ကျွေးမှာပါနော် လာ ကိုကို၊ မမရွှေဝတ်လွှာနဲ့ မိတ်ဆက်ပေးမယ်"

"ဟင်. . ဘယ်. . ဘယ်သူ"

"သင်ဇာ့ယောက်မလေ ကိုကိုရဲ့၊ အားလုံးချက်ပြုတ်ပြီး ကိုကို့ကားသံကြားတာနဲ့ ဧည့်ခန်းထဲမှာထိုင်စောင့်နေတယ်"

"နာ. . နာမည်ပြောတာ ခုနက သင်ဇာခေါ်လိုက်တာ"

"ရွှေဝတ်လွှာလေ. . မမရွှေဝတ်လွှာ၊ ကိုကိုက အဲဒီနာမည်သိလို့လား"

"ဟင်. . မ. . မသိပါဘူး"

မဟုတ်ပါစေနဲ့။ နာမည်ပဲတူပါစေဟု ရင်ထဲက အကြိမ်ကြိမ်ဆုတောင်းမိလိုက်သည်။ ဒီနာမည်က သူနှင့်ရင်းနှီးပြီးသားပါ။

တကယ်ကိုရင်းနှီးပြီးသားပါ။ သူ့ရဲ့အချစ်ဦးဖြစ်ခဲ့ဖူးသူ ရွှေဝတ်လွှာ။

"ကိုကိုလာလေ၊ ဘာလုပ်နေတာလဲ"

"ဩော်. . အင်း"

သူဘာကြောင့်ကြောက်ရွံ့တွန့်ဆုတ်နေရသလဲ။ ဟုတ်ချင်ရင်တောင် သူနှင့်ဘာဆိုင်လို့လဲ။

သူမဆုံးဖြတ်ချက်နှင့် သူမထားရစ်ခဲ့ပြီး ကိုယ့်ဆုံးဖြတ်ချက်နှင့်ကိုယ် ဘယ်သူ့ကိုမဆိုချစ်ခွင့်ရှိတာပဲ။

"မမရေ. . ဧည့်သည်ရောက်လာပြီ"



"ဩော်. . အေး အေး"

"ကိုကို. . ဒါသင်ဇာ့ယောက်မ မမရွှေဝတ်လွှာ၊ မမ ဒါသင်ဇာ့ကိုကို ကိုဘုန်းနေလတဲ့"

"ဟင်"

ရွှေဝတ်လွှာ သွေးပျက်တုန်လှုပ်သွားရသည်။ နာမည်က ဘုန်းနေလ။ နာမည်က မတူပေမယ့်၊ လူကတော့ တစ်ယောက်တည်း တစ်ရုပ်တည်းပါ။

လင်းကို. . လင်းကိုပဲဖြစ်မှာပါ။

"ကျွန်တော် ဘုန်းနေလပါ"

"ရွှေ. . ရွှေဝတ်လွှာပါ"

အနောက်တိုင်းယဉ်ကျေးမှုလို လက်ကမ်းပေးလာ၍ နှုတ်ဆက်လိုက်ရသည့်အချိန်မှာ လက်ကိုဖျစ်ညှစ်ခံလိုက်ရ၍ မိမိရဲ့ရည်းစားဦး လင်းကိုဆိုတာ သေချာသွားခဲ့သည်။

ဒါ. . ဒါမောင့်ရဲ့ညီမလေး မြသင်ဇာရဲ့ချစ်သူ၊ လက်ထပ်မည့်သူဆိုလား။ ဟင့်အင်း. . ဟင့်အင်း ဘယ်လိုမှမဖြစ်နိုင်ပါ။ မဖြစ်သင့်ပါ။

"ကိုကို ထိုင်လေ၊ သင်ဇာရေချိုးပြီးမှ ထမင်းစားရအောင်နော်၊ ကော်ဖီသောက်ထားမလား။ သင်ဇာ သွားဖျော်လိုက်မယ်"

"သင်ဇာ. . မမသွားဖျော်လိုက်မယ်၊ သင်ဇာထိုင်ပါ"

လင်းကိုကို စေ့စေ့ကြည့်ဖို့တောင် ခက်နေတာမို့ ရွှေဝတ်လွှာ ဆတ်သုတ်သုတ်ထထွက်လာခဲ့သည်။ မီးဖိုခန်းထဲရောက်မှ လှုပ်ခတ်နေသော ရင်အစုံကိုလက်ကလေးနှင့်ဖိ၍ အသက်ကိုဝဝရှူကြည့်ရသည်။ ဒါဘယ်လိုဖြစ်ရတာလဲ။ တိုက်ပဲတိုက်ဆိုင်လှချည်လား။

မိမိရဲ့ရည်းစားဟောင်းက ယောက်မလေးရဲ့ချစ်သူတဲ့။

"မမဝတ်လွှာ အထွေးလေး ဘာလုပ်ပေးရဦးမလဲ"

"ဩော်. . အထွေးလေး ရ. . ရတယ်၊ ဧည့်သည်အတွက်

www.burmeseclassic.com

www.burmeseclassic.com



ကော်ဖီတစ်ခွက်ပဲဖျော်ရမှာပါ၊ အထွေးလေး လုပ်စရာရှိတာလုပ်ထေ
"ဟုတ်ကဲ့၊ မမဝတ်လွှာ နေမကောင်းဘူးလားလို့ပါ"
"ကောင်း. . . ကောင်းပါတယ်၊ ဘာမှမဖြစ်ဘူး၊ ရတယ်ရေ အထွေးလေး"

အထွေးလေးက မိမိအဖြစ်ကို စိုးရိမ်ပြီး အလိုက်တသိလာ ခြင်းဖြစ်သည်။ ဒီလိုက္ကန္ဒြေပျက်နေလို့မဖြစ်ပါ။

ဘယ်သူမှမသိအောင် ဟန်ဆောင်ပြီး လင်းကိုကိုရှောင်ထွ သွားအောင်ပြောရမည်။ ဘာသဘောနဲ့ မိမိယောက်မကိုမှကြိုက်ရတာလဲ

မိမိကိုလက်စားချေချင်လို့လား။ သူ့ကိုအသည်းကွဲအောင် ထ ရစ်ခဲ့လို့ မိမိကိုတိုက်ခိုက် တုံ့ပြန်ချင်သည့်သဘောလား။

"ကော်ဖီသုံးဆောင်ပါဦး"

လက်ကို မတုန်အောင်သတိထားရင်း လင်းကိုရှေ့မှာ ကော် ခွက်လေးချပေးလိုက်ရသည်။ လင်းကိုက ဣန္ဒြေမပျက်ပြုံးနေလျက်

"ဟုတ်ကဲ့ ကျေးဇူးပါ မရွှေဝတ်လွှာ"

"မမ. . . အခုပဲ မမအကြောင်းပြောနေတာ၊ သင်ဇာ့ယောက် က အရမ်းစိတ်သဘောထားပြည့်ဝတာ၊ ကိုကြီးအပေါ်လည်း သစ္စာ တယ်၊ ဖနီးကောင်းပီသတယ်၊ သင်ဇာ့ကိုလည်း ညီမလေးလိုချစ်တယ် စောင့်ရှောက်တယ်လို့"

"ဪ. . . အင်း"

"ဟိုလေ ကော်ဖီသောက်ရင်း မမနဲ့ခဏလောက်စကားပြော နေပါဦးနော်၊ သင်ဇာရေချိုးလိုက်ဦးမယ်၊ ပြီးမှထမင်းစားကြတာပေါ့"

"အင်း. . . သွားလေ သင်ဇာ၊ မြန်မြန်ချိုးနော် အအေးပတ်ေ မယ်"

"အင်းပါ ကိုကိုရဲ့၊ စိုးရိမ်နေလိုက်တာ တကယ်ပဲ"

"ချစ်လို့ စိုးရိမ်တာပေါ့ သင်ဇာရယ်"



မထိမဲ့မြင်ပြုံးပြီး ပြောလိုက်တာက မိမိကိုအရွဲ့တိုက်နေသလိုပင်။ မိမိကိုအငြိုးနှင့် လက်စားချေတိုက်ခိုက်ဖို့အတွက် သင်ဇာလေးကို အသုံးချ လိုက်တာ သေချာနေပြီမဟုတ်ပါလား။

"လင်းကို"

"မင်းမှတ်မိသေးသားပဲ ရွှေဝတ်လွှာ၊ ငါက မင်းယောက်ျားယူ သွားကတည်းက ငါ့ရုပ်ငါ့အသံအားလုံး မေ့ထားလိုက်ပြီအောက်မေ့တာ"

"နင်ဘာလို့ သင်ဇာလေးကိုချစ်ခဲ့တာလဲ"

"ဘာ"

"နင့်ငါ့ကိုလက်စားချေချင်လို့ သင်ဇာ့ကိုအသုံးချနေတာ မဟုတ် လား၊ သင်ဇာက ငါ့ယောက်မမှန်းသိလို့ ဒီလိုမျိုးအခြေအနေရောက် အောင်လုပ်ခဲ့တာမဟုတ်လား"

"ဟား. . . ရွှေဝတ်လွှာ၊ မင်းဘာတွေပြောနေတာလဲ၊ ဒီကိစ္စ ဒီလောက်တွေးတောင်မတွေးမိဘူး။ သင်ဇာ့ကို မင်းယောက်မမှန်း ငါတကယ်မသိ ခဲ့ဘူး။ သူ့ကိုငါချစ်လို့ ချစ်ခဲ့တာ၊ သူနဲ့ငါ့ရဲ့ဆုံဆည်းမှုက အရမ်းကို နှောင်းပါတယ်"

"နင်အပိုတွေမပြောနဲ့ နင်အသည်းကွဲခဲ့ရတာတွေအတွက် ဒီလို အကြံအစည်တွေရှိခဲ့တာဆိုရင် ရပ်တန့်ကရပ်လိုက်ပါ"

"ဟား"

ရွှေဝတ်လွှာ ပြောချင်တာတွေ ပြောနေတာကို သူသည်းမခံ နိုင်တော့။ အသံကျယ်ကျယ်ပေါက်ကွဲလို့လည်း မဖြစ်နှင့် ရင်ထဲမှာတင်း ကျပ်လာသည်။ ရွှေဝတ်လွှာက ခပ်ကြိတ်ကြိတ်အသံနှင့် . . .

"ဒါမှမဟုတ် နင်ငါ့ကိုစိတ်မပြတ်သေးလို့လား လင်းကို"

"မင်းကိုယ်မင်း အထင်ကြီးနေတာလား၊ ဘဝင်မြင့်နေတာလား ရွှေဝတ်လွှာ၊ ငါအရင်ကလင်းကိုမဟုတ်တော့ဘူး၊ အရာရာပြည့်စုံနေတဲ့ ဘုန်းနေလဖြစ်နေပြီ၊ အေး. . . မင်းသိအောင်ထပ်ပြောမယ်၊ ငါဆိုတဲ့

www.burmeseclassic.com

www.burmeseclassic.com



ကောင်က မိန်းမတစ်ယောက်ကိုနှစ်ခါထပ်မချစ်ဘူး။ အဲဒီမိန်းမအတွက်နဲ့ လက်စားချေလောက်အောင် ငါမရူးမိုက်ဘူး။ ဟိုအရင်အချိန်ကတည်းက မင်းကို ငါမေ့ထားခဲ့လိုက်တာ ရွှေဝတ်လွှာ''

''ဒါဆိုလည်း သင်ဇာနဲ့ကိစ္စမေ့လိုက်ပါ၊ လုံးဝမဖြစ်နိုင်ဘူး ဖြစ်ကိုမဖြစ်နိုင်တာ၊ နင်နောက်ဆုတ်လိုက်ပါ လင်းကို''

''ဟိုမှာ သင်ဇာလာနေပြီ''

မေးငေါ့ကာ ခပ်တိုးတိုးအသံပြုလိုက်တော့ ရွှေဝတ်လွှာ တီခနဲ အသံတိတ်ကျသွားပြီး မျက်နှာပါ ချက်ချင်းပြောင်းသွား၏။

''ဩော်.. သင်ဇာ ရေချိုးပြီးသွားပြီလား။ မမထမင်းပွဲပြင်လိုက် တော့မယ်လေ''

''သင်ဇာလည်း အတူတူပြင်မယ်လေ မမ''

''ရပါတယ်ကွယ်၊ အဲ့တွေးလေးနဲ့ ပြင်လိုက်ပါ့မယ်၊ သင်ဇာက ကိုဘုန်းနေလနဲ့ စကားပြောလိုက်ပါဦး။ ကိုဘုန်းနေလ ခဏလေးပါနော် ကျွန်မ ထမင်းပွဲပြင်လိုက်ဦးမယ်''

''ဟုတ်ကဲ့ပါခင်ဗျ၊ အေးအေးဆေးဆေးလုပ်ပါ၊ ကျွန်တော် မပြန် သေးပါဘူး၊ သင်ဇာနဲ့ တိုင်ပင်စရာတွေရှိသေးလို့''

ရွှေဝတ်လွှာ မျက်မှောင်ကြုတ်ကြည့်လျက်၊ သင်ဇာမမြင်အောင် ဘာမှမပြောဖို့ သတိပေးနေသည်။ သူလည်းပြောဖို့ မရည်ရွယ်ပါ။

သင်ဇာအနေခက်သွားနိုင်သလို သူတို့နှစ်ယောက်ဝေးသွားနိုင် သည့် ကြမ္မာဆိုးလည်း ဖြစ်သွားနိုင်သည်။

ရွှေဝတ်လွှာထွက်သွားသည့်အချိန်မှာ သင်ဇာ့ပခုံးလေးကိုဖက်၍ ဆံနွယ်လေးတွေကို ရှိုက်နမ်းလိုက်ပြီး

''ခေါင်းလျှော်လာတာလား၊ ရှန်ပူနံ့လေးက မွှေးနေတာပဲကွာ ပါးကသနပ်ခါးကရော မွှေးလားမသိဘူးနော်''

''ဘယ်သိမလဲ''

ရွှေပြည်သိမ်-စာပေ



''ကြော်ငြာတွေထဲကလို သိချင်ရင် မွှေးကြည့်လို့ပြောပါလား''

''အင်း.. မွှေးကြည့်''

ပါးလေးထိုးပေးလာတော့ သူအသည်းတွေယားသွားကာ ရင်ခုန် စိတ်လှုပ်ရှားပြီး ရှိုက်ခနဲ နမ်းမွှေးပစ်လိုက်သည်။ သင်ဇာက ခေါင်းလေး မော့ထားလျက်နှင့်ပင်..

''မမဝတ်လွှာနဲ့ စကားပြောရတာ အဆင်ပြေလားဟင် ကိုကို''

''အင်း.. ဘာအဆင်မပြေစရာရှိလဲ၊ ထွေထွေထူးထူးလည်း ပြောရသေးပါဘူး၊ ကိုကိုတို့အမြန်ဆုံးလက်ထပ်ကြမယ် သင်ဇာ၊ သင်ဇာ့ ကိုကြီးကိုပြောပါ၊ မြန်မြန်လက်ထပ်ချင်တယ်လို့''

''ဘာလို့လောတာလဲ ကိုကို၊ တစ်ခေါက်နှစ်ခေါက်တွေ့ပြီးရင် ခုလာကိစ္စ စကားပြောဖို့လည်း အဆင်ပြေသွားမှာပါနော် ကိုကို''

''အင်းပါသင်ဇာရယ်၊ ကိုကိုက သင့်ဇာနဲ့မခွဲနိုင်လို့ပါ''

''ဘာလို့ခွဲရမှာလဲ၊ သင်ဇာတို့ အခုလည်း တွေ့နေရတာပဲ''

မြသင်ဇာက သူဖြစ်ချင်သည့်ဆန္ဒတွေရဲ့ အဓိပ္ပာယ်ကိုနား ထားသည်။ သူမကိုမစွန့်လွှတ်နိုင်တာကတော့ အသေအချာပါ။ အခုရွှေ ဝတ်လွှာက ဘာတွေထင်မြင်ယူဆနားလည်မှုလွဲပြီး ကန့်ကွက်နေခဲ့ရတာ လဲ။ တကယ်ဆို ရွှေဝတ်လွှာနှင့် ချစ်ခဲ့ကြသည်က ဟိုးလွန်ခဲ့သည့် ငါး နှစ်ကျော်က အတိတ်မှာပါ။ သူမထားရစ်ခဲ့သော အတိတ်မှာချန်ထားခဲ့ သို့ ရနေတာပဲ။ သူအခုချစ်နေသော မြသင်ဇာက သူမရဲ့ယောက်မဖြစ် နေခဲ့နှင့် တိုက်ခိုက်နေစရာလား။

သူမကို ချစ်နေတော့မှာမဟုတ်ဘူးဆိုတာလည်း သိနေလျက် နှင့်....။

* * *

www.burmeseclassic.com

## အခန်း (၂၀)

"ဘာ။ ။ ဘယ်လိုဖြစ်တာလဲ၊ သင်ဇာရဲ့ယောက်မက မင်း
အရင်အချစ်ဦးလား၊ ဟိုတစ်ခါ ပိုက်ဆံလာပြီး အလျော်လာပေးတဲ့ ထ
ယောက်၊ သင်ဇာ့အစ်ကိုရဲ့ မိန်းမဆိုတာလေ"

ဝဏ္ဏအရမ်းကို အံ့သြနေသည်။ သူ့ချစ်သူရွှေဝတ်လွှာကို ဝဏ္ဏ
ကို တစ်ခါမှမိတ်ဆက်မပေးဖူးပါ။

သူနေရသော အဒေါ်တို့အိမ်ကို ဝဏ္ဏမှမရောက်ဖူးတာ။

"ငါလည်း အရမ်းအံ့သြသွားခဲ့တယ်၊ တွေ့နေတဲ့တစ်လျှော
လုံးမှာ သင်ဇာက သူ့ယောက်မနာမည်တစ်ခါမှ မပြောပြခဲ့ဘူး၊
နာမည်ပြောင်းထားခဲ့တာဆိုတော့ သင်ဇာက သူ့အိမ်ကိုပြောပြ
လည်း ရွှေဝတ်လွှာသတိထားမိမှာ မဟုတ်ဘူး၊ ဘာလို့လဲ၊ ကံကြမ္မာ
ဘာလို့ ဒီလောက်တိုက်ဆိုင်ရတာလဲ"

"ဟာ။ ။ ထားပါတော့၊ သင်ဇာက ရွှေဝတ်လွှာရဲ့ယောက်မ
ထားပါတော့၊ သူနဲ့ဇာတ်လမ်းက ပြီးသွားပြီလေ၊ အခု သင်ဇာနဲ့ ချစ်
သူကိုဘာထိနိုက်လို့လဲ၊ မင်းလက်ထပ်မှာ သင်ဇာကို သူနဲ့ဘာမှမဆိုင်
ဘူး"

"အဲဒါကို ငါနားမလည်တာ၊ သူက သူ့ကိုနာကြည်းသွား
ငါက သင်ဇာကို အသုံးချတာလို့ စွပ်စွဲတယ်၊ ရှင်းရှင်းပြောရရင် အသည်





ကွဲရတာကို မကျေနပ်လို့ သူ့ကိုပြန်တိုက်ခိုက်တာတဲ့"

"မဆိုင်လိုက်တာကွာ"

"အဲဒါမှမဟုတ်ရင် သူ့ကိုမမေ့နိုင်လို့လားတဲ့လေ၊ ငါကပဲ သူ့
အိမ်ထောင်ရေးမိသားစုအကြောင်း စုံစမ်းပြီး ဒီလိုဖြစ်အောင်ကြံစည်ထား
သလိုပဲ"

"ဟား။ ။ ဒီမိန်းမ ဘာတွေလာကြောင်နေတာလဲ၊ အဓိပ္ပာယ်
မရှိတာ၊ မင်းဘာဆက်လုပ်မလဲ"

"သူကနောက်ဆုတ်လိုက်ပါ၊ ရပ်တန်းက ရပ်လိုက်ပါတဲ့၊ ငါက
သင်ဇာ့ကို အမြန်ဆုံးလက်ထပ်ရအောင်လို့ ပြောခဲ့တယ်"

"ဒါအမှန်ပဲ၊ ဒီလိုပဲဖြစ်သင့်တယ်"

ဝဏ္ဏအားရကျေနပ်သွားသည်။ လူမိုက်အားပေးလုပ်ချင်တာမျိုး
မဟုတ်ဘဲ မခံမရပ်နိုင်လို့ တိုက်တွန်းတာပဲဖြစ်မည်။

သူ့ရင်ထဲမှာဆုံးဖြတ်ချက်တို့ ခိုင်မာနေကာ။ ။

"ငါ သင်ဇာကို မစွန့်လွှတ်ဘူး၊ သူထားခဲ့တုန်းက ငါဒီအတိုင်း
နေခဲ့ရတယ်ဆိုတာ ငါ့မှာ ဘာအင်အားမှမရှိလို့၊ ယောက်ျားတစ်ယောက်
အစွန့်ပစ်ခံရတယ်ဆိုတာ ဘယ်လောက်မာနထိခိုက်လဲ၊ အခုမာနထိခိုက်
မှာစိုးလို့ သင်ဇာကိုမစွန့်လွှတ်တာမဟုတ်ဘူး၊ သင်ဇာကို ငါချစ်လို့၊ ငါ
အရမ်းချစ်လို့ မစွန့်လွှတ်တာ"

"မင်းပိုင်ဆိုင်သင့်ပါတယ်၊ မင်းအတိတ်ကိုလွမ်းနေတဲ့ကောင်
မဟုတ်ဘူး၊ ချစ်သူထားခဲ့တုန်းကလည်း နာကျင်နေတာ အသည်းကွဲနေ
တာမဟုတ်ဘူး၊ ရွှေဝတ်လွှာကို ချစ်တဲ့အချစ်တွေ၊ သူထားခဲ့တဲ့နေရာမှာ
အပြီးအပိုင်ထားခဲ့ပြီး မင်းအတွက်မင်း ကြိုးစားနေထိုင်ခဲ့တာ ငါအသိ
ဆုံး၊ သူ့သံသယနဲ့ စွပ်စွဲနေတာ ဂရုစိုက်မနေနဲ့၊ လိုအပ်ရင် သင်ဇာ့ကို
ရှင်းပြလိုက်"

ဒါကိုတော့ ဘယ်လိုမှမဖြစ်နိုင်တာမို့ ဘုန်းနေလ ခေါင်းယမ်း



www.burmeseclassic.com

www.burmeseclassic.com



လိုက်ရသည်။

''သင်ဇာသိရင် သူ့အစ်ကို သိရင်၊ ငါတို့ဘယ်လိုလုပ် နိုးဆယ်နိုင်မှာလဲ၊ ပြီးတော့ သင်ဇာနာကျင်သွားရလိမ့်မယ်၊ ငါ့မှာအချစ်ဦးရှိ တာ သူနားလည်ပေးနိုင်ပေမယ့်၊ သူ့ယောက်မဖြစ်နေတာကိုတော့ သူ ဘယ်လိုမှ ခံစားနိုင်မှာမဟုတ်ဘူးလေ၊ ဒါသာမန်အဆင့် အတန်းမဟုတ် မိဘတွေသဘောမတူတဲ့ကိစ္စမျိုး မဟုတ်ဘူး၊ အစ်ကိုမိန်းမရဲ့ချစ်သူကို ချစ်သူတော်လိုက်ရတဲ့ ခံစားချက်၊ သူရော ရွှေဝတ်လွှာစွပ်စွဲသလို အသုံး ချခံရတာပါလို့ တွေးမသွားနိုင်ဘူးလား''

''အေး. . . အဲဒီလိုတော့ ဖြစ်သွားနိုင်တယ်၊ ဒီမိန်းမက အတို့ အထောင်လုပ်လိုက်ရင် ပိုတောင်ပွဲပြီးသွားဦးမယ်၊ သူကလည်း သူ့ ယောက်ျားကို မင်းက သင်ဇာကို ရည်းစားဦးရှိခဲ့တဲ့အကြောင်း ဖွင့်ပြော ခဲ့သလို ဖွင့်ပြောထားခဲ့တယ်ဆိုရင် မိန်းမကိုပဲယုံကြည်နေခဲ့မှာလေ၊ သူ့ မိန်းမရဲ့ ရည်းစားကို သူ့ညီမနဲ့ပေးစားပါ့မလား''

ဝဏ္ဏရဲ့တွေးဆမှုက သူတွေးထားခဲ့သလိုပင်။ ရင်ဖွင့်ချင်လို့ ဝဏ္ဏ ကိုအိမ်ခေါ်လိုက်ပြီး စားပွဲပေါ်မှာ ဝိုင်ပုလင်းတွေချထားပေမယ့် သူရော ဝဏ္ဏရော နည်းနည်းလေးမှ မသောက်ဖြစ်သေးပါ။

ရွှေဝတ်လွှာ တားဆီးမှုတွေကိုနားမလည်နိုင်ဖြစ်ရင်း မခံချင် စိတ်တွေ ဖြစ်နေကြခြင်းပင်။ တကယ်ဆို ရွှေဝတ်လွှာနှင့်က ပြီးပြီးသား ကိစ္စတွေ။

ဝဏ္ဏက စားပွဲခုံကို တစ်ချက်ပုတ်ပြီး နောက်တစ်မျိုးစဉ်းစားလို့ ရဟန်ဖြင့်

''ရွှေဝတ်လွှာက မင်းကိုစိတ်မကုန်လို့များလား''

''အာ. . . မဟုတ်တာ၊ ငါ့ကိုထားခဲ့ပြီး အိမ်ထောင်တောင်ပြု သွားသေးတာ''

''အဲဒါလေ၊ မင်းကိုချစ်ရဲ့နဲ့ မိသားစုအခက်အခဲကြောင့် မင်းကို





စွန့်လွှတ်ခဲ့ရပြီး အခုသူ့ယောက်မနဲ့ရရင် တစ်အိမ်တည်းနေရမှာ မျက်နှာပူ အနေခက်နေတာမျိုး''

''မျက်နှာပူ အနေခက်တာတော့ ဖြစ်ချင်ဖြစ်နိုင်တယ်၊ ငါ့ကို စိတ်မကုန်လို့ ချစ်နေသေးလို့ဆိုတာတော့ မဖြစ်နိုင်ဘူး၊ ဘာဖြစ်လို့လဲ ဆိုတော့ သင်ဇာက ပြောတယ်၊ မမရွှေဝတ်လွှာက ကိုကြီးအပေါ် သစ္စာ ရှိတယ်၊ အိမ်ထောင်ရှင်မကောင်း ပီသတယ်၊ သူ့အပေါ်လည်း ညီမရင်း လေးတစ်ယောက်လို ကောင်းတယ်တဲ့၊ ပြောရရင် ဒီအိမ်ထောင်ရေးကို သူကျေနပ်နေတယ်၊ သူပျော်နေတယ်''

''ဒီလိုဆိုတော့ မင်းနဲ့သင်ဇာကို ခါးခါးသီးသီးတားဆီး ပိတ်ပင် နေတဲ့အကြောင်းအရင်းက''

''ငါဘာမှမသိချင်ဘူး၊ သင်ဇာ့ကို မြန်မြန်လက်ထပ်ချင်တဲ့ အကြောင်း သူ့အစ်ကိုကို ပြောနိုင်းထားတယ်၊ သူ့အစ်ကိုသဘောထား က ဘယ်လိုရှိမယ်ဆိုတာ မသိပေမယ့် ရွှေဝတ်လွှာကို ငါမယုံဘူး၊ ဘာ လုပ်ရမလဲ ဝဏ္ဏ''

''နောက်ဆုံး အဆင်မပြေရင် ခိုးပြေးကွာ၊ ဘာခက်တာမှတ် လို့''

''သင်ဇာက မိကောင်းဖခင်သမီးလေ၊ ငါ့အသက်အရွယ်နဲ့ရော ခိုးပြေးတဲ့အဖြစ်မျိုးတော့ မလုပ်ချင်ဘူး''

''ဒီကိစ္စ မမနိုင်နဲ့ တိုင်ပင်ကြည့်ဦးမလား''

''စိတ်ဆင်းရဲရမယ့်ကိစ္စဆိုတော့ ကိုယ့်ဘာသာဆုံးဖြတ်ကြည့် မယ်၊ သင်ဇာလည်း ငါ့ကိုခွဲနိုင်တာမဟုတ်တော့ သူ့အစ်ကိုနဲ့ အဆင် မပြေအောင်တော့ ညှိနှိုင်းနေမှာပါ၊ မင်းဘာသာ မမနိုင်ကို အသိပေးချင် ပေးထားလေ''

''ဩော်. . . အင်း အဲလိုလည်းကောင်းပါတယ်၊ နေလ မင်းစိတ် ဆင်းရဲနေလား''



www.burmeseclassic.com

www.burmeseclassic.com



"ဖြောင့်ဖြူးမယ်ထင်တဲ့အရာက ပြဿနာအကြီးအမားကြီး စိတ်တော့ ကသိကအောက်ဖြစ်သွားတာ အမှန်ပဲ၊ တိုက်ဆိုင်မှုက အချိန် အံ့ဩဖို့ကောင်းတယ်"

ဘုန်းနေလ မျက်နှာတကယ်ကို ညှိုးနွမ်းနေတာဖြစ်သည်။ ဝတ္ထု လည်း ဘယ်လိုဖျောင်းဖျရမလဲဆိုတာ မသိ။

"ရော့ . . ဝိုင်သောက်လိုက်ကွာ၊ နည်းနည်းလန်းသွားတာပေါ့"

ဝိုင်ခွက်ကို သူ့ရှေ့တိုးပေးတော့ သူခေါင်းယမ်းလိုက်သည်။

"အချစ်အတွက် စိတ်ညစ်တာကို ငါဒီလိုနည်းနဲ့ မဖြေဖျောက် ချင်ဘူး၊ အသည်းကွဲတုန်းကတောင် ငါအရက်တစ်စက်မှ မသောက်ခဲ့ ဘဲနဲ့၊ ငါအခု သင်ဇာကြောင့် အသည်းကွဲနေတာမဟုတ်ဘူး။ ရွှေဝတ်လွှာ ဆိုတဲ့မိန်းမကိုပဲ မကျေနပ်တာ"

"အရမ်းတော့ ခံစားမနေနဲ့၊ မြသင်ဇာက မင်းဘက်မှာပဲရှိသွား ပါ၊ မင်းကို သူအရမ်းချစ်တာ ငါသိတယ်"

"အေးပါကွာ"

နည်းနည်းစိတ်သက်သာရရကာ ဆိုဖာထိုင်ခုံကို ခပ်လျော့ လျော့မှီ၍ ကျောကပ်ကာ ထိုင်နေလိုက်သည်။ ဝတ္ထုက ဝိုင်ကိုနှစ်ခွက် ဆင့်သောက်ပြီးမှ . . .

"ငါနဲ့ မိုး အဆင်ပြေသွားလို့ ပျော်နေတဲ့နေ့မှာကွာ၊ မနက်ဖြန် ဆို မင်းတို့လိုပဲ ချစ်သူဖြစ်တဲ့ အထိမ်းအမှတ်နဲ့ ဆိုင်မှာကျွေးမလို့ပါ"

"မင်းအစီအစဉ်မဖျက်ပါနဲ့၊ ဒါမှ ငါနဲ့သင်ဇာတွေ့လို့ ကောင်း မှာ၊ ရွှေဝတ်လွှာသာ မရှုပ်ခဲ့ရင်၊ ပျော်တော့ ပျော်စရာကောင်းနေမှာပေါ့ ငါကိုက အချစ်ရေးကံမကောင်းတာလား မသိပါဘူး"

"အဲဒီလိုတော့ မပြောပါနဲ့၊ အတိတ်ကိုချန်ထားခဲ့ပြီးပြီဆိုရင် အနာဂတ်မှာရှိနေတဲ့ အားနဲ့ပျော်အောင်နေပါ၊ မြသင်ဇာက အချစ်ဦး မဟုတ်ပေမယ့် အချစ်ဆုံးဆို"





"အဲဒါအမှန်ပါပဲ၊ ငါမညာပါဘူး၊ သင်ဇာ့ကို တကယ်ချစ်တာ၊ ရွှေဝတ်လွှာနဲ့တုန်းက ရူးသွပ်မှုမျိုးမဟုတ်ဘဲ အလေးအနက်တန်ဖိုးထား ပြီး ချစ်တာပါ"

ရင်ဖွင့်လိုက်ရ၍ ဝေဒနာသက်သာသွားသလိုဖြစ်သွားသော် လည်း ရင်ထဲမှာ အစိုင်အခဲတစ်ခုက ကျန်နေသေးသည်။ ဘာကြောင့် များ ရွှေဝတ်လွှာလို မိန်းမနှင့် နောက်ထပ်ဆုံဖို့ဖြစ်လာရတာလဲ။

ကမ္ဘာကြီးကကျဉ်းသည်ဆိုတာ အခုမှသူယုံတော့သည်။

မနက်ဖြန်တွေအတွက် ဘာကြောင့်များ ရင်လေးနေသည် သိပေ . . ။

* * *



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၂၁)

"သင်ဇာ့အတွက်တော့ ဝတ်လွှာရင်လေးမိတယ်"

"ဘာဖြစ်လို့လဲ၊ ဘာကြောင့်လဲ ဝတ်လွှာ"

ညီမအတွက်ဆိုတော့ မြတ်ဦးမောင် စိုးရိမ်စိတ်နှင့် ပျာပျာသလဲ ပြန်မေးမိသည်။ ရွှေဝတ်လွှာက ခုတင်ခြေရင်းမှာ ထိုင်နေလျက်နှင့် မြတ်ဦးမောင်ဘက်လှည့်ကြည့်ပြီး . .

"တခြားတော့ မဟုတ်ပါဘူး၊ အိမ်ထောင်ပြုဖို့ကို အလောတကြီး မစီစဉ်စေချင်သေးဘူး"

"ဟင် . . ဘာဖြစ်လို့လဲ ဝတ်လွှာ၊ နေ့လယ်က ညီမလေးချစ်သူလာသွားတာ စိတ်တိုင်းမကျစရာတွေ့လို့လား"

"အဲလိုလည်း မဟုတ်ပါဘူး . . ဟို . ."

ရွှေဝတ်လွှာ ဘာပြောပြီး ဘယ်လိုတားဆီးရင်ကောင်းမလဲ စဉ်းစားနေမိသည်။ ဘုန်းနေလဘက်က မိမိနှင့်သာ မပတ်သက်ခဲ့ဘူးဆိုလျှင် ဘာမှမပြစ်ပြောစရာမရှိပေ။ လုပ်ငန်းရှိသည်။ ကားရှိ အိမ်ရှိသည်။ အသိုက်အဝန်းမဲ့မို့ ဒီအိမ်ကြီးမှာလာနေမှာလည်း သေချာ၏။ အပြစ်ပြောစရာတစ်ခုခုရှိခဲ့လျှင်တောင် မြတ်ဦးမောင်က ညီမကိုချစ်သောစိတ်နှင့် ခွင့်လွှတ်နားလည်ပေးလိုက်မှာပင်။

"ဟိုလေ . . သင်ဇာလေးချစ်သူကို တွေ့လိုက်ရတော့ ဝတ်လွှာ





ခံနည်းသွားတယ်၊ ကိုယ့်မျက်စိအောက်မှာ ကိုယ်စောင့်ရှောက်နေရတဲ့ကလေးက အိမ်ထောင်ပြုတော့မှာပါလားလို့တွေးမိလိုက်လို့ပါ၊ ပြီးတော့ အရွယ်လည်း ငယ်သေးတယ်၊ ဝတ်လွှာ အရမ်းနှမြောတယ်မောင်"

"မောင်လည်း ဒီလိုပါပဲ၊ ညီမလေးကို တခြားတစ်ယောက်ကိုပေးလိုက်ရတော့မယ်လို့ တွေးမိတဲ့အချိန်မှာ ရင်ထဲမှာလစ်ဟာပြီး အရမ်းကိုနှမြောသွားမိတယ်၊ အဲဒါကြောင့် ညီမလေးကို တခြားကို ခွဲမထုတ်နိုင်ဘူး ဒီအိမ်မှာ အတူတူလာနေနိုင်မယ့်သူမှ လက်ထပ်ရမယ်လို့ ပြောထားတာပေါ့၊ ဘုန်းနေလက ဒီအိမ်မှာလိုက်နေမယ်ဆိုတော့ တော်သေးတာပေါ့ကွာ၊ ညီမလေး မောင်တို့မျက်စိအောက်မှာပဲရှိမှာပါ၊ အရမ်း စိတ်မကောင်းမဖြစ်ပါနဲ့"

မြတ်ဦးမောင်က မိမိအတွေးကိုမသိဘဲ ပခုံးကိုဖက်ကာ နှစ်သိမ့်နေသည်။ ရွှေဝတ်လွှာ သက်ပြင်းတွေချမိရင်းကွာ . .

"ညီမလေးက မြန်မြန်လောပြီး လက်ထပ်ချင်တယ်ပြောလာရင် လတ်တလောကြီး ခွင့်မပြုပါနဲ့ဦးမောင်၊ နောက်တစ်နှစ်၊ နှစ်နှစ်ဆိုတာမျိုးနဲ့ အချိန်ဆွဲထားပါ၊ ညီမလေးကို အပျိုစင်ဘဝလေးနဲ့ မြင်ချင်သေးလို့ပါ၊ အိမ်ထောင်သည်ဘဝရောက်သွားတော့မယ်ဆိုတာကို လုံးဝခံစားနိုင်သေးဘူးဖြစ်နေတယ်"

"ပြော် . . ဝတ်လွှာရယ်၊ မင်းက ညီမလေးကို တကယ်မိခင်တစ်ယောက်လိုကို ချစ်နိုင်တာပဲ၊ မိဘတွေက ကိုယ့်သားသမီး ဘယ်အရွယ်ပဲရောက်ရောက်၊ လူလားမမြောက်သေးဘူးဘဲထင်ပြီး အိမ်ထောင်ပြုမှာ တခြားလူကိုပေးလိုက်ရမှာ အရမ်းကြောက်ကြတယ်၊ မေတ္တာစိတ်နဲ့ မစွန့်လွှတ်နိုင်ကြဘူးလေ၊ အဲလိုမေတ္တာတွေထားပေးတဲ့အတွက် အရမ်းကို ကျေးဇူးတင်ပါတယ် ဝတ်လွှာရယ်၊ တန်ဖိုးရှိတဲ့ ဇနီးမယားလေးကို မောင်ပိုင်ဆိုင်ပြီး နေပါ့မယ်"

ရင်ခွင်ထဲဆွဲဖက်ကာပြောလိုက်သော မြတ်ဦးမောင်စကား



www.burmeseclassic.com

www.burmeseclassic.com



တွေကြောင့် အားနာသွားခဲ့မိသည်။ တကယ်ဆို မိမိကအတ္တတစ်
လှည့်ဖြားနေခဲ့ရတာမဟုတ်ပါလား။

"ဝတ်လှ"

"ရှင်"

"မောင်လေ သားတွေသမီးတွေမွေးပြီး မိသားစုဘဝ
နေချင်တယ်ကွာ၊ ကလေးတွေရဲ့ ဆူဆူညံညံအသံတွေနဲ့ သာ
မိသားစုဘဝမျိုးလေး အရမ်းလိုချင်တယ်၊ မောင်တို့ဆေးစစ်
အောင်နော်၊ ဒီမှာမွေးလို့မရရင် အိုကျိုနဲ့တိုင်ပင်ပြီး နိုင်ငံခြားမှာ"

"မောင်. . . အဲလိုကိုယ့်ရင်သွေးမဟုတ်ဘဲ အစားထိုးကို
ဆောင်ပြီး မွေးရတာမျိုးမလုပ်ချင်ဘူး၊ မောင် ကလေးလိုချင်ရင်
လို့ရပါတယ်၊ ငွေတွေအရမ်းအကုန်ခံပြီး ဘာလုပ်မှာလဲ၊ ဆေးစစ်
လို့ မောင့်မှာအားနည်းချက်ရှိတာဆိုရင် မောင်အားငယ်ဦးမယ်၊ ဝတ်
ကဆိုရင်လည်း ဝတ်လှ သတ်သေချင်လောက်အောင် သိမ်ငယ်သွား
မှာပဲ မောင်"

"ဝတ်လှရယ်၊ အဲဒါဆိုလည်း ညီမလေးကိုပဲ အိမ်ထောင်ပြု
ပြီး ကလေးတွေမွေးနိုင်းရအောင်လေ၊ တူလေး တူမလေးတွေဆိုလည်
ကိုယ့်သွေးသားအရင်းတွေပဲ မဟုတ်လား၊ နော် ဝတ်လှ"

ရွှေဝတ်လှ အသက်ရှူကြပ်ကာ မောဟိုက်လာ၍ မြတ်ဦးမောင်
ပခုံးပေါ်မှီချလိုက်ရသည်။ ဒီယောကျ်ားကို ချစ်ခင်မြတ်နိုးလာပြီဖြစ်၍ သူ့
ဆန္ဒတွေမှန်သမျှ လိုက်လျောဖြည့်ဆည်းပေးလိုက်ချင်ပါသည်။

ဒါပေမဲ့ ဘယ်လိုမှအဲလိုလုပ်လို့မရပါ။

"မောင်"

"ဟင်. . . ပြောလေ ဝတ်လှ"

"ဝတ်လှတို့ ကလေးတစ်ယောက်စမ်းပြီး မွေးစားကြည့်
အောင်လေ၊ မောင်က ကလေးအရမ်းလိုချင်နေတာဆိုတော့ မွေးစား





လေးကို မောင်ချစ်လာမှာပါ"

"အင်း. . . မွေးစားမယ်ဆိုရင်တောင် မောင်က သမီးမိန်းကလေး
ချင်တယ်၊ ဒါမှဝတ်လှအတွက် အဖော်လည်းရ၊ ကြီးလာရင်လည်း
န်းသိမ်းစောင့်ရှောက်ရ မခက်တော့ဘူး"

"အို မောင်ရယ်၊ သမီးမိန်းကလေးက ဘယ်နှယ့်မခက်ရမှာလဲ၊
ယ်ရောက်ရင် ပိုတောင်ဆိုးဦးမယ်၊ အခုခေတ်မှာ သမီးမိန်းကလေး
ပိုပြီးထိန်းသိမ်းစောင့်ရှောက်ရခက်တယ်၊ သားယောကျ်ားလေးဆိုရင်
င်ကျကျ ပြားကျကျ၊ နောက်ဆုံးထိန်းမရ သိမ်းမရ ပွေရင်ရှုပ်ရင်တောင်
ာ်တော့ကြီးမလာဘူး မောင်"

"ဝတ်လှက သားယောကျ်ားလေးလိုချင်တာပေါ့"

BURMESE CLASSIC

"အင်း. . . ဝတ်လှက သားယောကျ်ားလေးပဲ မွေးစားချင်တာ"

"ဒါဆိုလည်း ခဏတော့နေပါဦး ဝတ်လှရယ်၊ ညီမလေး အိမ်
ထောင်ပြုပြီး ဘာလေးမွေးလာမလဲဆိုတာ စောင့်ကြည့်ဦးမယ်၊ သားလေး
မွေးရင် မောင်လိုချင်တဲ့ သမီးလေးကို မွေးစားလိုက်မယ်၊ သမီးလေးမွေး
ရင်တော့ ဝတ်လှလိုချင်တဲ့ သားလေးမွေးစားလိုက်ပေါ့၊ မကောင်းဘူး
လား"

ဝတ်လှ ဘာပြန်ပြောရမှန်းမသိတော့ပေ။ ဘာကြောင့်များ
ဒီလိုကိစ္စတွေနှင့် ရှုပ်ထွေးလာရတာလဲ မသိပေ။

မြသင်ဇာ လက်ထပ်မည့်သူက ဘုန်းနေလသာမဟုတ်လျှင်
ဒီလိုတွေ ရှုပ်ထွေးလာစရာအကြောင်းမရှိ။ မိမိကြံစည်ထားခဲ့သလိုတွေ
အဆင်ပြေပြေဖြစ်လာနိုင်မှာ မကြာတော့ပေ။

မြတ်ဦးမောင်ရဲ့ ယုံကြည်မှုတွေကိုအသုံးချပြီး မိမိဖြစ်ချင်တာတွေ
ဖြစ်လာမှာပါ။ အခုတော့ ဘယ်အရာတွေကို ဖွင့်ဖောက်ထုတ်ပြီး ဘယ်
အရာတွေကို ဘယ်လိုပိတ်ပင်တားဆီးရမည်ဆိုတာ တွေးမရနိုင်ဘဲ. . .။

❋❋❋

www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၂၂)

"ညီမလေးက ဘာလို့မြန်မြန်လက်ထပ်ချင်နေရတာလဲ၊ တစ်ခုခု နှစ်နှစ်လောက်နေပါဦးလား၊ ကိုကြီး ဒီလိုပြောတာ ဘုန်းနေလနဲ့ သဘော မတူလို့ မဟုတ်ဘူးနော်၊ ဝတ်လွှာကလည်း ပြောပါတယ်၊ ဘုန်းနေလက လူကြီးလူကောင်း လူရည်သန့်တစ်ယောက်ပါတဲ့၊ ဒါပေမဲ့ ညီမလေးက ငယ်သေးတယ်၊ ကိုကြီး မျက်စိထဲမှာ ကလေးလေးလို့ပဲထင်နေတယ် အိမ်ထောင်သည်ဘဝရောက်သွားမှာ ကိုကြီးခံစားလို့မရသေးဘူး ညီမလေးရယ် . . နော်"

မြတ်ဦးမောင် စကားကို မြသင်ဇာလက်မခံချင်သလို ခေါင်းယမ်းသည်။ အခုမှ ဒီလိုစကားမျိုးတွေ ပြောလာတာ နားမလည်နိုင်ပါ။

အစကတော့ ညီမလေး လက်ထပ်မည့်သူကို အကဲခတ်လို့ရအောင်၊ စကားပြောကြည့်ရအောင်ခေါ်လာပါလို့ လက်ခံမှုတွေရှိခဲ့ပြီး ဘယ်လိုဖြစ်ရတာလဲ မသိပေ။

"ကိုကြီးကလည်း လက်ထပ်ပြီးလည်း သင်ဇာက ဒီအိမ်မှာ ကိုကြီးတို့နဲ့ အတူတူနေမှာပဲ ဥစ္စာ၊ ကိုကိုက အသေအချာကိုပြောထားတာပါ၊ ကိုကြီးနဲ့ မမဝတ်လွှာကိုလည်း အစ်ကိုရင်း အစ်မရင်းတွေလို သဘောထားမယ့်သူပါ၊ မမဝတ်လွှာလည်း တွေ့ပြီးပြီပဲဥစ္စာ၊ အဆင်မပြေတဲ့ကိစ္စမျိုးမရှိပါဘူး . . နော် မမဝတ်လွှာ"



"ဪ . . အဲ့ဒါ မရှိပါဘူး"

မြသင်ဇာ အားကိုးရှာကာမေးလိုက်၍ အလိုက်သင့်ဖြေပေးလိုက်ရသည်။ ညီမကိုချစ်သောစိတ်နှင့် မြတ်ဦးမောင် လိုက်လျောလိုက်မှာ ဖြစ်၍လည်း ရင်ထိတ်နေရသည်။ မြတ်ဦးမောင်က မျက်နှာမကောင်းစွာ ဖြင့် . . ။

"ဒီလိုလုပ်ပါလား ညီမလေးရယ်၊ အခုစေ့စပ်ရင် စေ့စပ်ထားသား နောက် အေးအေးဆေးဆေးမှ လက်ထပ်ရင်ရော"

"ဪ . . မောင်ရယ်၊ စေ့စပ်ထားတော့ရော ဘာထူးမှာလဲ၊ မောင့်ညီမကို အပျိုစင်လေးအတိုင်းမြင်ချင်တာဆို၊ စေ့စပ်ပြီးရင် ပိုင်တာ ဆိုပြီး အများအယူအဆဖြစ်တော့ 'မိန်းကလေးဘက်က နစ်နာရုံပေါ့၊ ဒီလို သင်ဇာရယ်၊ သင်ဇာ့ကိုကြီးကလေ သင်ဇာကို လက်ထပ်မပေးချင်သေး ဘူး ဒီအတိုင်းလေး မြင်ချင်သေးတယ်တဲ့၊ တကယ့် တကယ်အိမ်ထောင် ပြုတော့မယ်ဆိုတော့ နှမြောနေတာပေါ့၊ သင်ဇာက ကိုကြီးကိုချစ်တယ် ဆိုရင် ကိုကြီးစကားကို လက်ခံလိုက်ပါ"

"ဟာ . . အဲဒါအဓိပ္ပာယ်မရှိတာ၊ သဘောမတူစရာအကြောင်း လည်း မရှိဘဲနဲ့ ဘာလို့နောက်ဆုတ်နိုင်းနေတာလဲ၊ သင်ဇာက ယောက်ျား ယူပြီး အဝေးကိုထွက်သွားမှာလည်း မဟုတ်ဘဲနဲ့၊ ကိုကြီးသက်သက် ညစ်ပတ်နေတာ"

"ညီမလေး . . ကိုကြီးကို ဘယ်လိုတွေပြောနေတာလဲ၊ ကိုယ့် ညီမလေးကို နှမြောတာ ညစ်ပတ်တာလား"

"ဒါဆို ကိုကြီးရစ်နေတာပဲ"

မြသင်ဇာ မှန်နေပြီဖြစ်၍ မင်းပြောစဖူး ကိုကြီးကိုပြန်ပြောလိုက်မိ သည်။ ဘာမှ အဆင်မပြေစရာလည်း မရှိဘဲနှင့် ဖြစ်သင့်လို့လား။

သူမလည်း အသက်မပြည့်သေးသည့်သူမဟုတ်သလို၊ ကိုကို့ ဘက်ကလည်း အရာရာပြည့်စုံပြီးသားပင်။ အစက လက်ခံမှုတွေရှိနေ

www.burmeseclassic.com

www.burmeseclassic.com



ပါလျက် အခု မမဝတ်လွှာကလည်း သူ့မဘက်က ရပ်တည်မပေးပေ။

တကယ် သူမကိုတန်ဖိုးထားလို့ နှမြောသည်ဆိုဦးတော့ အိမ်မှာအတူနေပါမည်ဆိုတာကို နားလည်လက်ခံပေးလို့ မရဘူးလား။

ကိုကို့ကို ဒီစကားတွေ ပြန်ပြောပြလျှင် စိတ်မကောင်းဖြစ်ဦးမည်။ မနက်စာဝိုင်းမှာ သူမစားသောက်နေရတာ စိတ်မပါတော့၍ ထထွက်လာခဲ့သည်။

"ညီမလေး ဘယ်လဲ"

"မိုးတို့နဲ့ ချိန်းထားလို့"

တိုပြတ်စွာပြောပြီး မြသင်ဇာ မျက်နှာရှုပုပ်ပုပ်ဖြင့် ထွက်သွားသည်။ မြတ်ဦးမောင်လည်း စားချင်သောက်ချင်စိတ် ၊ မရှိတော့ပါ။

"မောင်"

"လက်ထပ်ပေးလိုက်တာ ကောင်းမယ်ထင်ပါတယ် ဝတ်လွှာရယ်၊ ညီမလေး မောင့်ကို ဒီလိုတစ်ခါမှ မဆက်ဆံဖူးဘူး"

"သင်ဇာက လိမ္မာပါတယ်မောင်ရယ်၊ မောင့်စကားကို နားထောင်မှာပါ၊ အခုစိတ်ဆိုးတာက မောင်ထက်ချစ်ရမယ့်သူရှိသွားပြီဆိုတဲ့ အစိပ္ပာယ်ပဲ၊ မောင်စိတ်မကောင်းမဖြစ်ဘူးလား"

ဝတ်လွှာ ဒီလိုမေးတော့လည်း စိတ်မကောင်းစွာ ခေါင်းညိတ်မိသည်။

တကယ်လည်း ဒီအစ်ကိုထက် ချစ်ရမည့်သူရှိသွားလို့ ဒီလို ဆက်ဆံလိုက်တာမဟုတ်ပါလား။

ရင်ထဲတကယ်မကောင်းပါ။ ညီမလေးရဲ့ အမုန်းမခံရအောင် လိုက်လျောလိုက်ချင်ပေမယ့် ဝတ်လွှာကလည်း ညီမလေးကို အိမ်ထောင်မကျစေချင်သေးတာမို့ ဘယ်လိုလုပ်ရမည်မသိပေ။

ဝတ်လွှာကလည်း ညီမလေးအပေါ် မိခင်တစ်ယောက်ရဲ့ မေတ္တာတရား ကြီးမားလွန်းသည်မဟုတ်လား . . ။

***

# အခန်း (၂၃)

"သင်ဇာ မျက်နှာလည်း မကောင်းပါလား၊ ဘာဖြစ်လာတာလဲ"

ဘုန်းနေလ အရေးတယူမေးတာကို မဖြေနိုင်သေး။ မိုးနှင့် ကိုဝဏ္ဏတို့ ချစ်သူဖြစ်ကြသည့် အထိမ်းအမှတ်နှင့် ကျွေးမွေးညှော်ခံနေတာမို့ မိမိကြောင့်အပျော်တွေကို မပျက်စီးစေချင်။

"ကိုကိုပြီးမှ သင်ဇာတို့ ဟိုဆိုင်လေးကိုသွားရအောင်၊ အခုတော့ သူတို့ကိုအားပေးလိုက်ပါဦး"

ခပ်တိုးတိုးသတိပေးရင် ဣန္ဒြေမပျက်ပင် သူတို့နှင့်အတူတူ ပျော်ရွှင်ပေးလိုက်သည်။ စားကြသောက်ကြ အော်ကြဟစ်ကြဖြင့် မင်္ဂလာညှော်ခံပွဲပြီးလို့ ဒင်နာညှော်ခံသလိုပင် ဆူညံပျော်ရွှင်နေကြသည်။ သူမနှင့် ကိုကိုတုန်းကလိုပါပဲ။ မိုးနှင့် ကိုဝဏ္ဏကြီးကို နမ်းနိုင်းကြသည်။ တစ်ယောက်နှင့် တစ်ယောက် မှန်တွေခွဲ့ကျွေးခိုင်းသေး။ ဒီထဲမှာ ဝေဝေလွင် တစ်ယောက်သာ အတွဲမရှိဘဲ လစ်လပ်လျက်ရှိသည်။ ဝေဝေလွင်ကို ဘယ်သူနှင့် အောင်သွယ်ရမလဲ့ နောက်မှစဉ်းစားပေးရဦးမည်။

အပြန်လမ်းခွဲကြသည့်အချိန်မှာတော့ ကိုကိုနှင့် သူမတွေ့နေကျ ဆိုင်လေးကို လာခဲ့ကြသည်။ အခုမှသက်ပြင်းတွေ လေးလံစွာချမိလိုက်သည်။

"သင်ဇာ"

"ကိုကြီးတို့က နောက်မှအေးအေးဆေးဆေးလက်ထပ်ပါလား

www.burmeseclassic.com



လို့ ပြောနေတယ်၊ ဘယ်လိုလုပ်ကြမလဲဟင် ကိုကို''

''သင်ဇာ့ယောက်မကရောလား''

သိပြီးသားမို့ မေးလိုက်မိချိန်မှာ သင်ဇာက ခပ်သွက်သွက်လေး ခေါင်းညိတ်ပြ၏။

''ဒီကိစ္စကျမှ မမဝတ်လွှာလည်း သင်ဇာ့ဘက်ကရပ်တည်မပေး တော့ နားလည်ရခက်နေတယ်''

''ဘယ်လိုအကြောင်းကြောင့်တဲ့လဲ''

''သင်ဇာ့ကို အပျိုစင်ဘဝလေးနဲ့ မြင်ချင်သေးလို့ အိမ်ထောင်ကျ သွားပြီဆိုတာကို လက်မခံနိုင်သေးလို့တဲ့''

''ဩော်''

ရွှေဝတ်လွှာ အကြံအစည်ပဲဆိုတာ အတတ်သိလိုက်သည်။ ရွှေ ဝတ်လွှာ ဘာတွေများ ဖြစ်ချင်နေတာလဲ။

''ကိုကို''

''ဟင် သင်ဇာ''

''လက်ထပ်ဖို့ကို တစ်နှစ် နှစ်နှစ်စောင့်ခိုင်းနေတယ်. . . အဲဒါ''

''သင်ဇာ ဆန္ဒမရှိရင် ကိုကိုစောင့်နိုင်ပါတယ်။ သူတို့ဆန္ဒဆို ရင်တော့ သူတို့လည်း သင်ဇာ့အရွယ်မှာ လက်ထပ်ခဲ့ကြတာပဲကွာ၊ နည်း နည်းနားလည်ပေးသင့်ပါတယ်၊ အိမ်ခွဲနေမှာလည်းမဟုတ်ဘဲနဲ့၊ ဘာ ကြောင့် ဒီလိုတွေဖြစ်နေတာလဲ၊ ကိုကို့အရွယ်နဲ့ နောက်ထပ်စောင့်ရဦး မယ်ဆိုတာက. . .''

''သင်ဇာကတော့ လက်ထပ်ဖို့ ဖွင့်ပြောကြည့်မယ်လို့ ဆုံးဖြတ် ထားတယ်၊ အဲလိုချုပ်ချယ်ကန့်သတ်တာမျိုး သင်ဇာလည်း မကြိုက်ဘူး နောက်ဆုံးလက်မခံဘူးဆိုရင် သင်ဇာ့မှာကိုယ်ဝန်ရှိတယ်တွေ ဘာတွေ လုပ်ပစ်လိုက်မှာ''

''ဟင်. . . သင်ဇာ''



''မဟုတ်ကဟုတ်ကနဲ့ စိန်ခေါ်သင့်ရင်လည်း ခေါ်ရုံပဲ ကိုကို၊ အဆင်မပြေစရာအကြောင်းမရှိဘဲ အဆင်မပြေဖြစ်နေရတာကို သင်ဇာ မကျေနပ်ဘူး၊ တကယ်ပြောတာ''

ကလေးဆိုးလေးလို နှုတ်ခမ်းစူကာပြောနေတာမို့ သူပြုံးမိသွားမိသည်။ သင်ဇာ့ကိုယ်လေးကို သူထွေးဖက်လိုက်ပြီး

''ကိုကိုလည်း သင်ဇာနဲ့ ခွဲမနေနိုင်ပါဘူး၊ ဒီလိုကိစ္စတွေ ဖြစ် လာတော့ ပိုပြီးတော့တောင် မြန်မြန်လက်ထပ်ချင်သေးတယ်၊ သင်ဇာ့ ကိုကြီးကို နားဝင်အောင်ပြောကြည့်ပါဦး၊ ခုနပြောတဲ့ လက်နက်ကိုထုတ် သုံးတာက သင်ဇာ့သိက္ခာရော၊ ကိုကို့သိက္ခာရော ထိခိုက်တယ်၊ တကယ် လို့ မဖြစ်မနေဆိုရင် သင်ဇာ့ကိုကြီးကို ကိုကိုတွေ့ကြည့်ပါ့မယ်''

''ကိုကြီးက မမရွှေဝတ်လွှာပြောပေးရှင်တောင် ရပါတယ်၊ မမကို ကိုကြီးကအရမ်းချစ်တာလေ၊ ကလေးယူဖို့ကိစ္စကို မမရွှေဝတ်လွှာ က သေးမစစ်ချင်ဘူးဆိုတာတောင် နားထောင်တယ်''

''ဟင်. . .သူတို့က အခုချိန်ထိတောင် ကလေးမရကြသေးဘူး လား''

''မသိပါဘူး ကိုကြီးကလား၊ မမရွှေဝတ်လွှာကလား ချွတ်ယွင်း ချက်ရှိနေတယ်ဆိုတာ၊ မမရွှေဝတ်လွှာကတော့ ရင်သွေးမရလည်း မိဘမဲ့ ဂေဟာကနေ ကလေးတစ်ယောက်လောက် မွေးစားလိုက်မယ်လို့ပြော တယ်၊ ကိုကြီးက, သင်ဇာတို့ ရင်သွေးလေးရရင် ချစ်လို့ရတာပဲဆိုပြီး မွေးစားဖို့ကို မလုပ်ခိုင်းသေးတာ''

''ဩော်. . . ကိုကိုက သူတို့ကလေးနှစ်ယောက်လောက်တောင် ရပြီ ထင်နေတာ''

''ဟင်. . . ကိုကိုက ကိုကြီးတို့ ဘယ်အချိန်ကတည်းက လက်ထပ် တယ်ထင်လို့ အဲဒီလိုတွေးမိတာလဲ''

''ဟို. . . မှန်း. . . မှန်းဆကြည့်တာပေါ့ သင်ဇာရယ်. . .၊ သင်ဇာ့



www.burmeseclassic.com

www.burmeseclassic.com



အစ်ကိုလည်း ကိုကို့အရွယ်ပဲမဟုတ်လား။ ကိုကို အဲဒီအချိန်ကလက်ထပ်ဖြစ်ခဲ့မယ်ဆိုရင်လည်း ကလေးနှစ်ယောက် သုံးယောက်ရနေလောက်ပြီပေါ့"

"ဟုတ်တယ်နော်၊ ကိုကိုအိမ်ထောင်မကျခဲ့လို့ သင်ဇာနဲ့တွေ့ရတာ၊ သင်ဇာလည်း ကိုကို့နှမ်းချင်ပြီ ကိုကိုရယ်"

"သင်ဇာရယ်"

ဒီကောင်မလေးရဲ့အချစ်ကို သူမလေးစားဘဲမနေနိုင်ပါ။ ချစ်တတ်လွန်းသည့်အတွက် သူမခွဲနိုင်ဖြစ်နေရခြင်းပင်။

သူနှင့် သင်ဇာရဲ့အချစ်ရေးက ဘယ်လိုများဖြစ်ဦးမှာလဲ။ ရွှေဝတ်လွှာနှင့်တွေ့ကြည့်ဖို့တော့ လိုပြီထင်သည်။

မသိမသာ သင်ဇာ့ဆီမှာ ဖုန်းနံပါတ်စုံစမ်းကြည့်ပြီး ....။

* * *

# အခန်း (၂၄)

"မင်းဘာလို့ ငါတို့နှစ်ယောက်ကြားမှာ ဝင်ရှုပ်နေတာလဲ ရွှေဝတ်လွှာ၊ မင်းငါ့ကို မျက်နှာပူလို့လား၊ ဒါမှမဟုတ် မင်းလုပ်ခဲ့တဲ့ လုပ်ရပ်တွေအတွက် ဆင်ဖြူမျက်နှာ ဆင်မည်းမကြည့်ရဲ့သလို မျက်နှာချင်း မဆိုင်ရဲဖြစ်နေတာလား"

"မဖြစ်သင့်လို့ ငါတားနေတာ၊ ဟိုအရင်ချိန်ကတည်းက နင့်ကိုအားနာဖို့ ငါ့မှာအခွင့်အရေးမရှိခဲ့ဘူး၊ ငါ့မိသားစုအတွက် ရွေးချယ်လိုက်ရတဲ့ အိမ်ထောင်ရေးတစ်ခုကိုပဲ ငါကျေနပ်အောင်နေခဲ့တာ"

"အခု နင်အဆင်ပြေနေတယ်မဟုတ်လား၊ ဒီလိုအဆင့်အတန်းမြင့်မြင့် ထည်ထည်ဝါဝါနေရတဲ့ဘဝမှာ နင်ပျော်ရွှင်တယ်မဟုတ်လား၊ ဟဲ နင့်ကိုမနာလိုမဖြစ်ဘူး ရွှေဝတ်လွှာ၊ ငါ့ဘဝ ငါ့အနာဂတ်ကို အနှောင့်အယှက်မပေးဖို့ဘဲ ငါမေတ္တာရပ်ခံချင်တယ်၊ ငါဘယ်သူနဲ့လက်ထပ်ထပ် နင်နဲ့ မဆိုင်ဘူး"

"နင်တခြားဘယ်သူနဲ့ လက်ထပ်ထပ် ငါမဆိုင်သလိုနေလို့ရတယ်၊ အခု သင်ဇာက ငါ့ယောက်မ၊ သူနဲ့ပတ်သက်ရင် ငါနဲ့ပတ်သက်ရတော့မှာပဲလေ၊ ဘယ်လိုလုပ်မဆိုင်သလိုနေလို့ရမှာလဲ၊ နင့်မှာမိန်းမဒီလောက်ရှားနေလို့လား၊ သင်ဇာကလွဲရင်"

"ငါ သင်ဇာ့ကိုပဲလက်ထပ်မှာ"

www.burmeseclassic.com



ဆုံးဖြတ်ချက်ခိုင်မာစွာနှင့် ယတိပြတ်ပင် ပြောချလိုက်သည် ရွှေဝတ်လွှာ ခါးခါးသီးသီးဖြစ်နေလို့ ဆုံးဖြတ်ချက်က ပို၍ခိုင်မာလာခဲ့ခြင်း ဖြစ်သည်။ ရွှေဝတ်လွှာနှင့် နှစ်ယောက်တည်း မတွေ့ချင်ပေမယ့် သူ့ဘက် က ဆုံးဖြတ်ချက်ကို အသိပေးချင်လို့ ချိန်းလိုက်ခြင်းဖြစ်သည်။ ပြော စရာတွေများနေ၍ ရွှေဝတ်လွှာလည်း ရောက်အောင်လာခဲ့တာဖြစ်မည် ထင်၏။

အစိမ်းရောင်မျက်လုံးများနှင့် ခက်ထန်မှုတွေကြောင့် သူမမှာ ဘာအငြိုးတွေရှိနေလဲ နားမလည်နိုင်အောင်ပင်။ တကယ်ဆို ကိုယ်က သူမချုန်ထားခံရသူပါ။

"နင် သင်ဇာ့ကိုလုံးဝလက်မထပ်ရဘူး၊ လက်ထပ်လို့မဖြစ်ဘူး လင်းကို"

"ဘာဖြစ်လို့လဲ"

ခပ်ဆတ်ဆတ်မေးခွန်းနှင့် မေးမိလိုက်ချိန်မှာ သူမချာခနဲ တစ်ဖက်ကိုလှည့်သွားသည်။ သူမတစ်ခုခုကို ဖုံးကွယ်ထားတာတော့ အထင်အရှားပင်။

"ငါမေးတာဖြေလေ၊ သင်ဇာ့ကို ငါဘာလို့လက်ထပ်လို့ မဖြစ် တာလဲ"

"နင့်ကို ငါရှင်းပြမနေနိုင်ဘူး လင်းကို၊ မဖြစ်လို့ မဖြစ်ဘူးပြော တာ နင်လက်ခံလိုက်ပါ"

"နင်ထားခဲ့တုန်းက နေခဲ့ရသလိုမျိုး ငါ့ကိုအမိန့်တွေနဲ့ နောက် ဆုတ်သွားအောင်မလုပ်နဲ့ ရွှေဝတ်လွှာ၊ အကြောင်းအရင်းမရှိဘဲ၊ နင် ဖြစ်ချင်တာပဲပြောနေတာ နင်အားမနာတတ်ဘူးလား၊ ငါနဲ့ သင်ဇာအကြား မှာ နင့်ကိုဂြိုဟ်တစ်ကောင်လို့ မသတ်မှတ်ချင်ဘူး"

"နင်သတ်မှတ်ပြီး ဒီအသိုက်အဝန်းထဲ ဝင်မလာရင် ပိုကောင်း တယ် လင်းကို၊ နင့်ကို သင်ဇာကလွဲပြီး ငါရော မောင်ရော လက်မခံဘူး"





"ငါကလည်း သင်ဇာတစ်ယောက်ပဲ လက်ခံဖို့လိုတာပါ၊ ငါ လက်ထပ်ချင်တာက သင်ဇာလေ၊ နင်တို့လက်မခံတာကို ငါဂရုစိုက်စရာ လား"

"လက်ထပ်ခြင်း၊ အိမ်ထောင်ပြုခြင်းမှာ အသိုက်အဝန်းမပါလို့ မရဘူး၊ သင်ဇာက ရူးမိုက်တဲ့အရွယ်မဟုတ်ပေမယ့် နင့်ကိုရူးသွပ်နေ တာ၊ လက်မထပ်ရအောင် နင်ဖျောင်းဖျသင့်တယ်"

"နင်ဒီလောက်ခါးသီးနေတာ ဘာကြောင့်လဲ၊ ငါနဲ့ချစ်သူဖြစ် ခဲ့တာကြောင့်လား၊ ဒါဆို ငါ့ကိုရူးသွပ်နေတဲ့ သင်ဇာကိုရှင်းပြလိုက်လေ၊ ဘုန်းနေလက မမရဲ့အချစ်ဦးဖြစ်ခဲ့လို့ လက်မထပ်ပါနဲ့လို့"

"လင်းကို"

"မင်းယောက်ျားလည်း အမှန်တရားသိသင့်တယ်ထင်တာပဲ၊ ဒါဆိုမင်းဘာကြောင့် ငါနဲ့သင်ဇာကို လက်မထပ်စေချင်တာလဲဆိုတာ ရှင်းရှင်းလင်းလင်း နားလည်သွားတာပေါ့"

"လင်းကို. . . နင်. . . နင်"

ပါးစပ်ဖျားရောက်လာသော စကားလုံးတို့က ပြောမထွက်။ နာကျင်မှုများကြောင့် မျက်ရည်တွေစို့စို့လာသည်။ ဒီလိုဝေဒနာ ဒုက္ခမျိုး ခံစားရလိမ့်မည်ဟု တွေးပင်မတွေးခဲ့ဘူးပါ။

ထိုအချိန်မှာ မိမိရဲ့ဟန်းဖုန်းလေးက မြည်လာသည်။ ဝင်လာ သောနံပါတ်ကိုကြည့်ပြီး ရွှေဝတ်လွှာ ခပ်မြန်မြန်ပင် ဖုန်းဖွင့်နားထောင် လိုက်၏။

"ဟယ်လို. . . ဟုတ်ကဲ့ ကျွန်မရွှေဝတ်လွှာပါ"

". . . . . . . . ."

"ရှင်. . . ဘာ. . . ဘာဖြစ်တယ်"

". . . . . . . . . . . . ."

"ဘာ. . . အလင်းလေး နေမကောင်းဘူးလား၊ ဘာ. . . ဘာ



www.burmeseclassic.com

www.burmeseclassic.com



ဖြစ်တာလဲရှင်''

''. . .''

''ရှင်. . ရှင် သွေးလွန်တုတ်ကွေး၊ အရမ်းစိုးရိမ်ရလား၊ တော်တော်လေးစိုးရိမ်ရလား''

''. . . . . . . . . . . . .''

''ဆေးရုံပို့ရမယ်ဆို ပို့လိုက်ပါ၊ ကျွန်မ အခုပဲလာခဲ့ပါ့မယ်. . ဟုတ်ကဲ့. . ဂရုစိုက်လိုက်ပါနော်၊ ကျွန်မ အမြန်ဆုံးရောက်အောင် လာခဲ့ပါ့မယ်၊ ငွေရေးကြေးရေးလုံးဝနောက်ဆံမတင်းပါနဲ့ လုပ်သာလုပ်လိုက်ပါ''

''ဟာ. . ရွှေဝတ်လွှာ ဟိတ် နေဦးလေ''

စကားပြောမပြတ်သေးတာမို့ အသံကျယ်ကျယ်နှင့် ဖွတ်အော်ခေါ်လိုက်သော်လည်း ရွှေဝတ်လွှာက ပြန်စောင်းပင်ခတ်မသွားပေ။ ဘာလဲ ဘာဖြစ်တာလဲ၊ အလင်းရိပ်ဆိုတာ သွေးလွန်တုတ်ကွေးဖြစ်နေသည်ဆိုတာကြောင့် ကလေးတစ်ယောက်သာဖြစ်လိမ့်မည်။

ဒီလိုစိုးရိမ်တကြီး ပြေးသွားပုံထောက်တော့ သူမရဲ့ဆွေမျိုးသားချင်းမောင်လေးတစ်ယောက်များလား။

ဆေးရုံတောင် တင်ခိုင်းသည်ဆိုတော့၊ တော်တော်လေးစိုးရိမ်စရာကောင်းနေလို့ဖြစ်မည်။ အလင်းရိပ်တဲ့။ နာမည်လေးကြားရတာတောင် ရင်ထဲအေးမြသွားသလိုပါ။ နာမည်လေးကိုက အေးချမ်းသည့် အတိတ်နိမိတ်ပဲ။ တစ်ယောက်တည်း ငူငိုင်စွာ ကျန်ရစ်တာမို့ ပြန်ဖို့စဉ်းစားနေဆဲမှာပင် ဝဏ္ဏဆီက ဖုန်းဝင်လာသည်။

''အေး ပြောဝဏ္ဏ''

''မင်းဘယ်မှာလဲ''

''စားသောက်ဆိုင်မှာ''

''ဟာ. . မင်းက ငါ့ကိုမခေါ်ဘဲ တစ်ယောက်တည်း သွားကဲ့





တာလား၊ မင်းသစ္စာဖောက်ပဲ''

''ငါရွှေဝတ်လွှာနဲ့ တွေ့နေတာပါ''

''ဘာ''

''အခုတော့ သူပြန်သွားပါပြီ၊ မင်းလာချင်လာခဲ့လေ၊ ငါမွန်းကျပ်လွန်းလို့ ထိုင်နေရာကနေတောင် မလှုပ်နိုင်တော့ဘူး''

''အေး. . ငါအခုပဲလာခဲ့မယ် သူငယ်ချင်း၊ ခဏပဲစောင့်''

''အိုကေ သူငယ်ချင်း''

ဝဏ္ဏလာမှ ပေါက်ကွဲခွင့်ရပြီး ဝေဒနာတို့ သက်သာပေလိမ့်မည်။ နောက်နာရီဝက်အတွင်းမှာ ဝဏ္ဏရောက်လာသည်။ မှာထားပြီးသောက်ဖြစ်သော ဘီယာခွက်ကို ဝဏ္ဏက ကောက်ခနဲမော့သောက်ပြီးမှ ဝဏ္ဏက ဝင်ထိုင်၏။

''ဘာဖြစ်နေလဲ နေလ၊ ဟိုမိန်းမသောင်းကျန်းသွားတာလား၊ သင်ဇာနဲ့ကိစ္စ ခါးခါးသီးသီးပြောဆိုသွားပြန်ပြီလား''

''ငါပြောစရာရှိလို့ ချိန်းလိုက်တာ၊ စကားဆုံးအောင်မပြောလိုက်ရဘူး၊ အကြောင်းပေါ်လာလို့ သူပြန်ပြေးသွားတယ်''

''ဘာယောက်ျားက ဖုန်းဆက်ခေါ်တာလား''

''မဟုတ်ပါဘူး၊ ကလေးတစ်ယောက်ပဲ၊ သွေးလွန်တုပ်ကွေးဖြစ်လို့တဲ့၊ ငိုမချရုံတမယ် စိုးရိမ်တကြီးနဲ့ကိုပြေးသွားတာ''

''အဲဒီကလေးက ဘယ်သူလဲ''

''မသိဘူးလေ''

''သူ့ကလေးဖြစ်မှာပေါ့၊ သင်ဇာ့အစ်ကိုနဲ့ရတာ''

''သူတို့မှာ ကလေးမရသေးဘူးတဲ့ သင်ဇာပြောတာ၊ တစ်ယောက်ယောက်မှာ ချွတ်ယွင်းချက်ရှိနေလို့ ဆေးစားဖို့တောင် စီစဉ်နေတုံးပဲ၊ သင်ဇာ့အစ်ကိုက သင်ဇာအိမ်ထောင်ကျပြီးရင် တူလေး တူမလေးတွေရနိုင်လို့ ဆေးစားဖို့ကို အလောတကြီးမလုပ်သေးတာ



www.burmeseclassic.com

www.burmeseclassic.com



"ဟ. . . ဒါဆို သင်ဇာ့အစ်ကိုက မင်းနဲ့သဘောတူနေတဲ့သဘောပဲ"

"ရွှေဝတ်လွှာတစ်ယောက်ပဲ ကန့်ကွက်နေတာလို့ထင်တယ် ငါလည်း တွေးမရတော့ဘူး"

"ရှုပ်လိုက်တာကွာ"

ဝဏ္ဏ ဘီယာထပ်ထည့်ပြီးသောက်၏။ သူကတော့ သက်ပြင်းတွေနှင့်ပင် မောနေသည်။

"ချလေ"

"တော်ပြီ"

"မင်းက စိတ်ညစ်ရင် လုံးဝမသောက်တော့ဘူးနော်"

"ပျော်လို့သောက်ရတာ ပိုပြီးပျော်စရာကောင်းတာပေါ့ကွာ စိတ်ညစ်လို့သောက်ရင် ပိုပြီးစိတ်ညစ်ရတယ်"

"မင်းဘာလုပ်မှာလဲ"

"အဲဒီမေးခွန်းကိုမမေးနဲ့၊ ငါဘာလုပ်ရမှန်းကို မသိတော့ဘာ သင်ဇာက ကိုယ်ဝန်ရှိနေပြီလို့ပြောပြီး အကျပ်ကိုင်လိုက်ရမလားတဲ့၊ ဒီလိုသာလုပ်ရင် ငါ့ဂုဏ်သိက္ခာတွေ ဘယ်နေရာကသွားကောက်ရမလဲ"

"အချစ်နဲ့ သိက္ခာ မင်းဘယ်ဟာရွေးမှာလဲ"

သူတွေခနဲဖြစ်သွားလျက်၊ ဘီယာခွက်ကိုယောင်ပြီး ကောက်ကိုင်ပြီးမှ ပြန်ချလိုက်ရသည်။ သူ့ခေါင်းက မသောက်ရဘဲမူးနောက်နေတာပါ။

"မင်းပြောကြည့် နေလ၊ သင်ဇာ့ကိုစွန့်လွှတ်မှာလား"

"ဟင့်အင်း"

"ဟိုကအရွယ်သာငယ်တာ မင်းထက်ဦးနှောက်ပြေးတယ်၊ သူ့အစီအစဉ်မဆိုးဘူးကွ၊ ဒီလိုသာဆို မဖြစ်မနေလက်ထပ်ပေးကြတော့မှာလေ"





"သိက္ခာနဲ့ရင်းရမှာထက် တစ်သက်လုံးမျက်နှာပူနေရမယ့် အလုပ်ကြီးတော့ မလုပ်ချင်ဘူးကွာ၊ သင်ဇာက ငယ်ပါသေးတယ်၊ သူ့ကိုယ်ကျင့်တရားစွန်းထင်းသွားတာမျိုး မဖြစ်စေချင်ဘူး၊ ဘာမှမဟုတ်လည်း အမည်းစက်တစ်ခုပဲလေ"

"အင်း. . . မင်းတန်ဖိုးထားတာ ငါလေးစားပါတယ်၊ ဒါပေမဲ့ သူ့အစ်ကိုနဲ့ ရွှေဝတ်လွှာက. . ."

"သင်ဇာ အတိုက်အခံလုပ်ကြည့်လိမ့်မယ်၊ လိုအပ်ရင် ငါဝင်မယ်၊ မရတော့ဘူးဆိုရင် ရွှေဝတ်လွှာနဲ့အကြောင်းကိုပါ ပွင့်ပွင့်လင်းလင်း သင်ဇာ့ကိုဝန်ခံမယ်"

"ဖြစ်ပါ့မလား"

ဝဏ္ဏစိုးရိမ်တကြီးမေး၏။ သူခေါင်းညိတ်ပြလိုက်သည်။

"ငါဖြစ်အောင်လုပ်မယ်၊ ငါသင်ဇာကိုချစ်ခဲ့တာ စွန့်လွှတ်ဖို့မပါဘူး၊ ရွှေဝတ်လွှာကြောင့် ငါပိုပြီးမစွန့်လွှတ်ဘူး၊ သူထားခဲ့တဲ့အချိန်တုန်းက ငါ့ကိုအားမနာဘူးလေ၊ အခု ငါသူ့ကိုအားနာပြီး သင်ဇာ့ကိုစွန့်လွှတ်ရမှာလား"

"မမနိုင်ကတောင် စိတ်မကောင်းဖြစ်နေတယ်၊ မင်းအခုတလော စိတ်ဆင်းရဲလို့လားမသိဘူး၊ ထမင်းကောင်းကောင်းမစားလို့တဲ့"

"မမနိုင်လည်း ငါ့အတွက် စိတ်ထိခိုက်နေမှာပဲ၊ ရွှေဝတ်လွှာနဲ့တုန်းက မမနိုင်ကယ်တင်နိုင်ခဲ့တယ်၊ အခုငါ့ရဲ့ဆုံးဖြတ်ချက်တွေကြောင့် တိုက်တွန်းရဲပါ့ဦးမလားတောင် မသိဘူး"

"မမနိုင်က မင်းဘက်ကပါ၊ ရွှေဝတ်လွှာလွန်တယ်တဲ့။ မဆိုင်တော့တာကို ကန့်ကွက်နေလို့တဲ့လေ၊ မိုးနဲ့ ဝေဝေလွင်လည်း ပေါက်နေတယ်ကွ၊ သူတို့က မင်းတို့မင်္ဂလာဆောင်မှာကဲဖို့လုပ်နေတာ"

"ငါနဲ့ဝတ်လွှာအကြောင်း မိုးကိုလေသံဟဟတောင် မပြောမိစေနဲ့ဦးကွာ၊ သင်ဇာ့ကို မသိစေချင်သေးဘူး၊ ပြောရမယ်ဆိုရင် ငါ

www.burmeseclassic.com

www.burmeseclassic.com



ကိုယ်တိုင်အသိပေးဝန်ခံချင်တယ်''

''အေးပါကွာ''

ဝဏ္ဏတောင် လေးလံသောသက်ပြင်းတွေနှင့် အသံတိုးလျှသွား၏။ ပျော်ရွှင်မှုမဲ့သော ဘီယာကိုတော့ ဝင်အောင်သောက်နိုင်သည်။ သူကတော့မသောက်ဘဲ မူးနောက်ရီဝေလို့နေသည်။

အိမ်မှာ သင်ဇာရော ဘယ်လိုရင်ဆိုင်နေလဲ။ တင်းကျပ်မှုတွေ ဖွင့်ဖောက်ထုတ်ပြီး ပေါက်ကွဲနေမိသလားမသိပေ။

ဝေဒနာတွေ မပေးချင်ခဲ့ပါဘူး သင်ဇာရယ်. . ။

***

# အခန်း (၂၅)

''ဒါဘယ်ကပြန်လာတာလဲ၊ ဒီအချိန်ရှိပြီလဲ''

''ညည့်ခန်းမှာကိုကြီးထိုင်နေတာသိလျှက်နှင့် ကျော်ဖြတ်ကာထွက်လာခဲ့တော့၊ ခပ်ဆတ်ဆတ်မေးခွန်းက သူမကို ဝမ်းနည်းသွားစေသည်။

ခြေလှမ်းတွေ တုံ့ခနဲရပ်သွားလျှက်၊ နောက်ပြန်ဆုတ်ကာ ကိုကြီးရှေ့ကခုံမှာ ဝင်ထိုင်လိုက်သည်။

ကိုကြီး စိုးရိမ်စွာကြည့်နေချိန်မှာ မျက်ရည်က အလိုလိုဝဲတက်လာခဲ့သည်။

''ညီမလေး''

''ဘယ်အချိန်တုန်းက အဲလိုမေးခွန်းတွေနဲ့မယှဉ်သက်ာဖြစ်ခဲ့ဖူးလို့လဲ ကိုကြီး''

''အရင်က ချစ်သူရည်းစားမရှိသေးတဲ့အချိန်လေ၊ ဘယ်သွားသွား ဘာလုပ်လုပ် စိတ်ချလို့ရတယ်၊ အခုက ဆိုတ်ကွယ်ရာမှာ''

''အမှားလုပ်ချင်တဲ့သူက အချိန်နေရာရွေးမနေပါဘူး ကိုကြီး၊ ချုပ်ချယ်ကန့်သတ်လာရင်သာ အရွဲ့တိုက်ပြီး မှားတတ်ကြတာပါ''

''ညီမလေးကို ကိုကြီးဆုံးမနေတာ''

''သင်ဇာ ဘာတွေမှားနေလို့လဲ၊ ဘာတွေမိုက်မဲနေလို့လဲ၊ ချစ်သူ

www.burmeseclassic.com

www.burmeseclassic.com



ရှိတဲ့အကြောင်း ပွင့်ပွင့်လင်းလင်းဝန်ခံထားတယ်၊ ဖြစ်သင့်တဲ့လူပါလို့ ရွေးချင်ပြီးတော့ တွေ့ပေးထားတယ်၊ လိုလိုလားလား အိမ်ခေါ်တွေ့ပြီးမှ စိတ်တွေပြောင်းကုန်တာ ကိုကြီးတို့နော် သူလက်မခံလို့ သင်ဇာမိုက်ရူးရဲ မဆန်သေးတာ''

''ကျွတ်''

စိန်ခေါ်နေတာက၊ ဘုန်းနေလ အားပေးအားမြှောက်မလုပ်လို့ အခွင့်မရှိသေးသည့်ပုံစံမျိုးပင်။ တကယ် ညီမလေးမိုက်ရူးရဲဆန်သွားလျှင် ဘယ်လိုလုပ်မလဲ။

အတွေးက နားထင်ကြောတွေတောင် ထောင်ထလာစေသည်။ တစ်ခုခုသာလုပ်သွားလျှင် ရင်ကျိုးရချည်ရဲ့။ ဝတ်လွှာကိုပဲ နားလည်အောင်ဖျောင်းဖျကြည့်ရတော့မှာပါ။

''ဘုန်းနေလကို ကိုကြီးတွေ့ကြည့် စကားပြောကြည့်ချင်တယ်''

''မမဝတ်လွှာကို ဖုန်းနံ့ပါတ်ရော အိမ်လိပ်စာရော ပေးထားတာပဲ၊ သူနဲ့အချိန်မရွေးစကားပြောလို့ရတယ်၊ သွားတွေ့လို့ ခေါ်တွေ့လို့ရတယ်၊ သင်ဇာ့ထက် အသက်လေးငါးနှစ်ကြီးတာကလွဲရင် သူ့မှာဘာ အပြစ်ပြောစရာမှမလိုဘူး ကိုကြီး''

''ကိုကြီးက သဘောမတူဘူးပြောနေလို့လား ညီမလေးရယ် ညီမလေးကိုပဲ နှမြောတာပါ၊ ကိုကြီးထက်ချစ်ရမယ့်သူရသွားပြီဆိုတာကို နားလည်ပေးလိုက်ဖို့ခက်နေတာပါ''

''အချစ်ချင်းက တခြားစီပါ၊ ညီမလေးထက် မမလွှာကို အချစ်ပိုတာ၊ ဂရုစိုက်နွေးထွေးတာ ညီမလေးတစ်ခါမှ မနာလိုမဖြစ်ဖူးပါဘူး ငါ့အစ်ကို ငါ့ယောက်မဆိုပြီးတော့ပဲ ဂုဏ်ယူနေတာပါ၊ သင်ဇာ့အလှည့်ကျမှ မမဝတ်လွှာကလည်း ရပ်တည်မပေးဘူး၊ ကိုကြီးကလည်း နားလည်မပေးဘူး၊ သင်ဇာ ခိုးရာလိုက်သွားပြီဆိုရင် ကိုကြီးက လက်ခံတော်မှ ဒီအိမ်ကို ခြေရာချမှာမဟုတ်ဘူး''



''ညီမလေး''

စိုးရိမ်ကာ ညီမလေးနားဖွေ့ခနဲရောက်လာလျက် ပခုံးလေးကို ဖက်လိုက်မိသည်။

''ညီမလေး၊ လုံးဝအဲလိုမလုပ်ရဘူးနော်၊ ကိုကြီးတို့ ဂုဏ်သိက္ခာက ရှိသေးတယ်၊ ဘုန်းနေလနဲ့သဘောမတူဘူးလို့ ကိုကြီးပြောနေတာမဟုတ်ဘူး၊ အချိန်ပဲစောင့်ခိုင်းတာ''

''ကိုကြီးလည်း သင်ဇာ့အသက်အရွယ်လောက်ကတည်းက အိမ်ထောင်ပြုခဲ့တာပါ၊ သင်ဇာ့ထက်ပိုချစ်သွားမလားဆိုပြီး သင်ဇာစိုးရိမ်မနေခဲ့ဘူး၊ အစ်မတစ်ယောက်ရပြီဆိုပြီး သင်ဇာပျော်နေခဲ့တာ၊ အခုကိုကြီးတို့လုပ်နေတာက သင်ဇာတို့ကို ရှေ့တိုးမှာကြောက်နေသလိုပဲ၊ အပျိုစင်ဘဝလေးပဲရှိစေချင်တာ၊ အိမ်ထောင်သည်ဖြစ်သွားမှာကို လက်မခံနိုင်သေးဘူးဆိုတာတွေက အကြောင်းပြချက်တွေပဲ၊ သင်ဇာ တကယ်လို့ မိုက်သွားမယ်ဆိုရင်ရော ကိုကြီးတို့ဘာတတ်နိုင်မှာလဲ''

''အေး. . . အေးပါ ညီမလေးရယ်၊ အဲလိုအတွေးမျိုးလုံးဝမဝင်လိုက်ပါနဲ့၊ ညီမလေးဘုန်းနေလနဲ့ လက်ထပ်ရမှာပါ၊ ညီမလေးကိုချစ်လို့ မခွဲနိုင်ဖြစ်နေတဲ့ ဝတ်လွှာကိုလည်း ကိုကြီးဖျောင်းဖျလိုက်ပါ့မယ်''

''ဟင်. . . တ. . . တကယ်နော် ကိုကြီး''

မြသင်ဇာမျက်နှာလေး အရောင်ပြောင်းကာ ဝင်းလဲ့သွားသည်။ မြတ်ဦးမောင်ခါးကိုဖက်ကာ ပါးကိုဖျတ်ခနဲ နမ်းလိုက်သေး၏။ ညီမဖြစ်သူ ပျော်သွားတာမြင်တော့ မြတ်ဦးမောင် စိတ်ချမ်းသာရသည်။

''ကိုကြီးမှာ ဒီညီမနှလေးတစ်ယောက်ပဲရှိတာ၊ ကိုကြီး စိတ်ဆင်းရဲအောင်မလုပ်ရက်ပါဘူးကွာ၊ ဖေဖေ မေမေတို့မရှိတော့တဲ့အချိန်မှာ ညီမလေးအိမ်ထောင်ရေးအတွက် ကိုကြီးမှာတာဝန်အရှိဆုံးပါ၊ ဘုန်းနေလ က လူတော်တစ်ယောက်ဆိုရင် ဘာသဘောမတူစရာရှိလဲ၊ ဒါပေမဲ့ အိမ်မှာပဲ အတူတူနေရမှာနော်၊ စိတ်ဆိုးစိတ်ကောက်ပြီးလည်း အိမ်ပေါ်က



www.burmeseclassic.com

www.burmeseclassic.com



မဆင်းရဘူး၊ နိုးရလည်း မလိုက်ရဘူး''

''လက်ထပ်ဖို့ ကိုကြီးလက်ခံတယ်ဆိုရင် သင်ဇာကဘာလို့ နိုးရ လိုက်ရမှာလဲ ကိုကြီးရဲ့၊ တကယ်တော့ သင်ဇာက ကိုကြီးနဲ့ မမဝတ်လွှာ ကို အရွဲ့တိုက်ပြီး နိုးရလိုက်ချင်ပါတယ်၊ လက်ခံလာအောင်လို့ ကလေး ရှိနေပြီလို့ ရှပ်ရှင်ဆန်ဆန်ပြောဖို့လည်း လုပ်သေးတယ်၊ ကိုနေလက မဟုတ်တောင်မှ အဲလိုပြောလိုက်ရင် သိက္ခာကျစရာဖြစ်မှာစိုးလို့ လုံမ မပြောရဘူးပြောထားလို့''

''သြော်. . . ဘုန်းနေလ ဦးနှောက်ရှိသားပဲ၊ ညီမလေးကတော့ တကယ့်တစ်ဖွတ်ထိုးကွာ၊ ယောကျ်ားအဲလောက်တောင်လိုချင်နေသလား ကိုကြီးကို မျက်နှာမပူဘူးလား''

''ကိုကြီးလည်း မိန်းမယူတာပဲလေ၊ ဘာဆန်းလို့လဲ၊ ဥမကွဲ သိုက်မပျက် တစ်အိမ်တည်းမှာ အတူနေရရင်တော်ပြီပေါ့၊ သင်ဇာတို့ ခွဲနေရမှာမှမဟုတ်တာ၊ ကိုနေလက သူ့အဆင့်အတန်း ဂုဏ်ဒြပ်နဲ့ဆို ရင် ဒီအိမ်မှာလိုက်မနေနိုင်ဘူးလို့ ပြောရင်တောင်ရပါတယ်၊ သူက သင်ဇာ့ကိုချစ်လို့သာ ဒီအိမ်မှာလိုက်နေဖို့ သဘောတူလိုက်တာ''

''သူကလိုက်မနေဘူးပြောလည်း ညီမလေးက ဒီအစ်ကိုကို ပစ် ကန်ပြီးလိုက်သွားမှာပဲ မဟုတ်လား၊ တော်တော်ဆိုးတာပဲ၊ ဒီအစ်ကိုကြီး ကတော့ ချစ်လိုက်ရတာ''

မြသင်ဇာ ရှက်ကိုးရှက်ကန်းဖြစ်သွားလျက် ဇက်ကလေးပုကာ ရယ်သည်။ သူမ မညာချင်ပါ။ ဘုန်းနေလကို မခွဲမခွာနိုင်အောင် မူးမူး မူးမူးကိုချစ်နေမိသည်။

သူမကိုတန်ဖိုးထား မြတ်နိုးတာတွေ သိလာရလို့ ပိုပြီးချစ်မြတ်နိုး ခဲ့မိတာဖြစ်သည်။ ဒီလိုအချစ်မျိုး ဘယ်သူတစ်ဦးတစ်ယောက်ဆီကမှ ထပ်မလိုချင်တော့ပါ။

''ကိုကြီး''





''ဟင် ညီမလေး''

''မမဝတ်လွှာကို သေချာဖျောင်းဖျနှစ်သိမ့်ပေးပါနော်၊ သင်ဇာ ကိုကြီးကိုရော မမဝတ်လွှာကိုရော မချစ်လို့မဟုတ်ဘူး၊ ကိုနေလကို ချစ်သွားလို့ အိမ်ထောင်ပြုသွားတာလည်း မဟုတ်ပါဘူး၊ မမဝတ်လွှာနဲ့ ကိုကြီးကို မိဘလိုသဘောထားပါတယ်၊ အစ်ကိုကြီး အစ်မကြီးလိုလည်း ချစ်ပါတယ်၊ ဒါပေမဲ့''

''အများကြီးရှင်းပြစရာမလိုပါဘူး ညီမလေးရယ်၊ ကိုကြီး နား လည်ပါတယ်၊ ဝတ်လွှာကိုလည်း နားလည်ပေးလိုက်ပါ၊ သူက ညီမလေး ကို မိခင်တစ်ယောက်လိုချစ်တာပါ၊ ဒါကြောင့် မစွန့်လွှတ်နိုင်ဖြစ်နေတာ၊ သူ့အခုတလော မအိပ်နိုင် မစားနိုင်လောက်အောင်ကို စိတ်ထိခိုက်နေတာ ညီမလေး၊ ညညဆို သူအိပ်မပျော်တာ ကိုကြီးသိတာပေါ့၊ ထထပြီးထိုင် တယ်၊ ရေထသောက်တယ်၊ လသာဆောင်ဘက်ထွက်တယ်၊ ဘာဖြစ် လို့လဲမေးရင် သင်ဇာ့ကိုနှမြောလို့ပါတဲ့''

''သြော်''

သူမအပေါ် မမဝတ်လွှာ ဒီလောက်တောင်ချစ်ပါလားလို့ စိတ် မကောင်းဖြစ်ရသည်။

''မမဝတ်လွှာကို သင်ဇာချော့ပြီးဖြေသိမ့်လိုက်ပါ့မယ်၊ အရမ်း စိတ်မထိခိုက်အောင် ကိုကြီးလည်း ဖြေသိမ့်ပေးလိုက်ပါနော်၊ မမဝတ်လွှာ သနားပါတယ်''

''အေးပါ ညီမလေးရယ်၊ ကိုကြီး ကောင်းကောင်းနှစ်သိမ့်ပေး လိုက်ပါ့မယ်၊ ဝတ်လွှာက ကိုကြီးတို့အတွက် တန်ဖိုးရှိတဲ့ မိသားစုဝင်ပါ''

မောင်နှမနှစ်ယောက်ပြောနေသည့်စကားတွေကြားပြီး ရွှေဝတ် လွှာ မျက်ရည်တွေအလိုလို စီးကျလာသည်။ မိမိအပေါ် တကယ်တန်ဖိုး ထားပြီး လေးလေးနက်နက်ချစ်ကြတာပါလား။

မိမိကသာ သူတို့အပေါ်အပြစ်ကြီးတစ်ခု ကျူးလွန်ထားမိတာပါ။



www.burmeseclassic.com

www.burmeseclassic.com



ဘယ်လိုလုပ်ရမလဲ။ သင်ဇာနှင့် ဘုန်းနေလ ဘယ်လိုမှလက်ထပ်လို့ မဖြစ်ပေ။ ဘုန်းနေလ . . နင်ငါ့ဘဝထဲ ဘာလို့များ နောက်ထပ်ပေါ်လာသေးတာလဲ ဘုန်းနေလရယ်။ ငါထားခဲ့တဲ့ လင်းကိုဘဝနဲ့ပဲကျန်နေခဲ့ရောပေါ့။

ငါရဲ့သာယာနေတဲ့ ဘဝလေးကို နင်ဖျက်ဆီးပစ်လိုက်တာ ဘုန်းနေလ။

ငါပိုင်ဆိုင်နေတဲ့ ဒီဘဝလေးထဲကို နင်လုံးဝကို ဝင်လို့မရဘူး ဘုန်းနေလ ငါဘာလုပ်ရမလဲ . . ။

***



## အခန်း (၂၆)

"ဟိတ်ကောင် မင်းဖုန်းမြည်နေတယ်"

ဝဏ္ဏ သတိပေးမှ စားပွဲပေါ်တင်ထားသောဖုန်းကိုယူကာ နားထောင်လိုက်ရသည်။ အခုတလော စိတ်နှင့်ကိုယ်မကပ်ဖြစ်နေတာမို့ ဘယ်သူ့ဖုန်းလဲဆိုတာတောင် နံပါတ်ကြည့်မနေဖြစ်ပါ။

"ဟယ်လို"

"လင်းကို"

"ဟင် . . ရွှေဝတ်လွှာ"

"ငါနင်နဲ့ တွေ့ချင်တယ်၊ အရင်လိုအပြင်မှာတော့မဟုတ်ဘူး၊ ဒါက အိမ်ထောင်သည်၊ ပတ်ဝန်းကျင်အမြင်မသင့်တော်သလို မောင်နဲ့ သင်ဇာလေး သိသွားရင်လည်းမကောင်းလို့ နင့်တိုက်ခန်းမှာတွေ့ကြမယ်"

"ဟင် . . ငါ့တိုက်ခန်းမှာ"

"တစ်မျိုးမထင်နဲ့ အရေးကြီးတဲ့စကားပြောစရာရှိတယ်၊ နင်အပြင်မှာဆိုလည်း နောက်တစ်နာရီအတွင်း နင့်တိုက်ခန်းကိုရောက်အောင်ပြန်လာပါ"

ပြောပြီးဖုန်းချသွားသည်။ ဝဏ္ဏက ဘာလဲဟု မေးငေါ့ေမေးေ၏။

"ရွှေဝတ်လွှာလား"

"အင်း"



www.burmeseclassic.com

www.burmeseclassic.com



"မင်းတိုက်ခန်းကို လာမလို့တဲ့လား၊ ဘာလုပ်မလို့လဲ"

"ပြောစရာရှိလို့နေမှာပေါ့"

"အပြင်တစ်နေရာဆိုရတာပဲ၊ ဘာသဘောလဲ"

"ပတ်ဝန်းကျင်ကြောင့်တဲ့၊ သင်ဇာနဲ့ သူ့ယောက်ျားသိမှာလည်း စိုးရိမ်နေတယ်"

"မဖြစ်သင့်ဘူးနောက် သူဘာတွေကြံစည်နေလဲမသိဘူး။ အပြင်မှာ မတွေ့ချင်ရင် လာမတွေ့ဘူးပြောလိုက်ပါလား"

"ကြောက်စရာမလိုပါဘူး၊ သူ့အိမ်ထောင်ရေးပျက်စီးမှာ ကြောက်နေတဲ့မိန်းမက ငါ့ကိုထောင်ချောက်ဆင်အမိဖမ်းဖို့တော့ မဟုတ်လောက်ပါဘူး၊ အရေးကြီးတဲ့စကားပြောဖို့တဲ့၊ သင်ဇာနဲ့ လက်ထပ်လို့ မဖြစ်ဘူးဆိုတာပဲ ပြောမလို့နေမှာပေါ့"

သက်ပြင်းတွေနှင့် ပြောမိတော့ ဝဏ္ဏလည်း သူ့ပခုံးကိုပုတ်ကာ သက်ပြင်းချသည်။

"ရွှေဝတ်လွှာ တော်တော်နားမလည်စရာကောင်းတဲ့ မိန်းမပဲ၊ လုံးဝကိုအဓိပ္ပာယ်မရှိဘူး၊ မင်းပြတ်ပြတ်သားသားပဲပြောခဲ့ကွာ"

"ငါလည်း အဲလိုပဲဆုံးဖြတ်ထားတယ်၊ ဒီတစ်ခါအပြတ်သားဆုံးပြောမယ်၊ သင်ဇာ့ကို မခွဲနိုင်ဘူးလို့၊ ဒါမှလက်မခံရင် သူ့ယောက်ျားနဲ့ သင်ဇာ့ကို ဖွင့်ပြောမယ်ဆိုပြီး ခြိမ်းခြောက်ရုံပဲ၊ သူက မသိစေချင်တဲ့ပုံ ပေါက်နေတော့ ကြောက်တော့ကြောက်သွားလောက်ပါတယ်"

"အေး . . အဆင်ပြေလာပါစေကွာ၊ အခြေအနေတော့ အမြန်ဆုံးဖုန်းပြန်ဆက်နော်"

"အေးပါ . . ငါသွားမယ်၊ မမခိုင်ကို ငါနေ့လယ်စာမစားဖြစ်တော့တဲ့အကြောင်းပြောလိုက်ဦး၊ ငါသွားပြီ"

စိတ်မပါစွာနှင့်ပင် ကားကိုမောင်း၍ တိုက်ခန်းကိုပြန်လာခဲ့သည်။ လေးဆယ့်ငါးမိနစ်အတွင်း သူပြန်ရောက်လာတော့ ရွှေဝတ်လွှာ



ရောက်မလာသေးပေ။ သံဘာဂျာတံခါးကို စေ့ရုံစေ့ထားပြီး ဧည့်ခန်းဆိုဖာခုံမှာပဲ ထိုင်စောင့်နေလိုက်သည်။

နောက်ထပ်မိနစ်နှစ်ဆယ်လောက်ရှိသောအခါမှ လူခေါ်ဘဲလ်တီးသံကြားရ၏။

"စေ့ရုံပဲစေ့ထားတာ၊ ဘယ်ဘက်ကိုတွန်းပြီး ဝင်လာခဲ့"

အထဲကနေပင် အသံပြုလိုက်သည်။ တမင်တံခါးကို မပိတ်တာပါ။ ဒါပေမဲ့ ရွှေဝတ်လွှာက ကျွန်းတံခါးကို လော့ပြန်ချသံ ဘာဂျာကို ဆွဲပိတ်ပြီးမှ ဝင်လာခဲ့သည်။

အရင်ကလို နှုတ်ခမ်းချိုဆဲပဲလို့ မချီးမွမ်းချင်ပါ။ လူကုံထံအသွေးအမွေးဖြင့် ဝံ့ထည်တင့်တယ်နေတာကတော့ အမှန်ပဲဖြစ်သည်။

"ထိုင်. . ပြောစရာရှိတာပြော"

မျက်နှာကို စေ့စေ့မကြည့်ဘဲ ဧည့်ဝတ်ကျေရုံပြောလိုက်တော့ သူနှင့် မျက်နှာချင်းဆိုင်ခုံမှာ ဝင်ထိုင်သည်။ ခပ်တင်းတင်းမျက်နှာပေါ်မှာ ဟိုအရင်ချစ်ခဲ့ဖူးသည့်အချိန်က အရိပ်အရောင်တွေ နည်းနည်းမျှ မရှိပါ။ သူ့မျက်နှာကလည်း တင်းထန်နေကာ. .

"သင်ဇာနဲ့ လက်မထပ်ဖို့ကိစ္စလာပြောတာဆိုရင် ငါကလည်း လက်ထပ်ဖြစ်အောင် လက်ထပ်မယ်လို့ ပြန်ပြောမယ့်စကားကို မင်းကြားရမှာပဲ"

"နင် သင်ဇာ့ဆီက ဘာလိုချင်တာလဲ၊ ဘာရချင်တာလဲ"

"ဘာ. . စည်းစိမ်ဥစ္စာပြောတာလား၊ မင်းမက်ခဲ့တဲ့အရာတွေ ငါ့မှာရှိပြီးသားပဲ၊ ငါကမင်းလောက်လောဘမရှိတဲ့အတွက် အချစ်ကလွဲရင် သင်ဇာ့ဆီက ငါဘာမှယူမှာမဟုတ်ဘူး၊ ငါပေးနိုင်သလောက်ပဲ သူ့ကိုပေးသွားမှာ"

"နင်လက်ထပ်ချင်တာ လူကိုရချင်တာမဟုတ်လား၊ လူကိုယူလို့မရတဲ့အကြောင်းအရင်းကို နင်သိချင်လား၊ သင်ဇာ့ကိုလက်ထပ်လို့မရ

www.burmeseclassic.com



တဲ့အကြောင်းအရင်း နင်သိရမှဖြစ်မှာလား''

''ဘာအကြောင်းကိုသိရမှာလဲ၊ မင်းနဲ့ဖြစ်ခဲ့တဲ့ကိစ္စက ပြီးပြီးသွားအတိတ်၊ အခုငါချစ်နေတဲ့သူက သင်ဇာ. . မြသင်ဇာ၊ မင်းယောက်မှန်း မသိခင်ကတည်းကချစ်ခဲ့တာ၊ မင်းကိုလက်စားချေလိုစိတ်တွေ လက်တုံ့ပြန်လိုစိတ်တွေ လုံးဝမရှိဘူး၊ အဲဒါငါရဲ့သစ္စာတရား''

ပေါက်ကွဲစိတ်များနှင့် ဖွတ်ပြောပစ်လိုက်သည်။ ရွှေဝတ်လှာ အံ့ကြိတ်၏။ နှုတ်ခမ်းဖူးလေးတွေကိုကိုက်ပြီး မျက်ရည်ဝဲနေတာ ဘာကြောင့်မှန်းမသိပါ။

''လင်းကို''

''ဘာလဲ''

''နင်နဲ့ငါ့အကြောင်းကို ပြီးပြီးသွားအတိတ်၊ ပြီးခဲ့တဲ့အတိတ်လို့ နင်သတ်မှတ်ထားတယ်ပေါ့''

''အဲလိုပဲလေ မဟုတ်ဘူးလား''

''အဲလိုဖြစ်ခဲ့ရင် သိပ်ကောင်းမှာပဲ၊ ငါလည်းနင်နဲ့ပတ်သက်သမျှ မေ့ထားလိုက်ချင်တာ၊ ဒါပေမဲ့''

ပြောပစ်လိုက်ဖို့ ဆုံးဖြတ်ပြီးမှရောက်လာခဲ့တာတောင် ပြောထွက်ဖို့တော်တော်အားယူနေရသည်။ စိတ်ဝင်စားပုံမရပေမယ့် မိမိဘာပြောမလဲဆိုတာကိုတော့ ဘုန်းနေလ နားစွင့်နေသည်။

''မင်းပြောဖို့ရောက်လာတာမဟုတ်လား ပြောလေ၊ ငါနဲ့ပတ်သက်ပြီး မေ့ထားလို့မရတဲ့အကြောင်းကဘာလဲ၊ သင်ဇာ့ကိုလက်ထပ်လို့မရတဲ့အကြောင်းကဘာလဲ''

''ငါ့မှာ သားလေးတစ်ယောက်ရှိတယ်''

''ဘာ. . သင်ဇာကပြောတော့ မင်းတို့ကလေးမရကြသေးဘူးဆို''

''ဟုတ်တယ်. . သင်ဇာ့အစ်ကိုနဲ့ရတဲ့ကလေးမဟုတ်ဘူး''





''ဟင်. . ဘာ ဒါဆို''

''ငါတို့လူငယ်သဘာဝအတွေ့အထိနဲ့ မှားယွင်းခဲ့မိကြတာတော့ နင်မမေ့ဘူး မဟုတ်လား''

''ဟာ. . ဒါ. . ဒါက''

သူခေါင်းတွေ ချာချာလည်သွားသည်။ တစ်ခါဆို တစ်ခါတည်းပါ။

ချစ်သူဘဝလျှောက်လည်ရင်းနှင့် အလည်လွန်ကာ အိမ်ပြန်နောက်ကျသည့်နေ့က။

''ရွှေ. . ရွှေဝတ်လှာ''

''ငါကိုယ်ငါလည်း သတိမထားမိဘူး၊ အိမ်မှာအဆင်မပြေမှုတွေနဲ့ ငါ့ကို မြတ်ဦးမောင်နဲ့လက်ထပ်ပေးဖို့ ဖေဖေပြောတဲ့နေ့မှ သိလိုက်ရတာ၊ မြတ်ဦးမောင်ကို လိမ်ညာဟန်ဆောင်လက်ထပ်ခဲ့တာတော့ မဟုတ်ပါဘူး၊ ငါ့မိသားစုကို ငါကယ်တင်ဖို့အတွက်''

''မင်း. . မင်း ဘာလုပ်လိုက်တာလဲ၊ အဲ. . အဲဒီကလေးရော''

''ငါယောကျ်ားမယူချင်လို့ စိတ်ဆိုးပြီး ထွက်သွားတဲ့ပုံစံမျိုးနဲ့ သူငယ်ချင်းတစ်ယောက်ရှိတဲ့ တောမှာကလေးကိုသွားမွေးလိုက်တယ်၊ ပြီးတော့ ငါပြန်လာတယ်''

''အဲဒီကလေးရော၊ သားလေးရော၊ ငါနဲ့ရလိုက်တယ်ဆိုတဲ့ ကလေးရော''

ကျန်သည့်အရာတွေ ရွှေဝတ်လှာပြောနေတာ စိတ်မဝင်စားနိုင်။ သူသိချင်တာပဲ ဖွတ်မေးနေမိသည်။ ရွှေဝတ်လှာ မျက်ဝန်းအိမ်မှာ မျက်ရည်စတွေနှင့် . . . .။

''မိ. . မိဘမဲ့ဂေဟာမှာ''

''ဘာ. . က. . ကလေးကို မိဘမဲ့ဂေဟာကို ပို့ထားတယ်၊ တာ. . . ရွှေဝတ်လှာ. . မင်း. . မင်းကွာ''



www.burmeseclassic.com

www.burmeseclassic.com



''ဒါဆို ငါဘယ်လိုလုပ်ရမှာလဲ၊ အခြေအမြစ်မရှိတဲ့ နင့်ကိုယူပြီး ငါ့ကလေးကိုရော၊ ငါ့မိဘကိုရော၊ မပြည့်စုံချို့တဲ့တဲ့ဘဝမှာ ထားရမှာလား''

''မင်း ငါ့ကိုဘာမှမပြောဘဲ ထွက်သွားခဲ့တာ အဲဒါကြောင့်လား။ ရှစ်လကျော်လောက်ပျောက်သွားခဲ့တယ်၊ ပြန်လာတော့ ယောက်ျားယူတော့မယ်ဆိုပြီး ငါ့ကိုမေ့နိုင်။ မုန်းနိုင်းတယ်၊ အဆက်အသွယ်ဖြတ်နိုင်းတယ်၊ အဲဒီအချိန်က ကလေးကိုမွေးပြီး မိဘမဲ့ဂေဟာမှာ စွန့်ပစ်ပြီးပြီပေါ့၊ ငါ့ကိုဘာလို့ အဲဒီကလေးမပေးတာလဲ၊ မင်းမလိုချင်ရင်တောင် ကလေးအဖေဖြစ်တဲ့ ငါ့ကိုပေးသင့်တာပေါ့''

''အဲဒီအချိန်က နင့်ကိုယ်နင်တောင် ရပ်တည်နိုင်လို့လား၊ ဆွေမျိုးတွေကိုမှီခိုပြီး အခြေအနေမဲ့နေတဲ့နင့်ကို ဘယ်လိုအားကိုးရမှာလဲ ငါ့မှာတခြားရွေးချယ်စရာမရှိဘူး၊ ဒီလိုမလုပ်ရင် ငါ့မိဘတွေစိတ်ဆင်းရဲမယ်၊ ငါ့မောင်လေးနဲ့ ညီမလေး ပညာမတတ်ပင်ပန်းဆင်းရဲမယ်''

''တောက်. . .မင်းမိသားစုအတွက်နဲ့ ငါ့သားကိုမိဘမဲ့ဂေဟာကို ပို့ရက်တယ်၊ မင်းမိခင်မှဟုတ်ရဲ့လား၊ မိခင်ပီသရဲ့လား''

သူ့ရဲ့ပေါက်ကွဲမှုကို ရွှေဝတ်လှွာခပ်မဲ့မဲ့တုံ့ပြန်လျက်. .

''ငါ့သားကို ငါဒီအတိုင်းပစ်ထားတယ်လို့ နင်ထင်နေလား၊ မိဘမဲ့ဂေဟာက ဆရာမကြီးဆီမှာ ငါ့ဘဝအခြေအနေအကုန်ပြောပြပြီး ငါ သေချာအပ်ထားတာ၊ မြတ်ဦးမောင်မသိအောင် ငါလစဉ်လတိုင်း ငွေကြေးထောက်ပံ့တယ်၊ လိုအပ်တာဝယ်ပေးတယ်၊ အမေဆိုတာ အသိမခံပေမယ့် ငါတစ်ခါတစ်ခါ သားကိုသွားကြည့်တယ်၊ သူဘယ်နှလသားဖြစ်သွားပြီ၊ ဘယ်နှနှစ်သားဖြစ်သွားပြီဆိုပြီး ပီတိတွေနဲ့ငါကြည်နူးနေခဲ့တယ်''

''အဲဒါနဲ့ မိခင်တာဝန်ကျေရောလား ရွှေဝတ်လှွာ၊ မိဘတွေရှိရဲ့နဲ့ မိဘရင်ခွင်မှာနေခွင့်မရတဲ့ အဲဒီကလေးရဲ့ရင်ထဲမှာ ဘယ်လောက်





များ သိမ်ငယ်မှုတွေ၊ နာကျင်မှုတွေ အထီးကျန်မှုတွေ ခံစားနေရမလဲ၊ သူ့ဘဝ သူတွေးပြီး ဘယ်လောက်တောင်ထိခိုက်နာကြည်းနေမလဲ''

''အဲဒါကြောင့် မြတ်ဦးမောင်နဲ့ ငါကလေးမယူခဲ့တာ၊ ငါ့သားလေးကို ငါတစ်နေ့ ငါ့ရင်ခွင်ထဲမှာ ပြန်မွေးစားဖို့အတွက် မြတ်ဦးမောင်မသိအောင် တားဆေးတွေ ငါသုံးစွဲနေခဲ့တယ်၊ ငါအဲဒီရည်ရွယ်ချက်လေးတစ်ခုနဲ့၊ ငါ့သားလေးကို ငါပြန်ခေါ်နိုင်ဖို့ တစ်ခုတည်းနဲ့ ငါ့အပေါ်အရမ်းကောင်းတဲ့ သင်ဇာတို့မောင်နှမအပေါ် အရမ်းကိုရက်စက်နေမိခဲ့တာ သိလား လင်းကို၊ ငါ့ရင်ထဲကို နင်ဝင်ကြည့်စမ်း၊ ငါလုပ်ခဲ့တဲ့အပြစ်တွေနဲ့ ငါပြန်ခံစားနေရတာ တန်ရဲ့လားလို့''

ရွှေဝတ်လှွာ မျက်ရည်တွေကျကာ ပေါက်ကွဲသည်။ သူရော ဘယ်လိုပေါက်ကွဲရမလဲ။ ရွှေဝတ်လှွာမှာ ကိုယ့်ရင်သွေးလေးပါသွားတာတောင်မသိဘဲ လျစ်လျူရှုထားခဲ့မိတာပဲ မဟုတ်ပါလား။

ဘယ်သူက အပြစ်ပိုများလဲဆိုတာတောင် မတွေးတတ်တော့ပါ။

''ငါ့သားလေးကို ငါတွေ့ချင်တယ်၊ ငါ့သားလေးကို ငါမွေးမယ်၊ ရွှေဝတ်လှွာ ငါ့သားရှိနေတဲ့လိပ်စာကိုပေးပါ''

''နင် မြသင်ဇာနဲ့ လက်မထပ်ဘဲနေနိုင်လို့လား''

''ဘာ''

''နင့်ကို မြသင်ဇာနဲ့ လက်ထပ်လို့မဖြစ်ဘူးဆိုတာ အဲဒါကြောင့်ပဲ။ ငါ့သားကို ငါပြန်မွေးစားဖို့အတွက် ငါကလေးမယူဘဲ မြတ်ဦးမောင်ကို တစ်ဖက်လှည့်နဲ့ ကလေးမွေးစားရအောင်လို့ ငါအကြိမ်ကြိမ်ပြောခဲ့တယ်၊ ငါ့သားလေးကို မိဘမဲ့ဂေဟာမှာ ဒီလိုမျိုးကြီးပြင်းမသွားစေချင်လို့လေ၊ ဒါပေမဲ့ မြန်ဦးမောင်က မမွေးစားချင်ခဲ့ဘူး၊ ဆေးစစ်ပြီးကလေးရအောင် လုပ်မယ်၊ ဒါမှမဟုတ်ရင် သူ့ညီမအိမ်ထောင်ပြုပြီးရလာမယ့် တူလေး တူမလေးတွေကိုပဲ ချစ်ချင်တယ်''



www.burmeseclassic.com

www.burmeseclassic.com



"ဒါ သူမှန်တာပဲ၊ သူစိမ်းကိုဘယ်မွေးစားချင်ပါ့မလဲ"

"ဟုတ်တယ် သူမှန်တယ်၊ သူ့နေရာမှာငါဆိုလည်း ဒီလို ဆုံးဖြတ်မိမှာပဲ၊ ဒါပေမဲ့ ငါကသားလေးရဲ့ မိခင်ဖြစ်နေတယ်၊ အမေဖြစ်နေတယ်၊ အဲဒီအတွက် ငါ့ရင်ခွင်ထဲမှာထားဖို့၊ ငါနည်းအမျိုးမျိုးနဲ့ကြိုးစားနေရဦးမှာပဲ၊ အဲဒီလိုဖြစ်နေတဲ့အချိန်မှာ နင်ကပေါ်လာပြီး မြသင်ဇာနဲ့ လက်ထပ်မယ်လို့အော်နေတယ်၊ တကယ်လို့ လက်ထပ်ဖြစ်ရင်၊ ငါ့သားလေးကို ငါမွေးစားပြီးပြီဆိုရင် နင်နဲ့သင်ဇာကမွေးတဲ့ကလေး၊ နင်နဲ့ငါနဲ့ မွေးထားတဲ့ကလေး၊ တစ်အိမ်တည်းမှာ အတူနေကြပြီး ဘယ်လိုတွေ တော်စပ်ကုန်ကြမှာလဲ"

"ရွှေဝတ်လွှာ"

ဒါ့ကြောင့် ဒီလောက်တောင် တားဆီးပိတ်ပင်နေခဲ့တာပါလား လို့ အခုမှသဘောပေါက်သည်။ အခုသူဘာလုပ်ရမလဲ။ ရွှေဝတ်လွှာက မျက်ရည်တွေကို ခပ်ကြမ်းကြမ်းသုတ်ပစ်ပြီး ...

"နင့်ကို အရင်ကတည်းကထားခဲ့လိုက်ပြီ၊ ငါ့သားကိုတော့ ငါ မစွန့်လွှတ်နိုင်ဘူး။ သားအရင်းပါလို့ အသိပေးလို့မဖြစ်ပေမယ့် ငါရအောင် မွေးစားမှာ၊ နင်ဘယ်လိုလုပ်မှာလဲ၊ မြသင်ဇာကို နင်လက်ထပ်မယ်ဆို သားကိုမိဘမဲ့ဂေဟာမှာပဲထားရမှာ၊ နင်အဲလိုဖြစ်စေချင်သလား ပြော လင်းကို၊ နင်ပြောကြည့်စမ်း"

"ရွှေဝတ်လွှာ ... ငါ ... ငါ"

ရင်ကိုမီးစတွေနှင့် အထိုးခံရသလို နာကျင်လှသည်။ ရင်တစ်ခုလုံး ပူပြင်းလောင်မြိုက်နေ၏။ သူမြသင်ဇာကို စွန့်လွှတ်ရမှာလား သားကို မသိသလိုဘဲ ဥပေက္ခာပြုထားရမှာလား။

"နင်ပြောလေ လင်းကို"

"သားက ဘယ်မိဘမဲ့ဂေဟာမှာလဲ"

"ဘာလုပ်မလို့လဲ"





"ငါကဖအေတစ်ယောက်လေ၊ ငါ့သားကို ငါတွေ့ချင်တာပေါ့"

"နင်တွေ့ချင်တိုင်းတွေ့ရအောင် နင်က ဖအေနေရာမှာနေခဲ့ရ သို့လား"

"ဒါ ငါသိရက်နဲ့ ဥပေက္ခာပြုခဲ့တာ မဟုတ်ဘူး၊ တာဝန်မကျေခဲ့တာ မဟုတ်ဘူးလေ၊ မင်းဆီမှာ ကိုယ်ဝန်ပါသွားမှန်းလည်းမသိဘူး မင်းကရော ငါ့ကို ကလေးအဖေပါလို့ အသိပေးခဲ့လို့လား၊ မင်းဘာသာ မင်းဆုံးဖြတ်ချက်နဲ့ လုပ်ချင်ရာလုပ်ခဲ့တာ၊ ငါ့မှာအပြစ်ရှိသလား"

"မြသင်ဇာနဲ့ ချစ်ခဲ့တာ၊ မြသင်ဇာနဲ့ လက်ထပ်ဖို့လုပ်တာ၊ အဲဒါအပြစ်ပဲ၊ နင် မြသင်ဇာကိုလက်ထပ်လိုက်တာနဲ့ သားရဲ့အဖေဆိုတာ တစ်သက်လုံးမဖြစ်နိုင်တော့ဘူး၊ လင်းကို"

"ဟာ ... အား"

မွန်းကျပ်မှုတွေဖြင့် သူအသံကုန်အော်ဟစ်ပစ်လိုက်သည်။ ဘာ ဘာ ဘယ်လိုတွေဖြစ်သွားတာလဲ။ အားရပါးရငိုပစ်ချင်သည်။

ရင်တွေ ပွင့်ပေါက်ထွက်သွားအောင် ဖွင့်ဖောက်ထုတ်ပစ်လိုက် ချင်၏ သူအခုလောလောဆယ်မှာ မြသင်ဇာကို စွန့်လွှတ်မလား၊ သားကို စွန့်လွှတ်မလား။ ပြတ်သားသောအဖြေလည်း မပေးနိုင်။

ရွှေဝတ်လွှာပြန်သွားသည့်အချိန်မှာ သူချုံးပွဲချငိုပစ်လိုက်သည်။ ပူလောင်မှုကြောင့်ကျလာသော မျက်ရည်ရဲ့အဓိပ္ပာယ်ကို သူအခုမှ ကောင်းကောင်းသိ၏။

ငိုရှိုက်သံတွေ မဆဲစွာနှင့်ပင် ...။

***



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၂၇)

''နေလ. . . ဟိတ်ကောင် ဘာလို့ငိုတာလဲ၊ ငိုရတဲ့အကြောင်း အရင်းကို အရင်ပြော၊ ပြီးမှဆက်ငိုချင်ငို၊ ဘာဖြစ်တာလဲလို့ ဒီမှာစိတ်ပူ လို့သေတော့မယ်၊ နေလ ဟိတ်ကောင်''

ကျောတစ်ပြင်လုံးသိမ့်သိမ့်လှုပ်အောင် ရှိုက်ငိုနေသော ဘုန်း နေလကို ဝဏ္ဏက စိုးရိမ်ကာလှုပ်လှုပ်ပြီးမေးသည်။ မမနိုင်က ဘုန်းနေလ ကျောပြင်လေးကိုပုတ်ကာ

''နေလ. . . ဘာတွေဖြစ်လာတာလဲ၊ မမနိုင်တို့ကိုပြောပြလေ မင်းဒီလိုကြီးငိုနေတော့ မမနိုင်တို့ဘယ်စိတ်ကောင်းမှာလဲ၊ ရွှေဝတ်လွှာနဲ့ တွေ့ကြတယ်ဆို၊ သူက မြသင်ဇာနဲ့ လက်မထပ်ရဘူးလို့ပြောသွားပြီ ပြီလား၊ ဒါတော့ စိတ်မကောင်းဖြစ်မနေပါနဲ့တော့ကွယ်၊ သင်ဇာလေး မင်းကိုချစ်တာပါ၊ သူ့အစ်ကိုနဲ့ ယောင်းမကိုဆန့်ကျင်ပြီး မင်းကို လက်ထပ် မှာပါ၊ ဟိုဘက်ကလည်း အခိုက်အတန့် မကျေနပ်တာရှိလည်း နောက် တော့ အဆင်ပြေသွားမှာပါနေလရယ်''

''ဟုတ်သားပဲကွာ၊ မခွဲနိုင်ရင် ခိုးပြေး၊ ဒါမှမဟုတ် တရားရုံးမှာ လက်မှတ်ထိုးထားလိုက်၊ သိကွာတွေ ဘာတွေတွက်မနေနဲ့၊ တကယ်မခွဲ နိုင်ဘူးဆိုရင် တစ်ခုခုအဆင်ပြေသွားအောင်လုပ်လို့ရပါတယ်''

''ဝဏ္ဏ''





''အေး. . . ပြော''

''မမနိုင်''

''နေလပြောလေ၊ မင်းဘာတွေခံစားနေရလို့ ယောက်ျားတန်မဲ့ ရှိုက်ကြီးတငင်ငိုရတာလဲ၊ ရွှေဝတ်လွှာယောကျ်ားယူသွားပြီး မင်းကိုထား ခဲ့တုန်းကတောင် မျက်ရည်တစ်စက်မကျခဲ့ဘဲနဲ့၊ အခုဘယ်လို ဖြစ်ရ တာလဲ၊ မြသင်ဇာကို ဟိုတုန်းက ရွှေဝတ်လွှာကိုချစ်ခဲ့တဲ့ အချစ်ထက် တောင် ပိုချစ်သလား''

''ချစ်ချင်တယ်၊ ဒါပေမဲ့ ချစ်လို့မရတော့ဘူး''

''ဟင်. . . နေလ ဘာဖြစ်လို့လဲ''

''ရွှေဝတ်လွှာမှာ ငါနဲ့ရတဲ့ သားတစ်ယောက်ရှိနေတယ်''

''ဘာ. . . ဟာ. . . အဲဒါဘယ်လိုဖြစ်''

မှားယွင်းမိခဲ့တယ်လို့ ဘုန်းနေလပြောခဲ့ဖူးတာ သတိရပြီး၊ စကားဆက်လို့မရဘဲ တစ်ဝက်တစ်ပျက်ဖြစ်သွားသည်။ မမနိုင်လည်း အံ့သြတကြီးဖြစ်သွားကာ

''ရွှေဝတ်လွှာပြောတာလား၊ မင်းနဲ့ရတဲ့ကလေးရှိတယ်လို့''

''ဟုတ်. . . ဟုတ်တယ် မမနိုင်၊ အဲဒီကလေးက. . . ကျွန်တော့် သားလေးက မိဘမဲ့ဂေဟာမှာ''

''ဟယ်''

''ဟာ. . . ဘယ်လိုဖြစ်တာလဲကွာ''

''ငါတို့ချစ်သူဖြစ်တယ်၊ ချိန်းတွေ့ရင်းနဲ့ စိတ်မထိန်းနိုင်ဘဲ တစ် ကြိမ်တစ်ခါ မှားယွင်းမိကြတယ်၊ နောက်ပိုင်းအသိစိတ်မလွတ်အောင် ကိုယ့်ကိုယ်ကိုယ် ထိန်းသိမ်းခဲ့ကြပါတယ်၊ မှားတာကို မှားမှန်းသိလို့ ပြင်ဆင်ခြင်ခဲ့ကြတာ၊ သူ့မှာကိုယ်ဝန်ရှိမှန်း သူလည်းမသိဘူး၊ ငါလည်း မသိဘူး၊ နောက်တော့ သူပျောက်သွားတယ်၊ မင်းကိုတောင် ငါပြောပြ ခဲ့သေးတယ်၊ ဒီအမှားကို ရှက်လို့ သူတစ်နေရာသွားပုန်းနေတာလား



www.burmeseclassic.com

www.burmeseclassic.com



မသိဘူးလို့၊ အဲဒီတော့ သူ့မှာ ကိုယ်ဝန်နှစ်လရှိနေပြီ၊ နောက်ရှစ်လ ကျော်လောက်မှ သူပြန်လာတယ်၊ သူ့အဖေပေးစားတဲ့ မြတ်ဦးမောင်ကို ယူဖို့ ငါ့ကိုမေ့လိုက်တော့တဲ့၊ အဆက်အသွယ်ပြတ်တယ်၊ နောက်တော့ မမခိုင်ကျေးရူးနဲ့ မင်းနဲ့အတူ နိုင်ငံခြားထွက်သွားတယ်၊ ဒါပဲ ငါနဲ့သူ့ရဲ့ ဇာတ်လမ်းက ဒါပေမဲ့ကွာ''

''နေလ''

''မိဘတွေ မသိအောင် တောမှာကလေးသွားမွေးနေတာတဲ့ မွေးပြီးကလေးကို မိဘမဲ့ဂေဟာမှာ အကျိုးအကြောင်းပြောပြီး သွားအပ်တယ်၊ ပြန်လာတော့ မြတ်ဦးမောင်ကိုယူပြီး မိသားစုကိုစောင့်ရှောက်တယ်''

''ကလေးကို ဒီအတိုင်းပစ်ထားလိုက်တော့တာပေါ့ ရက်စက်လိုက်တာ''

မမခိုင်က အလောတကြီးတွေးကာ စိတ်မကောင်းဖြစ်နေသည်

သူမျက်ရည်တွေနှင့်ပင် ခေါင်းခါပစ်ကာ

''သူ မြတ်ဦးမောင်ကိုယူပြီး မိသားစုကိုဖြည့်ဆည်းခဲ့သလို၊ သား အတွက်လည်း လိုအပ်တဲ့ထောက်ပံ့မှုတွေပေးပြီး တာဝန်ကျေခဲ့တယ် ပြောရမှာပဲ၊ အခုလည်း သားကိုသားအရင်းလို့ အသိအမှတ်မပြုနိုင်ပေ မယ့်၊ သူ့ရင်ခွင်ရိပ်မှာထားနိုင်အောင် မွေးစားဖို့လုပ်နေတယ်''

''ကြော်''

''အဲဒါ တစ်အိမ်တည်းအတူတူနေကြရင်၊ ကျွန်တော်နဲ့သင်ဇာ က မွေးတဲ့ကလေးနဲ့၊ သူနဲ့ကျွန်တော်ရထားတဲ့ကလေး ဘယ်လိုတော် စပ်ကုန်မှာလဲ၊ သိသွားတဲ့တစ်နေ့ကျရင် ဘယ်လိုတွေ ရှုပ်ထွေးကုန်မှာ လဲ၊ အဲဒါတွေကြောင့် မြသင်ဇာနဲ့ လက်ထပ်ဖို့ကိစ္စကိုတားရတာတဲ့''

''ဟာ... ရှုပ်ပြီပေါ့ကွာ''

ဝဏ္ဏသူ့နဖူးသူရိုက်၍ နားလည်သွားရသောကိစ္စတစ်ခုအတွက် စိတ်ရှုပ်ထွေးသွားဟန်တူသည်။ မမခိုင်ကတော့ အလေးအနက်စဉ်းစား ပြီး ခေါင်းတညိတ်ညိတ်ဖြင့်



''မင်းနဲ့ သင်ဇာ တိုက်တိုက်ဆိုင်ဆိုင်ကို ဆုံဆည်းခဲ့ကြတာပဲ။ မင်းတို့ချင်းမတွေ့ရင်၊ မင်းလည်း သားတစ်ယောက်ရှိမှန်းတောင် သိမှာ မဟုတ်ဘူး။ မင်းအခု ဘယ်လိုလုပ်မှာလဲ''

''ကျွန်တော် မသိလို့ပေါ့ မမခိုင်ရယ်၊ ကျွန်တော် ဘာလုပ်ရမှန်း မသိဖြစ်နေတာပါ၊ သင်ဇာ့ကို လက်ထပ်ရင် သားကိုမိဘမဲ့ဂေဟာမှာပဲ ထားရတော့မှာတဲ့၊ နင်အဲဒီမိဘမဲ့ဂေဟာမှာပဲ သားကိုကြီးပြင်းစေချင် သလားလို့ ကျွန်တော့်ကိုမေးတယ်၊ ကျွန်တော် သင်ဇာ့ကိုလက်ထပ်ရ မှာလား။ သားကိုဒီအတိုင်းထားရမှာလား မမခိုင်''

ပြန်အမေးခံလိုက်ရတာကို မမခိုင်မဖြေတတ်။ ဘာကိုလုပ်ပါလို့ ဘယ်လိုအကြံဉာဏ်ပေးရမလဲ။

ရင်သွေးနှင့်ချစ်သူ ဘယ်သူ့ကိုဖြတ်တောက်ပါလို့ မပြောရက် ပါ။ ဝဏ္ဏက သက်ပြင်းမောတွေချလျက်...

''သင်ဇာက မင်းကိုအရမ်းချစ်ရှာတာ၊ သင်ဇာ့ကို စွန့်လွှတ်လိုက် မယ်ဆိုရင် သင်ဇာအရမ်းသနားစရာကောင်းလိမ့်မယ်၊ ကလေးကို မိဘမဲ့ ဂေဟာမှာပဲ ထားရမယ်ဆိုတာကလည်းကွာ၊ မိဘတွေဖြစ်တဲ့ မင်းတို့နှစ် ယောက်လုံး ရင်နာရမှာ''

''အဲဒါကြောင့် ငါဆုံးဖြတ်ရခက်နေတာပေါ့၊ ငါဘယ်လိုလုပ်ရ မလဲ၊ မမခိုင် ကျွန်တော်ဘယ်လိုလုပ်ရမလဲ၊ အကြံဉာဏ်လေးပေးကြပါ ဦး ကယ်ကြပါဦးဗျာ''

''နေလရယ်''

''သူငယ်ချင်းရာ...''

မမခိုင်ရော၊ ဝဏ္ဏရော ဘုန်းနေလအတွက် စိတ်မကောင်းဖြစ် ကာ မျက်ရည်ဝဲနေကြသည်။ တကာယ်ကို ဆားကျုပ်နံကျုပ် မနိုင် မကာယ

www.burmeseclassic.com



နိုင်အဖြစ်မျိုးပဲ မဟုတ်ပါလား။

မမခိုင်က ဘုန်းနေလ ကျောပြင်လေးကိုပုတ်၍ . .

''မမခိုင်ကတော့ သေချာစဉ်းစားပြီး ဆုံးဖြတ်စေချင်တယ်၊ သားသမီးဆိုတာ ဘယ်တော့မှာ အစားထိုးလို့မရဘူး၊ ချစ်သူဆိုတာကတော့ ရွှေဝတ်လွှာနေရာမှာ မြသင်ဇာကို အစားထိုးနိုင်သလိုမျိုးပေါ့၊ တစ်သက်မှာ တစ်ယောက်တည်းချစ်မယ်ဆိုပေမယ့်လည်း အစားထိုးအချစ်ဆိုတာမျိုး ပေါ်ချင်ပေါ်လာနိုင်သေးတယ်၊ မင်းရွေးချယ်ရမှာတစ်ခုတည်းဆိုရင် မြသင်ဇာကို ထားခဲ့ဖို့ပဲရှိတယ်''

''မမခိုင် ပြောတာတော့ဟုတ်တယ် နေလ၊ မြသင်ဇာအပေါ် မတရားရာရောက်ပေမယ့် ကလေးကို မိဘမဲ့ဂေဟာမှာ မိမဲ့ဖမဲ့ထားရမယ်ဆိုတာကြီးကတော့ မဖြစ်သင့်ဘူး''

''ငါသင်ဇာ့ကို စွန့်လွှတ်ရမယ်ပေါ့၊ ဘယ်လိုနည်းလမ်းနဲ့လဲ ဘယ်လိုပြောပြီးတော့လဲ''

''သွေးအေးအေးနဲ့ စဉ်းစားလို့ရအောင် မင်းရှောင်နေလိုက်ပါ၊ ထိပ်တိုက်တွေ့ပြီး ရင်ဆိုင်ဖြေရှင်းလို့မရတဲ့ကိစ္စကြီးဖြစ်သွားပြီဆိုတာ ငါသိတယ်၊ သင်ဇာက အလွယ်ခွဲထားခံမှာမဟုတ်ဘူး၊ အကြောင်းအရင်းကို သိချင်မှာ၊ မင်းဘယ်လိုပြောမှာလဲ၊ သားတစ်ယောက်အဖေပါဆိုရင် သင်ဇာ ခွင့်လွှတ်နားလည်ချင်လည်လိမ့်မယ်၊ ရွှေဝတ်လွှာနဲ့ရခဲ့တာပါဆိုရင် သူတို့မိသားစု အမြန်ဆုံးကွဲကွာသွားမှာပဲ၊ ရွှေဝတ်လွှာနဲ့ သူ့နောက်က မိသားစုဘဝ၊ ပြီးတော့ မင်းနဲ့ သင်ဇာလည်း ဝေးသထက်ဝေးမှာ''

ဘုန်းနေလ ငိုင်ကျသွားသည်။ အလွယ်မှားခဲ့မိသည်က အခက်ခဲဆုံး ဖြေရှင်းရမည့်ကိစ္စမျိုးဖြစ်သွားလိမ့်မည်ဟု မထင်မိ။

ရွှေဝတ်လွှာနှင့် လမ်းခွဲခဲ့သည့်နောက်ပိုင်း ဖနောင်တတစ်ကြိမ်တစ်ခါမှမရှိဖူးသော်လည်း အခုချိန်မှာတော့ ချစ်ခဲ့ဖူးသည့်အချိန်ကိုတောင် နောင်တအကြီးအကျယ်ရနေ၏။





''နေလ . . မင်းဘာတွေတွေးနေတာလဲ''

''ရွှေဝတ်လွှာက ငါမြသင်ဇာကို လက်ထပ်မယ်ဆိုရင် သားရှိနေတဲ့နေရာကိုတောင် ပြောမှာမဟုတ်ဘူး၊ သားကို တစ်သက်လုံး အဲဒီနေရာမှာပဲထားလိမ့်မယ်၊ ငါနဲ့ သင်ဇာပြတ်ပြီဆိုရင်တော့ သားကိုသူ့ရင်ခွင်နိုင်မှာထားနိုင်အောင် မွေးစားလိမ့်မယ်၊ ဘယ်လိုနည်းလမ်းပဲဖြစ်ဖြစ် သားကို ငါပိုင်ဆိုင်ရမှာတော့မဟုတ်ပါဘူး၊ ဒါပေမဲ့ သားကို အဲဒီဘဝထဲမှာတော့ မထားနိုင်ဘူး''

''အေး . . အဲဒါ မိဘမေတ္တာပေါ့ကွ၊ မင်းတွေးတာမှန်ပါတယ်''

''ဩ''

စကားကပြောမထွက်နိုင်ဘဲ မျက်ရည်က ပါးပြင်ပေါ်လိမ့်ဆင်းလာသည်။ သူ့အံကြိတ်ကာ တင်းခံလိုက်၏။

မြသင်ဇာနှင့် ဆုံဆည်းဖို့ ရေစက်မပါဘူးဆိုတာ မြသင်ဇာ သက်သင့်ခံနိုင်ပါ့မလား။ အမုန်းကြီးမုန်းသွားပြီး နာကြည်းစိတ်တွေနှင့် သူမ အလွယ်တကူမေ့နိုင်ပါစေ။

သင်ဇာရယ်။ ကိုကိုထားခဲ့တဲ့ဘဝမှာ မင်းပျော်နိုင်မှာလား။

* * *



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၂၈)

အပျော်စိတ်တွေနှင့် ကိုကို့ဆီဖုန်းခေါ်လိုက်သော်လည်း ကိုကို ဖုန်းက ပိတ်ထားသည်။ ကိုကြီးက လက်ထပ်ဖို့ခွင့်ပြုလိုက်ပြီ လက်ခံလိုက်ပြီဆိုတာ ကိုကိုပျော်သွားအောင် ပြောပြချင်လို့ပါ။

ကိုကိုဘာလို့ ဖုန်းပိတ်ထားတာလည်းမသိပေ။ လုပ်ငန်းကိစ္စ အရေးကြီးလို့လား တခြားအရေးကြီးသည့်သည်တွေနှင့် တွေ့နေလို့လား။

ဘာပဲဖြစ်ဖြစ် သူမအချိန်မရွေးဆက်သွယ်နေမည်ဆိုတာ သိထားပြီး အကျိုးအကြောင်းရှိလျှင်လည်း ကြိုပြောထားသင့်သည်။

"ဟဲ့ . . သင်ဇာ မပြောမဆိုနဲ့ ဘယ်ထပြေးမလို့လဲ"

"ငါ ကိုကိုဆီသွားမလို့"

"ဩော် . . သင်တန်းဆင်းမှ သွားလည်းရတာပဲ၊ မပြောမဆို ကပျာကသီနဲ့"

"ကိုကိုဆီ မနေ့ကတည်းက ဖုန်းခေါ်နေတာ၊ တစ်ညလုံးလည်း ခေါ်တာပဲ၊ ဖုန်းခေါ်လို့မရဘူးဟာ၊ စက်ပိတ်ထားတယ်၊ ဘာဖြစ်နေတာလဲ မသိဘူး"

"ငါ့ကို ဝဏ္ဏကြီးဆီ ဆက်ကြည့်ပါလား"

"ကိုဝဏ္ဏဖုန်းကလည်း လူကြီးမင်းနဲ့ တိုးနေတာပဲ၊ မမခိုင်ဆီလည်း ဆက်ကြည့်တာပဲ၊ တစ်ချိန်လုံး မအားပါဆိုတာချည်းပဲ"





"အာ . . ဟုတ်လို့လား၊ ငါတောင်မနေ့ညက ကိုဝဏ္ဏနဲ့ဖုန်း အကြာကြီးပြောဖြစ်တယ်၊ လူချင်းမတွေ့ရလို့လေ"

မိန်းမဆန်ဆန်ဖြစ်လာသော မိုးက ခပ်ကြွားကြွားလေးပြောနေသည်။ ဝေဝေလွင်က မျက်စောင်းပစ်ထိုး၍

"မိုးတို့ကတော့ ကဲပြီဟေ့၊ ယောကျ်ားစိတ်ပေါက်နေလို့သာပဲ မိန်းမစစ်စစ်ဆိုရင် ကိုဝဏ္ဏနားကတောင်ခွာမှာမဟုတ်ဘူး"

"နင်လည်း အတွေ့အကြုံရအောင် ရည်စားထားကြည့်ပါလား"

"အမလေး . . မလိုချင်လို့ပါနော်၊ ရုပ်လွန်းလို့ တွေ့ချင်ရတာနဲ့ ချိန်းရတာနဲ့ စိတ်ကောက်လို့ဖြေရှင်းရတာနဲ့ ချော့ဖို့အတွက် ဟိုဟာ ဒီဟာ လက်ဆောင်ဝယ်ပေးရနဲ့"

"အဲဒါ ဖီးလ်ပဲလေ၊ ဘယ်လောက်ခံစားလို့ကောင်းလဲ"

"မိုးရယ်၊ နင်ရဲ့အဲဒီစကားတွေကလေ ဒီအဝတ်အစား ဒီဆံပင်ကေနဲ့မလိုက်ဘူး။ မိန်းမလိုဝတ်ပြီး ဆံပင်အရှည်ထားတော့၊ နင့်ကို အဲဒါမှ ကိုဝဏ္ဏကြီး ပိုချစ်လာမှာ"

"အဲဒါခက်တာပဲ ဝေဝေလွင်၊ နင်ဘာမှမသိသေးဘူး၊ ငါ့ရဲ့ ဒီစတိုင်လ်ကို ကိုဝဏ္ဏခိုက်သွားတာလေ၊ နင်မသိဘူးလား၊ နင့်လို မိန်းကလေးပီပီသသ ချောမောလှပတဲ့သူကို သူမြင်လို့လား"

"အဲ"

ဝေဝေလွင် ဘာမှပြန်မပြောနိုင်တော့။ ဟုတ်တော့လည်း ဟုတ်သည်။

မိုးလိုယောကျ်ားလျှာကိုမှ ကိုဝဏ္ဏက မျက်စိကျစိတ်ဝင်စား၏။ မိမိလို မိန်းမချောလေးကိုတော့ မျက်လုံးထဲမြင်ပုံမပေါ်။

"ဟဲ့ . . သင်ဇာရဲ့ မိုးတိုးမတ်တတ်နဲ့ ထိုင်စမ်းပါဦး။ သွားချင်ရင်လည်း သင်တန်းဆင်းမှသွားစမ်းပါ၊ ဖင်ကနာမငြိမ်လိုက်တာ ထိုင်ဦး၊ ဝေဝေလွင်က လက်ကိုဆွဲပြီး ဖွတ်ထိုင်ခိုင်း၍ ထိုင်လိုက်ရသည်။



www.burmeseclassic.com

www.burmeseclassic.com



စိတ်ထဲမှာတော့ လေးလေးပင်ပင်နှင့် တစ်မျိုးကြီးပါ။

"နင်တို့ ဘယ်အချိန်မင်္ဂလာဆောင်မှာလဲ၊ မိုးနဲ့ငါ သတို့သမီး အရံလုပ်မှာနော်၊ ကိုဝဏ္ဏက သတို့သားအရန်ဆို မိုးနဲ့က အဆင်ပြေသွားပြီ၊ ငါ့အတွက်တစ်ယောက်တော့ ရှာပေးရမယ်"

"နင် ငါတို့ကို အားကျနေပြီမဟုတ်လား၊ အတွဲလိုချင်တယ် ပေါ့လေ"

"အားကျလာတာပေါ့ဟယ်၊ နင်ကို ကိုဘုန်းနေလက အရမ်း ချစ်တယ်၊ ဂရုစိုက်တယ်၊ ကြင်ကြင်နာနာဆက်ဆံတတ်တယ်၊ မိုးဆိုလည်း ကြည့်ပါဦး ယောကျ်ားလျာစိတ်ပေါက်နေတာတောင် ကိုဝဏ္ဏကြီးက သည်းသည်းလှုပ်လို့"

"လူတစ်ယောက်နဲ့တစ်ယောက် ဆုံဆည်းရတယ်ဆိုတာ ရေစက်ပါတယ်ဟဲ့၊ ကိုကိုက ငါ့ကိုချစ်တာ၊ ငါကကိုကို့ချစ်တာ အတိတ် အကြောင်းကံပါလာလို့ပေါ့၊ အရင်ဘဝက သူများတွေချစ်ခြင်းကို နင်ဖျက် ခဲ့ဖူးတယ်ဆိုရင် နင်ဒီဘဝအချစ်နဲ့ ဆုံဆည်းရမှာမဟုတ်ဘူး"

"အံမယ်..တော်တို့က ချစ်သူတွေရှိနေကြတော့ ပြောအား ရှိနေကြတာပေါ့လေ၊ ငါရည်းစားရမှ နင်တို့ထက်ကိုချစ်ပြလိုက်ဦးမယ်"

ဝေဝေလွှင် အားကျမခံပြောနေတာမို့ မိုးနှင့် သင်ဇာရယ်မိကြ သည်။ ရယ်သာရယ်နေရသော်လည်း မြသင်ဇာရင်ထဲမှာ ပျော်ရွှင်မနေ

ကိုကို့ဆီ ဆက်သွယ်လို့မရတာကြောင့် ရင်ထဲမှာလွမ်းသလိုလို ကြီး လစ်ဟာလျက်ရှိသည်။

"ငါဒီနေ့ သင်တန်းတက်လည်း စိတ်ပါမှာမဟုတ်ဘူး၊ ငါကိုကို့ နောက်လိုက်သွားလိုက်ဦးမယ်ဟယ်၊ ငါပြောမှာကိုနားထောင်ပြီး ပျော်သွား မယ့် ကိုကို့မျက်နှာလေးကို ငါမြင်ချင်လှပြီ"

"ကြွ..တားမရလည်း ကြွတော့၊ တကယ်ပဲ မပြောချင်တော့ ဘူး"





"အေးလေ..ကဲကိုကဲတယ်"

မိုးနှင့် ဝေဝေလွှင် ဘာပြောပြောနားမထောင်တော့သဲ ကားလေး ကိုမောင်း၍ ထွက်လာခဲ့သည်။ ကိုကို့ကို အမြန်ဆုံးကိုတွေ့ချင်နေလို့ပါ။

"ဟာ..နေလ၊ ဟိုမှာသင်ဇာ့ကားလာနေတယ်ကွာ သွား သွား"

မြသင်ဇာ ကားလေးဝင်လာတာမြင်၍ ဘုန်းနေလ အမြန်ပြေး ပုန်းရသည်။ ကားကိုတော့ ဂိုထောင်ထဲမှာသိမ်းထားပြီးသားဖြစ်၍ ကိစ္စမရှိ။

"ဟာ..သင်ဇာ အလည်လာတာလား၊ လာလေ သင်ဇာ ထိုင်ဦး"

"ကိုကိုရော ကိုဝဏ္ဏ၊ ကိုကို့ဆီဖုန်းဆက်မရလို့"

"သြော်..နေလ အရေးကြီးတဲ့လုပ်ငန်းကိစ္စတစ်ခုနဲ့ စင်ကာပူ ထွက်သွားရတယ်"

"ဟင်..ကိုကိုက သင်ဇာ့ကိုလည်း ဘာမှပြောမသွားဘူး"

"ဟိုလေ..အရေးတကြီးထွက်သွားရလို့ အကျိုးအကြောင်း မပြောဖြစ်တာဖြစ်မယ်"

"ဘယ်လောက်ပဲ အရေးကြီးကြီးပေါ့၊ မနေ့ကတည်းက ဖုန်း ဆက်နေတာ၊ စက်ပိတ်ထားတော့ ဘယ်လိုဆက်သွယ်ရမှာလဲ"

"အင်း..ဒီကောင်မနေ့ကတည်းက ထွက်သွားတာ သင်ဇာရဲ့"

"ဟာ..ကိုကိုမကောင်းဘူးကွာ၊ သင်ဇာက ကိုကြီးဆီက ခွင့်ပြုချက်ရလို့ ကိုကိုပျော်သွားအောင်ဆိုပြီး လာပြောတာ"

"ဟုတ်လား..သင်ဇာ့ကိုကြီးက သင်ဇာတို့လက်ထပ်ဖို့ခွင့်ပြု လိုက်တာလား"

"ဟုတ်တယ်..သင်ဇာနည်းနည်းဆန္ဒပြလိုက်တာနဲ့ သဘော တူလိုက်တာလေ၊ ကိုကြီးက သင်ဇာ့ကိုအရမ်းချစ်တာ၊ ဘာဆိုတော့မှ မျက်နှာအညိုမခံဘူး၊ လက်ထပ်ပြီးရင် အိမ်မှာအတူနေဖို့ကိုပဲ တောင်း



www.burmeseclassic.com

www.burmeseclassic.com



ဆိုတယ်၊ ကိုကို့ဖုန်းကတော့ စက်ပိတ်ထားတယ်၊ တခြားဆက်သွယ်လို့ ရမလားလို့''

''ဟိုလေ သင်ဇာ၊ ဒီကောင်မှာ သူ့ဖုန်းပဲပါသွားတာ၊ တ... တခြားဆက်သွယ်လို့ရမယ့်ဖုန်း ကျွန်တော်မသိဘူး''

မြသင်ဇာ မျက်နှာလေးညှိုးသွားသည်။ မျက်ရည်တွေပါ ချက်ချင်းဝဲတက်လာ၏။ ဝဏ္ဏ စိတ်မကောင်းသော်လည်း ဘာမှမတတ်နိုင်။

ထိန်းချုပ်ထားရလွန်း၍ အသက်ရှုကြပ်လောက်အောင်ပင် ဖြစ်ရသည်။ ချောင်းမြောင်းကြည့်ပြီး နားထောင်နေသော ဘုန်းနေလတော့ ဘယ်လိုနေမည်မသိပါ။

''ကိုဝဏ္ဏ''

''ဟင် သင်ဇာ''

''ကိုကို့ဆီက အဆက်အသွယ်ရရင် သင်ဇာ့ဆီဖုန်းဆက်ပေးပါနော်၊ ကိုကို အခုသင်ဇာ့ကိုနှုတ်မဆက်ဘဲ ခရီးထွက်သွားတာ သင်ဇာ စိတ်မကောင်းဘူး။ သင်ဇာ့ကို ကိုကိုတကယ်မချစ်လို့လား မသိဘူးနော်''

''မ... မဟုတ်လောက်ပါဘူး သင်ဇာရယ်၊ အလုပ်ကိစ္စက တကယ်အရေးကြီးလို့ပါ''

''အဟင့်''

''ဟာ... သင်ဇာ ငိုတော့မငိုလိုက်ပါနဲ့၊ ဒီကောင်နဲ့အဆက်အသွယ်ရရင် ကျွန်တော် သေချာပြောလိုက်ပါမယ်''

''ဒါဆို သင်ဇာပြန်လိုက်ပါဦးမယ်''

မြသင်ဇာ မျက်ရည်တွေနှင့်ပြန်သွားပြီးမှ ဘုန်းနေ အပြင်ကို ထွက်လာသည်။ ဘုန်းနေလ မျက်ဝန်းအိမ်မှာလည်း မျက်ရည်တွေနှင့်ပါ။ ဆက်တီခုံပေါ် အရုပ်ကြိုးပြတ်ပစ်ထိုင်ချလိုက်ပြီး ...။

''ငါဘယ်တော့မှ ပြန်လာတော့မှာမဟုတ်ဘူးလို့ ပြောလိုက်ရင် ပြီးရောကွာ''





''ငါမပြောရက်လို့ပေါ့ကွာ၊ သူ့ကိုဒီလိုကြီး အစိမ်းခြွေလိုက်ရင် သူမသက်မသာခံစားသွားရလိမ့်မယ်၊ သူ့အစ်ကိုသဘောတူလက်ခံလို့ အပျော်တွေနဲ့ရောက်လာခဲ့တာ နေလ၊ ငါ သင်ဇာ့ကိုသနားလို့ ဘယ်လိုမှ ပြောမထွက်ဘူး''

''ငါသိပါတယ်၊ မင်းသင်ဇာကို အားနာနေမယ်ဆိုတာ၊ ငါ ဘာလုပ်ရမလဲဝဏ္ဏ၊ ငါ... ငါ သင်ဇာ့ကို ဘယ်လိုပြောရမလဲကွာ၊ နောက်နေ့တွေလည်း သူရောက်လာဦးမှာပဲ''

ဘုန်းနေလကို ပခုံးဖက်ကာနှစ်သိမ့်ရင်း ကိုယ်ပါမျက်ရည်ဝဲချင်လာသည်။ မချစ်လို့လည်း မဟုတ်ပါဘဲ၊ စိတ်နာကြည်းစရာအကြောင်းကိစ္စတွေလည်း မရှိပါဘဲ၊ ဒီလိုရှောင်တိမ်းခွဲခွာရတာ ရင်နာစရာကောင်းမည်ပေါ့။

''နေလ''

''မမနိုင်''

မမနိုင်ရောက်လာပြီး ပခုံးပုတ်ကာခေါ်သည်။ သူမော့ကြည့်ပြီး ထူးလိုက်ချိန်မှာ သူ့မျက်ရည်တွေကို မမနိုင်တွေ့သွား၏။

''မနေ့ကတည်းက မင်းထမင်းမစားဘူး၊ အခုနေ့လယ်စာပြင်ထားတယ်၊ ထမင်းစားရအောင်''

''ကျွန်တော်မစားချင်ဘူး မမနိုင်ရယ်၊ ဝဏ္ဏငါ့ကိုမင်းကားသော့ ခဏပေးပါလား''

''ဘာလုပ်မလို့လဲ''

''သင်ဇာနဲ့ထိုင်နေကျ ဆိုင်လေးကို ငါခဏသွားချင်လို့ပါ၊ အလွမ်းပြေပေါ့''

''နေလရာ... အေးပါ မင်းသွားချင်လည်း သွားလေ''

ဝဏ္ဏကားကိုယူပြီး ထွက်လာခဲ့သည်။ တခြားစိတ်ဖြေပျော်စရာနေရာတွေကိုလည်း မသွားချင်ပါ။



www.burmeseclassic.com

www.burmeseclassic.com



သင်ဇာနှင့် ထိုင်နေကျနေရာလေးကို အလွမ်းပြေလိုပြေငြား ရောက်အောင်လာခဲ့သည်။

''ဟင်း . . သင်း . . သင်ဇာ''

ကားပါကင်နေရာမှာ ကားရပ်ခဲ့ပြီး အမိုးရိပ်ကလေးနှင့် ထိုင်ခုံ ဝိုင်းလေးရှိရာကိုလာခဲ့စဉ်မှာ သင်ဇာကရောက်နှင့်နေပြီး ကန်ဘက်ကို ငေးနေခဲ့သည်။ သူအလျှင်အမြန်ပင် သင်ဇာမသိအောင် ခပ်သုတ်သုတ် ပြန်ထွက်လာခဲ့ရ၏။

မြသင်ဇာရယ် . . မင်းလည်း ကိုယ့်ကိုလွမ်းနေ သတိရနေ တယ်ပေါ့။ ကိုယ်တို့ ဒီထက်ပိုဝေးကြရင် ဘယ်လိုလုပ်မလဲ။ ဘယ်လို လုပ်မလဲ ကလေးရယ်။ ကိုကိုမင်းကို မခွဲနိုင်ပါဘူး၊ မခွဲချင်ပါဘူး။ မခွဲ ရက်ပါဘူး။ ဒါပေမဲ့ ကိုကိုတို့နှစ်ယောက်ဘယ်လိုမှ မနီးစပ်နိုင်တော့တာ ကံကြမ္မာပါပဲ။ ကံကြမ္မာပါပဲ ကလေးရယ်။

***



# အခန်း (၂၉)

''ညီမလေး ဘုန်းနေလကို ပြောခဲ့ပြီလား''

ညနေစောင်းမှ ပြန်လာသော မြသင်ဇာကို ဘုန်းနေလနှင့်တွေ့ ခဲ့ပြီးပြီထင်၍ မြတ်ဦးမောင် မေးလိုက်ခြင်းဖြစ်သည်။ မြသင်ဇာမျက်နှာ မကောင်းစွာပင် မြတ်ဦးမောင်ရှေ့က ဆိုဖာခုံမှာ ဝင်ထိုင်ပြီး . .

''ကိုနေလက ခရီးထွက်သွားတယ်၊ သင်ဇာ မပြောခဲ့ရသေးဘူး ကိုကြီး''

''ခရီးထွက်သွားတယ်၊ ဒါဆို ဖုန်းဆက်လိုက်ပေါ့ ညီမလေးရဲ့ အဆင်ပြေတဲ့အကြောင်း သိထားတော့ သူလည်းစိတ်ချမ်းသာရတာပေါ့၊ ဒီကြားထဲ သူစိတ်ညစ်နေခဲ့မှာပဲ''

''ဟုတ် . . ဟုတ်ကဲ့''

''ကြီးတော့ . . သူ့မှာမိဘတွေ မရှိတော့ဘူး၊ ကိုကြီးတို့မှာလည်း မရှိဘူးဆိုတော့ ကိုယ့်အချင်းချင်းပဲ မင်္ဂလာရက်လေး ဘာလေး သတ်မှတ် ရမယ်၊ သူခရီးကပြန်လာရင် အိမ်ကိုတစ်ခေါက်ခေါ်ခဲ့ပါဦး၊ ဒီတစ်ခါတော့ ကိုကြီးနဲ့စကားပြောပါ့မယ်''

''ဟုတ်ကဲ့ပါ ကိုကြီး၊ ကိုနေလ ပြန်လာရင်ခေါ်ခဲ့ပါ့မယ်''

မြသင်ဇာမျက်နှာလေး ဖြူဖျော့လျက် အားလျော့သလိုပြောနေ တာကို အကဲခတ်မိသော ရွှေဝတ်လွှာက . .



www.burmeseclassic.com

www.burmeseclassic.com



"ဘုန်းနေလက ဘယ်ကိုခရီးထွက်သွားလို့လဲ ညီမလေး"

"စင်ကာပူလို့ ပြောတာပဲ၊ အရေးပေါ်ခရီးဆိုတော့ သင်ဇာ့ဆီ တောင် ဖုန်းဆက်မသွားနိုင်ဘူး"

"ဪ"

"အဲဒါတော့ အလေးအနက်မရှိသလိုမဖြစ်ဘူးလား ညီမလေး ဘယ်လောက်အရေးကြီးကြီး ဖုန်းဆက်တာကဘယ်လောက်ကြာမှာမို့လို့လဲ"

မြသင်ဇာ ဘာမှဆင်ခြေတက်စရာမရှိပါ။ ကိုကြီးပြောတာ ဟုတ် နေတာပဲ။ ဘာပဲဖြစ်ဖြစ် သူ့မဆီအကျိုးအကြောင်းတော့ ဖုန်းဆက် အသိ ပေးသင့်တာပေါ့။

"သင်ဇာ ညီမလေး ထမင်းစားတော့မလား၊ မမထမင်းပွဲပြင် လိုက်မယ်"

"သင်ဇာ အပြင်ကစားလာခဲ့လို့ မမ၊ ရေချိုးပြီးနားလိုက်တော့ မယ်"

"ဪ.. အေးအေး ညီမလေး"

မြသင်ဇာ မျက်နှာမကောင်းဖြစ်လာတာအကဲခတ်မိပြီး ရွှေဝတ် လွှာစိတ်တော့မကောင်းပေ။ ဘုန်းနေလရဲ့ အဆုံးအဖြတ်ကိုသဘောပေါက် မိသလိုပါ။ သင်ဇာ့ကို ဖြတ်တောက်တော့မည့်အခြေအနေပဲမဟုတ်လား။ သားအတွက်တွေးလိုက်သော ဖခင်စိတ်လေးကိုတော့ လေးစား မိလေသည်။

"မောင်ရော.. ထမင်းစားတော့မလားဟင်"

"ပြီးမှစားတာပေါ့ ဝတ်လွှာရယ်၊ ခဏထိုင်ပါဦး"

"ဟုတ်ကဲ့"

"ညီမလေး မျက်နှာမကောင်းဘူး၊ ဘုန်းနေလ အလေးအနက် မထားလို့ စိတ်မကောင်းဖြစ်နေတာထင်တယ်၊ ဟို.. ဝတ်လွှာ စကား ပြောကြည့်တုန်းက အခြေအနေဘယ်လိုရှိလဲ"



"ရှည်.. ရှည်ရှည်မွှန်မွှန်ပါပဲ၊ အဆင်ပြေပါတယ်"

"မောင်ကတော့ ညီမလေးအပေါ် ဂရုစိုက်အလေးအနက်မရှိ ရင်တော့ ပြတ်ပြတ်သားသားပြောရမှာပဲ၊ သူလာရင်သေချာစကားပြော ကြည့်မယ်၊ ဒီလိုကိစ္စအသေးအမွှားလေးကအစ ညီမလေးကို တန်ဖိုးထားပြီး အသိပေးသင့်တယ်လို့ပေါ့၊ ဝတ်လွှာလည်း အဲဒါတော့ သတိပေးလိုက်ပါ"

"ဟုတ်.. ဟုတ်ကဲ့၊ ဝတ်လွှာ ပြောပါ့မယ်၊ ဒါဆိုဝတ်လွှာ ထမင်းပွဲပြင်လိုက်တော့မယ်နော်"

"အင်း.. ပြင်လိုက်တော့လေ ဝတ်လွှာ၊ မောင်တို့ ထမင်းစား ကြတာပေါ့"

ရွှေဝတ်လွှာ မီးဖိုခန်းထဲဝင်လာခဲ့သည်။ ထမင်းပွဲပြင်နေစဉ်မှာ ပင် ဖုန်းသံမြည်လာတာကြောင့် ကောက်ကိုင်လိုက်တော့ ဘုန်းနေလ အသံဖြစ်နေသည်။

"ပြော လင်းကို"

"မနက်ဖြန် မင်းနဲ့တွေ့ချင်တယ်၊ ငါ့ဆုံးဖြတ်ချက်ကို အသိ ပေးပြီး၊ ငါတောင်းဆိုစရာရှိလို့ပါ"

"ကောင်းပြီလေ ဒါပဲနော်"

"ဘယ်ကဖုန်းလဲ ဝတ်လွှာ"

ဖုန်းပိတ်ပြီးချိန်မှ မြတ်ဦးမောင်ရောက်လာလို့ တော်သေးသည်။ ရွှေဝတ်လွှာ ဣန္ဒြေမပျက်ပင် ပြုံးလိုက်ကာ

"သူငယ်ချင်းတစ်ယောက်ပါ၊ မနက်ဖြန်ဈေးဝယ်ရင်းနဲ့ ကုန် တိုက်မှာတွေ့ရအောင်လို့ပြောတာ"

"ဪ.. ငွေလုံလောက်အောင်ထည့်သွားလေ၊ ဧည့်ခံရမယ် ဆိုလည်း ဧည့်ခံလိုက်ပေါ့၊ မျက်နှာတော့ မငယ်စေနဲ့၊ မောင့်ငွေကတော့ပိုပါတယ် သုံးသင့်တဲ့နေရာတော့ အောက်မကျအောင်သုံးနော် ဝတ်လွှာ၊ မိဘတွေ ကို ထောက်ပံ့တယ်ဆိုပြီး ဝတ်လွှာက ချွေတာလွန်းလို့ပြောရတာ"

www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်ကဲ့ပါမောင်ရဲ့၊ ဩော်.. ဝတ်လှာမွေးနေ့ကျရင် နှစ်တိုင်းလုပ်နေကျ၊ မိဘမဲ့ဂေဟာတွေကို အလှူငွေသွားထည့်မယ်နော် မောင်"

"အလှူအတန်းလုပ်တာပဲကွာ၊ ဝတ်လှာ သဘောပါ၊ မောင်မအားလို့ ကိုယ်တိုင်လိုက်မပို့နိုင်တာဘဲ အားနာတာ"

"ရပါတယ် မောင်ရယ်၊ မောင်ဒီလောက် ပံ့ပိုးပေးနေတာပဲ ဝတ်လှာ ကျေးဇူးတင်လှပါပြီ"

"ကျေးဇူးတင်စရာလား ဝတ်လှာရယ်..၊ ဝတ်လှာက မောင့်အတွက် ဇနီးကောင်းပီသပေးတာနဲ့တင် မောင်က ဝတ်လှာမိသားစုနဲ့ ဝတ်လှာတစ်ဘဝလုံးကို တာဝန်ယူသွားမှာပါ"

ဒီစကားကြားရတော့ မိမိဘက်က တာဝန်မကျေနိုင်ခဲ့တာတွေနှင့် ဖုံးကွယ်ထားခဲ့သော အပြစ်တွေအတွက် စိတ်မလုံသလိုခံစားရသည်။ ဟိုတစ်ချိန်က အမှားတွေမရှိခဲ့ဘူးဆိုလျှင်၊ ဒီအချိန်မှာ သားသမီးတွေမွေးပြီး မိသားစုဘဝလေးနှင့် ပျော်စရာကောင်းနေမှာပါ။ မိမိအပေါ် လင့်ဝတ္တရား ကျေပွန်လွန်းသော မြတ်ဦးမောင်အတွက် ဘုန်းနေလနှင့်ရသော သားလေးသာမရှိခဲ့လျှင် သားသမီးရတနာတွေ မွေးပေးဖြစ်မှာအမှန်ပင်။

အခုတော့ သားအပေါ်လည်း ဝတ္တရားမကျေ၊ မြတ်ဦးမောင်တို့မောင်နှမအပေါ်လည်း သစ္စာမဲ့သလို ဘုန်းနေလအပေါ်လည်း ရက်စက်ရာကျနေသည် မဟုတ်လား။

ဘယ်လိုကံကြမ္မာတွေကများ ကျိန်စာသင့်စေတာလဲ။ အားလုံးအပေါ် မကောင်းတာတွေချည်းပေးနေရတာ စိတ်မကောင်းပေ။

ဒါပေမဲ့လည်း ဘာမှမတတ်နိုင်သည့် အခြေအနေမို့...။

***

## အခန်း (၃၀)

"ဘာမှမတတ်နိုင်ဘူးဆိုတဲ့စကားနဲ့ မျက်နှာမလွှဲနဲ့ ရွှေဝတ်လှာ၊ သင်ဇာကို ခွဲဖို့ဆုံးဖြတ်ရတာ ငါ့ရင်တွေ ဘယ်လောက်နာနေပြီထင်လဲ၊ ငါ့ရင်သွေး ငါ့သားကို မရက်စက်နိုင်လို့ ဖခင်ပီသချင်လို့ ဝတ္တရားကျေချင်လို့ ဒါဟာငါ့ရဲ့ပေးဆပ်မှုတစ်ခုပဲ၊ အေး.. အဲဒီအတွက် သားကိုငါတွေ့ခွင့်ရစေ၊ ငါတွေ့ချင်တယ်"

"တွေ့ပြီး နင်ကဘာလုပ်မှာလဲ၊ နင်က သူ့အဖေပါလို့ သွားပြောမှာလား"

ဘုန်းနေလ မဖြေတတ်။ အဲလိုသွားပြောရင် သားကလက်ခံပါ့မလား။ အဖေတစ်ယောက်ရယ်လို့ နားလည်လက်ခံပါ့မလား။

"နင်စိတ်ကူးယဉ်ပြီး တွေးမနေနဲ့ လင်းကို၊ နင့်ကိုအဖေဆိုတာသိရင် အမေကဘယ်သူလဲ၊ ဘယ်မှာလဲလို့မေးရင်ရော နင်ဘယ်လိုဖြေမှာလဲ"

"ရွှေဝတ်လှာ..ငါ"ဟု

"သူ့အမေဖြစ်တဲ့ ငါ့ကိုလက်ညှိုးထိုးရင် နင်နဲ့ငါကဘာလဲ၊ မြတ်ဦးမောင်နဲ့ကဘာလဲ၊ မြသင်ဇာနဲ့ကရော၊ ငါးနှစ်သားအရွယ် ဒီကလေးနဲ့အသိဉာဏ်ဦးနှောက်ထဲမှာ အမေက အိမ်ထောင်ရေးဖောက်ပြန်တာလား၊ အဖေက သစ္စာမဲ့တာလား၊ သူ့ကိုဘာကြောင့် စွန့်ပစ်ခဲ့တာလဲ၊

www.burmeseclassic.com

www.burmeseclassic.com



အဲလို နာကျင်မှုတွေနဲ့ သူ့ရဲ့အနာဂတ်တစ်ခုလုံး အမုန်းတွေနာကြည်းမှုတွေ စွန်းထင်းမသွားနိုင်ဘူးလား''

''ဒါဆို ငါဘာလုပ်ရမှာလဲ ရွှေဝတ်လွှာ''

''နင်ဘာမှလုပ်စရာမလိုဘူး၊ သားကို ငါမွေးစားမယ်၊ အဖေ အဖြစ်အသိမပေးဘဲ မွေးစားလိုက်မှ သူကျေးဇူးတင်ရမှန်း သိလိမ့်မယ်''

''တစ်သက်လုံးဖုံးကွယ်ထားမှာလား''

''သားလူမိုက်မဖြစ်ဖို့၊ မိဘတွေကို စော်ကားရဲတဲ့သားမဖြစ်ဖို့ မုန်းတီးနာကြည်းမနေဖို့ဆိုရင် တစ်သက်လုံး ဖုံးကွယ်သင့်ရင် ဖုံးကွယ်ရမှာပဲ လင်းကို၊ ဒါပေမဲ့ သားဘဝလုံခြုံဖို့ နွေးထွေးဖို့ မိခင်တစ်ယောက်ရဲ့မေတ္တာတရားတွေအပြည့်အဝရဖို့ ငါယုံကြည်ချက်ရှိတယ်ပေးနိုင်တယ်''

''အဲဒါက မင်းယောက်ျားက မွေးစားဖို့လက်ခံမှုဖြစ်မှာ မဟုတ်လား၊ ဘယ်ယောက်ျားမဆို ကိုယ့်သွေးသားအရင်းကိုပဲ မွေးလင့်ကြမှာပဲ၊ ဖန်ပြွန်သန္ဓေသားမွေးဖို့ ငွေကုန်ကြေးကျခံနိုင်တဲ့သူက ဘာမှသွေး မတော်သားမစပ်တဲ့ ငါးနှစ်သားအရွယ်ကလေးတစ်ယောက်ကို မွေးစားမှာတဲ့လား၊ အဲလိုမလုပ်ဘူးဆိုရင် မင်းဘယ်လိုတာဝန်ယူမှာလဲ ရွှေဝတ်လွှာ''

''အဲဒါ''

ရွှေဝတ်လွှာ တန်းခနဲမဖြေနိုင်။ သားလေးကို မိဘမဲ့ဂေဟာကနေ ပြန်မွေးဖို့ကြိုးစားနေခဲ့တာ ငါးနှစ်မျှတောင် ရှိနေပြီမဟုတ်လား ဒီနေ့ထိ မြတ်ဦးမောင်ကို ကလေးမွေးစားဖို့ကိစ္စ စည်းရုံးသိမ်းသွင်းလို့ မပါသေးပေ၊ ဆေးစစ်ကြည့်မယ်၊ ငွေကုန်ကြေးကျခံပြီး ဖန်ပြွန်သန္ဓေသား အဖြစ်မွေးမယ်၊ ညီမလေးအိမ်ထောင်ကျရင် တူလေး တူမလေးတို့ကိုပဲ ချစ်တော့မယ်နှင့် အကြောင်းအမျိုးမျိုးပြကာ၊ ရှောင်ဖယ်နေတာပဲ မဟုတ်ပါလား။

ဒါပေမဲ့ မြတ်ဦးမောင်ကို အပြစ်တင်လို့မရပေ။ ဘုန်းနေလ





ပြောသလို သွေးမတော် သားမစပ်ဘဲ ဘယ်မွေးစားချင်ပါ့မလဲ။

ဖနီးမယားဖြစ်သည့် မိမိဆီကမျှော်လင့်လို့မရလျှင် ညီမဖြစ်သော မြသင်ဇာဆီကသာ မျှော်လင့်ချင်ပေလိမ့်မည်။

''ရွှေဝတ်လွှာ. . မင်းဖြေဖို့ခက်သွားပြီမဟုတ်လား၊ မင်းအဲလို မလုပ်နိုင်ရင် ငါ့သားကို ငါပြန်မွေးစားမယ်''

''ဘာ''

''မင်းပြောသလို ဖအေအရင်းပါလို့ပြောရင် ဖြေရှင်းရခက်နေမယ်၊ မိဘကိုစော်ကားမိလို့ သားလေးငရဲကြီးနေမယ်၊ အဲဒီတော့ အဖေပါလို့ အသိမပေးဘဲ၊ ငါပြန်မွေးစားလို့ရတာပဲ၊ ငါ့သားဘယ်မှာရှိတယ်ဆိုတာ ငါ့ကိုပြောပါ''

''နင်. . နင်အဲလိုလုပ်လို့ မဖြစ်သေးဘူး၊ ငါ့သားကို ငါမွေးစားမှာပါ၊ နင်နဲ့ မြသင်ဇာကွဲသွားပြီဆိုရင် မြသင်ဇာ အိမ်ထောင်မပြုတော့ဘူးဆိုရင် မြတ်ဦးမောင်ကို ငါပြောလို့ရမှာပါ''

''သေချာမှာပါလို့ မင်းအာမခံသလားဟား ရွှေဝတ်လွှာ၊ မင်းဘက်က မဖြစ်ခဲ့ဘူးဆိုရင် ငါဖြစ်အောင်လုပ်ရမှာလား''

''ဟင့်အင်း''

''မင်းအဲလိုငြင်းမှာဆိုရင် ငါမြသင်ဇာနဲ့ လက်ထပ်ရလိမ့်မယ်''

''ဟင်. . နင်. နင်အဲလိုမလုပ်ရဘူးနော်''

''ကျွတ်. . ရွှေဝတ်လွှာရယ်၊ မင်းဆန္ဒ မင်းဖြစ်ချင်တာတွေချည်း လုပ်လို့မရဘူးလေ၊ ငါလည်း ဖအေတစ်ယောက်ပဲ၊ ငါ့ကိုလည်း ရွေးချယ်ခွင့်၊ သားကိုပိုင်ဆိုင်ခွင့်ပေးပါဦး၊ မြသင်ဇာကိုရော၊ သားကိုရော ပိုင်ဆိုင်ခွင့်မပေးချင်တာ မင်းတရားရဲ့လား၊ သားဘဝကို မင်းမကာယ်တင်နိုင်ရင် ငါကယ်တင်ပါရစေ ရွှေဝတ်လွှာ''

အံကြိတ်ကာပြောနေသော ဘုန်းနေလ စကားတွေကြောင့် ရွှေဝတ်လွှာတွေဝေသွားရသည်။ ဘုန်းနေလပြောနေတာလည်း ဟုတ်ပါ



www.burmeseclassic.com

www.burmeseclassic.com



သည်။ မြသင်ဇာကိုရော သားကိုရော တစ်ယောက်မှပိုင်ဆိုင်ခွင့်မပေး လျှင် မိမိမတရားရာကျပေလိမ့်မည်။ သားကို မိမိကယ်တင်ခွင့်မရလျှင် ဘုန်းနေလ ကယ်တင်မှပဲဖြစ်မှာပါ။ မိတမဲ့ဂေဟာမှာ တစ်သက်လုံး မထား ရက်သလို တခြားမွေးစားမည့်သူစိမ်းတွေလက်ထဲလည်း စိတ်မချပေ။

"အေးလေ . . မြတ်ဦးမောင်နဲ့ ညှိလို့မရတော့ဘူးဆိုရင် သားကို နင်မွေးစားလိုက်ပါ၊ ဒါပေမဲ့ သားကိုအခုလတ်တလော နင်မတွေ့ပါနဲ့ဦး မြတ်ဦးမောင်နဲ့ ငါညှိကြည့်ဦးမယ်၊ မြသင်ဇာမှ လက်မထပ်တော့ဘူးဆို ရင် မွေးစားဖို့ သူခွင့်ပြုချင်ပြုမှာပါ၊ အဲဒီအတွက် မြသင်ဇာနဲ့အဝေးဆုံး မှာနေပေးပါ၊ ဒါနဲ့ နင်ခရီးသွားတယ်ဆိုပြီး မြသင်ဇာကို အဆက်အသွယ် ဖြတ်ထားတာလား"

"ဟုတ်တယ်"

"ငါစိတ်မကောင်းပါဘူး၊ မြသင်ဇာမျက်နှာမကောင်းဘဲ အိမ် ပြန်လာတော့ ငါ့ရင်ထဲတကယ်မကောင်းဘူး၊ ငါ့ကြောင့် သူတို့မောင်နှမ စိတ်ထိခိုက်ရပါလားလို့တွေးပြီး ငါတကယ်စိတ်ကောင်းဖြစ်ရတာပါ၊ သူတို့ ကတော့ ငါ့အပေါ်တကယ်ကောင်းကြတယ်လေ၊ ငါက ငါ့သားအတွက်ပဲ အတ္တကြီးနေခဲ့တာ"

"မိခင်တစ်ယောက်ပီသပေးလို့ မင်းကိုကျေးဇူးတင်သင့်သလား မသိဘူး၊ ဒါပေမဲ့ မြသင်ဇာနဲ့ပတ်သက်တာတော့ ငါလည်း ရင်နာမိတယ် တကယ်ဆိုငါက သူ့အချစ်ကိုစော်ကားနေတာ"

"နင်လည်း ဖခင်ပီသတာပါပဲ ဘုန်းနေလ"

တစ်ယောက်ကိုတစ်ယောက်နားလည်သွားသော်လည်း ကံ ကြမ္မာကိုတော့ သူတို့မပြင်ဆင်နိုင်တော့ပေ။

"ငါသွားတော့မယ် ဘုန်းနေလ၊ နင့်ကိုကျေးဇူးတင်ပါတယ် နင်ဒီလိုဆုံးဖြတ်နိုင်တာ ငါ့အိမ်ထောင်ရေးမပြိုကွဲအောင် ကူညီလိုက်တယ် လို့ သဘောထားပါတယ်၊ မြသင်ဇာနဲ့ကိစ္စ၊ မြသင်ဇာအပေါ်ရော နင့် အပေါ်ရော တကယ်စိတ်မကောင်းပါဘူး"



"ရပါတယ်၊ ငါ့ကံကြမ္မာပဲ"

တိုးလျှစွာပြောရင်း အားလျော့စွာနှင့် ဘုန်းနေလ ကျန်ခဲ့သည်။ မိမိလည်း စိတ်မကောင်းစွာနှင့် လေးလွှာမှာရှိသော ဘုန်းနေလ တိုက်ခန်း ပေါ်က တစ်လှမ်းချင်းလှမ်းကာ ပြန်လာခဲ့ရသည်။

"မမရွှေဝတ်လွှာ"

"ဟင် . . သင် . . သင်ဇာ"

မြေညီထပ်အရောက်မှာ မြသင်ဇာကိုတွေ့လိုက်ရ၍ ရွှေဝတ်လွှာ ထိတ်လန့်တုန်လှုပ်သွားရသည်။ မြသင်ဇာလည်း အံ့သြနေကာ . . .

"ဒီအိမ်ရာကို ဘယ်သူ့ရှိလို့လာတာလဲ မမဝတ်လွှာ"

"ဟင် . . သူ . . သူငယ်ချင်းတစ်ယောက်ဆီလာတာ၊ ဈေးဝယ် ထွက်ရင်းနဲ့ လမ်းကြုံလို့လေ၊ သင် . . သင်ဇာကရော ဘယ်သူ့ဆီလာ တာလဲ"

"ဒီလေးလွှာမှာ ကိုနေလတိုက်ခန်းရှိတယ် မမရဲ့၊ သူမရှိတော့ သူ့တိုက်ခန်းကို အလွမ်းပြေလာကြည့်တာပါ"

"သြော် . . သင် . . သင်ဇာရယ်၊ လူမရှိတဲ့တိုက်ခန်းကို အလွမ်း ပြေလာကြည့်ရလား၊ သော့ပိတ်ထားမှာ အထဲလည်းဝင်လို့မရဘဲနဲ့၊ ဟိုလေ မမနဲ့ကုန်တိုက်လိုက်ခဲ့ပါလား သင်ဇာ၊ သူငယ်ချင်းကသိပ်နေ ကောင်းလို့ မလိုက်ဘူးဆိုတော့ မမတစ်ယောက်တည်းဖြစ်နေတာ"

"သြော် . . အရင်လည်း မမဝတ်လွှာတစ်ယောက်တည်းသွား နေကျကို"

"အဲ . . အခု ညီအစ်မနှစ်ယောက်အပြင်မှာဆုံတုန်းဆိုတော့ အတူတူသွားချင်လို့ပါ၊ သင်ဇာလည်း စိတ်ပြေလက်ပျောက်ဖြစ်တာပေါ့။ မမနဲ့လည်း ဝယ်ကျွေးမယ်၊ အင်္ကျီလည်းဝယ်ပေးပါ့မယ်"

"တကယ်နော်"

www.burmeseclassic.com

www.burmeseclassic.com



"အေးပါ၊ တကယ်ပါ ညီမလေးရယ်"

"ဒါဆိုပြီးရော"

မြသင်ဇာကို လွယ်လွယ်ကူကူခေါ်ထုတ်ရလာလို့ တော်ပါသေးသည်။ အပေါ်သာတက်သွားလို့ကတော့ ဘုန်းနေလနှင့် မျက်နှာချင်းဆိုင်တိုးမှာ သေချာသည်။ ဒါဆိုလျှင် နိုင်ငံခြားသွားသည်ဆိုသော ဗျူက ဘာလို့ရှိနေတာလဲဆိုတာနှင့် ဖြေရှင်းရမှာတွေ ရှုပ်ထွေးသွားနိုင်သည်။

ဘုန်းနေလအပေါ် သင်ဇာရဲ့စွဲလမ်းမှုက အံ့သြစရာကောင်းလှသည်။ လူမရှိသည့်တိုက်ခန်းကိုတောင် အလွမ်းပြေသွားကြည့်မလို့ဆိုပဲလား။ စိတ်မကောင်းပါဘူး ညီမလေးရယ်။ မမတကယ်ကို စိတ်မကောင်းပါဘူး။ ဒီလိုလည်းမဖြစ်စေချင်ခဲ့ပါဘူး။

သားအတွက်၊ မိဘမဲ့ဂေဟာမှာ ပစ်ထားရတဲ့သားအတွက် အတွက်ကြီးနေမိတာပါ။ မိဘတွေက သားသမီးတွေအတွက်ဆိုရင် အမှားအမှန်မခွဲခြားနိုင်အောင် မေတ္တာတွေနဲ့ အမှောင်ဖုံးသွားတတ်ကြတယ်မဟုတ်လား။ မမတောင်းပန်ပါတယ် သင်ဇာရယ်...။

***



## အခန်း (၁၁)

"သင်ဇာတို့ကတော့ ယောက်မရက်ကောင်းသလားမပြောနဲ့၊ လိုချင်တဲ့ အင်္ကျီအဝတ်အစားတွေ ရလာခဲ့တယ်ဆိုပါတော့"

"ဟင်း... ဟင်း၊ အခွင့်အရေးရတုန်း လိုချင်တာဆွဲလာတာပေါ့ဟာ၊ မမဝတ်လွှာက အရမ်းသဘောကောင်းပါတယ်၊ တချို့ယောက်မတွေဆို ဘယ်ရမလဲ၊ သူ့အတွက်သူပဲကြည့်နေမှာ၊ ယောက်ျားက ညီမကို ချိုက်နေလည်း ပြုံးပြုံးငြင်ငြင်နဲ့ ကြိုက်မှာမဟုတ်ဘူး။ မမဝတ်လွှာကတော့ အဲလိုမဟုတ်ဘူးလေ၊ အဲဒါကြောင့် ငါကလည်း ကိုယ့်အစ်မရင်းလိုချစ်နေရတာပေါ့"

"အေး... ဒီလိုသမီးယောက်မဆက်ဆံရေးမျိုးကတော့ ရှားပါတယ်၊ ဒါနဲ့ ကိုနေလက ဘာလို့ပြုန်းစားကြီးခရီးထွက်သွားရတာလဲ"

"အရေးကြီးကိစ္စလို့ပြောတာပဲ၊ ငါလည်းမသိဘူး၊ ဖုန်းဆက်သွားလို့ စိတ်မကောင်းဖြစ်နေတာ၊ ကိုကို တကယ်ဆိုးတယ်"

ပြောရင်းနှင့် မြသင်ဇာမျက်ရည်ဝဲတက်လာသည်။ စားလက်စ ခေါက်ပန်းကန်တွေကို စိတ်မပါသလို ဖွိုတိုးဒီရွှေ့လုပ်ပစ်သည်။

မိုးက မြှောက်ထိုးပင့်ကော်ဖြင့်

"အဲဒါတော့ ကိုနေလမမိုက်ဘူး၊ ဘယ်လောက်အရေးကြီးကြီး ကိုယ့်ချစ်သူ စိုးရိမ်မနေအောင် ဖုန်းလေးဆက်ပြီး အသိပေးသင့်တာပေါ့၊



www.burmeseclassic.com

www.burmeseclassic.com



ကိုဝဏ္ဏကြီး ငါ့ကိုအဲလိုလုပ်လို့ကတော့ ဒီလူ့မျက်နှာကြီးကို ငါဆွဲထိုးမယ် မှာ''

''ဟယ်. . မိန်းမလို့နူးနူးညံ့ညံ့ပြောစမ်းပါဟယ်၊ ရည်းစားရနေတာတောင် ယောက်ျားစိတ်က မပျောက်သေးဘူး''

''အကျင့်တော့ တော်တော်နဲ့ပျောက်လို့ရမလားဟာ၊ ဒါပေမဲ့ ချစ်တာကတော့ ချစ်တာပဲ''

''အရှုံးမ''

ရယ်စရာတွေ ပြောနေကြသော်လည်း မြသင်ဇာသိပ်ပြီးစိတ်မပါလှပေ။ ကိုကိုနှင့် အဆက်အသွယ်မရသရွေ့ သူမစိတ်နှင့်ကိုယ်ကာ မည်မဟုတ်ပါ။

ဒီနေ့ဆို ကိုကိုနိုင်ငံခြားထွက်သွားတာ လေးရက်မြောက်နေ့ ပြီဖြစ်သည်။ သူမဆီဖုန်းလည်းမလာ၊ ကိုဝဏ္ဏဆီဆက်သွယ်သေးလားဆို တော့လည်း မဟုတ်။

''ကန်တော်ကြီးထဲက ငါနဲ့ကိုကိုထိုင်တဲ့ဆိုင်ကို သွားကြရအောင် ဟာ''

''သင်တန်းလစ်ဦးမလို့လား''

''ကိုကို့ကိုလွမ်းလို့ ဘာမှစိတ်မပါဘူး၊ ဟိုနေ့ကလည်း ငါတစ်ယောက်တည်းသွားသေးတယ်၊ ကိုကို့ပခုံးပေါ်မှီပြီး ကိုကို့စကားသံတွေ ပြန်ကြားတော့ အလွမ်းပြေသေးတာပေါ့''

''နင်လည်း ရူးပြီ သင်ဇာ''

''အချစ်ဦးပဲဟာယ် ရူးချင်လည်း ရူးမှာပေါ့၊ မနာလိုမဖြစ်ပါနဲ့''

''ဩော်. . လွမ်းတာပဲ မနာလိုဖြစ်ရဦးမယ်၊ ကဲ. . ဒီလောက် တောင်အလွမ်းပြေချင်နေရင်ကြွ၊ ကျုပ်တို့လည်း သင်တန်းလစ်လိုက် တော့မယ်၊ ဟိုရောက်ရင်တော့ကုန်ကျစရိတ်ရှင်းရမှာနော် မပြောမ ရှိ''



''အေးပါ ဘယ်အချိန်တုန်းက ငတ်ရဖူးလို့လဲ''

သူမကားလေးနှင့်ပင် သုံးယောက်သား ကန်တော်ကြီးထဲလာခဲ့ကြသည်။ ကိုကိုနှင့်ထိုင်နေကျဆိုင်လေးကိုပဲလာခဲ့ပြီး ဆိုင်ထဲကိုဝင်လိုက်ချိန်မှာတော့ ဝိတ်တာလေးက အနားလာရပ်ပြီး

''ဟိုအစ်ကိုတောင် စောစောတုန်းက လာသွားသေးတယ်၊ အစ်မတို့ဘာလို့ အတူတူမလာကြတော့တာလဲ''

''ဟင်. . ဘယ်အစ်ကိုလဲ''

''အစ်မနဲ့အတူတူလာနေကျအစ်ကိုလေ၊ ဟိုးတစ်နေ့ကတောင် အစ်မတစ်ယောက်တည်းထိုင်နေတော့ ခဏရပ်ကြည့်ပြီး ကားနဲ့လှည့်ပြန်သွားသေးတယ်၊ အစ်မတို့ပြတ်သွားကြပြီလား၊ မုန်းလို့တော့ မဟုတ်ကြဘူးထင်တယ်နော်၊ အဲဒီအစ်ကိုလည်း တစ်ယောက်တည်းလာထိုင်ပြီး မျက်နှာမကောင်းဘူး၊ အစ်မကလည်း တစ်ယောက်တည်း မှိုင်မှိုင်တွေတွေနဲ့လာထိုင်တယ်''

''ဟင်''

''ဟဲ့. . ကိုနေလနဲ့ပဲ နင်လာဖူးတာမဟုတ်လား၊ ဘယ်လိုဖြစ်တာလဲ''

''ခုနတောင်လာသွားသေးတယ်ဆိုတော့ နိုင်ငံခြားသွားတယ်ဆိုတာရော ဟုတ်ရဲ့လား''

''မောင်. . မောင်လေး၊ အစ်မနဲ့လာတဲ့သူ သေချာပါတယ်နော်''

ဝေဝေလွှင်နှင့် မိုးပြေ့ပြောတာကို အာရုံမရောက်နိုင်။ မယုံမရဲစိတ်များနှင့် ကောင်လေးကိုသာမေးနေမိသည်။

ကောင်လေးကခေါင်းညိတ်ပြလျက်. . .

''အစ်မတို့က ကျွန်တော်တို့ဆိုင်ကို လာထိုင်နေကျပဲ၊ ကျွန်တော်တို့ သေချာမှတ်မိပါတယ် အစ်မရဲ့၊ တခြားအတွဲတွေဆိုလည်း ကျွန်တော်

www.burmeseclassic.com



တို့ ဆိုင်ကိုလာထိုင်တယ်၊ ပြီးရင်ကွဲသွားတဲ့သူလည်းရှိတယ်၊ ဒါပေမဲ့ အစ်မတို့လိုတော့မဟုတ်ကြဘူး၊ ဘယ်လောက်မှတောင်မကြာသေးဘူး မိန်းကလေးကလည်း နောက်တစ်ယောက်နဲ့တွဲလာ၊ ယောကျ်ားလေးကလည်း နောက်တစ်ယောက်တွဲလာနဲ့ သစ္စာတော့မရှိကြဘူး''

''ဟွန်း . . သင်ဇာ''

သင်ဇာ ယိုင်ခနဲဖြစ်သွား၍ မိုးနှင့် ဝေဝေလွှင် တစ်ယောက်တစ်ချက်ပိုင်းထိန်းမတ်ပေးလိုက်ကြရသည်။

''ဘာဖြစ်လို့လဲ၊ ဘာကြောင့်လဲ၊ ကို . . ကိုကို ဘာလို့ဒီလိုလုပ်တာလဲ''

''သင်ဇာ''

''ကိုဝဏ္ဏနဲ့ မမနိုင်ကရော ဘာလို့ဖုံးကွယ်ထားတာလဲ၊ ငါ့ကို ဒီလိုမလုပ်သင့်ဘူး''

''အကြောင်းတစ်ခုခုရှိလို့နေမှာပေါ့ဟယ်၊ ဒါပေမဲ့ ဘာအကြောင်းလဲဆိုတာတော့ သိသင့်တယ်''

''ကိုနေလက သစ်စိမ်းချိုးချိုးမယ့်လူမျိုးတော့ မဟုတ်လောက်ပါဘူး၊ နင်တို့ချင်း ပြဿနာတက်ကြသေးလား''

''မတက်ပါဘူး၊ ဘာအကြောင်းနဲ့မှ ပြဿနာတက်စရာအကြောင်းမရှိဘူး၊ ကိုကြီးတို့လက်ခံမယ် လက်မခံဘူးဖြစ်နေတုန်းကတောင် ငါတို့နွဲ့ရမှာစိုးလို့ အတိုက်အခံတွေလုပ်ဖို့ စိတ်ကူးကြသေးတယ်၊ ဒါပေမဲ့ ကိုကြီးတို့ကိစ္စလည်း အဆင်ပြေသွားပြီ၊ အဲဒီအကြောင်းကို ကိုကို့ကို ပြောပြဖို့ပဲရှိတော့တယ်''

''အဲဒီအကြောင်းနဲ့ နောက်ဆုတ်သွားတာရော''

''ဟင့်အင်း . . အဲလိုတော့ ဟုတ်မှာမဟုတ်ဘူး၊ သူငါ့ကိုမခွဲနိုင်ဘူးလို့ ပြောတယ်၊ အခုချက်ချင်းကြီး အခုလိုထဖြစ်တာ၊ ငါမသိတော့ဘူးဟာ''



''အေး . . နင်အခုဘာလုပ်မှာလဲ''

''နင်တို့ဘာသာပြန်လိုက်ပါလား၊ ငါအဲဒီကိစ္စစုံစမ်းကြည့်ဦးမယ်''

''ငါတို့လည်း လိုက်ခဲ့မယ်လေ၊ နင်စိတ်လှုပ်ရှားနေတယ်၊ ကားမောင်းလို့ဖြစ်ပါ့မလား''

''ဖြစ်ပါတယ်၊ ငါ့အတွက် စိတ်မပူနဲ့''

ပြောပြီး ဝေဝေလွှင်တို့ကို အားမနာနိုင်ဘဲ၊ ကားကိုမောင်း၍ ထွက်လာခဲ့သည်။ မမနိုင်အိမ်သွားလည်း ဘာမှထူးမှာမဟုတ်။

မမနိုင်နှင့် ကိုဝဏ္ဏကပါ နိုင်ငံခြားခရီးထွက်သွားသည်လို့ ဖုံးကွယ်ထားခဲ့တာမဟုတ်ပါလား။

ကိုကိုဘာကြောင့် ဒီလိုလုပ်သည်ဆိုတာ နားမလည်နိုင်တော့ဘဲ . . ။

***

www.burmeseclassic.com

## အခန်း (၃၂)

"ကိုကို"

"ဟင်. . . သင်. . . သင်ဇာ"

တိုက်ခန်းတံခါးဝမှာ မှီနွဲ့ထိုင်နေသော မြသင်ဇာက သူ့ကိုမြင်လိုက်သည်နှင့် ကိုကိုလို့ခေါ်လိုက်သောအခါ သူလန့်ဖျပ်တုန်တက်သွားသည်။

ဘယ်အချိန်ကတည်းက လာထိုင်နေသည်မသိပေမယ့် မျက်ရည်တွေတော့ မခန်းခြောက်သေးပါ။

လက်ကနာရီကိုမြှောက်ကြည့်လိုက်တော့ ညရှစ်နာရီတောင် ထိုးနေပြီဖြစ်သည်။

"သင်. . . သင်ဇာ ဘယ်အချိန်ကတည်းကရောက်နေတာလဲ"

"နေ့လယ်ကတည်းကပါ၊ နိုင်ငံခြားကနေ ကိုကိုဘယ်အချိန်ပြန်လာမလဲလို့ လာစောင့်နေတာ"

"သင်ဇာ"

"ကိုကို ဘာလို့ညာတာလဲ"

မေးရင်းနှင့် သူ့အနားကိုတိုးကပ်လာပြီး သူ့လက်မောင်းကိုဖက်တွယ်လာသည်။ သူသင်ဇာ့လက်တွေကို ညင်သာစွာဖယ်ချ၍ အခန်းတံခါးဖွင့်လိုက်၏။ သူဝင်လိုက်ချိန်မှာ မြသင်ဇာပါလိုက်ဝင်လာသည်။





"အချိန်နောက်ကျနေပြီ၊ မင်းပြန်လိုက်ပါလား သင်ဇာ"

"ကိုကိုဘာလို့ညာတာလဲ၊ အဲဒါကိုသိရမှ သင်ဇာပြန်မယ်"

"သင်ဇာ. . . ညအရမ်းမိုးချုပ်နေပြီ၊ နောက်နေ့မှ"

"ကိုကိုထွက်ပြေးဦးမှာမဟုတ်လား၊ ဘာလို့လဲ. . . ဘာလို့ ဒီလိုလုပ်တာလဲ၊ သင်ဇာ ဘာတွေမှားယွင်းလို့လဲ၊ သင်ဇာ ဘာတွေလုပ်မိလို့လဲ၊ အကြောင်းကိစ္စရှိရင် ကိုကိုပွင့်ပွင့်လင်းလင်းပြောရမှာမဟုတ်ဘူးလား၊ ကိုဝဏ္ဏနဲ့ မမနိုင်ကရော ဘာလို့ဖုံးကွယ်ထားတာလဲ"

"ကိုယ်. . . ကိုယ်မမနိုင်နဲ့ လက်ထပ်တော့မှာ"

"ဘာ. . . ဘာပြောတယ် ကိုကို"

ပါးစပ်ထဲတွေ့ရာပြောလိုက်သည့်အချိန်မှာ မြသင်ဇာ အံ့ဩတုန်လှုပ်သွားလေသည်။ သူ့ကိုမယုံနိုင်သလို မော့ကြည့်ရင်းဖြင့် မျက်ရည်တွေကျလာ၏။

"ကိုကို ပြန်ပြောစမ်းပါ. . . မမနိုင်နဲ့"

"ဟုတ်တယ် ကိုယ်မမနိုင်နဲ့ လက်ထပ်တော့မှာ၊ အဲဒါကြောင့် ကိုယ်ဒီလိုမျိုး မင်းကိုရှောင်နေခဲ့တာပါ"

"ကိုကို. . . မယုံဘူး၊ သင်ဇာ မယုံဘူးကိုကို၊ ဘာလို့အဲလိုဖြစ်သွားတာလဲ၊ ကိုကိုညာပြောတာမဟုတ်လား၊ ညာနေတာမဟုတ်လား ကိုကို"

"ဒါညာရမယ့်ကိစ္စမှမဟုတ်တာ၊ တကယ်ပြောတာပါ၊ ကိုယ့်ကို မမနိုင် ဂရုစိုက်တာက သဝန်တိုလောက်အောင်ဖြစ်ခဲ့ဖူးတယ်ဆို၊ မမနိုင်အပေါ် ကိုယ့်ရဲ့ဆက်ဆံရေးတွေကိုလည်း မင်းမနာလိုဖြစ်ခဲ့ရတယ်ဆို၊ အဲဒါဟာ ကိုယ်နဲ့မမနိုင်ရဲ့ သံယောဇဉ်ကို သတိထားမိစေခဲ့လို့ မဟုတ်လား၊ ကိုယ်မင်းကို အရမ်းအားနာပါတယ် သင်ဇာ"

"ဟင့်အင်း. . . မဟုတ်ဘူး မပြောနဲ့၊ ကိုကိုတို့ ရိုးရိုးသားသားပါဆို၊ မောင်နှမအရင်းတွေလို သံယောဇဉ်ရှိခဲ့ကြတာပါဆို၊ ဘာလို့ ဒီလိုမျိုး



www.burmeseclassic.com

www.burmeseclassic.com



ဖြစ်သွားတာလဲ''

''မင်းမယုံလည်း မတတ်နိုင်ပါဘူး။ ကိုယ်တို့တကယ်လက်ထပ်ကြမှာပါ၊ အဲဒါကြောင့် ကိုယ့်ကိုမေ့လိုက်ပါတော့ သင်ဇာ''

''ဘာလို့မေ့ရမှာလဲ၊ သင်ဇာတို့ချစ်ခဲ့ကြတာ ဘယ်လောက်များကြာသေးလို့လဲ၊ ဒါတောင် မခွဲနိုင်မခွာရက်ဖြစ်လို့ လက်ထပ်ကြရအောင်လို့ ကိုကိုပဲစပြောခဲ့တာလေ၊ ဘာလဲ . . ကိုကြီးတို့က လက်မခံဘူးနောက်မှလက်ထပ်ရမယ်၊ အခုမဖြစ်သေးဘူးဆိုလို့ ကိုကို စိတ်နာသွားတာလား၊ စိတ်ကုန်သွားတာလားဟင်၊ အခု . . အခုကိုကြီးက ခွင့်ပြုလိုက်ပြီ လက်ထပ်ပြီး အိမ်မှာအတူတူနေပါတဲ့၊ အဲဒီစကားကြားရင် ကိုကို ပျော်မယ်ထင်လို့၊ သင်ဇာအရင်နေ့တွေကတည်းက ဖုန်းဆက်နေတာ ကိုကိုနဲ့တွေ့ချင်နေတာ''

ကိုကိုသိပါတယ်လို့ မပြောရက်။ ပိုပြီး ထိခိုက်ခံစားသွားရမှာစိုးလို့ပါ။ သူမ မျက်ရည်တွေကိုမြင်နေရတာ ဒီရင်မှာလည်း ခံနိုင်ရည်မရှိတော့ပါဘူးလို့ ပြောထွက်ချင်လှသည်။ ဒါပေမဲ့ ဝေဒနာတွေ ထပ်မပေးချင်တော့။

''ကိုယ့်မှာ မင်းကိုထပ်ပြောစရာ မရှိတော့ပါဘူး၊ ကိုယ့်ကိုမေ့လိုက်ပါလို့ပဲ ပြောပါရစေ''

''ကိုကို''

''မင်းကို မညာချင်ပါဘူး၊ မင်းကိုတကယ်ချစ်ခဲ့ပါတယ်၊ ဒါပေမဲ့ သံယောဇဉ်တွေနဲ့ငြိတွယ်ခဲ့ရတဲ့ မမဆိုင်ကပဲ ကိုယ့်ဘဝအတွက် အိမ်ထောင်ဖက်အဖြစ်သင့်ဆုံးဖြစ်လိမ့်မယ်ဆိုပြီး ကိုယ်ရွေးချယ်လိုက်တာပါ''

''ကိုကိုရယ်''

မယုံနိုင်ပေမယ့် ကိုကို့စကားလုံးတွေက မြားတစ်စင်းလို စူးဝင်ကာ နင့်နေအောင်ခံစားရသည်။ ဘာလို့ ဒီလိုပြောင်းလဲသွားတာလဲ နားမလည်နိုင်ပါ။ ကိုကိုဘာကြောင့် ဒီလိုရက်စက်ရတာလဲ မတွေးရဲပါ။





ကိုကို့အချစ် ကိုကို့အကြင်နာတွေက ပူပူနွေးနွေးပဲရှိသေးတာမို့ အလွယ်တကူမေ့ပစ်နိုင်ဖို့ မလွယ်ပေ။

ဘာလို့မေ့ရမှာလဲ ကိုကိုရယ်၊ ချစ်နေတုန်းပဲရှိသေးတာ။

မေ့လိုက်ပါလို့ ဘာလို့အမိန့်ပေးရတာလဲ။ သင်ဇာဘယ်တော့မှ မမေ့ဘူး။

* * *



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၃၃)

''ဘာ. . မင်းအဲလိုပြောခဲ့တယ်၊ အမယ်လေး မပြောသင့်တာကွယ်၊ ငါ. . ငါ သင်ဇာ့မျက်နှာကိုဘယ်လိုကြည့်ရမလဲ''

''ကျွ. . ကျွန်တော့်ကို ခွင့်လွှတ်ပါမမခိုင်၊ ကျွန်တော် ဘယ်လိုဆင်ခြေပေးရမှန်း မသိတော့လို့ပါ၊ သင်ဇာက ကျွန်တော်နိုင်ငံခြားသွားတာမဟုတ်မှန်း သိသွားတယ်၊ ကျွန်တော်ရှောင်နေတာ ဘာကြောင့်လဲတဲ့၊ အကြောင်းအရင်းကို မသိရရင် မပြန်ဘူးတဲ့၊ ညရစ်နာရီကျော်နေပြီ၊ ကျွန်တော့်တိုက်ခန်းရှေ့မှာ နေ့လယ်ကတည်းက ကျွန်တော်ပြန်လာမှာကို မျက်ရည်တွေနဲ့ စောင့်နေခဲ့တာ မမခိုင်''

မမခိုင် ဘာပြောရမှန်းမသိဘဲ၊ ဝဏ္ဏမျက်နှာကို လှမ်းကြည့်မိသည်။ ဝဏ္ဏက သူငယ်ချင်းကို အပြစ်မမြင်။ မမခိုင်ကို နားလည်ပေးလိုက်ပါဟူသော မျက်နှာရိပ်မျက်နှာကဲပြ၏။ မမခိုင်ဘာမှမတတ်နိုင်။ သက်ပြင်းတွေချမိရင်းနှင့် . . .

''မင်းတို့ ပြဿနာက ဒီလိုပုံစံနဲ့ဖြေရှင်းလိုက်လို့ရော ပြေလည်မယ်ထင်လား နေလ၊ ငါ့ကို လက်ထပ်မယ်ဆိုတာနဲ့ သင်ဇာက နောက်ဆုတ်သွားမှာတဲ့လား၊ သင်ဇာ မင်းအပေါ်ဘယ်လောက်ချစ်တယ်ဆိုတာ မင်းအသိဆုံးဖြစ်လိမ့်မယ်''

''အမှန်အတိုင်းပြောလို့မှ မဖြစ်တာ မမခိုင်ရယ်၊ ရွှေဝတ်လှုံနဲ့





ကျွန်တော်က ဒီလိုပတ်သက်မှုရှိပြီး ကလေးတစ်ယောက်ရလို့ မင်းနဲ့လက်ထပ်လို့မဖြစ်တာပါလို့ ပြောလို့ရမှာလား၊ အဲလိုသာပြောလိုက်ရင် သူ့အစ်ကိုနဲ့ ရွှေဝတ်လှုံရဲ့ အိမ်ထောင်ရေး ပြိုကွဲသွားရုံပဲရှိမယ်၊ ပြိုကွဲသွားရင်ရော သူနဲ့ကျွန်တော် ပေါင်းသင်းလို့ဖြစ်မှာလား၊ ဒါမှမဟုတ် သားမျက်နှာကြောင့်ဆိုပြီး ရွှေဝတ်လှုံနဲ့ ကျွန်တော်ပေါင်းသင်းရမှာလား မမခိုင်၊ ကျွန်တော် သင်ဇာ့ကိုချစ်တာပါ၊ သင်ဇာ့ကိုပဲ လက်ထပ်ချင်တာ၊ သား. . သားကြောင့်သာ မဟုတ်ရင်''

စကားဆုံးအောင်မပြောနိုင်။ လည်ချောင်းဝမှာရော ရင်ထဲမှာရော ဆို့နင့်လျက် အသက်ရှူလို့ပင် မဝဖြစ်လာသည်။

ဝဏ္ဏက သူ့ပခုံးတစ်ဖက်ကိုဆုတ်ညှစ်လျက်. .

''မင်းခံစားနေရတဲ့ ဝေဒနာကို ငါတို့နားလည်ပါတယ်ကွာ၊ ဒါပေမဲ့ ဒီလိုဖြေရှင်းနည်းက နည်းလမ်းမမှန်ဘူး၊ အဲဒါကြောင့်ဆိုပြီး အမှန်အတိုင်းပြောလို့လည်း မဖြစ်တော့၊ ငါတို့လည်း ဘယ်လိုအကြံဉာဏ်ပေးရမှန်းကို မသိတော့တာ၊ တကယ်ကို့ မြသင်ဇာလာမေးရင် ငါတို့ဘယ်လိုဖြေရမှာလဲ''

''မမခိုင်နဲ့ လက်ထပ်မှာဟုတ်တယ်လို့ ဖြေပေးပါ''

''နေလ''

''မမခိုင်ကို ကျွန်တော်အရမ်းအားနာပါတယ်။ ဝဏ္ဏကိုလည်း အားနာပါတယ်၊ ဒါပေမဲ့ ကျွန်တော့်ကိုကယ်တင်ပေးပါ၊ ဒီနည်းလမ်းနဲ့ ရှောင်မှအဆင်ပြေမှာမို့ပါ၊ ဒီကြားထဲမှာ ရွှေဝတ်လှုံနဲ့တွေ့ကြည့်ရဦးမယ်၊ သားကို သူ မမွေးစားနိုင်ရင်၊ ကျွန်တော်တာဝန်ယူရဦးမယ် မမခိုင်၊ ကျွန်တော် အသက်ရှင်နေတဲ့အချိန်မှာတော့ သားကိုမိဘမဲ့ဂေဟာဆီ ဘယ်လိုမှမထားနိုင်ပါဘူး၊ မထားရက်ပါဘူး မမခိုင်ရယ်''

''ဖခင်ဝတ္တရားကျေဖို့ ကြိုးစားနေတာကို မမခိုင်နားလည်ပါတယ်ကွယ်၊ မင်းရဲ့အခက်အခဲကို ကူညီခွင့်ရမယ်ဆိုရင် မမခိုင်ရဲ့သိက္ခာ



www.burmeseclassic.com

www.burmeseclassic.com



တရားထိပါးမယ်ဆိုလည်း အစ်မတစ်ယောက်ရဲ့မေတ္တာမျိုးနဲ့ မမနိုင် ကျေနပ်နိုင်ပါတယ်၊ ဒါပေမဲ့ မင်းအရမ်းနာကျင်နေတာ ခံနိုင်ရည်ရှိပါ့ မလား''

''ကျွန်တော့်ကို စိုးရိမ်ပေးနေတာ ကျေးဇူးတင်ပါတယ် မမနိုင် သားအတွက်ပဲ ကျွန်တော်လုပ်နိုင်မှာပါ၊ ကိုယ်ဝန်ရှိခဲ့တယ်ဆိုတာလည်း ကျွန်တော်မသိခဲ့ဘူး၊ မွေးကတည်းက ဒီအရွယ်အထိလည်း ကျွန်တော် တာဝန်မကျေခဲ့ဖူးဘူး၊ ဒီအချိန်မှာ နှလုံးသားတစ်ခုလုံးကိုရင်းပြီး တာဝန် ကျေခွင့်ရမယ်ဆိုရင် ကျွန်တော်လုပ်ရတော့မှာပေါ့ မမနိုင်''

''နေလရယ်၊ မမနိုင်အရမ်းကို စိတ်မကောင်းပါဘူးကွယ်၊ မင်း ကို ဒီလိုပုံစံမျိုးမြင်ချင်ခဲ့တာ မဟုတ်ပါဘူး၊ မပြည့်စုံခင်အချိန်မှာ ချစ်သူနဲ့ ကွေကွင်းခဲ့ရလို့ အခုလိုပြည့်စုံတဲ့အချိန်မှာ အချစ်ကြောင့် ပျော်ရွှင်ရလိမ့် မယ်လို့ ထင်ခဲ့တာပါ၊ မင်းကို ပျော်ရွှင်စေချင်တာ မမနိုင်စေတနာပါ ဘာကြောင့်များ အချစ်နဲ့ပတ်သက်ပြီး ကံဆိုးရတာလဲကွယ်''

မမနိုင်မျက်ရည်ဝဲစွာ စိတ်မကောင်းဖြစ်နေသည်။ သူလည်း မျက်ရည်တွေနှင့် အခန်းတံခါးဝလေးမှာ သူ့ကိုငုတ်တုတ်လေး ထိုင်ကာ စောင့်နေသော သင်ဇာ့မျက်နှာလေးကို ပြန်မြင်ယောင်ကာ စိတ်ထိခိုက် နေမိသည်။

ဒီအဖြစ်မျိုး သံသရာအထိ အထုံမပါချင်ပါ။

မုန်းလိုက် မေ့လိုက်ပါတော့ သင်ဇာရယ်။ ကိုယ်ကမင်းအချစ်နဲ့ မထိုက်တန်တဲ့သူပါ။ ကိုယ့်ဘဝ ကိုယ့်ကိုယ်ပိုင်ဆုံးဖြတ်ခွင့်မရှိတဲ့ ကြမ္မာ ဆိုးတဲ့ကောင်ပါ။

မင်းမချစ်ထိုက်တဲ့ကောင်ပါ သင်ဇာရယ်။

* * *



# အခန်း (၃၄)

''ဘာ..ဒီကောင်က မိန်းမယူတော့မယ်၊ ညီမလေးကို လက်ထပ်မယ်ပြောပြီးမှ တခြားမိန်းမကိုယူတော့မယ်လို့ ပြောတာလား၊ တောက်..လူပါးဝလိုက်တာ၊ ဒီကောင်ဘာကောင်လဲ၊ ဘာအဆင့် အတန်းရှိတာလဲ၊ ဘာရည်ရည်မွန်မွန် လူကြီးလူကောင်းလဲ၊ ခွေးသူ တောင်းစား၊ အဲဒီကောင်ကို ငါသွားသတ်မယ်၊ သွား သတ်မယ်''

''ကိုကြီး''

''မောင်''

မြတ်ဦးမောင် ဒေါသတကြီး ခုန်ထလိုက်တာမို့ မြသင်ဇာနှင့် ရွှေဝတ်လှွာ အလျင်အမြန်ပင် ဖမ်းဆွဲထားလိုက်ရသည်။ ညီမထိတော့ အားကြည့်။ မျက်နှာနီနီ အသားတွေ တဆတ်ဆတ်တုန်လျက် မြတ်ဦး မောင်ဒေါသဖြစ်သွားတာက ကြောက်စရာပါ။

မြသင်ဇာ ဒီအကြောင်းကို အစကမပြောသေးဘူး ရည်ရွယ်ထား သော်မယ့် ဘယ်လိုမှမခံစားနိုင်တော့လို့ ဖွင့်ပြောလိုက်ရခြင်းပင်။

တကယ်ဆို အခုထိလည်း ကိုကိုနှင့် မမနိုင်လက်ထပ်မည်ဆို တာ မယုံနိုင်သေးပါ။ မဟုတ်လောက်ပါဘူးလို့လည်း စိတ်ကထင်နေပါ၏။

''သင်ဇာ..အဲဒီကိစ္စက တကယ်လား''

ရွှေဝတ်လှွာမေးတော့ မြသင်ဇာ ခေါင်းညိတ်ပြသည်။ နိုင်ငံခြား



www.burmeseclassic.com

www.burmeseclassic.com



သွားပြီး ကြာလာလျှင် မြသင်ဇာမေ့သွားနိုင်တာကို ဘာလို့ ဒီလိုမျိုး အစီအစဉ်ကပြောင်းလဲသွားသည် မသိပေ။ မြသင်ဇာ စုံစမ်းလိုက်လို့ ဘုန်းနေလ နိုင်ငံခြားမသွားဖြစ်တာ သိသွားတာများလား။

အခက်အခဲတွေအတွက် ဘုန်းနေလ ဒီနည်းလမ်းကို သုံးလိုက်ရတာဖြစ်သည်။ မြသင်ဇာ မျက်ရည်တွေကို မြင်ရတာ ရင်တွေပူလောင်လိုက်တာ။ ဘယ်လိုများလုပ်ရမလဲ။

"အဲဒီကောင် ဖုန်းနံပါတ်ငါ့ကိုပေးစမ်း"

"ဘာ. . ဘာလုပ်မလို့လဲ၊ နေပါစေ ကိုကြီး၊ သင်ဇာတို့ကိစ္စ သင်ဇာရှင်းပါ့မယ်"

"နင် ဘာရှင်းစရာလိုတော့လဲ၊ ဟိုကောင်က လက်ထပ်တော့မယ်လို့ ပြောပြီးပြီ၊ ငါကသာ ဒီကောင်ကိုဆွဲထိုးပစ်ဖို့ချိန်းမှာ"

"မလုပ်ပါနဲ့ ကိုကြီးရယ်၊ ဒီကိစ္စဘာကြောင့် ပြောင်းလဲသွားတယ်ဆိုတာ သင်ဇာစုံစမ်းကြည့်ပါဦးမယ်၊ ချက်ချင်းကြီးပြောင်းလဲသွားတာ အကြောင်းအရင်းတော့ရှိမှာပါ"

"ဒီအကြောင်းပြောထွက်ပြီးမှ ဒီကောင့်ဆီက ဘာဖြေရှင်းချက်မှ သိစရာမလိုတော့ဘူး ညီမလေး၊ ဆက်သွယ်စရာလည်း မလိုဘူး ဆက်ဆံစရာလည်းမလိုတော့ဘူး၊ ဒီကောင်အောက်တန်းကျတာ ယုတ်ညံ့တာ၊ နှမချင်းမစာနာတာ၊ အစကတော့ အမြန်ဆုံးလက်ထပ်ရမှာပဲ ဖြစ်မလိုလိုနဲ့ ဒီဘက်က သဘောတူလက်ခံပါပြီဆိုမှ ဒီလိုမျိုးထဖြစ်ရလား၊ အဲဒါသက်သက်ကျောတာ"

"အဲလိုမဟုတ်လောက်ပါဘူး၊ သူ သင်ဇာ့ကိုချစ်ပါတယ်၊ တခြားအကြောင်းရှိလို့ပဲဖြစ်မှာပါ"

"တော်ပြီ၊ ဒီကောင့်အသံမကြားချင်တော့ဘူး၊ ညီမလေး. . ကိုကြီး လိုက်လျောသင့်တာလိုက်လျောပြီးပြီနော်၊ နင့်ကိုချစ်လို့ ငါ့စိတ်တွေ အများကြီးလျှော့ထားတာ၊ ဒီကောင် ဒီလိုကျောတာ ဘယ်လောက်





ခံရခက်လဲ၊ နောက်ထပ် ဒီကောင်နဲ့ပတ်သက်တယ်ဆိုရင် နင်အသေပဲ၊ နောက်မှငါ့အဆိုးမဆိုနဲ့"

မြတ်ဦးမောင် ဒေါသတကြီးဖြင့် ကုမ္ပဏီကိုထွက်သွားသည်။ မြသင်ဇာ အခုမှဘာလုပ်ရမှန်းမသိတော့ပါ။

ဝမ်းနည်းမှုများနှင့် ရှိုက်ကြီးတငင်ပဲ ငိုချလိုက်သည်။ ကိုကြီးကို မဖျောင်းဖျသလို၊ သူမဘက်က ရပ်တည်မပေးတော့သော မမဝတ်လွှာက အခုမှလှုပ်လှုပ်ရှားရှားဖြစ်လာလေသည်။

"ညီမလေး. . သူက ဘယ်သူနဲ့လက်ထပ်မှာတဲ့လဲ"

"မမခိုင်နဲ့တဲ့ မမဝတ်လွှာ၊ သူငယ်ချင်းရဲ့အစ်မပါ၊ သူ့ကို အရင်တုန်းက စောင့်ရှောက်လာခဲ့တာလို့ပြောတယ်၊ ကိုကိုက ရှေးစားဦးနဲ့ကွဲဖူးတယ်လေ"

"ဟင်"

"သူဆင်းရဲချို့တဲ့ပြီး ဆွေမျိုးတွေဆီမှာ ခိုကပ်ပြီး ပညာသင်နေရတဲ့အချိန်မှာ ချစ်သူက ငွေကြေးချမ်းသာတဲ့သူကိုယူဖို့အတွက် သူ့ကိုထားခဲ့တာတဲ့၊ အဲဒီအချိန်မှာ သူအသည်းကွဲပြီး စိတ်ဓာတ်ကျနေမှာစိုးလို့ အဲဒီအစ်မက ငွေကုန်ကြေးကျခံပြီး နိုင်ငံခြားကို အလုပ်လုပ်ဖို့လွှတ်လိုက်တယ်"

"ဪ"

မြသင်ဇာကို ဘုန်းနေလ ဒီအကြောင်းတွေပြောပြထားလိမ့်မယ် မထင်မိ။ မြသင်ဇာကို မိမိယောက်မအဖြစ်သိပြီး လက်စားချေအသုံးချဖို့ ချစ်ခဲ့တာ မဟုတ်ဘူးဆိုတာတော့ သေချာသွားခဲ့သည်။

"အဲဒီအစ်မကရော သူနဲ့တကယ်လက်ထပ်မှာတဲ့လား"

"အဲဒါတော့ မသိပါဘူး၊ မမခိုင်နဲ့ သွားမတွေ့ရသေးဘူး၊ သူတို့က ကိုကို့ကို နိုင်ငံခြားသွားတယ်ဆိုပြီး ဖုံးကွယ်ထားခဲ့ကြတာတော့ အမှန်ပဲ၊ ဘာကြောင့် ဒီလိုဖြစ်ရတယ်ဆိုတာတော့ သင်ဇာအရမ်းသိချင်တယ်



www.burmeseclassic.com

www.burmeseclassic.com



မမဝတ်လွှာရယ်၊ ကိုကို့ကို ဒီလိုလူစားဖြစ်လိမ့်မယ်လို့ သင်ဇာ လုံးဝ မယုံကြည်နိုင်ဘူး''

''သင်ဇာရယ်. . ဒီလိုမျိုးဖြစ်သွားပြီဆိုမှတော့ သူ့ကိုမေ့လိုက်ပါတော့၊ အချိန်ကြာလာရင် အရာအားလုံးက ပုံမှန်နေသားကျသွားမှာပါ၊ သူနဲ့မတွေ့ခင်က အချိန်တွေပြန်သွားပြီး စိတ်ချမ်းသာသာနေပါလား ညီမလေးရယ်''

''ဘယ်လိုလုပ် အချိန်တွေကို နောက်ပြန်ဆုတ်လို့ရမှာလဲ၊ ဘယ်လိုလုပ် စိတ်ချမ်းသာအောင်နေလို့ရမှာလဲ မမဝတ်လွှာ၊ ကိုကို့ကို သင်ဇာချစ်တယ်၊ ကိုကိုလည်း သင်ဇာ့ကို တကယ်ချစ်ခဲ့တာပါ၊ အခုလည်း သူဒီအတိုင်းပဲ ပြောတယ်၊ သင်ဇာ့ကို တကယ်ချစ်ခဲ့တယ်ဆိုတာ သစ္စာတရားပါတဲ့၊ ဒါပေမဲ့ မမနိုင်က အိမ်ထောင်ဖက်အဖြစ်သင့်တော်မယ်ထင်လို့ ရွေးချယ်လိုက်တာတဲ့၊ သူချန်ထားရက်လည်း သင်ဇာမနေရဲဘူး မမဝတ်လွှာ၊ ကိုကို့ကိုချစ်တယ်''

''သင်ဇာရယ်''

ဘယ်လိုဖြေသိမ့်မှုမျိုးနှင့် ထွေးပွေ့ပေးရမည် မသိပေ။ ဒီအတိုင်းဖက်ထားမိတော့ သင်ဇာက ပခုံးလေးတွေ လှုပ်ခတ်အောင် အသံထွက်၍ ရှိုက်ငိုသည်။

မိမိကြောင့် ကျရသောမျက်ရည်မို့ ရင်ကပိုပြီး ပူလောင်မိသည်။ ဘုန်းနေလလည်း ဘယ်လောက်တောင်ခံစားနေရမလဲ။

သင်ဇာ့ကို တကယ်ချစ်ခဲ့ပါသည်ဆိုတာ သစ္စာတရားတွေနဲ့တောင် တိုင်တည်ခဲ့သေးတာ။ ဘာလုပ်ရမလဲ။ မိမိအပေါ် မေတ္တာစေတနာ အစစ်အမှန်ပေးနေသောသူတွေကို မိမိရဲ့အတ္တတွေကြောင့် စိတ်ဆင်းရဲမှုတွေပေးနေမိသလို ဖြစ်နေရတာ ရင်ထဲတကယ်မကောင်းလှပေ။

မိသားစုအတွက် အတ္တကြီးပြီး မြတ်ဦးမောင်ကို အပျိုစင်ပုံစံမျိုး လက်ထပ်ကာ လင်းကိုဆိုသော ချစ်သူကိုထားရစ်ခဲ့သည်။ အခုသား





အတွက် အတ္တကြီးမိနေတာမို့ အားလုံးကိုသောကတွေ ဝေဒနာတွေ ပေးမိနေသည်။

ခွင့်မလွှတ်ပါနဲ့လို့ ပွင့်လင်းစွာတောင် မတောင်းပန်ရဲသည့် အဖြစ်ပါ။ ဒီဘဝတော့ ဒီနောင်တတွေနဲ့ပဲ. . ။

❋❋❋



www.burmeseclassic.com

www.burmeseclassic.com

# အခန်း (၃၅)

ဒီတစ်ခါတော့ ဘုန်းနေလတိုက်ခန်းကို သွားမတွေ့ရဲတော့ သူချိန်းဆိုသော တိတ်ဆိတ်သော ကော်ဖီဆိုင်လေးမှာပဲ သွားတွေ့ရသည်။ အခုတစ်ခေါက် ဘုန်းနေလကိုတွေ့ရတာ အတော်လေးကို ပိန်ကျသွားသည်။

ကော်ဖီတစ်ခွက်ကို စိတ်မပါသလိုသောက်နေသော ဘုန်းနေလကို ကြည့်နေရတာ စိတ်မကောင်း။

"ငါကို သားနဲ့တွေ့မပေးသေးဘူးလား ရွှေဝတ်လွှာ"

"နင် မမနိုင်နဲ့ လက်ထပ်မလို့ဆို"

မေးတာနှင့် ဖြေတာကတခြားစီ။ ဘုန်းနေလ ခေါင်းငုံ့ထားလျက်နှင့် . . .

"ဒီအကြောင်းကို မင်းသိစရာမလိုဘူးထင်တယ်၊ ငါဘာကြောင့် ဒီလိုပြောရတယ်ဆိုတာ မင်းအသိဆုံးဖြစ်ပါလိမ့်မယ်"

"ဒါဆိုအမှန်တော့မဟုတ်ဘူးလို့ ပြောချင်တာလား"

"ငါလူပျိုပေါက်အရွယ်မှာ မိန်းမတစ်ယောက်ကို ရည်းစားထားခဲ့ဖူးတယ်၊ ဒီအသက်အရွယ်မှာ ချစ်သူတစ်ယောက်ရခဲ့ထယ်၊ နှစ်ကြိမ်လုံး လွဲရမယ်ဆိုလည်း ငါလက်ထင်ချင်တာ၊ အခုချိန်မှာ ချစ်မိတဲ့ မြသင်ဇာဆိုတဲ့ မိန်းကလေးပါပဲ၊ မမနိုင်ဆိုတာ မြသင်ဇာမုန်းသွားဖို့အတွက် အသုံး



ချခံရတဲ့ ဓားစာခံပါ၊ ငါ မြသင်ဇာကလွဲရင် ဘယ်မိန်းမကိုမှ လက်ထပ်မှာ မဟုတ်ဘူး"

"ငါ ဘာတွေမှားနေလဲဆိုတာ ငါကိုယ်ငါ မသိလို့တော့မဟုတ်ပါဘူး၊ ဒါပေမဲ့ သားအတွက် ငါအတ္တကြီးနေရတာပါ၊ နင့်ခံစားချက် သင်ဇာ့ခံစားချက်၊ ငါအားလုံးကို နားလည်ပါတယ်၊ သင်ဇာ့ကိုစွန့်လွှတ်ပေးတဲ့အတွက် နင့်ကိုငါအရမ်းကို ကျေးဇူးတင်တယ်"

"မလိုပါဘူး ရွှေဝတ်လွှာ၊ သားအတွက်မို့ နှလုံးသားကို စွန့်လွှတ်လိုက်တာပါ၊ အချစ်ကံမကောင်းတာကို ငါနောင်တမရဘူး၊ ဒီလောက်စွန့်လွှတ်နေပါလျက်နဲ့ သားနဲ့တွေ့ခွင့်မရသေးတာတော့ ရင်နာတယ် ရွှေဝတ်လွှာ"

ဘုန်းနေလက မျက်ရည်များပင်လည်နေသည်။ သူလည်း သားကိုတွေ့ချင်ရှာမှာပဲလို့ ကိုယ်ချင်းစာမိ၏။

"နင်သွားကြည့်လို့ရမယ်၊ တွေ့လို့တော့မရဘူး၊ နင့်ကိုဘယ်သူဆိုတာ သူသိလို့မှမဖြစ်ဘဲ၊ သားကိုထိန်းသိမ်းစောင့်ရှောက်ပေးနေတဲ့ ဆရာမကြီးကိုလည်း သားမှာအဖေရှိတယ်လို့ ပြောပြမထားဘူး"

"ဪ"

ဝမ်းနည်းလို့တော့မဟုတ်ပါ။ စိတ်မကောင်းတော့ဖြစ်သွားမိသည်။ ရွှေဝတ်လွှာ သူ့မျက်နှာကိုအကဲခတ်ကာ . .

"ပြောမဖြစ်အကြောင်းတွေကို နင်လည်းနားလည်နေမှာပါ၊ အဲဒါလက်မထပ်ခင် မှားယွင်းမိတဲ့ငါတို့ရဲ့အပြစ်တွေကြောင့်ပဲ၊ အဖေအမေမဖြစ်ထိုက်ဘူးဆိုတဲ့ သဘောပေါ့။ ကိုယ့်ရဲ့အသွေးအသားတွေ ဆုံးရှုံးရမယ့် အပြစ်ဒဏ်ခတ်ခံရတာ"

"ငါကျေနပ်နိုင်ပါတယ် ရွှေဝတ်လွှာ"

"ငါလည်း ကျေနပ်နိုင်အောင် ကြိုးစားပြီး အတတ်နိုင်ဆုံး ဖြည့်ဆည်းပေးချင်နေမိတာပါ၊ ငါလိပ်စာပေးလိုက်ပါမယ် ဘုန်းနေလ"

www.burmeseclassic.com

www.burmeseclassic.com



''မင်းသားကို မွေးစားဖို့အဆင်ပြေလောက်ပြီလား''

''အခု နှင့်ကြောင့်အသည်းကွဲနေတဲ့ ညီမအတွက် စိတ်ထိခိုက်ပြီး နှင့်ကိုဒေါသဖြစ်နေတဲ့အချိန်မို့ အဲဒီစကားပြောဖို့ အခွင့်အရေးမသာသေးဘူး။ ဒါပေမဲ့ သူ့ကိုငါပြောလို့ရတော့မှာပါ၊ သူခွင့်ပြုပြီဆိုတာနဲ့ သားကို ငါတန်းခနဲမွေးစားဖို့ အားလုံးအစီအစဉ်ချပြီးနေပြီ အဆင်ပြေမှာပါ ဘုန်းနေလ''

''အေးပါ. . . သားကို မင်းကောင်းကောင်းစောင့်ရှောက်ပေးပါ၊ ငါမကြာခင်နိုင်ငံခြားမှာ သွားနေမယ်၊ သင်ဇာ မေ့မေ့ပျောက်ပျောက်ဖြစ်ပြီဆိုမှ ပြန်လာတော့မယ်ဟာ၊ ငါသင်ဇာ့ကို အလကားသက်သက်ဝေဒနာတွေ ပေးမိသလိုဖြစ်သွားရပြီ''

''ငါလည်း မောင်နှမနှစ်ယောက်လုံးအပေါ် လုပ်ထားမိတဲ့ အပြစ်တွေအတွက် တကယ်ကိုစိတ်မကောင်းပါဘူး၊ အဲဒီအတွက် သူတို့အပေါ် မေတ္တာအပြည့်နဲ့ ပြန်ပြီးပေးဆပ်သွားမှာပါ''

''အေးပါဟာ သင်ဇာ့ကို ဂရုစိုက်ပေးပါ၊ သူ့အတွက် ငါကအချစ်ဦးဖြစ်နေတော့ အရမ်းကိုခံစားနေရလိမ့်မယ်၊ ငါတို့အပြစ်တွေသူပါခံနေရသလိုဖြစ်နေတာကို ငါတွေးပြီး စိတ်မကောင်းဘူး''

ပြောရင်းနှင့် မျက်ရည်ဝဲရပြန်သည်။ ရွှေဝတ်လွှာဆီက လိပ်စာလေးကိုယူပြီး သားရှိသောနေရာကို လာရာလမ်းတစ်လျှောက်မှာလည်း သူ့မျက်ရည်တွေကို မထိန်းသိမ်းနိုင်ခဲ့ပါ။ သူ့ရင်သွေးလေးက မိဘမဲ့ဂေဟာလိုနေရာမျိုးမှာ မိဘရင်ခွင်ရိပ်နှင့် ဝေးပြီးနေခဲ့ရတာတဲ့လား။

ရွှေဝတ်လွှာက သားရဲ့ရုပ်ပုံလေးကို ဖုန်းထဲကနေပြလိုက်သည့်အတွက် မြင်တွေ့လိုက်ရလျှင်တော့ တန်းခနဲ သတိထားမိမှာပါ။

''ဩော်. . . ငြိမ်သည်ထင်တယ်၊ ဘာကိစ္စများရှိလို့ပါလဲ''

မေတ္တာရိပ်မြုံမိဘမဲ့ဂေဟာလေးထဲကို ဝင်လိုက်စဉ်မှာ အမျိုးသမီးကြီးတစ်ဦးလာပြီး ကြိုဆိုသည်။



''ကျွန်. . . ကျွန်တော် ဒီကျောင်းကကလေးတွေအတွက် အာဟာရ တစ်ပတ်စာလှူဒါန်းချင်လို့ပါ ခင်ဗျာ''

''ရှင်. . . တစ်ပတ်စာလှူဒါန်းချင်တာ၊ ဟုတ်ကဲ့. . . ရုံးခန်းထဲကို ကြွပါရှင်''

နောက်ကနေလိုက်သွားရပေမယ့် သားလေးကိုတွေ့လိုတွေ့ငြား မျက်လုံးတောင်းမှောက် ရှာဖွေနေမိသည်။ ဒါပေမဲ့ ကလေးတွေက နေ့လယ်စာစားချိန်မို့ ထမင်းစားခန်းထဲရောက်နေကြသည်ဟု ဆို၏။

ရုံးခန်းထဲရောက်သွားချိန်မှာတော့ တစ်ပတ်စာလှူဒါန်းမည်ဆို၍ အားရဝမ်းသာဖြစ်နေခဲ့သည်။

''သဒ္ဓါတရားအပြည့်နဲ့ တစ်ပတ်စာလှူဒါန်းတာကို သာဓုခေါ်ပါတယ်၊ ဒီမှာက အလှူရှင်တွေရှိတဲ့ရက်ပဲ ကလေးတွေ ကောင်းကောင်းစားရတယ်လေ၊ တစ်ပိုင်တစ်နိုင် မိဘမဲ့ဂေဟာလေးဆိုတော့ တခြားအထောက်အပံ့လည်းမရဘူးလေ၊ မြို့ခွန်မြို့ဖျားမှာ ချို့တော့ချို့တဲ့ပါတယ်၊ ဒါပေမဲ့ မိဘတွေမရှိတဲ့ မိဘတွေစွန့်ပစ်ထားတဲ့ကလေးတွေက ကျွန်မတို့လို ပရဟိတသမားတွေ စေတနာရှင်တွေသာမရှိရင် ဆုံးရှုံးကြရပါလိမ့်မယ်''

''ဟုတ်. . . ဟုတ်ကဲ့၊ မှန်မြတ်ပါတယ်၊ အရမ်းကိုမှန်မြတ်ပါတယ်ခင်ဗျာ၊ အဲဒါကြောင့် ကျွန်တော်ကသဒ္ဓါပေါက်ပြီး လာလှူတာပါ''

''ပိုပြီး သဒ္ဓါပေါက်သွားအောင် ကလေးတွေ ထမင်းစားတာကို ကြည့်သွားပါဦးလား၊ သူတို့လေးတွေ အရမ်းကိုသနားစရာကောင်းပါတယ်''

''ဟုတ်ကဲ့ ကြည့်ချင်ပါတယ်ခင်ဗျာ''

သူ့ကိုထမင်းစားခန်းဘက်ခေါ်သွားကြသည်။ ကလေးတွေအား ထမင်းမစားခင်မှာ အလှူရှင် စေတနာရှင်တွေကို မေတ္တာပို့နေကြသည့် အသံစာစာလေးတွေ အရင်ဆုံးကြားလိုက်ရ၏။

''ဟင်. . . သား. . . သားလေး''



www.burmeseclassic.com

www.burmeseclassic.com



မျက်လုံးဝိုင်းဝိုင်း၊ နှာတံပေါ်ပေါ်လေးနှင့် ငါးနှစ်သားအရွယ် သားလေး မျက်လုံးမှိတ် လက်အုပ်လေးချီကာ မေတ္တာပို့ရွတ်ဆိုနေတာ တွေ့လိုက်ရသည်။ သားလေးက သူ့ရဲ့သားလေးက သူများကိုမေတ္တာပို့ ပြီးမှ ထမင်းစားရတဲ့ဘဝပါလား။ သနပ်ခါးပါးကွက်လေးနှင့် သနားစရာပါ။

သူတို့လို တာဝန်မဲ့မိသည့်သူတွေ၊ ကိုယ့်အတ္တအတွက် စွန့်ပစ် ခံလိုက်ရသည့်ကလေးတွေ၊ ဘယ်လောက်များ သနားစရာကောင်းလိုက် ပါသလဲ။

ထိုကလေးတွေကို သွေးသားမတော်စပ်ဘဲ မေတ္တာကရုဏာ ထားနေသည့်သူတွေကို သူအရမ်းကိုလေးစားမိသွားလေသည်။

"သားရယ်. . . သားလေး၊ ဒီဘဝကလွတ်မြောက်တော့မှာပါ ကွာ၊ ဖေကြီးနှလုံးသားတွေနဲ့ ရင်းထားပါတယ်သားရယ်"

ရင်ထဲက တီတိုးရေရွတ်မိရင်း သားကိုကြည့်ကာ ဆို့နင့်နေ အောင် ခံစားရသည်။ အပြန်လမ်းမှာတော့ ယူကျုံးမရစွာ သူငိုချလိုက် မိသည်။

ဘာကြောင့်ဘဝတွေက ဒီလိုတွေဖြစ်နေကြရတာလဲ။

အားလုံးကိုယ်စီ ဒဏ်ရာဒဏ်ချက်တွေနဲ့ပါ။ ဒီကြားထဲမှာ သနား စရာအကောင်းဆုံးက မြသင်ဇာပင်။ မင်းကို ကိုကိုမချစ်လို့မဟုတ်ပါဘူး ကလေးရယ်၊ ကိုကို့သားလေးကို ဒီဘဝထဲမှာမထားရက်နိုင်လို့ပါ။

မင်းနားလည်ပေးနိုင်မှာမဟုတ်လို့ ကိုကိုရှင်းမပြရက်တာပါ ကလေးရယ်။ နောင်ဘဝအတွက်ပဲ ကိုကိုဆုတောင်းပါတော့မယ်။ ကိုကို ချစ်တဲ့ သင်ဇာလေးနဲ့ အတူတူပေါင်းဖက်ရပါစေလို့ပေါ့။

လွမ်းတယ်၊ အရမ်းလွမ်းတယ်၊ အရမ်းလွမ်းတယ် သင်ဇာရယ်။

* * *

## အခန်း (၃၆)

"အရမ်းလွမ်းတယ် ကိုကိုရယ်၊ ကိုကိုနဲ့ဘယ်လိုမှမခွဲနိုင်ပါဘူး၊ ကိုကိုနဲ့ အကြာကြီးခွဲနေရရင် သင်ဇာသေသွားပါလိမ့်မယ်၊ သင်ဇာ့ကို ဒီလိုမျိုးကြီးရက်စက်မထားပါနဲ့ ကိုကိုရယ်၊ မထားခဲ့ပါနဲ့"

လသာဆောင်ဘက်မှာ မြသင်ဇာအသံထွက်ကာ တီးတိုးရေရွတ် ရင်း ငိုကြွေးနေမိသည်။ ဘယ်ကိုမှ သွားချင်လာချင်စိတ်လည်းမရှိ။ စားချင်စိတ်လည်းမရှိ။ သူငယ်ချင်းတွေနှင့် သွားလာလည်ပတ်ပျော်ရွှင် စိတ်လည်းမရှိဘဲ နေ့နေ့ညည ဘုန်းနေလကိုပဲ လွမ်းဆွေးနေခဲ့သည်။

"သင်ဇာ"

"ဟင်. . . ရှင် မမဝတ်လှာ"

"သင်ဇာ့ကိုကြီးက သင်ဇာ ထမင်းမစားလို့ စိတ်မကောင်းဖြစ် နေတယ်၊ ကိုကြီးကိုသနားရင် ထမင်းစားလိုက်ပါ ညီမလေးရယ်နော်"

"သင်ဇာ စားလို့ဝင်ပါ့မလား မမဝတ်လှာရယ်၊ သင်ဇာကိုကိုကို လွမ်းတယ်၊ သတိရတယ်၊ ခဏခဏ ပြေးပြေးတွေ့ချင်စိတ်တွေ ဖြစ်နေမိ တယ်၊ မမနိုင်နဲ့ လက်ထပ်မှာဟုတ်ရဲ့လားလို့ မမနိုင်ကိုသွားမေးချင်ပေမယ့် ဟုတ်တယ်လို့ ဖြေလိုက်မှာကို မခံစားရဲလို့ သွားလည်းမမေးရဲဘူး၊ အဲဒါ သာ သေချာတယ်ဆိုရင် သင်ဇာရင်ကွဲနာကျပြီး သေမှာမမဝတ်လှာ"

"သင်ဇာရယ်"

www.burmeseclassic.com



''ကိုကို့ကိုချစ်တယ် တွေ့ချင်တယ်၊ ဒါပေမဲ့ အဲဒီစကားတွေကြားရမှာစိုးလို့၊ လက်ထပ်မှာပါဆိုတဲ့ ဝန်ခံစကားတွေကြားရမှာစိုးလို့ သင်ဇာသွားလည်း မတွေ့ရဲဘူး၊ မေးလည်းမမေးရဲဘူး၊ သူငယ်ချင်းတွေက ဒီလိုသစ္စာမဲ့တဲ့သူကို မေ့လိုက်ပါလို့ ဖြေသိမ့်မှာစိုးလို့ သူငယ်ချင်းတွေနဲ့လည်း မတွေ့ချင်ဘူး မမဝတ်လွှာ၊ ကိုကြီးက နင်အဲဒီကောင်နဲ့ မပတ်သက်ရဘူးလို့ ပြောမှာဆိုမှာလည်း ကြောက်တယ်၊ အဲဒါကြောင့် သင်ဇာတစ်ယောက်တည်းနေတာပါ၊ နေသာသလိုနေပါစေလို့ ပြောပေးပါ။ မမဝတ်လွှာ၊ ကိုကြီးက သူ့ညီမအသည်းကွဲနေတာကို နားလည်ပေးပါလိမ့်မယ်''

''သင်.. သင်ဇာရယ်၊ ဘုန်းနေလကို အဲလောက်တောင် ချစ်တာလားကွယ်''

ရွှေဝတ်လွှာ ရင်ထဲမချိတော့ပါ။ ကိုယ့်ကိုယ်ကိုယ် အပြစ်ကြီးလုပ်မိထားပြီဟု နောင်တတွေရရင်း သင်ဇာ့အနားက ထလာခဲ့ရသည်။ ထမင်းဝိုင်းမှာတော့ ညီမလေးလိုက်လာမလားလို့ မျှော်လင့်နေရှာသည့် မြတ်ဦးမောင်က သင်ဇာပါမလာတာကိုမြင်တော့ မျက်နှာလေးညှိုးနွမ်းသွားရှာသည်။

''ညီမလေး ဘာတဲ့လဲဝတ်လွှာ''

''ထမင်းမစားချင်ဘူးတဲ့မောင်၊ တစ်ယောက်တည်းနေချင်တယ်တဲ့''

''အဲလိုလုပ်နေရင် ညီမလေး လုံးပါးပါးတော့မှာပဲ ဝတ်လွှာရယ်၊ ဘာလုပ်သင့်သလဲ အကြံဉာဏ်လေးပေးပါဦး''

''ကလေးတစ်ယောက်မွေးစားသင့်တယ်လို့ ထင်တယ်''

''ဟင်.. ဘာဖြစ်လို့လဲ''

ကိုယ်လိုရာ အဓိကကိုပဲ တိုက်ရိုက်ပြောလိုက်မိသည်။ မြတ်ဦးမောင် တအံ့တဩဖြင့် မေးခွန်းပြန်ထုတ်သည်။ ကြိုတင်စဉ်းစားထားပြီးမှ ရွှေဝတ်လွှာ ကုန္ဒြေမပျက်ပင် စိတ်မကောင်းသည့်ပုံစံနှင့်..

''သင်ဇာ့ စိတ်ဒဏ်ရာကိုကုပေးရမယ်မောင်၊ သူ့အိမ်ထောင်ပြုဖြစ်မှာလည်း မဟုတ်သေးဘူးဆိုတော့ သင်ဇာတို့လည်း ကလေးတစ်ယောက်တော့ မွေးစားရမှာပဲ၊ အဲဒီကလေးရှိနေမယ်ဆိုရင် အဲဒီကလေးကြောင့် ပျော်ရွှင်သွားနိုင်တဲ့အတွက် သင်ဇာလည်း စိတ်အပြောင်းအလဲဖြစ်သွားနိုင်တယ် မဟုတ်လား''

''သြော်.. အဲလိုဖြစ်နိုင်လား''

''ဖြစ်နိုင်တာပေါ့ မောင်ရယ်၊ ကလေးဆိုတာအိမ်ရဲ့ ဆည်းလည်းပဲလေ၊ လူကြီးတွေရဲ့ စိတ်ကိုပျော့ပျောင်းအောင် ပျော်ရွှင်နူးညံ့အောင် ပြောင်းလဲပေးနိုင်တယ်၊ လင်နဲ့မယား မတည့်တဲ့အချိန်မှာ သူတို့က အောင်သွယ်တော်ပဲ မောင်၊ တီတီတာတာ ချစ်စဖွယ်လေးတွေပြောရင် ဘယ်သူကနေနိုင်မှာလဲ''

''အင်း.. အဲလိုဆိုရင် မွေးစားကြတာပေါ့ ဝတ်လွှာ၊ မောင်တို့အတွက်ရော ညီမလေးအတွက်ရော အဆင်ပြေမယ်ဆိုရင် ကလေးတစ်ယောက်မွေးစားကြတာပေါ့ကွာ''

''ဟင်.. မောင်.. မောင် တကယ်ပြောတာနော်''

''တကယ်ပေါ့ ဝတ်လွှာရယ်၊ ဝတ်လွှာလည်း မောင့်ကိုကလေးမွေးမပေးနိုင်လို့ဆိုပြီး အားနာလို့ မွေးစားမယ်ပြောနေတာမဟုတ်လား၊ ညီမလေး စိတ်အပြောင်းအလဲဖြစ်သွားမယ်ဆိုရင်လည်း မွေးစားသင့်တာပဲလေ၊ ဒါပေမဲ့ မွေးစားမယ်ဆိုရင်တော့ အဲဒီကလေးမှာ နောက်ကြောင်းရှင်းဖို့လိုတယ်၊ တချို့မိဘတွေက ကလေးတွေကို ပစ်ထားတုန်းက ပစ်ထားပြီး မွေးစားတဲ့မိဘတွေကျ ချမ်းသာရင် ပြဿနာရှာတတ်ကြတယ်''

''အဲဒါတော့ စိတ်မပူပါနဲ့မောင်၊ ဝတ်လွှာ မွေးနေတိုင်းကုသိုလ်လုပ်နေတဲ့ မိဘမဲ့ဂေဟာက ဝတ်လွှာနဲ့ ရင်းနှီးနေပါပြီ၊ အဲဒီကဆရာမကြီး



www.burmeseclassic.com

www.burmeseclassic.com



ကို အရှုပ်အရှင်းမရှိတဲ့ကလေးကို မွေးစားချင်တယ်လို့ သေချာပြောရမှာပေါ့၊ စိတ်ချပါ၊ အပြစ်ကင်းစင်ပြီး အရှုပ်အရှင်းကင်းတဲ့ နောက်ကြောင်းရာဇဝင်ရှင်းတဲ့ ကလေးကိုမွေးစားမှာပါ''

''အင်းလေ. . . မောင်လည်း မိဘနေရာက နေကြည့်ချင်လို့ ကလေးတစ်ယောက်ကို မွေးစားချင်ပါတယ်၊ ဝတ်လွှာရော စိတ်ချမ်းသာသွားပြီမဟုတ်လား''

''စိတ်ချမ်းသာတာပေါ့မောင်၊ တကယ်ကို စိတ်ချမ်းသာတာပေါ့၊ မောင့်ကိုပြည့်ဆည်းရာလည်းရောက်၊ သင်ဇာလေး ဝေဒနာသက်သာစေရာလည်းရောက်လို့၊ ဝတ်လွှာ တကယ်စိတ်ချမ်းသာတာပါ မောင်၊ ဒါဆို မနက်ဖြန်သွားရအောင်နော် မောင်''

''အင်း. . . သွားလေ သင်ဇာ''

မိမိအတွင်း စိတ်ရဲ့ပျော်ရွှင်မှုတွေကို ဖုံးကွယ်ထားရပေမယ့် မျက်နှာပေါ်က အပြုံးကတော့ ဘယ်လိုမှဣန္ဒြေဆယ်လို့မရပေ။

သားလေးကို မိမိရင်ခွင်ရိုပ်မှာထားခွင့်ရတော့မည်။ ဒီတစ်ညလုံး အိပ်လို့ရမှာမဟုတ်တော့ပေ။ မြန်မြန်မိုးလင်းပါစေလို့ ဆုတောင်းနေမိတော့မည်ထင်သည်။

တကယ်လည်း အိပ်မပျော်ခဲ့ဘဲ မိုးမလင်းခင်မှာပင် အိမ်အလုပ်တွေ ထလုပ်လျက် ဝီရိယကောင်းနေခဲ့သည်။ ဘရိတ်ဖတ်စားချိန်မှာလည်း မြသင်ဇာ ထမင်းစားခန်းထဲ ဆင်းမလာပါ။

မြတ်ဦးမောင် စိတ်မကောင်းဖြစ်နေမှန်းသိသော်လည်း မိဘမဲ့ဂေဟာကို ခပ်စောစောပင်ခေါ်လာခဲ့သည်။ ညကတည်းက ဖုန်းကြိုဆက်ထားခဲ့တာမို့ ဂေဟာက ဆရာမကြီးက သဘောပေါက်နေခဲ့သည်။

''ကြွကြွပါ၊ ကလေးမွေးစားဖို့ မဟုတ်လား''

''ဟုတ်ကဲ့ခင်ဗျ၊ ကျွန်တော့်ဇနီးက ဒီဂေဟာက ကလေးတစ်ယောက်ကို မွေးစားချင်လို့ပါ၊ ကျွန်တော်တို့မှာ သားသမီးရတနာမရတော့





ကောင်းကောင်းပြုစုစောင့်ရှောက်နိုင်မှာပါခင်ဗျာ''

''အင်း. . . မွေးစားခံရမယ့်ကလေးကတော့ ကံကောင်းမှာပါ၊ သူတို့ခမျာ ဒီမှာနေရတာ ချို့တဲ့ကြတယ်လေ။ ပြည့်ပြည့်စုံစုံမရှိကြဘူး''

''ဟုတ်ကဲ့. . . ကျွန်တော်တို့နောက်ဆိုရင် ကျွန်တော့်ဇနီးရဲ့မွေးနေ့မှမဟုတ်ဘူး လစဉ်အာဟာရဒါနပြုပါ့မယ်ခင်ဗျာ၊ စာအုပ်စာတမ်း အဝတ်အစားနဲ့ တခြားလိုအပ်တာကအစပေါ့၊ အခုလည်း ငါးရက်စာ အာဟာရကျွေးမွေးလှူဒါန်းချင်ပါတယ် ခင်ဗျာ''

''ကြော်. . . အဲဒါဆိုရင် ဒီရက်ထဲမှာတော့ မရသေးဘူး၊ မနေ့က စေတနာအလှူရှင်ဆိုပြီး တစ်ပတ်စာတာဝန်ယူသွားလို့ပါ''

''ရှင်''

ရွှေဝတ်လွှာ အံ့ဩသွားပေမယ့် ဘုန်းနေလဖြစ်လိမ့်မည်ဆိုတာတော့ ချက်ချင်းသဘောပေါက်သွားခဲ့သည်။

''ဆရာမ. . . ကလေးတွေထဲက နောက်ကြောင်းရှင်းတဲ့ကလေးလိမ္မာတဲ့ကလေးကို မွေးစားချင်တာပါ၊ အဲ့ဒါဆရာမကြီးက''

''ထွန်းမင်းသူဆိုတဲ့ ကလေးလေးကတော့ မင်းတို့နဲ့သင့်တော်မယ်ထင်တယ်၊ ဒီကလေးက ရုပ်ရည်လည်း သန့်တယ်၊ အကျင့်စာရိတ္တလေးလည်း ကောင်းတယ်၊ စကားလည်းတတ်တယ်''

''ဟုတ်ကဲ့ ဆရာမကြီးက သင့်တော်တယ်ဆိုရင် ကျွန်တော်တို့ အဲဒီကလေးကို မွေးစားလိုက်ပါမယ်ခင်ဗျာ''

''မြမြရေ. . . ထွန်းမင်းသူလေးကိုခေါ်ခဲ့ပါကွယ်၊ မွေးစားမယ်သူတွေလာမယ်ဆိုရင် တခြားကလေးတွေကလည်း မွေးစားခံချင်လို့ ပျော်နေကြတာလေ၊ တခြားတစ်ယောက်ကို မွေးစားသွားပြီဆိုရင် ကျန်တဲ့ကလေးတွေက စိတ်မကောင်းဖြစ်ပြီး ကျန်ခဲ့ကြတယ်လေ၊ အဲဒါကြောင့် ထွန်းမင်းသူလေးကို ဒီကိုခေါ်လာခိုင်းရတာ''

''ဟုတ်ကဲ့ပါ ဆရာမကြီး''



www.burmeseclassic.com

www.burmeseclassic.com



ရွှေဝတ်လွှာကတော့ ဆရာမကြီးပြောသမျှ သဘောကျနေ သည်။ သားကိုပိုင်ဆိုင်ရတော့မှာမို့ ရင်ထဲမှာ ပြောမပြတတ်အောင် ဝမ်းသာနေသည်။

ဒီလိုဖြစ်လာဖို့ဆိုတာ ဘုန်းနေလကျေးဇူးကြောင့်ပါ။ သူသာ မြသင်ဇာကို မစွန့်လွှတ်ခဲ့ဘူးဆိုရင် သားကိုဒီလိုမွေးစားခွင့်ရမှာ မဟုတ်ပေ။

"ထွန်းမင်းသူလေးလား"

"ဟင်း . . သား"

သားကို မြင်မြင်ချင်း နှလုံးသားတို့ပူနွေးလာသည်။ မြတ်ဦး မောင်က ဒီအတိုင်းထိုင်နေသေးသော်လည်း ရွှေဝတ်လွှာကတော့ သား အနား ဒူးထောက်ထိုင်ချလိုက်သည်။

"ဒီ . . ဒီကလေးလား ဆရာမကြီး"

"ဟုတ်ပါတယ်"

"ရုပ်ရည်လေး သန့်တယ်နော်၊ သားနာမည်ဘယ်လိုခေါ်လဲ"

"ထွန်းမင်းသူပါခင်ဗျ"

"အန်တီ့ကို မြင်ဖူးလား"

"ဟုတ်ကဲ့ သားတို့ကို လက်ဆောင်တွေပေးတယ်၊ ထမင်း ကျွေးတယ်၊ မုန့်ကျွေးတယ်"

"အေး . . ဟုတ်တယ်၊ အခု အန်တီသားကိုမွေးစားဖို့အတွက် လာခေါ်တာ၊ သားလိုက်မယ်မဟုတ်လား"

"ဟုတ်ကဲ့လိုက်ပါ့မယ်ခင်ဗျ"

"ဒါဆို အန်တီတို့ကို ဘယ်လိုခေါ်ရမလဲ"

"မေမေ"

"အင်း ဟုတ်ပြီ၊ ဒီက ဦးဦးက အန်တီရဲ့ယောကျ်ား"

"အဲဒီတော့"

"ဖေဖေ"





"ဟား . . စကားတတ်လှချည်လားကွ"

အခုမှ ကလေးအနားကို မြတ်ဦးမောင်ထလာသည်။ ဆရာမ ကြီးလည်း ထိုင်ခုံကနေထရပ်ကာ

"ကောင်းကောင်းမွန်မွန်နဲ့ မွေးစားမယ့်သူတွေလာရင် အဲလို ပြောဖို့ ကလေးတွေအကုန်လုံးကို သင်ပေးထားရတယ်လေ၊ လိမ္မာ ယဉ်ကျေးအောင် မွေးစားမိဘတွေကို ကျေးဇူးတင်တတ်အောင် ငယ်ငယ် လေးကတည်းက နားထဲကိုရိုက်သွင်းထားတာပါ၊ ဒါမှလည်း သွေးသား ရင်းမဟုတ်ဘဲ မွေးစားချင်ကြတဲ့သူတွေက မွေးစားရဲကြမှာပေါ့၊ တချို့ ကျတော့ မွေးစားပြီး ပညာတွေသင်ပေး ကျွေးမွေးစောင့်ရှောက်ပေးလာ ကြရပေမယ့် ကြီးလာရင် သူတို့ခြေထောက်ပေါ်သူတို့ ရပ်နိုင်သွားကြပြီ ဆိုရင် မိဘအရင်းတွေ မဟုတ်ဘူးဆိုပြီး စော်ကားတတ်ကြတယ်၊ အဲဒါ ကြောင့် သေချာလေးကျင့်သင်ပေးထားတာပါ"

"ဒီကလေးကြည့်ရတာတော့ လိမ္မာတဲ့ပုံပါ၊ မွေးစားပြီးမှတော့ ကောင်းကောင်းဆိုးဆိုး သားသမီးအရင်းလို့ သဘောထားရတော့မှာပါ၊ ကျွန်တော်တို့အတွက် စိတ်ချပါ။ ကလေးကိုကောင်းကောင်းစောင့်ရှောက် မှာပါ"

"ဟုတ်ပါပြီ၊ စာရွက်စာတမ်း ဖောင်တွေဖြည့်ပြီးရင် ခေါ်သွားလို့ ရပါပြီ"

ဆရာမကြီးရဲ့ ခွင့်ပြုချက်ရပြီဆိုတာနှင့် သားကို ရွှေဝတ်လွှာ ထွေးပွေ့ထားလိုက်သည်။

သားကို မေမေပိုင်ရတော့မှာပါ။ မေမေ့ရင်ခွင်ထဲမှာ ထားရတော့ မှာပါ။ အဲဒါ မင်းအဖေကျေးဇူးကြောင့်ပေါ့ သားရယ်။

* * *



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၃၇)

"သင်ဇာ ညီမလေး၊ မမတို့ သားလေးတစ်ယောက်မွေးစားလိုက်ပြီ၊ စိတ်ပြေလက်ပျောက်ဖြစ်အောင် ကလေးလေးနဲ့ဆင်းတွေ့ပါလား ညီမလေးရယ်"

"ကိုကြီး ခုနကလာပြောပါသေးတယ်၊ သင်ဇာပြီးမှလာတွေ့ပါမယ် မမဝတ်လွှာ"

"ညီမလေးဆင်းမလာချင်ရင် မမခေါ်လာခဲ့မယ်လေ"

"ရပါတယ်၊ သင်ဇာ ဆင်းလာပါ့မယ်၊ ကလေးလေးက ချစ်စရာလေးလို့ ကိုကြီးကပြောတယ်၊ သင်ဇာသာ ကိုကိုနဲ့လက်ထပ်ဖြစ်ရင် အဲလိုသားသား မီးမီးလေးတွေ မွေးပေးနိုင်မှာနော်၊ အခုတော့ မျှော်လင့်ချက်တွေအားလုံး ပျက်သုဉ်းသွားပါပြီ၊ ကိုကြီးက သင်ဇာနဲ့ကိုကိုဝေးသွားလို့ တူလေး တူမလေးတွေ မျှော်လင့်ချက်မရှိတော့ဘူးဆိုပြီး မွေးစားလိုက်တာနေမှာနော်"

"သင်ဇာရယ်"

မျက်ရည်တွေနှင့် ပြောပြန်တာမို့ စိတ်ထိခိုက်ရပြန်သည်၊ သင်ဇာရဲ့ဝေဒနာအတွက် မိမိကသာအပြစ်ရှိသူပါ။

"ညီမလေး ဘာစားချင်လဲဟင်၊ မမဘာချက်ကျွေးရမလဲ"

"စားချင်စိတ်မရှိလို့ပါ၊ မမဝတ်လွှာ ချက်သမျှက ကောင်းနေ



တော့ စားချစ်စိတ်ရှိရင် သင်ဇာ စားမှာပါ၊ တခြားတောင်းတတာမရှိပါဘူး"

"ဘာအစားအသောက်မှ ဟက်ဟက်ပက်ပက်မစားရင် ညီမလေး ရောဂါရမှာပေါ့ကွယ်၊ ညီမလေးကိုကြီးလည်း စိတ်ထိခိုက်ရတယ်၊ အဲဒီလိုမနေပါနဲ့လား ညီမလေးရယ်"

"ကြိုးစားပြီး မေ့ပျောက်ဖို့ စဉ်းစားတိုင်း ရင်တွေကပိုပြီး နာလာတယ် မမဝတ်လွှာ၊ သင်ဇာ ဘယ်လိုမှမေ့လို့မရဘူး၊ သင်ဇာ ဘာလုပ်ရမလဲဟင်"

"ညီမလေးရယ်၊ သူ့ရဲ့ရက်စက်မှုတွေကို တွေးနေရင်းနဲ့ ကြာလာရင် မေ့သွားပါလိမ့်မယ်"

"သူ ရက်စက်မယ်ဆိုတာ မယုံကြည်နိုင်လို့ မေ့လို့မရတာ မမဝတ်လွှာ၊ သူ သင်ဇာ့အပေါ် အဲလိုလုပ်မှာမဟုတ်ဘူးလို့ဘဲ ယုံကြည်နေမိတယ်"

"သင်ဇာရယ်"

အချစ်ကြီးသူပါလားလို့ လေးစားမိလေသည်။ ဖြေသိမ့်စရာစကားလုံးမရှိတာမို့ ရင်နာစွာနှင့်ပင် ပြန်ဆင်းလာခဲ့သည်။ အောက်ထပ်ကိုရောက်မှ ညှေခန်းမှာ မြတ်ဦးမောင်နှင့်သား စကားတွေပြောပြီး ပြုံးပျော်နေတာမြင်တော့ စိတ်ချမ်းသာရသည်။

မိမိရင်နှင့်လွယ်မွေးခဲ့ရသောသားကို မိမိရင်ခွင်ရိပ်မှာ ပြန်ခေါ်ထားနိုင်ပြီဖြစ်၍ ဂုဏ်ယူရသေး၏။

"ဒီသားအဖ အရမ်းကိုရင်းနှီးပြီး ပျော်နေကြပါလား"

"သားက လည်လည်းလည်တယ်၊ လိမ်လည်း လိမ္မာတယ် ဝတ်လွှာရဲ့၊ မောင်တို့ သူ့ကိုမွေးစားလိုက်တာမှန်သွားပြီ ဟို . . ညီမလေးရော လိုက်မလာဘူးလား"

ခဏနေ သူဆင်းလာမယ်လို့ ပြောပါတယ်၊ သားနဲ့တွေ့ရင်

သူစိတ်ပြောင်းသွားမှာပါ''

''အဲလိုဖြစ်ပါစေလို့ ဆုတောင်းပါတယ် ဝတ်လွှာရယ်၊ ညီမလေး ပိန်ကျသွားတာကြည့်ပြီး မောင်တော်တော်စိတ်မကောင်းဘူး''

''အသည်းကွဲနေတယ်ဆိုတော့လည်း ဒီလောက်တော့ရှိမှာပေါ့ မောင်ရယ်၊ နောက်တော့နေသားကျပြီး အဆင်ပြေသွားမှာပါ''

''အဲဒီကောင်ကို မောင်သွားပြီးပြောသင့်သလား''

''မောင်.. မောင်က ဘာပြောမှာလဲ''

''ငါ့ညီမကို ဘာကြောင့် ဒီလိုလုပ်ခဲ့တာလဲလို့ပေါ့၊ ဟိုဘက်က ကိစ္စအလွန်မကျွံ မဖြစ်သေးဘူးဆိုရင် ညီမလေးကို လက်ထပ်ပါလို့ သွားပြောရမလား၊ မသိတော့ပါဘူး ဝတ်လွှာရယ်၊ ညီမလေးကို မြင်နေရတာ စိတ်မချမ်းသာဘူး''

ညီမပေါ်ထားသည့် မောင်ရဲ့ချစ်ခြင်းတွေကလည်း လေးစားလောက်ပေသည်။ ရွှေဝတ်လွှာကို စကားပြောနေဆဲမှာ မြသင်ဇာရှိုက်နှမ်းဖတ်စွာဖြင့် အပေါ်ထပ်ကနေဆင်းလာသည်။

''ကိုကြီးတို့ မွေးစားလိုက်တာ ဒီကလေးလား၊ ချောသားပဲနော် သန့်သန့်ပြန့်ပြန့်လေး၊ ဘယ်လိုမိဘတွေကများ ဘယ်လိုစိတ်ကူးနဲ့ ဒီလို ကလေးမျိုးလေးကို စွန့်ပစ်ခဲ့တာလဲ မသိဘူးနော်''

''ကံတရားပေါ့ ညီမလေးရယ်၊ အခုကိုကြီးတို့ မွေးစားလိုက်ပြီ ဆိုတော့ သူလေးကံကောင်းသွားပြီပေါ့၊ ကိုကြီးရဲ့သားက ညီမလေးရဲ့ တူလေးပေါ့၊ တူလေးနဲ့ပျော်ပျော်ရွှင်ရွှင်နေမယ်မဟုတ်လား ညီမလေး''

ကိုကိုကို သတိရနေသရွေ့ ပျော်ပျော်ရွှင်ရွှင်နေနိုင်မှာ မဟုတ်ပါဘူးလို့ မပြောချင်။ ကလေးလေးရောက်သည့်နေ့မှာ ကိုကြီးနှင့် မမဝတ်လွှာတို့ရဲ့ အပျော်တွေ မပျက်စီးစေချင်လို့ပါ။

''သားလေး.. ဒါက သားဖေဖေရဲ့ညီမ နာမည်က မြသင်ဇာ သားက တီလေးလို့ခေါ်ရမယ်နော် ကြားလားသား''



''ဟုတ်ကဲ့''

သားလေးက မျက်နှာစိမ်းနေပေမယ့်၊ ဂေဟာက ဆရာမတွေ သင်ကြားပေးမှုကြောင့် ရင်းနှီးလွယ်သည်ဟု ပြောရသည်။ မြသင်ဇာ ပါးလေးကို ကိုင်ကာ..

''တီလေး''

''အင်း.. ဟုတ်တယ် တီလေး၊ သားသားကို မုန့်တွေအများကြီး ဝယ်ကျွေးမယ်၊ အဝတ်အစားတွေလည်း ဝယ်ပေးမယ်နော်၊ သားက လိမ်လိမ်မာမာနေရမယ်''

''ဟုတ်ကဲ့ တီလေး''

ကလေးကို သနားစိတ်နှင့် ရင်းနှီးအောင် ပြောနေရပေမယ့်၊ ကိုကိုနှင့်ဝေးဖို့ သက်သေတစ်ခုအဖြစ် မြင်နေရသည်။ ကိုကိုနဲ့သာ လက်ထပ်ဖြစ်လျှင် ဒီကလေးကို မွေးစားဖြစ်မှာမဟုတ်ဘူး မဟုတ်လား။

သားသမီးမရတောင် ကိုကြီးက သူ့မဒီကနေ တူလေး တူမလေးတွေကို မျှော်လင့်ထားခဲ့တာပါ။ အခုတော့ အသေအချာဝေးပြီလို့ ကိုကြီးတွေးလိုက်ပြီလား။ သင်ဇာတို့ တကယ်ဝေးပြီလား ကိုကို..။

''ဟာ.. သင်ဇာ ညီမလေး''

''သင်ဇာ.. ညီမ.. ညီမလေး''

ပုံခနဲ ပြိုလဲကျသွားသော မြသင်ဇာကို မြတ်ဦးမောင်နှင့် ရွှေဝတ်လွှာ ဝိုင်းပြီးပွေ့ထူလိုက်ကာ အော်ခေါ်လိုက်သော်လည်း မြသင်ဇာ ပြန်မထူးနိုင်။ တစ်ကိုယ်လုံးမြတ်ဦးမောင်ရင်ခွင်ထဲမှာ ပျော့ခွေကျလျက် တအင်းအင်း ညည်းညူနေသည်။

''ညီမလေး.. ဟာ.. ဆရာဝန်.. ဆရာဝန်ခေါ် မြန်မြန်ခေါ် ဝတ်လွှာ၊ ဆရာဝန်ကြီးကို အမြန်လာပါလို့ပြော''

''ဟုတ်ကဲ့မောင်''

ရွှေဝတ်လွှာ ဖုန်းအမြန်ဆက်ပြီး ဆရာဝန်ကြီးကို အိမ်ကိုအမြန်

www.burmeseclassic.com



လာခဲ့ဖို့ ခေါ်ရသည်။ မြတ်ဦးမောင်က ညီမကိုစိုးရိမ်စိတ်ဖြင့် ပျာယာခတ်ကာ ငိုချလိုက်တော့မလိုပါ။ မြသင်ဇာ စိတ်ဒဏ်ရာပြင်းထန်စွာ ခံစားနေရလို့ ဒီလိုဖြစ်တာနေလိမ့်မည်။ ဒီဝေဒနာကို ဘုန်းနေလ ကုပေးနိုင်မှသာ ပျောက်ကင်းလိမ့်မည်ထင်၏။

ဘယ်လိုလုပ်ရမလဲ ညီမလေးရယ်။ မမဝတ်လွှာ ဘယ်လိုလုပ်ရမလဲ။

***



## အခန်း (၃၀)

"ဘယ်လိုမှလုပ်လို့မရတော့ဘူး၊ အခု သင်ဇာ့ကို ဆေးရုံတင်လိုက်ရပြီ၊ အစားမစားလို့ အစာအိမ်က အားနည်းသွားတာ၊ လူလည်း အားမရှိလို့ သွေးပေါင်ချိန်နိမ့်ဖြစ်သွားတာနဲ့ သွေးတွေ ဘာတွေပါသွင်းလိုက်ရတယ်၊ သင်ဇာသေရင် ခင်ဗျားတို့သုံးယောက်လုံး တရားခံနော် ကိုဝဏ္ဏ၊ မိုးသူငယ်ချင်းတစ်ခုခုဖြစ်ရင် ကိုဝဏ္ဏခင်ဗျားကို မိုး မချစ်တော့ဘူး"

"မိုး"

ဝဏ္ဏ ထိတ်လန့်သွေးပျက်သွားသည်။ ယောကျ်ားလျာလေးဆီက အချစ်ကို ရှားရှားပါးပါးရထားတာပါ။ မမခိုင်နှင့် ဘုန်းနေလလည်း စိုးရိမ်တကြီးနှင့် မိုးအနားကို ဖျတ်ခနဲရောက်လာကြသည်။

"မိုး . . သင် . . သင်ဇာက ဘယ်လိုဖြစ်တာလဲ၊ ဘယ်လိုဖြစ်သွားတာလဲ"

"ပြဿနာဖြစ်ပြီးကတည်းက သင်ဇာ ထမင်းကောင်းကောင်းမစားဘူး၊ မိုးတို့နဲ့လည်း အတွေ့မခံဘူး၊ အိမ်မှာလည်း ဘယ်သူနဲ့မှ စကားသိပ်မပြောဘဲ တစ်ယောက်တည်း ခင်ဗျားအကြောင်းပဲ တွေးနေတာ ကိုဘုန်းနေလ၊ ခင်ဗျား တော်တော်ရက်စက်တဲ့သူပဲ၊ မမခိုင်လည်း မကောင်းဘူး၊ ကိုနေလနဲ့ သင်ဇာ ချစ်သူတွေဖြစ်နေမှန်းသိရက်နဲ့ ကိုနေလနဲ့ ဘာလို့လက်ထပ်ဖို့ လုပ်ရတာလဲ၊ ခင်ဗျားတို့ အားလုံးတော်ယောက်မှ



www.burmeseclassic.com

www.burmeseclassic.com



သစ္စာမရှိကြဘူး''

''မိုး.. မင်းထင်ရာတွေ လျှောက်ပြောမနေနဲ့၊ ငါတို့အားလုံးက ဒီလိုလုပ်ချင်လို့ လုပ်နေရတာမဟုတ်ဘူး''

''ဝဋ္ဋ''

''မိုး အထင်လွဲတာတော့ မခံနိုင်ဘူးကွာ၊ ရှင်းပြသင့်တာတော့ ရှင်းပြရမှာပဲ၊ ဘယ်သူ့မှမထိခိုက်စေရပါဘူး''

''မဟုတ်ဘူးလေကွာ''

''နေလ.. မင်းတစ်ယောက်ပဲ အနစ်နာခံရင်တော်ပြီလေကွာ၊ ငါတို့ကို မင်းအားနာတယ်ဆို မိုးကိုတော့ရှင်းပြခွင့်ပေးပါ''

ဝဋ္ဋ အသည်းအသန်ဖွတ်ဖြစ်နေသည်။ မိုးအထင်လွဲမှာ အရမ်းစိုးရိမ်နေပုံပါ။ မိုး မျက်နှာကိုသာဖစ့်စေ့ကြည့်ပြီး..

''မမနိုင်နဲ့ နေလ လုံးဝလက်ထပ်မှာမဟုတ်ဘူး မိုး၊ ဒီလို ဟန်ဆောင်ရတာ သင်ဇာတို့ မိသားစုထိခိုက်မှာစိုးလို့ပဲ၊ ဘာကြောင့်လဲဆိုတာတော့ ရှင်းပြလို့မဖြစ်လို့ ရှင်းမပြပါရစေနဲ့''

''ဒါဆို အခု သင်ဇာခံစားနေရတာကျတော့ ဘယ်လိုလုပ်မလဲ၊ အခု သင်ဇာ သေမလား ရှင်မလားတောင်မသိဘူး၊ မနေ့ကတည်းက သတိမရသေးတာ''

''ဟင်.. အဲ.. အဲလောက်တောင်ဖြစ်သွားတာလား''

''ဟုတ်တယ်.. ကိုကြီးရော မမဝတ်လွှာရော ညကတစ်ညလုံး တစ်ရေးမှ မအိပ်ရဘဲစောင့်ကြည့်နေရတယ်၊ အိမ်မှာလည်း ကိုကြီးတို့က ကလေးလေးတစ်ယောက်မွေးစားထားလို့ အခုမနက်မှ မိုးတို့နဲ့ ကိုကြီးကို လူနာစောင့်နိုင်းပြီး မမဝတ်လွှာအိမ်ပြန်သွားရတယ်''

''ဩော်''

သားလေးကို ရွှေဝတ်လွှာ အိမ်ခေါ်ထားနိုင်ပြီပဲဟု ရင်ထဲက အပူလုံးတစ်ခုကျသွားရ၏။ ဒါပေမဲ့ နောက်ထပ်အပူကတော့ ရင်ထဲနင့်နေ





အောင် ခံစားရလေသည်။

''အခု သင်ဇာ ဘယ်ဆေးရုံမှာလဲ မိုး''

''နေလ.. မင်းဘာလုပ်မလို့လဲ''

''ငါ.. ငါ''

''သွားတွေ့လို့ ဖြစ်မလား နေလ''

''ငါ ဒီအတိုင်းလျစ်လျူရှုထားရမှာလားကွာ''

''သင်ဇာ့ကို မုန်းမေ့သွားအောင် မင်းကြိုးစားနေတာမဟုတ်လား''

''ဒီလိုနဲ့ သင်ဇာတစ်ခုခုဖြစ်သွားရင် ငါတစ်သက်လုံးနောင်တရနေရမှာလား၊ ငါ.. ငါဘယ်လိုလုပ်ရမလဲကွာ''

''မောင်နေလ.. ရွှေဝတ်လွှာကို မမီနိုင်သွားတွေ့ကြည့်ရမလား''

''သွားတွေ့ပြီး ဘာပြောမှာလဲ မမနိုင်ရယ်၊ ရှေ့တိုးရခက်နေတဲ့ ပြဿနာတွေက ကျွန်တော်နိုင်ငံခြားကို ထွက်သွားလိုက်မှ အေးချမ်းသွားတော့မယ် ထင်ပါတယ်''

''အခုလည်း မင်းနိုင်ငံခြားထွက်ဖို့ စီစဉ်နေတာမဟုတ်လား၊ သင်ဇာက မခံစားနိုင်လို့ သေသွားမယ်ဆိုရင်ရော၊ မင်းဥပေက္ခာပြုထားခဲ့နိုင်လား''

''ဟား.. ကျွန်တော် ဘာလုပ်ရတော့မှာလဲ မမနိုင်ရယ်''

ဘုန်းနေလ ဟီးချကာ ငိုပစ်လိုက်သည်။ ထိုစကားတွေကို အလုံးစုံနားထောင်ရင်း နားမလည်နိုင်ဖြစ်နေရသော်လည်း သင်ဇာ့ကို ဘုန်းနေလ ခွဲချင်လို့ခွဲတာမဟုတ်ဆိုတာတော့ မိုးနှင့် ဝေဝေလွင် သဘောပေါက်သွားလေသည်။ ဘာပဲဖြစ်ဖြစ် အခုချိန်မှာ သင်ဇာ့အသက်ကို ကယ်နိုင်ဖို့ပဲ အရေးကြီးနေတာပါ။

မိုးက ဘုန်းနေလမျက်နှာကိုကြည့်ကာ..



www.burmeseclassic.com

www.burmeseclassic.com



"ခင်ဗျားတို့ ဘာကိစ္စတွေရှိနေကြတယ်ဆိုတာ မိုး မသိပါဘူး ဒါပေမဲ့ လူ့အသက်ထက် ဘယ်အရာကအရေးကြီးမှာလဲ၊ လူ့အသက်ထက် ဘယ်အရာက တန်ဖိုးကြီးနေလဲ၊ ခင်ဗျား သင်ဇာ့ကိုထားပြီး နိုင်ငံခြားထွက်သွားရင် မိုး ခင်ဗျားကိုသတ်ပစ်မယ်ကိုနေလ"

"မိုး . . ကိုယ်ပြောမယ်လာ၊ မိုးမသိသေးတာတွေ အများကြီး ရှိသေးလို့ပါကွာ လာပါနော်"

ဝဏ္ဏက မိုးလက်ကိုဆွဲခေါ်သွား၍ ဝေဝေလွင် ပါလိုက်သွားသည်။ မမနိုင်က သူခေါင်းလေးကိုပွတ်ကာ . .

"တစ်ခုခုတော့ ပြတ်ပြတ်သားသားဆုံးဖြတ်ရတော့မယ် ထင်တယ်နေလ၊ မင်းက သားလည်းမပိုင်ရ၊ သင်ဇာ့ကိုလည်း စွန့်လွှတ်ရမယ်ဆိုရင် ဘာလုပ်မှာလဲ၊ သင်ဇာ သေသွားရင်ရော မင်းအနစ်နာခံရကျိုးနပ်မှာလား"

"မမနိုင် . . ကျ . . ကျွန်တော် သင်ဇာ့ကို မစွန့်လွှတ်ချင်ဘူးဗျာ"

ဦးသံပါကြီးနှင့် ပြောနေတာကြောင့် စိတ်ထိခိုက်ကာ ရင်ထဲမကောင်းဖြစ်ရသည်။ ကိုယ်ကြားမဝင်လျှင် ဘုန်းနေလရော သင်ဇာရော နှစ်ယောက်လုံး လုံးပါးပါးတော့မည်ထင်သည်။ ကိစ္စတွေက အလွယ်ပြီးပြတ်သွားမည့် ပြဿနာမျိုးမဟုတ်ပေ။

ရွှေဝတ်လှုံကိုတွေ့ပြီးတော့ပဲ . .။

* * *



## အခန်း (၃၉)

"မမရွှေဝတ်လှုံ ညွှန့်သည်လာပါတယ်ရှင့်"

"ဟင် . . အေး ညွှန့်ခန်းထဲခေါ်ခဲ့ပါကွယ်"

အိမ်အကူမိန်းကလေး ပြန်ပြောလိုက်ရင်း သားကိုအကျီလဲပေးနေလိုက်သည်။ ညွှန့်သည်ဆိုတာ ဘယ်သူမှန်းမသိပါ။ ညက သင်ဇာလေးကို ဆေးရုံမှာစောင့်ပြီး မနက်မှ သင်ဇာ့သူငယ်ချင်းတွေ ရောက်လာတာနှင့် အိမ်ကိုပြန်လာခဲ့ရတာဖြစ်သည်။ သင်ဇာလေးကို စိတ်မချသော်လည်း အိမ်မှာသားရှိနေတာကြောင့် မျက်နှာလွှဲပြန်လာခဲ့ခြင်းပင်။

အခုချိန်မှာ သားကိုမျက်စိအောက်က အပျောက်မခံနိုင်အောင် ဂရုစိုက်ပေးဖို့ ဆန္ဒတွေသာရှိနေခဲ့သည်။

"ရွှေဝတ်လှုံဆိုတာ . ."

"ဪ . . ဟုတ်ကဲ့ ကျွန်မပါ"

"ဘုန်းနေလသူငယ်ချင်း ဝဏ္ဏရဲ့အစ်မ မမနိုင်ပါ"

"ဪ . . ဟုတ်ကဲ့ . . သားကိုခေါ်သွားလိုက်ပါကွယ်၊ ကလေးကို နေ့လယ်စာကျွေးလိုက်တော့နော်၊ ပြီးရင်ဆေးရုံအတွက် ထမင်းချိုင့်နဲ့ထားလိုက်"

"ဟုတ်ကဲ့ မမဝတ်လှုံ"

သားကို အိမ်အကူကောင်မလေးခေါ်သွားမှ ညွှန့်သည်ကို



www.burmeseclassic.com

www.burmeseclassic.com



ဆိုဖာခုံမှာ ထိုင်ခိုင်းရသည်။

''ဘုန်းနေလ. . . သားလေးမဟုတ်လား''

''ရှင်. . . ဟုတ်. . . ဟုတ်ကဲ့''

''ကလေး ဒီအိမ်မှာရောက်နေပြီဆိုတော့ စိတ်ချမ်းသာရပါတယ်၊ ဒါပေမဲ့ ဘုန်းနေလနဲ့ မြသင်ဇာကိုတော့ တော်တော်ရက်စက်ရာ ရောက်နေပြီ ထင်တယ်၊ မင်းဘယ်လိုလုပ်မှာလဲ ရွှေဝတ်လွှာ''

''အကြောင်းစုံသိပြီးသားလား''

''ဘုန်းနေလမှာ တိုင်ပင်ဆွေးနွေးစရာဆိုလို့ ငါတို့မောင်နှမပဲ ရှိတယ်၊ ဘုန်းနေလက ငါ့သား ငါ့မောင်လေးပါ၊ ငါနဲ့လက်ထပ်မှာ မဟုတ်ဘဲ၊ ဘာကြောင့် လက်ထပ်တော့မယ်ဆိုပြီး လိမ်ညာခဲ့တာလဲဆိုတာလည်း မင်းသိနေမှာပါ''

''ဟုတ်ကဲ့. . . မြသင်ဇာ စိတ်နာသွားစေချင်လို့ဆိုတာ တွေးမိပါတယ်''

''မြသင်ဇာ စိတ်နာသွားလား''

''ရှင်''

''စိတ်ပျက် စိတ်ကုန်ပြီး ဘုန်းနေလကို မုန်းသွားပြီးလား၊ မေ့နိုင်ပြီတဲ့လား''

မမခိုင်က မျက်နှာတည့်တည့်ကြည့်ပြီးမေးသည်။ ရွှေဝတ်လွှာရဲ့ ငြိမ်သက်မှုက ဝန်ခံနေသလိုပါ။

''မြသင်ဇာ မုန်းမသွားမေ့မသွားဘူး မဟုတ်လား၊ ဘုန်းနေလလည်း အဲလိုပဲကြိတ်မှိတ်ခံစားနေရတယ်၊ တနင့်တပိုး မရှုနိုင်မကယ်နိုင်တွေဖြစ်နေတယ်၊ ကိုယ့်အတွက်တစ်ခုတည်းကြည့်ပြီး သူတို့နှစ်ယောက်လုံးကို အစိမ်းခြွေခြွေနေတာလား ရွှေဝတ်လွှာ''

''ကျွန်မ ဘာမှမတတ်နိုင်လို့ပါ၊ ဒီကိစ္စကို သားအတွက်တွေးပြီး ဘုန်းနေလလည်း လက်ခံခဲ့တာပဲ''



''မှန်တယ် ဖခင်စိတ်နဲ့ ဘုန်းနေလ လက်ခံတယ်၊ ဒါပေမဲ့ မြသင်ဇာနဲ့ရော လက်ထပ်လို့မဖြစ်ဘူးလား''

''အဲဒါက''

''မွေးလာမယ့်သားသမီးချင်း ဘယ်လိုတော်စပ်မလဲဆိုတာထက် လူ့အသက် လူ့ရဲ့စိတ်ခံစားမှုက ပိုအရေးမကြီးဘူးလား၊ နောက်ဆုံး အဲဒါက အဓိကပါဆိုရင်လည်း လက်ထပ်ပြီးမှ မြသင်ဇာကို ကလေးမယူခိုင်းလည်း ဖြစ်တာပဲ၊ တစ်အိမ်တည်းနေရလို့ မျက်နှာပူတယ်ဆိုရင်လည်း သူတို့ကို အိမ်ခွဲနေခိုင်းအောင် ယောက်ျားကိုပြောသင့်တယ်၊ မင်းရဲ့သားကို မင်းရင်ခွင်ထဲကိုရောက်အောင် ခေါ်ထားနိုင်ပြီဆိုရင် သူများတွေ အဆင်ပြေအောင်လည်း တွေးပေးဦးမှပေါ့''

ရွှေဝတ်လွှာ တွေဝေငေးငိုင်သွားခဲ့သည်။ သက်ပြင်းတစ်ချက်နှင့် မမခိုင် မျက်နှာကိုမော့ကြည့်လာပြီး. . .

''သူတို့ကို အဲလိုလုပ်ထားမိတဲ့အတွက် ကျွန်မလည်း ရင်တွေနာနေရပါတယ်၊ အဲဒါဟာ ဘုန်းနေလနဲ့ ကျွန်မရဲ့မှားယွင်းခဲ့မိတာကြောင့်ပဲ၊ အမှားတစ်ခုကို ကျူးလွန်ပြီးရင် နောက်ဆက်တွဲပြဿနာတွေ ဖြေရှင်းဖို့ မလွယ်ဘူးဆိုတာ ကျွန်မ သင်ခန်းစာရလိုက်ပါပြီ''

''နောက်ထပ် မမှားဖို့အတွက်ဆိုရင် သူတို့နှစ်ယောက်ချစ်ခြင်းကို ခွဲမထားသင့်ဘူးလို့ ထင်တာပဲ''

''ဘုန်းနေလ နိုင်ငံခြားသွားမှာဆို''

''သူ့ရင်ထဲက ဆန္ဒအမှန်ဟုတ်ပါ့မလား၊ ဝေးကွာရင် သင်ဇာ့ဝေဒနာသက်သာသွားမလားဆို့ သူစွန့်စားကြည့်ဖို့ ကြိုးစားတာပါ၊ ဒါပေမဲ့ သူ့ရင်ထဲမှာ ဝေဒနာတွေ တနင့်တပိုးပါသွားမှာပဲ၊ ဘယ်သူမှ သက်သာမှာမဟုတ်လို့၊ ဖြစ်သင့်တာကို ပြန်စဉ်းစားပေးပါလား ရွှေဝတ်လွှာ''

''ကျွန်မ မောင်နဲ့တိုင်ပင်ကြည့်ပါ့မယ်''

''ဘာ. . . ဒီကိစ္စ မင်းယောက်ျားကို ပြောပြလိုက်ပြီလား''

www.burmeseclassic.com



"သူက မမနိုင်နဲ့လက်ထပ်ဖို့ကိစ္စ အလွန်အကျွံမဖြစ်သေးဘူး ဆိုရင် သူညီမနဲ့လက်ထပ်ပေးပါလို့ ဘုန်းနေလကို သွားပြောမယ်လို့တောင် စဉ်းစားနေတာ၊ သူညီမစိတ်ဆင်းရဲနေတာကို မမြင်ရက်လို့လေ ဘုန်းနေလကို ခြေသလုံးဖက်တောင်းပန်ဆိုရင်တောင် တောင်းပန်ချင်နေတဲ့ပုံပဲ"

"ဩော်. . ရွှေဝတ်လှုံက လူတိုင်းကိုဒေတ်ရာအနာတရရှိအောင် အစွာကြီးနေတဲ့သူပဲ"

မမနိုင်က အံ့ဩသလိုရေရွတ်သည်။ ရွှေဝတ်လှုံ နောင်တသက်ပြင်းတွေ ခပ်မျှင်းမျှင်းချ၍

"အရာအားလုံးက ကျွန်မရဲ့အစွာကြောင့်ဆိုတာ ကျွန်မလည်း နားလည်ပါတယ်၊ သားသမီးအတွက်ဆိုတော့ ကျွန်မလည်း အစွာကြီးမိသွားတာပါ၊ အခုသားလေးလည်း ကျွန်မရင်ခွင်ထဲရောက်ပြီဆိုတော့ ကျန်တဲ့လူတွေအတွက် ကျွန်မစဉ်းစားပေးနိုင်ပါပြီ၊ ကျွန်မတို့ချင်း တိုင်ပင်လို့ရပြီဆိုရင် မောင့်ကို ကျွန်မပြောပြပေးပါမယ် မမနိုင်၊ ဘုန်းနေလကို ပြောလိုက်ပါ စိတ်ချမ်းသာရမှာပါလို့"

မမနိုင် အခုမှသက်ပြင်းချနိုင်သည်။ တူလို မောင်လို သံယောဇဉ်ကြီးရသော ဘုန်းနေလအတွက် အစိုးရိမ်ပိုနေခဲ့မိတာပါ။ အသည်းကွဲတိုင်း စိတ်ညစ်တိုင်း တခြားယောကျာ်းလေးတွေလို အရက်နှင့်ထွက်ပေါက်မရှာလို့ တော်သေးသည်။ ဘုန်းနေလက အရမ်းကိုချစ်တတ်သည့်လူတစ်ယောက်ပါ။ အသည်းကွဲကံကြမ္မာအတွင်းက လွတ်မြောက်ပါစေ။

***

# အခန်း (၄၀)

"မမနိုင်နဲ့ လက်ထပ်မယ့်ကိစ္စကူ တကယ်မဟုတ်ဘူးတဲ့"

"ဟင်. . တ. . တကယ်လား"

သူမ သတိရလာချိန်မှာ ပြုစုပေးနေသည့် မိုးတို့ရဲ့ စကားကြောင့် သူမလှုပ်လှုပ်ရှားရှားလေးဖြစ်သွားရသည်။ မြတ်ဦးမောင်က စိုးရိမ်ကာ ဆေးသွင်းထားသည့်ပိုက်တွေ မထိမိကိုက်အောင် ကိုင်ထားပေး၏။ သင်ဇာ့ လက်ကလေးကိုဆုပ်ကိုင်ပေးထားသော မိုးရဲ့မျက်နှာကတော့ မကောင်းလှပေ။

"မိုး. . ဘာဖြစ်လို့လဲဟင်၊ လက်ထပ်မှာမဟုတ်ရင် တခြားဘာကိစ္စရှိသေးလို့လဲ"

"နင့် အရမ်းတော့ ဝမ်းမနည်းနဲ့ဟာ၊ ကိုနေလက နိုင်ငံခြားပြန်ထွက်ဖို့လုပ်နေတာ"

"ဟင်. . ဘာဖြစ်လို့"

"အကြောင်းအရင်းကိုတော့ မသိဘူး၊ မမနိုင်နဲ့ ဆက်ဆံရေးက မောင်နှမအရင်းတွေလိုပဲဆိုတာ သေချာတယ်၊ လက်ထပ်ဖို့က တကယ်မဟုတ်ဘူးဆိုတာလည်း သေချာတယ်၊ ငါ့အထင်ပြောရရင် နင်တို့ကောက တင်းတင်းမာမာတွေ ဖြစ်ထားလို့ မာနနဲ့ အဲလိုတွေလျှောက်လုပ်နေတာ ထင်တယ်"

www.burmeseclassic.com

www.burmeseclassic.com



''ဟင်''

''တခြားအကြောင်းပြစရာမှမရှိတာ''

''ဟုတ်တော့ ဟုတ်တယ်သင်ဇာရဲ့၊ နှင်ဆေးရုံတက်ရတယ် ပြောတော့ စိုးရိမ်သွားလိုက်တာ ငိုချလိုက်တော့မယ့်အတိုင်းပဲ၊ ပျာယာ ကိုခတ်သွားတာ၊ မိုးကရန်တွေ့တာလေ၊ မမနိုင်နဲ့ ကိုဝဏ္ဏကိုရော ကိုနေလကိုရော၊ မိုး ပိုးစိုးပက်စက်ကိုပြောပစ်တာ၊ ကိုဝဏ္ဏကိုဖြတ်မယ် တောက်မယ်တွေပါ ခြိမ်းခြောက်လိုက်မှ အမှန်တရားတွေ ထွက်လာကြ တာ၊ နှင့်ကို ကိုနေလက သိပ်ချစ်တာ ငါတို့သိခဲ့ရတယ် သင်ဇာ''

''ငါဒီလိုဖြစ်နေတာတောင် လာမတွေ့တာ ငါဘယ်လိုယုံရမှာ လဲ မိုးနဲ့ ဝေလွင်ရယ်၊ နှင်တို့ ငါ့ကိုရောဂါသက်သာအောင် စိတ်ချမ်း သာအောင် ပြောနေကြတယ်ဆိုတာ ငါသိပါတယ်၊ နိုင်ငံခြားထိတောင် ရောင်ပြေးတော့မယ့်လူတစ်ယောက်က ငါ့ကိုချစ်တယ်ဆိုတာ ဖြစ်နိုင်ပါ့ မလား''

နွမ်းယဲ့ချို့နဲ့စွာပြောနေသော မြသင်ဇာကို သနားကရုဏာသက် စွာ ကြည့်နေသည်။ မိုးက သင်ဇာ့လက်ကလေးကို ဖျစ်ညှစ်အားပေး ဆုပ်ကိုင်ထားပြီး . . .

''သင်ဇာ ငါမညာတတ်ဘူးဆိုတာ နှင်သိပါတယ်၊ ကိုနေလ နှင့်ကိုချစ်တယ်ဆိုတာ လိမ်ညာပြောစရာအကြောင်းမရှိဘူး။ ဘာကြောင့် နှင့်ကို ခွဲထားခဲ့ဖို့ ဆုံးဖြတ်တယ်ဆိုတာ မသိပေမယ့် ချစ်တယ်ဆိုတာ ကတော့ သေချာပါတယ်၊ ငါကျိန်ပြောရဲတယ်''

''ဟုတ်တယ် သင်ဇာ၊ အဲဒါတော့ ငါလည်းယုံတယ်၊ နှင်မယုံ ရင် ဆေးရုံကဆင်းတဲ့အခါ မမနိုင်တို့ကို သွားမေးကြည့်ပါ၊ နှင့်အတွက် သူတို့လည်း စိုးရိမ်နေကြတာပါပဲ၊ ဘယ်သူမှ နှင့်ကိုမုန်းမနေကြဘူး သင်ဇာ အဲဒါတကယ်''

''သင်ဇာ ညီမလေး''





''ရှင် . . ကိုကြီး''

''ညီမလေး အသည်းနှလုံးက နုနုလေးမို့ ဒီလိုကိစ္စကို ခံနိုင် ရည်မရှိတာ ကိုကြီးသနားလိုက်တာ ညီမလေးရယ်၊ နောက်ဆို ဒီလို ကျန်းမာရေးချို့တဲ့အောင် မစားမသောက် မအိပ်ဘဲမနေပါနဲ့၊ စိတ်ထိခိုက် စရာမရှိအောင် ကိုကြီးလုပ်ပေးပါ့မယ်''

''ကိုကြီး စိတ်ဆင်းရဲအောင်လုပ်မိတာ တောင်းပန်ပါတယ် ကိုကြီး၊ သင်ဇာက တစ်ခါမှ မချစ်ဘူးလို့ အချစ်ရူးနေတာပါ၊ အတွေ့ အကြုံမရှိလို့ ခံနိုင်ရည်မရှိတာပါ၊ သူမရှိရင် သင်ဇာနေတတ်မှာ မဟုတ် ဘူး၊ ဒါပေမဲ့ သင်ဇာ သူ့ကိုမေ့နိုင်အောင် တဖြည်းဖြည်းကြိုးစားသွား ပါ့မယ်''

မျက်ရည်တွေကို ထိန်းချုပ်ပြီး အံကြိတ်ပြောနေသည်ဆိုတာ မြတ်ဦးမောင်သိနေသည်။ ဒီညီမလေးအတွက် ဘာတွေလုပ်ပေးနိုင်မလဲ တစ်ညလုံး စိုးရိမ်စိတ်တွေနှင့် စဉ်းစားနေခဲ့မိသည်။

လူ့အသက်ထက်တော့ ဘယ်အရာမှ တန်ဖိုးမရှိပါ။ ညီမလေး တစ်ခုခုဖြစ်သွားရင်ဆိုတဲ့အတွေးနဲ့ ယူကျုံးမရ နာကျင်နေခဲ့ရတာပါ။

ဒါကြောင့်လည်း အခုချိန်မှာ ဘာလုပ်ရမလဲဆိုတာ ဆုံးဖြတ် ချက်ချထားခဲ့မိခြင်းဖြစ်သည်။ ကျန်သည့်အရာတွေ စွန့်လွှတ်ရမည်ဆို ရင်တောင် ညီမလေးကိုတော့ မစွန့်နိုင်ပေ။

''မိုး . . ဝေလွင် ညည်းတို့နှစ်ယောက် ညီမလေးအနားမှာ စောင့် နေကြပါလား၊ ကိုကြီးကိစ္စလေးတစ်ခုရှိလို့ အပြင်သွားချင်လို့ပါ''

''သွားလေ ကိုကြီး၊ မိုးတို့ သင်ဇာ့အနားမှာရှိနေပေးပါ့မယ်''

''အေး . . ကျေးဇူးပဲဟာ၊ ညီမလေး ကိုကြီးသွားလိုက်ဦးမယ် နော်၊ သင်ဇာ့မမလည်း နေ့လယ်ထမင်းချိုင့်လာပို့ဦးမှာပါ''

''ကိုကြီးက ကုမ္ပဏီကိုသွားမလို့လား၊ ခုနကပဲ မန်နေဂျာကို ဒီနေ့မလာနိုင်ဘူးလို့ အကျိုးအကြောင်းပြောလိုက်ပြီးပြီမဟုတ်လား၊ ကိုကြီး



www.burmeseclassic.com

www.burmeseclassic.com



က ဘယ်ကိုသွားမလို့လဲ''

"ခဏလေးပါ ညီမလေးရယ်၊ သိပ်မကြာပါဘူး။ လိုအပ်တာရှိရင်ပြောနော်၊ ဆရာဝန်ကြီးတွေကို ကိုကြီးသေချာမှာသွားမယ်၊ ညီမလေး အဖော်ရအောင် မိုးတို့လည်းရှိနေမှာပါ ဖြစ်တယ်မဟုတ်လား''

"ဖြစ်ပါတယ် ကိုကြီး သွားချင်သွားပါ''

ညီမလေး နဖူးကိုခပ်ဖွဖွလေး နမ်းရှုံ့ပြီးမှ မြတ်ဦးမောင် ထွက်လာခဲ့သည်။ ဒီညီမလေးအတွက် လုပ်သင့်တာလုပ်ပေးလိုက်မည်ဟု စဉ်းစား၏။

မိဘတွေ မရှိတော့ကတည်းက သမီးလေးလို ညီမလေးလို မေတ္တာနှစ်မျိုးနှင့် ချစ်ခဲ့ရတာပါ။

ညီမလေးရဲ့ သောကတွေက ကိုယ့်ကိုထပ်တူထပ်မျှ ကူးစက်ပူလောင်စေသည်။ ညီမလေးရယ်. . ဆန္ဒတွေ ပြည့်ရတော့မှာပါ။

စိတ်ချမ်းသာစေရပါ့မယ်. . . ။

* * *

# အခန်း (၄၁)

"ဘယ်လိုလုပ် စိတ်ချမ်းသာမှာလဲကွာ၊ သင်ဇာ ငါ့ကြောင့် ရောဂါဝေဒနာခံစားပြီး ဆေးရုံတက်နေရတာပါ၊ နိုင်ငံခြားခရီးသွားဖို့ကိစ္စ ငါဖျက်လိုက်တော့မယ်၊ ငါသွားလည်း မပျော်ချင်ဘူး၊ ညသွားလည်းမသွားနိုင်တော့ဘူးကွာ''

"သင်ဇာနဲ့ကိစ္စ ရှေ့ဆက်တိုးဖို့စဉ်းစားလိုက်တာလား''

"ဆုံးဖြတ်ချက်တော့ မချရသေးပါဘူး။ သင်ဇာနေကောင်းလာ၊ သက်သာလာနိုင်သလားဆိုတာ စောင့်ကြည့်ဦးမယ်၊ သူနေကောင်းလာရင်တော့ ငါစိတ်ချမ်းသာတာပေါ့၊ တစ်ခုခုဆိုးဝါးသွားရင်တော့ ငါတစ်သက်လုံးနောင်တတွေရပြီး ယူကျုံးမရခံစားရမှာပါ၊ ဒါပေမဲ့ တစ်မြို့တည်းမှာနေရတယ်၊ သင်ဇာ ဘယ်နေရာမှာရှိတယ်ဆိုတာ မှန်းဆပြီး ငါဖြေသိမ့်နိုင်မှာပါကွာ''

"အခုဆေးရုံကိုသွားမတွေ့ဘူးလား''

ဘုန်းနေလမဖြေ။ ရှေ့တတ်လှသာဆီထွက်သွားသော မမနိုင်ဆီက ဘာသတင်းတွေကြားရမလဲဟု လမ်းဘက်ကိုသာမျှော်ငေးမိသည်။

ထိုင်ရမလို ထရမလို ဂနာပင်မငြိမ်ပါ။ သင်ဇာသာအခြေအနေ ဒီ့ထက်ပိုဆိုးသည်ဆိုလျှင်တော့ သူသင်ဇာ့ဆီကို အပြေးသွားမိမှာပင်။

"ဟိတ်ကောင်. . မင်းသင်ဇာ့ကို သွားမတွေ့ဘူးလားလို့ ငါ

www.burmeseclassic.com

www.burmeseclassic.com



မေးနေတာ''

''မမနိုင် ဘာသတင်းကြားရမလဲလို့ ငါစောင့်နေတာပါ''

''သေခါမှ သွားတွေ့မလို့လား''

''ပါးစပ်ပုပ်ကြီးနဲ့ မပြောစမ်းပါနဲ့ကွာ၊ သင်ဖာဘာမှမဖြစ်နိုင်ပါဘူး၊ ရွှေဝတ်လွှာကိုသွားတွေ့တဲ့ မမနိုင်ဆီက သတင်းတစ်ခုတော့ ကြားရမှာပါ''

''နာရေးသတင်းဆိုရင် မင်းဘယ်လိုလုပ်မလဲ''

''ဝဏ္ဏ. . မင်းပါးစပ်ပိတ်လိုက်တော့၊ သင်ဖာ ဘာမှမဖြစ်ဘူးလို့ ငါပြောနေတယ်၊ နိမိတ်မရှိ နမာမရှိတွေပြောမနေနဲ့''

''မင်းသွေးအေးလွန်းလို့ ငါပြောနေတာ ဟိတ်ကောင်၊ သင်ဖာတစ်ခုခုဖြစ်ပြီးမှ နောင်တရနေလို့ရော ဘာထူးမှာလဲ၊ မင်းကသားအတွက်တွေးပြီး ခြေလှမ်းတွေက ရှေ့မရောက်တော့ဘူး၊ သင်ဖာ အခုလိုဖြစ်နေတာတောင် ခြေစုံရပ်နေနိုင်သေးတယ်၊ မိုးသာ ဒီလိုဖြစ်ရင် ငါဒီလိုရပ်နေနိုင်မှာမဟုတ်ဘူး နေလ''

ဝဏ္ဏက သူ့ကိုအားမလို အားမရဖြစ်ကာ ပေါက်ကွဲနေသည်။ သူမျက်ရည်မကျအောင် အံကိုတင်းတင်းကြိတ်၍

''မင်းက ငါ့လိုအဖြစ်မျိုးမှမဟုတ်တာ ဝဏ္ဏရာ၊ ပြောအားရှိမှာပေါ့၊ ငါကသားရဲ့အနာဂတ်အတွက် ချစ်သူကိုစွန့်ထားရတာ၊ ရွှေဝတ်လွှာနဲ့ဘယ်လိုပဲ ပတ်သက်ပတ်သက်၊ သားသာမရှိခဲ့ဘူးဆိုရင် သင်ဖာ့ကိုငါဒီလိုနာကျင်အောင်လုပ်မိမှာ မဟုတ်ဘူးဝဏ္ဏ၊ ငါ့အသက်နဲ့ရင်းပြီး စွန့်စားပစ်လိုက်မှာ၊ အခုက သားကိုစောင့်ရှောက်ပေးမယ့် ရွှေဝတ်လွှာရဲ့ဆုံးဖြတ်ချက်တွေက ပိုအရေးကြီးနေတယ်၊ သားကိုပိုင်ဆိုင်ထားတဲ့ မြတ်ဦးမောင်က ဆန္ဒမရှိရင် ငါဒီနေရာမှာလဲသေသွားလည်း သင်ဖာ့ဆီကို ငါသွားနိုင်မှာမဟုတ်ဘူး''

''မင်းသွားရမှာပါ''





''ဟင်. . မမနိုင်''

မမနိုင်အပြုံးလေးနှင့်ရောက်လာသည်။ ခံစားချက်တွေ ဖွင့်အန်နေတာမို့ ကားဝင်လာတာပင် မသိလိုက်ပါ။

မမနိုင်လက်ကိုမျှော်လင့်ချက်တွေနှင့် ဆုပ်ကိုင်မိချိန်မှာ မမနိုင်က သူ့ခေါင်းကို ကလေးငယ်တစ်ယောက်လို အသာအယာပွတ်လျက်

''မြသင်ဖာ ဒီလိုဖြစ်သွားတော့ သူစိတ်လျှော့လိုက်တဲ့ပုံပါပဲ၊ သူ့ယောကျ်ားကိုပြောပေးမယ်လို့ပြောတယ်၊ သားလည်း သူ့ရင်ခွင်ထဲမှာရောက်နေပြီလေ၊ သားအတွက် စိတ်ချသွားရပြီဆိုပြီး အမြင်မှန်ရသွားတာလည်း ဖြစ်ချင်ဖြစ်မှာပါ''

''သူ့ယောကျ်ားကို ပြောပေးမယ်ဆိုတာက. .''

''မင်းနဲ့ကိစ္စကိုပေါ့၊ အရင်ကတည်းက သူ့စိတ်တွေကပဲ သားဇောနဲ့ ပြင်းထန်နေတာထင်ပါတယ်၊ သူ့ယောကျ်ားကတော့ သူညီမစိတ်ချမ်းသာရင်ပြီးရောဆိုတဲ့ ပုံစံမျိုးပဲ''

''ဘယ်. . ဘယ်လိုလုပ်ရမှာလဲ မမနိုင်၊ ကျွန်တော်သင်ဖာ့ကိုသွားတွေ့လို့ရပြီလား''

''ဆန္ဒတော့ မစောနဲ့ဦး၊ မြတ်ဦးမောင်ကို ရွှေဝတ်လွှာပြောမပြရသေးလောက်ဘူးလေ၊ ယောကျ်ားရဲ့ဆန္ဒကိုတော့ သူသိနေတယ်၊ သူကသာ သားကိုမမွေးစားရမှာစိုးလို့ အမျိုးမျိုးတွေလုပ်နေတာ၊ အဲဒါလည်း သူ့ကိုအပြစ်မတင်ပါဘူး၊ သားသမီးအပေါ်ထားတဲ့ မိဘမေတ္တာဟာ သူများတွေအတွက်တော့ အတ္တဖြစ်သွားတတ်တာပဲ''

''သင်. . သင်ဖာ့အခြေအနေကရော မမနိုင်''

''မမနိုင် အဲဒါကိုမမေးခဲ့ရဘူး၊ ရွှေဝတ်လွှာ အိမ်ပြန်ရောက်နေတယ်ဆိုတော့ သက်သာလို့ရှိမှာပေါ့၊ အရမ်းလည်း စိတ်ပူမနေပါနဲ့ မင်းမှာလည်း စိတ်ထိခိုက်စရာတွေများလို့ ရောဂါရနေဦးမယ်''

''ကျွန်တော့်အတွက် မပူပါဘူး၊ ကျွန်တော့်ကြောင့် ခံစားနေရ



www.burmeseclassic.com

www.burmeseclassic.com



တဲ့ သင်ဇာအတွက်ပဲပူတာပါ၊ ဟို့ . . သားလေးကိုရော တွေ့ခဲ့လားဟင် မမနိုင်''

ဘုန်းနေလ သိချင်တာတွေကများနေသည်။ အချစ်နှင့်မေတ္တာကြားမှာ ဗျာများလျက် ဆုံးဖြတ်ချက်တွေက အခုထိဝေဝါးနေဆဲပင်။

မမနိုင်က ကရုဏာသက်စွာကြည့်ပြီး . . .

''မင်းသားလေးက ချစ်စရာလေးပါ၊ ရွှေဝတ်လှာကတော်တော်ဂရုစိုက်ပါတယ်၊ ဒါပေမဲ့ ဒီပဋိပက္ခတွေကိုတော့ သားလေးကိုမသိစေချင်ဘူးထင်တယ်၊ စကားပြောကြမယ့်အချိန်မှာ အိမ်အကူမိန်းကလေးကို ကလေးကိုခေါ်သွားခိုင်းတယ်၊ ဒါလည်းဖြစ်သင့်တာပဲလေ၊ မိခင်တစ်ယောက်ရဲ့ မေတ္တာပေါ့၊ မင်းတို့နှစ်ယောက်လုံးက မသိတတ်ခင်ကအမှားကို အခုချိန်မှာပြန်ပြီးပေးဆပ်နေကြတာ မမနိုင်လေးစားပါတယ်''

''ဟိုတ်ကောင်း . . ဟိုမှာကားပေါ်က ဆင်းလာနေတာ သင်ဇာ့အစ်ကိုကွ၊ ဘာလာလုပ်တာလဲ မသိဘူး''

''ဟင်''

မမနိုင်နှင့် ဘုန်းနေလ ခေါင်းလေးတွေချာခနဲလှည့်သွားသည်။

သင်ဇာ့အစ်ကိုက ကားပေါ်ကဆင်းပြီး သူတို့ဆီကို တန်းတန်းမတ်မတ်လျှောက်လာသည်။

''ဘုန်းနေလဆိုတာ . . ''

''ကျွ . . ကျွန်တော်ပါ''

''အစ်ကိုခဏလောက်စကားပြောပါရစေ''

''ဟုတ်ကဲ့ ပြောပါခင်ဗျ''

ပြောပါဆိုမှ မြတ်ဦးမောင်က မမနိုင်တို့ဘက်ကို လှည့်ကြည့်လိုက်သေးသည်။ မမနိုင်က . .

''ပြောပါ၊ ကျွန်မတို့က ဘုန်းနေလရဲ့မိသားစုဝင်တွေလိုပါပဲ၊ သူ့ရဲ့ဆိုးမှု ကောင်းမှုမှန်သမျှ ကျွန်မတို့မှာလည်း တာဝန်ရှိပါတယ်''



''ဟုတ် . . ကျွန်တော်က တောင်းပန်ချင်တာပါ''

''ရှင်''

''ဗျာ''

''မမနိုင်ဆိုတာနဲ့ လက်မထပ်ဖြစ်ဘူးဆိုတဲ့ သတင်းကိုကြားပါတယ်''

''ဟုတ်ပါတယ် . . အဲဒါအကြောင်းကိစ္စတစ်ခုကြောင့်''

''ဒီလိုအခြေအနေ အဆင့်အတန်းရှိမှန်းသိရက်နဲ့၊ ကျွန်တော့်ဘက်က အဆင်မပြေဖြစ်တော့ မာနနဲ့ ဒီလိုမျိုးဆုံးဖြတ်လိုက်တာမျိုးဖြစ်နိုင်ပါတယ်''

''ဩော်''

မြတ်ဦးမောင် ထိုသို့တွေးနေတာမို့ အနည်းငယ်စိတ်သက်သာရာရသွားသည်။ ဟိုကိစ္စတွေ သံသယဝင်မနေတာဘဲ တော်ပါသေးသည်။ သူအရမ်းအားနာသွားကာ . .

''အဲဒီလိုသဘောလည်း မဟုတ်ပါဘူး၊ ကျွန်တော်က . . ''

''ဘာကြောင့်ပဲဖြစ်ဖြစ်ပါ၊ အစ်ကိုတို့ဘက်က ကိစ္စတွေအတွက် ကိုယ်တောင်းပန်ပါတယ်၊ မင်း မမနိုင်နဲ့လက်မထပ်ဖြစ်ဘူးဆိုရင် ကိုယ့်ညီမနဲ့လက်ထပ်ပေးပါ''

''ဗျာ''

''ညီမတစ်ယောက်အတွက် ကိုယ်ဒီလိုပြောနေရတာ ရှက်ပါတယ်၊ မျက်နှာလည်းပူမိတယ်၊ ဒါပေမဲ့ ညီမလေး ဒီလိုရှောင်ဖြစ်သွားတော့ ကိုယ်အရမ်းစိတ်ပူသွားခဲ့တယ်၊ တစ်ခုခုဖြစ်သွားရင် ကိုယ်နောင်တရလို့ ဆုံးမှမဟုတ်ဘူး။ အဲဒီအတွက် ကိုယ်နောင်တမရချင်လို့ လုပ်ပေးသင့်တာ လုပ်ပေးဖို့ ဆုံးဖြတ်လိုက်တာပါ၊ ဒီကိစ္စလေးကို လက်ခံပေးပါညီ''

''ဟို့ . . ကျွန်တော်''

''အခု ညီမလေးက မင်းရဲ့စိတ်ကြောင့် ရောဂါဝေဒနာရသွား

www.burmeseclassic.com

www.burmeseclassic.com



တာပါ၊ သူမင်းကိုသိပ်ချစ်တယ်လို့ပြောတယ်၊ သူ့သူငယ်ချင်းတွေက မင်းနိုင်ငံခြားသွားမယ်ဆိုတာပြောလိုက်လို့ သူအရမ်းဝမ်းနည်းနေတယ် အဲဒီစိတ်ခံစားမှုက ဘယ်သူမှဖြေသိမ့်ပေးလို့မရနိုင်ဘူး''

''နေလ. . . မင်းစိတ်ကိုတင်းမထားနဲ့တော့၊ မင်းဆန္ဒတွေကို လွှတ်ပေးလိုက်ပါတော့ကွာ၊ သင်ဇာ့ကိုချစ်ရဲ့သားနဲ့ အဲလိုတွေလုပ်မနေနဲ့ ကိုမြတ်ဦးမောင်ကို အားနာဖို့ကောင်းပါတယ်''

''ဒီဘက်မှာလည်း အဆင်ပြေနေပြီပဲ၊ တွေဝေမနေနဲ့တော့ နေလ၊ ဒီတစ်ခါ အခွင့်အရေးဆုံးရှုံးသွားရင် တစ်သက်လုံးဆုံးရှုံးသွားမှာ နော်''

မမနိုင်နှင့် ဝဏ္ဏက ပြောဆိုခြိမ်းခြောက်နေသည်။ သူလည်း မြတ်ဦးမောင်ကို အားမနာလို့လည်းမဟုတ်၊ မမနိုင်တို့ပြောတာကို နားမလည်လို့လည်းမဟုတ်ပါ။

မြတ်ဦးမောင် ဒီလိုလာပြောတာကို စိတ်လှုပ်ရှားပြီး ဘာပြောရမှန်း မသိဖြစ်နေခြင်းပင်။ တကယ်ဆို မြတ်ဦးမောင် ဒီပုံစံမျိုးလာပြောမည်ဟု မထင်။

''ကျွန်တော် သင်ဇာ့ဆေးရုံကို သွားကြည့်ချင်ပါတယ်ခင်ဗျား သင်ဇာစိတ်ဆိုးနေရင်လည်း ချော့ချင်ပါတယ်၊ သင်ဇာ စိတ်ထိခိုက်နေတာဆိုရင်လည်း အဲဒီဝေဒနာကို ကျွန်တော် ကုပေးချင်ပါတယ်''

''ကျေး. . . ကျေးဇူးတင်တယ် နေလ၊ ညီမလေးက မင်းရဲ့စိတ်ကြောင့် ဒီလိုဖြစ်သွားတာပါ၊ ဒါပေမဲ့ စိတ်နာနေတာတော့မဟုတ်ပါဘူး၊ မင်းအဲလိုလုပ်ရက်မှာ မဟုတ်ဘူးလို့ အခုထိမယုံကြည်ရဲ မတွေးရဲဖြစ်နေတာပါ၊ အစကတည်းက ကိုယ့်တို့ဘက်က နားလည်ပေးလိုက်ရမှာကို အတ္တကြီးခဲ့မိတာပါ၊ အခု ညီမလေး ဒီလိုဖြစ်သွားတော့ ကိုယ်တော်တော်လန့်သွားတယ်''

''ကျ. . . ကျွန်တော် ဒီလိုဆုံးဖြတ်တာလည်း မှားသွားပါတယ်၊





ကျွန်တော်လည်း တောင်းပန်ပါတယ် ကိုမြတ်ဦးမောင်''

''ရပါတယ်ကွာ. . . ညီမလေးကိုပဲ ဂရုစိုက်ပေးပါ''

အဆင်ပြေသွားပြီဖြစ်၍ မမနိုင်နှင့် ဝဏ္ဏ မျက်နှာပြုံးသွားသည်။ သူ့ကျောကိုလည်းတွန်းကာ. . .

''ကဲ. . . ဆေးရုံသွားတော့၊ ကိုမြတ်ဦးမောင် မနေ့ကတည်းက မနားရသေးဘူးထင်တယ်၊ သင်ဇာဆေးရုံက မဆင်းမချင်းဂရုစိုက်ပြီး တာဝန်ယူရမယ်၊ အဲဒါမင်းအပြစ်နဲ့ မင်းပဲ''

''ဟုတ်ကောင်. . . ဟုတ်တယ်သွားတော့၊ မင်းက အပြစ်ကြီးကျူးလွန်ထားတဲ့ကောင်၊ သင်ဇာ့ကိုပြန်ပြီး နှိပ်စက်လိုက်ပါလို့ ဖုန်းကိုဆက်ပြောဦးမယ်''

မြတ်ဦးမောင် ထင်မြင်ယူဆနေသည့်အတိုင်း လိုက်လျောညီထွေဖြစ်အောင် သူ့ကိုသာအပြစ်တင်သည့်လေသံတွေနှင့် ပြောနေကြတာ သူနားလည်လိုက်သည်။ သူဘယ်သူ့ကိုမှ မငြိုငြင်ရက်ပါ။ တကယ်လည်း အပြစ်ရှိသူက သူပဲမဟုတ်ပါလား။

မဝေးရဲလျှင် နီးစပ်အောင်ကြိုးစားရုံပဲပေါ့။ ရွှေဝတ်လွှာအနားမှာ သားလေးရှိနေပြီဖြစ်၍ အတိတ်ကအကြောင်းတွေ ခဏလောက် မေ့ထားချင်သည်။ ချန်ထားခဲ့တာမဟုတ်ပါဘူး. . . ခေါ်မသွားရက်တာပါ သင်ဇာရယ်. . .။

* * *



www.burmeseclassic.com

## အခန်း (၄၂)

"ဟင်း . . နေလ"

"ရွှေ . . ရွှေဝတ်လွှာ"

ဆေးရုံအဝင်ဝမှာ ဘုန်းနေလကိုမြင်တွေ့လိုက်ရ၍ ရွှေဝတ်လွှာ အံ့သြသွားသည်။ ဆေးရုံအထိ လာရဲတာ အတင့်ရဲတာပဲမဟုတ်လား။ မမနိုင်ကို မိမိပြောလိုက်သည့်စကားများကြောင့် လာရဲတာလား မသိပေ။

"နင်း . . နင် ဘာလာလုပ်တာလဲ နေလ"

"ကိုမြတ်ဦးမောင်က သူ့ညီမဆီသွားခိုင်းလို့ပါ"

"ဟင်း . . မောင်က"

"မမနိုင်တို့ဆီလိုက်လာတယ်၊ သူ့ညီမကို လက်ထပ်ပေးဖို့ပြောတယ်၊ မင်းကလည်း မမနိုင်ကိုပြောလိုက်တယ်မဟုတ်လား"

"ဩော် . . မောင်က နင့်ဆီတောင်ရောက်ပြီးပြီလား။ သူ့ညီမကို အရမ်းချစ်တော့ သူ့သိက္ခာကိုတောင် မကြည့်တော့ဘူး။ ကောင်းပါတယ်၊ ငါကလည်း သူ့ကိုပြောဖို့ရည်ရွယ်ထားတာပါ၊ ငါ့သား ငါ့ရင်ခွင်ထဲ မရောက်ခင်ကတော့ ငါလည်းမှုန်နေတာ၊ အခု ငါ့သား ငါ့ရင်ခွင်ထဲ ရောက်လာတဲ့အချိန်မှာ ငါအကောင်းမြင်စိတ်လေးတွေ မြင်လာပါပြီ၊ သူ များအတွက် တွေးပေးရမယ်ဆိုတာလည်း နားလည်ပါပြီ"

"ငါ သင်ဇာနဲ့လက်ထပ်ပြီး အဲဒီအိမ်ကိုရောက်လာခဲ့ရင်၊ သား ကို သူစိမ်းတစ်ယောက်လို စောင့်ရှောက်ပါ့မယ်၊ အတိတ်မှာပတ်သက်





ခဲ့တယ်လို့မသိအောင်နေပါ့မယ်၊ သားသမီးရလာခဲ့ရင် ညီအစ်ကိုမောင်နှမ တွေများလာတယ်လို့ပဲ တွေးရအောင်ဟာ၊ အားလုံးက သွေးမျိုးတွေဖြစ် ကုန်မှာပါ၊ ငါတို့အပြစ်တွေက သူတို့ကို ကျိန်စာသင့်စေတာမျိုးတော့ မဖြစ်စေချင်ဘူး"

"ငါလည်း အဲလိုတွေးထားပါတယ်၊ ကဲ . . နင်ဒီချိုင့်တွေယူ သွား၊ သင်ဇာ့ကိုစွပ်ပြုတ်တိုက်ပြီး၊ သင်ဇာ့သူငယ်ချင်းတွေကို ထမင်းကျွေး လိုက်၊ မောင်က အိမ်ပြန်ရောက်နေမှာဆိုတော့ ငါအိမ်ပြန်လိုက်တော့မယ်"

"အေးအေး . . နင့်ယောက်ျားကို စိတ်ဆိုးမနေနဲ့ဦးနော်"

"စိတ်တော့ကောက်ရဦးမယ်ဟဲ့၊ ငါ့ကိုမတိုင်ပင်ဘဲ ညီမအတွက် ယောက်ျားသွားရှာပေးလို့"

"သူ့ညီမအတွက် စိုးရိမ်ပြီး စိတ်လောသွားလို့ဖြစ်ပါလိမ့်မယ်၊ မင်းကိုအိမ်ရောက်မှ ပြောပြမယ်လို့ ရည်ရွယ်ထားတာလည်း ဖြစ်မှာပါ"

"အမယ်လေး . . အခုကတည်းက ယောက်ဖဘက်ကပါနေ လိုက်တာ၊ အံ့သြစရာပဲ"

စိတ်ပေါ့ပါးသက်သာစေရန် ရွှေဝတ်လွှာ ရယ်စရာပြောလိုက် သည်ဆိုတာ သူနားလည်သည်။ သူက ရယ်ဖို့မေ့နေကာ၊ ရွှေဝတ်လွှာ လက်ထဲက ထမင်းချိုင့်ကိုယူကာ ဆေးရုံလှေကားထစ်တွေကို ခပ်သွက် သွက်လှမ်းတက်ခဲ့၏။ အခန်းထဲကိုအဝင်မှာတော့ မိုးနှင့် ဝေဝေလွှင် တအံ့တသြဖြစ်သွားကာ . .

"ဟယ် . . ကိုနေလကြီးလာတယ်"

"ကိုနေလ ဘယ်လိုလုပ်ပြီး"

"ရှူး"

မြသင်ဇာ အိပ်ပျော်နေတာမို့ နှုတ်ခမ်းပေါ်မှာ လက်ညှိုးလေး ဖြတ်တင်ပြီး တိုးတိုးတိတ်တိတ်နေရန် သတိပေးလိုက်ပြီး အခန်းအပြင်ခါး ပေါက်နား ခေါ်ငြိတ်ကာခေါ်လိုက်သည်။

"အရှည်ကြီး ရှင်းမပြတော့ဘူး၊ ဒီချိုင့်ထဲမှာ မင်းတို့အတွက်

www.burmeseclassic.com



ထမင်းပါတယ်၊ အပြင်မှာသွားစားလိုက်ပါ၊ ကိုယ်က သင်ဇာနိုးလာတဲ့ အချိန်မှာ စွပ်ပြုတ်တိုက်ပြီး စကားပြောချင်လို့ပါ''

''ဘာလဲ . . ရှောင်နိုင်းတဲ့သဘောလား''

''အဲ . . အဲလိုထင်လည်းရပါတယ်''

''ခင်ဗျား သင်ဇာ့ကို ဘာလုပ်မလို့လဲ၊ နိုင်ငံခြားထွက်သွားမယ့် အကြောင်း ကိုယ်တိုင်လာပြောတာလား''

''အဲလိုမဟုတ်ပါဘူး၊ ရွှေဝတ်လှသာလာပို့တဲ့ ထမင်းချိုင့်ကို ကိုယ် ယူလာတာပဲ၊ အဆင်မပြေစရာကိစ္စတွေ မရှိတော့ဘူးဆိုတာ သဘော ပေါက်စမ်းပါ၊ ဒီလို သင်ဇာ့အစ်ကိုကလွှတ်လိုက်တာ''

''ဟင် . . တကယ်လား''

''ကဲပါ . . မိုးရယ်၊ နင်ကလည်း ရစ်တယ်၊ ငါဗိုက်ဆာနေပြီ သွားမယ်၊ အဆင်ပြေပါပြီဆိုမှ အလိုက်ကန်းဆိုးမသိ လျှာရှည်နေတယ်၊ စွပ်ပြုတ်ချိုင့်ထားခဲ့၊ လာသွားမယ်''

''ပန်းကန်နဲ့ခွဲထည့်ခဲ့လေ၊ ချိုင့်ကို ဘယ်လိုဆွဲမှာလဲ''

''အမယ်လေး၊ ယောကျ်ားမဟုတ်ဘဲ ရှည်ကိုရှည်တယ်တော်''

ဝေဝေလွင် စိတ်တိုသွားကာ စွပ်ပြုတ်ကို ပန်းကန်ထဲခွဲထည့်ပြီး ချိုင့်ကိုယူကာ မိုးလက်ကိုဆွဲ၍ ထွက်သွားသည်။ မိုးတို့နှစ်ယောက်အခန်း အပြင်ထွက်သွားမှ ထိုင်ခုံလေးမှာထိုင်ကာ အိပ်ပျော်နေသော သင်ဇာ့ မျက်နှာလေးကို တမေ့တမော ငေးကြည့်နေလိုက်သည်။ သိသိသာသာ ပိန်ကျသွားသော မျက်နှာလေးကိုမြင်နေရတော့ ရင်ထဲတယ်လို့မှ မကောင်း နိုင်။ ခွဲထားခဲ့မိသောအချိန်တွေအတွက် ယူကျုံးမရ နောင်တတွေရပြီး နောက်ဘယ်တော့မှ မခွဲတော့ဘူးဟု ဆုံးဖြတ်ချက်တွေချနေမိသည်။

''ကိုကို''

''ဟင် . . သင် . . သင်ဇာ နိုးနေပြီလား''

''ကိုကို အခန်းထဲကိုဝင်လာကတည်းက သင်ဇာသိနေတာပါ၊ မိုးတို့ကိုပြောနေတဲ့ စကားတွေကိုလည်းကြားတယ်''





''ဟင် . . သင်ဇာ''

''သင်ဇာ့ကို ခွဲမထားတော့ဘူးပေါ့နော် ကိုကို၊ ကိုကြီးနဲ့ မမ ရွှေဝတ်လှတို့က ခွင့်ပြုပြီဆိုတော့ သင်ဇာ့ကိုလက်ထပ်မှာပါနော်''

''လက်ထပ်မှာပေါ့ သင်ဇာရယ်၊ သင်ဇာ့ကို ဒီလိုခံစားရအောင် လုပ်မိတဲ့အတွက် တောင်းပန်ပါတယ်၊ သင်ဇာ့ကို ဒီလိုဝေဒနာမျိုးတွေ မပေးချင်ခဲ့ပါဘူး။ ကိုကို့မှာ မလှူသာမလွှန့်သာတဲ့ အခြေအနေတွေ ကြောင့်''

''ရှင်းမပြပါနဲ့ ကိုကို၊ ရှင်းပြရင် အဲဒီထဲမှာရင်နာစရာတွေ၊ မသက်သာစရာတွေ၊ ဝမ်းနည်းကြေကွဲရမှာတွေ နာကျင်စရာတွေ ပါလာ လိမ့်မယ်၊ အဲဒီအပေါ်မှာ ထပ်ပြီးနာကြည်းရမှာမျိုး မဖြစ်ချင်ဘူး ကိုကို၊ ဒါဟာ ကိုကိုဘာပဲလုပ်လုပ် ခွင့်မလွှတ်နိုင် နားမလည်နိုင်တာမျိုး မဟုတ် ပါဘူး၊ ဘယ်လိုအကြောင်းတရားတွေပဲရှိရှိ သင်ဇာ့ကိုချစ်ပေးနိုင်တယ်ဆို ရင် ကျေနပ်ပြီ၊ ကိုကိုထားခဲ့တဲ့ဘဝမှာ မနေရဲတာပါ၊ ကိုကိုချန်ထားရက် လည်း မနေရဲဘူးကိုကို''

''သင်ဇာရယ် . . ကိုကို ဘယ်တော့မှ မထားခဲ့တော့ပါဘူး၊ နာကျင်စရာတွေလည်း ရှိတော့မှာမဟုတ်ဘူး၊ သင်ဇာ့ကို ထားခဲ့ရမှာ ကိုကို့နှလုံးသားကလည်း ခံနိုင်ရည်မရှိပါဘူး သင်ဇာရယ်''

''မထားခဲ့တော့ဘူးဆိုရင် လုံလောက်ပြီ၊ ကိုကိုဘာတွေပဲဖြစ်ခဲ့ ဖြစ်ခဲ့ပါ ကိုကို''

''ဟင်''

''သင်ဇာ့ကိုထူပေး''

''ဆေးပိုက်သွင်းထားတယ်လေ ပြီးမှ''

''ဟင့်အင်း . . ကိုကို့ရင်ခွင်ထဲမှာနေချင်လို့ပါ၊ အဲဒါဆိုရင် ဆေးသွင်းစရာမလိုတော့အောင် အားရှိသွားမှာ''

''ကဲပိုလေး . . အသည်းပိုလေး''

''ဟင်း ဟင်း''



www.burmeseclassic.com

www.burmeseclassic.com



သူမကျေနပ်အောင် ရင်ခွင်ထဲမှာပွေ့ဖက်ထားလိုက်ရ၏။ အရူး နှလုံးသားချင်း ပို၍နီးစပ်သွားခဲ့သည်။

ဘယ်လိုအရာကမှ သူတို့နှစ်ယောက်ကို ခွဲလို့မရတော့ဘူးဆိုတာ သေချာသွား၏။

"စွပ်ပြုတ်သောက်ရဦးမယ်လေ သင်ဇာ၊ တော်ကြာ မိုးတို့ပြန် ရောက်လာမှ စွပ်ပြုတ်မသောက် ဆေးမသောက်နဲ့ ဘာလုပ်နေလဲမေး နေဦးမယ်"

"ကိုကို အနားမှာနေပေးလို့ အားရှိသွားပြီလို့ပြောမှာပေါ့၊ ဒီပုံ ကို မြင်လိုက်တာ အခန်းထဲတောင်ဝင်ရဲမှာ မဟုတ်ဘူးကြည့်နေ"

"အကြံကြီးတာပေါ့လေ. . မိန်းမလည်လေး"

"ကိုကို့ကိုချစ်လို့ပါကိုကိုရယ်၊ ချစ်တတ်လာပြီဆိုရင် လိမ်ရ ညာရမှာ ကူလီကူမာပြောရမှာ၊ ရှက်ရကြောက်ရမှန်းတွေ မသိတော့ဘူး မျက်လုံးထဲမှာ နှလုံးသားထဲမှာ အချစ်တစ်ခုပဲ မြင်တော့သိတော့တယ် တဲ့၊ သင်ဇာက ကိုကို့ရဲ့အချစ်ဦးမဟုတ်ခဲ့ပေမယ့်၊ ကိုကိုက သင်ဇာ့ရဲ့ အချစ်ဦးပါ၊ အချစ်ဦးကို ရူးသွားလည်း မမေ့ဘူး မြေဦးရလည်း မမေ့ဘူး အဲဒါသင်ဇာ့ဘက်ကနော်၊ ကိုကိုကတော့ အချစ်ဦးကိုမေ့ပစ်ရမှာ"

"အဲဒါပြောစရာမလိုပါဘူး သင်ဇာရယ်၊ အရင်ကတည်းက မေ့ ထားပြီးသားပါ၊ သူက ကိုကို့ကိုထားခဲ့တာလေ၊ အချစ်တွေနဲ့ သတိရနေ စရာအကြောင်းမှမရှိတာ၊ အချစ်ဆုံးလေးကိုပဲ ကိုကို့နှလုံးသားတစ်ခုလုံး ပုံပေးမှာပါ၊ ယုံလိုက်တော့နော်"

"ဟုတ်ကဲ့ ကိုကို"

"လိမ္မာလိုက်တာ အချစ်ဆုံးလေးရယ်"

ရင်ခွင်မှာ ထွေးဖက်ထားရင်း ကြည်ကြည်နူးနူးပြုံးဖြစ်သည်း လိုက်ခါနေသော နှလုံးသားရဲ့ စေ့ဆောင်မှုကြောင့် နှုတ်ခမ်းနီထွေးထွေး လေးကို ရှိုက်ခနဲနမ်းမွှေးမိ၏။

အရာအားလုံးကို ခေတ္တခဏမေ့လျော့စွာဖြင့်. . . ။

✲ ✲ ✲

ရွှေပြည်သိမ်းစာပေ

တာရေးဆရာမ လုံမ၏ ထွက်ရှိပြီးသော လုံးချင်းဝတ္ထုများ


၁။ ရင်ခွင်စားငှက်
၂။ ရင်ထဲရှိတဲ့အတိုင်း - သစ္စာနှင်းဆီဗီဒီယို
၃။ အရောင်ကွဲပုံရိပ်
၄။ အခမဲ့ရင်ပြင် - အောင်သီရိဗီဒီယို
၅။ ခြယ်သမဓိ တိမ်ပန်းချီ - အောင်သီရိဗီဒီယို
၆။ ရှိုက်သံကင်းမဲ့ဖုန် - အောင်သီရိဗီဒီယို
၇။ အလင်းမဲ့ည - မာန်ထက်ချိုဗီဒီယို
၈။ ရွှေရင်သိမ်းသစ်စကားဗျာ - အောင်သီရိဗီဒီယို
၉။ စိတ်မျှော်စင်
၁၀။ မိန်းမလှရှိုကာ - အောင်သီရိဗီဒီယို
၁၁။ အနာတရလေပြည် - ပါဝါကင်းဗီဒီယို
၁၂။ ပင်လယ်ရေနဲ့ဆေးပါ့မယ် - အောင်သီရိဗီဒီယို
၁၃။ ပန်းနုရောင်နီဒါန်း - မျက်ခြယ်ဗီဒီယို
၁၄။ တိမ်ပြာပြာနေ့တစ်နေ့
၁၅။ ရင်ခုန်သံအစီပွားယ် - ရှုပါစတားဗီဒီယို
၁၆။ အချစ်ညွှတ်ကွင်း - Heart & Soul ဗီဒီယို
၁၇။ အသည်းကွဲအောင်လက်မှတ် - သစ္စာနှင်းဆီဗီဒီယို
၁၈။ အနမ်းများနှင့်ရွှေဆက်ခွင့်ပြုပါ - အောင်သီရိဗီဒီယို
၁၉။ အရောင်မဲ့သင်္ကေတ - ရွှေစင်ဦးဗီဒီယို
၂၀။ ပြောဖို့လိုသေးလား - အောင်သီရိဗီဒီယို
၂၁။ မင်းအတွက်ဆို - မာန်ထက်ချိုဗီဒီယို
၂၂။ သက်တမ်းရင့်သမုဒယ - သစ္စာနှင်းဆီဗီဒီယို
၂၃။ မေ့ဖို့မလွယ် - အောင်သီရိဗီဒီယို
၂၄။ အကြွင်းနာလက်တစ်ကမ်း - ရွှေစင်ဦးဗီဒီယို
၂၅။ မေ့လို့မရသည့်အကြောင်းအရင်း - အောင်သီရိဗီဒီယို


တာရေးဆရာမ လုံမ၏ ထွက်ရှိပြီးသော လုံးချင်းဝတ္ထုများ

www.burmeseclassic.com

www.burmeseclassic.com


၂၆။ လက်ကလေးရဲ့မီးပြတိုက် – အောင်သီရိဗီဒီယို
၂၇။ မကြိုက်ဘူးလို့ ချစ်မိတာပါ – အောင်သီရိဗီဒီယို
၂၈။ နှလုံးသားထဲ တိုးဝင်ကြည့် – အောင်သီရိဗီဒီယို
၂၉။ ငြိတွယ်ခြင်း သင်ခန်းစာ – အောင်သီရိဗီဒီယို
၃၀။ ရင်ဘတ်ချင်းနီးနီးလေး – အောင်သီရိဗီဒီယို
၃၁။ မင်းမရှိရင်ကိုယ့်ဘဝမရှိ – အောင်သီရိဗီဒီယို
၃၂။ နှောင်ဖွဲ့မီး – အောင်သီရိဗီဒီယို
၃၃။ ချစ်ခြင်းဖွဲ့ရာသီ – အောင်သီရိဗီဒီယို
၃၄။ ချစ်တယ်လို့ပြောပါဦး – မာန်ထက်ချိုဗီဒီယို
၃၅။ မျက်ရည်မြစ်များ – အောင်သီရိဗီဒီယို
၃၆။ မြတ်နိုးတတ်မယ်ဆိုရင် 7 အောင်သီရိဗီဒီယို
၃၇။ ရည်းစားဦးကျိန်စာ – အောင်သီရိဗီဒီယို
၃၈။ တိမ်တိုက်ကကြိုး – အောင်သီရိဗီဒီယို
၃၉။ ရွှေနားတော်သွင်းမည့် ချစ်ခြင်းငှက်ကာ – အောင်သီရိဗီဒီယို
၄၀။ ရင်ခုန်သံနားကြပ် – အောင်သီရိဗီဒီယို
၄၁။ နှလုံးသားသံတမန် – သစ္စာနှင်းဆီဗီဒီယို
၄၂။ အနမ်းနှစ်သိမ့်ဆု
၄၃။ အချစ်များဖြင့် ဖွဲ့သီအပ်သော – အောင်သီရိဗီဒီယို
၄၄။ အလွမ်းမျက်ခြေ – အောင်သီရိဗီဒီယို
၄၅။ အနမ်းတွေနဲ့အသက်ဆက်မယ် – အောင်သီရိဗီဒီယို
၄၆။ မျှော်လင့်ခြင်းနန်းတော် – အောင်သီရိဗီဒီယို
၄၇။ လျှို့ဝှက်လမင်း
၄၈။ အချစ်ဆိပ်သင့်စေ
ယခုလ
၄၉။ ထားခဲ့ရက်လည်း မနေရဲပါ
ဆက်လက်၍
၅၀။ ခြားနားခြင်းနိယာမ


BURMESE CLASSIC

www.burmeseclassic.com